www.burmeseclassic.com

# နှစင်္ဂါမီး

ရင်ဘတ်အဘိဓမ္မာ




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နှစ်သမီး

ရင်ဘတ်အဘိဓမ္မာ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်စီးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၈၊ ကားဝါလမ်း
အလုံမြို့နယ် ရန်ကုန်မြို့
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဆွေ
ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ် ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

နတ်သမီး
ရင်ဘတ်အာဘိဓမ္မာ / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၃
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရင်ဘတ်အာဘိဓမ္မာ

## အခန်း (၁)

"ဆက်ပိုင် ဆေးရုံတင်ထားရတယ်"

"ဟင် ဘာဖြစ်လို့လဲ"

"အဆိပ်သောက်တာ သူ့ကိုယ်သူ သတ်သေတာ"

"ဘာ"

ဝင့်ထည်ထည် ဆိုတဲ့ မိန်းမက လှုပ်အလယ်မှာ ပါးရိုက်လိုက်လို့ ရှက်ပြီး သေကြောင်းကြံတာကွ၊ မိဘတွေလည်း သူတို့အသိုက်အဝန်းမှာ ဂုဏ်သိက္ခာကျ အရှက်ရ၊ ဆက်ပိုင်ကဆို ကံကောင်းလို့သာ အသက်မသေတယ်၊ ဆေးရုံကို လူနာလာမေးတဲ့သူတွေကိုတောင် မျက်နှာမပြုံ့ရဲဘူး၊ နောက်တစ်ခါ အဲလိုထပ်မလုပ်ဘူးလို့ ပြောနိုင်မလား"

"တောက်"

ဆက်ပိုင်နှင့် ဆက်ပိုင်မိဘတွေအတွက် စိတ်မကောင်းဖြစ်ကာ၊



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ထည်ထည်ဆိုသော မိန်းမရဲ့ မယိတရီ မျက်နှာကို မြင်ယောင်ပြီး အံကြိတ်တက်ခေါက်မိလိုက်၏။

ဒီမိန်းကလေးကို သူ အစတည်းက ကြည့်မရခဲ့တာ။ ဝင့်ထည်ထည် ဆိုတာ ဆက်ပိုင်တို့ကျောင်းမှာ ယောက်ျားတွေကို ဘယ်လိုအတန်းအစားကဖြစ်ဖြစ်၊ မတူမတန် အဖက်လုပ်မဆက်ဆံတတ်တာ နာမည်ကြီးလွန်း၏။

ကိုယ်ပိုင်ကားကိုစီး ကျောင်းတက်နိုင်သလို အဖော်မိန်းကလေးတစ်ယောက်မှလွဲ၍ တခြားအပေါင်းအသင်း ဘော်ဒါလည်းမရှိပေ။

မိဘတွေက အစိုးရဝန်ထမ်း အကြီးစားတွေ။ ပညာတတ်အရှုံ့အဝါများဖြင့် မျိုးရိုးဂုဏ်လည်း ကြီးမားကြ၏။ ဒါက ဆက်ပိုင်လွင်နှင့်အောင်မင်း ဆုံတိုင်းပြောလို့ သူကြားရတာ။

သူဆေးကျောင်းဘက်ကို ရောက်လာပြီး ပြောနေကြတာမျိုးရှိသလို၊ ကျောင်းပိတ်ရက်တွေမှာ အပြင်မှာဆုံပြီး အတင်းသဘောမျိုးပြောဖြစ်ကြတာတွေလည်း ရှိသည်။

ဆက်ပိုင်လွင်လိုလူမျိုးအတွက် ရွှေမရှား၊ ငွေမရှား။ မိန်းမမရှားနေနိုင်ပါလျက် ဝင့်ထည်ထည်လို မာနကြီးကြီး မိန်းကလေးကို သည်းသည်းလှုပ် [illegible]မ်းစွဲနေတာ အံ့သြစရာတော့ ကောင်းသည်။

''ယောက်ျားတွေက ပေါပေါသီသီရနေရင် အထင်မကြီးဘူးခက်ခဲတာကို လုံ့လဝီရိယစိုက်ပြီး ကြိုးစားရမှ မက်မောတာ ဝင့်ထည်ထည်က ယင်ဖို့တောင် အသန်းခံဖူးတာ မဟုတ်ဘူး။ အဲလို မိန်းကလေးမျိုးကို





ကိုယ်သာအပိုင်ရလိုက်ရင် အာခံတွင်းထဲ ငုံထားလိုက်မှာ၊ မရရအောင် ကြိုးစားပြမယ်''

[illegible]ပြောပါးမှုတွေဖြင့် ဆက်ပိုင်လွင် တော်တော်လေး ဝီရိယကောင်းခဲ့သည်။ နေ့နေ့ညည ဒီမိန်းကလေးအကြောင်း။ သူငယ်ချင်းတွေကိုတောင် သိပ်အာရုံမရောက်တော့ဘဲ ကိုယ်နဲ့လည်း သိပ်မဆုံဖြစ်တော့ဘဲ၊ ဝင့်ထည်ထည် အတွက်ပဲ အချိန်တွေ ဖြုန်းတီးနေခဲ့သည်ဟု ဆိုသည်။

''အခြေအနေတော့ ကောင်းလာပါပြီ မေးထူးခေါ်ပြော အဆင့်ကို ကျော်လာပြီ ပြောရမှာပေါ့။ သူ့ဖုန်းနံပါတ်ကို သိခွင့်ရတယ်၊ သူ့အိမ်လိပ်စာလည်း သိရပြီ၊ ကင်န်တင်းမှာဆုံရင် တစ်စားပွဲတည်း ဝင်ထိုင်ဖို့အခွင့်အရေးပေးတယ်၊ အပြင်မှာတွေ့ရင် ခရီးသွားဟန်လွှဲ နှုတ်ဆက်တယ်၊ အပြုံးတွေက တွန့်တိုတုန်းဆိုပေမယ့် ခါးခါးသီးသီး ဖြစ်မနေတော့တာက မျှော်လင့်ချက်တွေ ရှိလာတဲ့ သဘောပဲ''

ထိုအခြေအနေလေးကိုတောင် ဆက်ပိုင်လွင် ဣန္ဒြေမရ မျော်နေခဲ့သည်။ သတင်းအတိုအထွာကို အောင်မင်းက စုစည်းယူလာတတ်ပြီးသူကတော့ ဆေးကျောင်းစာမေးပွဲအတွက် ဆက်ပိုင်လွင်တို့ ကျောင်းဘက်ကို ခြေဦးတောင်မလှည့်ဖြစ်ပေ။ အဲဒီနောက်မှာ ကျောင်းပိတ်လို့ နယ်ကိုပြန်ဖြစ်ပြီး အဖေ့ကျန်းမာရေးကြောင့် ကျောင်းဖွင့်ခါနီးမှ ပြန်ရောက်လာခဲ့သည်။

ခုတော့ ကြားရသည့် သတင်းက ရင်တွေတောင် ဗလောင်ဆူသွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆက်ပိုင် မိဘတွေက ကိုယ့်ရဲ့ ကျေးဇူးရှင်တွေပဲ။ ဦးမင်းလွင်နှင့် ဒေါ်သီတာလှိုင်တို့က ပညာရေး ဖောင်ဒေးရှင်းတစ်ခု ထူထောင်ပြီး ဆေးကျောင်းမတက်နိုင်သည့် သူတွေအတွက် အထောက်အပံ့ ပရဟိတကုသိုလ်လုပ်သည့်သူတွေ။

ဖောင်တင်ပြီး ချို့တဲ့ကြောင်း ထောက်ခံစာတွေနှင့် အကူအညီ တောင်းခဲ့ရင်တောင် ဆေးကျောင်းတက်ခွင့်ရဖို့ သေချာမှာ မဟုတ်။

''အဲဒီ သူဌေးတွေဆီမှာ အဖေဆယ်နှစ်လောက် ဒရိုင်ဘာလုပ်ဖူးတယ်၊ ကျန်းမာရေးကြောင့် အလုပ်ထွက်လိုက်တာ သူတို့သိတယ်၊ သားက ဆေးမှတ်မိတာ အဖေအကူအညီ တောင်းကြည့်ပေးမယ် သား။ သူတို့က စိတ်ရင်းစေတနာ ကောင်းကြပါတယ်၊ ငါ့သားလေး ရမှာပါ''

ကျောက်ကပ်ရောဂါသည် အဖေက ရန်ကုန်ကို ရောက်အောင်သွားပြီး အကူအညီတောင်းပေးခဲ့သည်။ သိပ်ပြီး ခက်ခက်ခဲခဲ မပြောခဲ့ရဘူးဟု အဖေ ဝမ်းသာအားရ ပြန်လာ၏။

''သားကို ခေါ်ခဲ့ပါလို့ မှာလိုက်တယ်၊ ကျောင်းနဲ့အနီးဆုံး ဘော်ဒါဆောင် ငှားပေးမယ်၊ စားစရိတ်လည်း ထောက်ပံ့မယ်၊ ပညာရေးအတွက်လည်း လိုလေသေးမရှိစေရဘူးတဲ့၊ အဖေ့ကျန်းမာရေးအတွက်လည်း လိုလေသေးမရှိ စေရဘူးတဲ့၊ အဖေ ကျန်းမာရေးအတွက်လည်း ဆေးဖိုးဝါးခ ပေးလိုက်သေးတယ်၊ တကယ့်ကို ကျေးဇူးကြီးမားပါပေတယ်၊ သား ကိုယ့်ကျေးဇူးရှင်တွေကို မပြစ်မှားမိအောင် မစော်ကားမိအောင် ဂရုစိုက်ကြိုးစားရမယ်နော်''





ထိုအချိန်က ကျေးဇူးတင်လွန်းစွာဖြင့် လွယ်လင့်တကူ ခေါင်းအခါခါညိတ်၍ ကတိပေးခဲ့သည်။ ဆေးကျောင်းတစ်နှစ်ရဲ့ ကုန်ကျစရိတ်က မနည်းဘူး မဟုတ်ပါလား။

ကိုယ့်လို ချို့တဲ့သူတွေအတွက် အဲလို ပရဟိတ ဖောင်ဒေးရှင်းတွေသာ မရှိခဲ့ဘူးဆိုလျှင် ဆေးကျောင်းတက်ခွင့်ရပြီး ဆရာဝန်ဖြစ်ဖို့ နေနေသာသာ ရိုးရိုးသာမာန်ဘွဲ့လက်မှတ်၊ အောင်လက်မှတ်တစ်ခုခု ရဖို့တောင် မလွယ်လှပေ။

အခုတော့ သူ့ပညာရေးအတွက် ဆုံးခန်းတိုင်သည်အထိ တာဝန်ယူထားသလို အဖေ့ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးထားကြသည်။

ဒီလောက် ကျေးဇူးတရားကြီးမားသော မိသားစုရဲ့ အပူမီးတွေ သူ့ကို ကူးစက်စေတာ အထူးအဆန်း ဟုတ်ပါ့မလား။ ထပ်တူထပ်မျှ နာကျင်ခံစားရစေသည်။

''အောင်မင်း၊ ငါအခု ဆက်ပိုင်ကို လိုက်တွေ့လို့ ဖြစ်မလား''

''ဆေးသွင်းထားတယ်၊ အိပ်ရေးဝဝအိပ်ပြီးမှ နည်းနည်း သက်သာလာမှာတဲ့၊ အခုတောင် ဆက်ပိုင် မိဘတွေက မင်းကို ကားဂိတ်သွားကြိုပြီး သူတို့အိမ်ခေါ်လာခဲ့ဆိုလို့ မင်းကိုလာခေါ်တာ''

''ဟင် အခုလား''

''အေး ဟုတ်တယ် နောက်မှ ဆက်ပိုင်ကို လာတွေ့လိုက်ပေါ့ကွာ၊ ဆေးရုံမှာ ငါရှိနေမှာပဲ၊ ဒီကောင် သတိရလာရင် သူ့ကိုယ်သူ တစ်ခုခု ထပ်လုပ်မှာစိုးလို့ ငါအချိန်ပြည့် စောင့်ကြည့်ပေးနေတာ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်တွေ၊ နပ်စ်တွေရှိပေမယ့် သူမိဘတွေက စိတ်မချလို့တဲ့ကွာ၊ ငါ့ကို အကူအညီတောင်းထားတာ၊ ငါကလည်း ကိုယ့်သူငယ်ချင်းကို စိတ်ပူတာ ပဲ၊ ငါတို့အပေါ် ဒီကောင် ဘယ်လောက် ကောင်းတယ်ဆိုတာ မင်းလည်း သိပါတယ်"

"သိပါတယ်၊ သူမိဘတွေ အထောက်အပံ့နဲ့ ကျောင်းတက်ရတဲ့ ကောင်ဆိုပြီး ငါ့အပေါ် မောက်မောက်မာမာ ဆက်ဆံခဲ့တာမှ မဟုတ်တာ၊ သူက ဆေးမှတ်မမီလို့ ဆေးကျောင်းတက်ခွင့် မရပေမယ့် ငါ့ကျောင်းကို ရောက်လာပြီး အမြဲတမ်း အားပေးတယ်၊ အားရှိအောင်ဆိုပြီး သူငယ်ချင်း တစ်ယောက်လို ရင်းနှီးပေးတယ်၊ ဆက်ပိုင်တို့ တစ်မိသားစုလုံးရဲ့ ကျေးဇူး တရားတွေက ဆပ်မကုန်အောင် များလွန်းပါတယ်"

"အေးကွာ အဲလို စိတ်ရင်းစေတနာကောင်းတဲ့ မိသားစုမှ ဒီလို စိတ်ဒုက္ခများအောင် လုပ်ရက်တယ်၊ ဒီလောက် မာနကြီးတဲ့ မိန်း ကလေးမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ငါလိုကောင်ကို အဲလိုလုပ်ကြည့် ပါလား၊ ကားတင်နိုးပြေးပြီး ဗိုက်တစ်လုံးနဲ့ ထားပစ်ခဲ့တယ်"

အောင်မင်း ကြူးဝါးမှုကလည်း ကြောက်ခမန်းလိလိပင်။ အောင် မင်းလည်း ဆက်ပိုင်ဘက်က မခံမရပ်နိုင်ဖြစ်လွန်းလို့ စည်းမဲ့ကမ်းမဲ့ ပြောထွက်နေတာနေမှာ။

ကိုယ်ကရော။ ကိုယ်လည်းဒီလိုပါပဲ။

နှစ်ခါသုံးခါလောက် အဝေးက လှမ်းမြင်ဖူးသော ဝင့်ထည်ထည် ဆိုသည့် မိန်းမကို အခုနေသာ အနားမှာရှိနေလျှင် စိတ်လိုက်မာန်ပါ





တစ်ခုခု လုပ်ပစ်မိမှာ အမှန်ပင်။

ယောကျ်ားထုဘက်က ရပ်တည်ချင်သည့်စိတ်ကြောင့် ဖြစ်ဖြစ်၊ ဆက်ပိုင်ဘက်က တန်ပြန်တိုက်ခိုက်ချင်တာပဲ ဖြစ်ဖြစ် ထိုမိန်းမကို အနာတရ ကြီးကြီးမားမား ပေးချင်သည့် ဆန္ဒများဖြင့်သာ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နန်းတော်ကြီးတမျှ ကြီးကျယ်ခမ်းနားသော အိမ်ကြီးထဲကို ရောက်လာတိုင်း သူ့ကိုယ်ခန္ဓာတစ်ခုလုံး သေးငယ်ကျုံ့ဝင်သွားသလို ခံစားရမြဲပင်။ ဒါပေမဲ့ ဒီအိမ်ပိုင်ရှင်များက ဘယ်တော့မှ သူ့ကို သူစိမ်းတစ်ယောက်လို မဆက်ဆံ။

အမြဲရင်းနှီးဖော်ရွေစွာဖြင့် အားပေးမှုတွေ ရှိစမြဲသာ။

''ရောက်လာပြီလား ဝသုန်၊ လာ ထိုင် သား''

ဒေါ်သီတာလွင်က ကျွန်းဆက်တီခုံကြီးမှာ နေရာပေးသည်။ သူ ဝင်ထိုင်လိုက်သည့်အချိန်မှာပဲ အိမ်အကူမိန်းကလေးက ကော်ဖီပန်းကန်လေး လာချပြီးဖြစ်၏။

''အန်ကယ်ရော အန်တီ''

''ကုမ္ပဏီကိစ္စတွေ ပစ်ထားလို့ မရတော့လို့ သွားရတယ်လေ၊





ညနေအပြန်တော့ သားဆိုဝင်ဦးမှာပေါ့၊ မင်းအန်ကယ်က စိတ်တော်တော်ထိခိုက်နေတာ''

''အန်တီရော ကျန်းမာရေးကောင်းရဲ့လား၊ အရမ်းကို ပိန်ကျသွားတယ်''

''ပုံလဲမသွားအောင် အားတင်းထားရတာပေါ့၊ စိတ်သာလျှော့လိုက်ရင် သားတစ်ပုံတစ်ခု ဖြစ်သွားရင်တောင် သိလိုက်မှာမဟုတ်ဘူး၊ ဂုဏ်ခြံပြံတွေနဲ့ ထည်ထည်ဝါဝါ နေလာခဲ့တာ မိန်းမတစ်ယောက် ပါးရိုက်ခံရတဲ့အဖြစ်က ဘယ်လောက်တောင် ရှက်စရာကောင်းလိုက်သလဲ၊ ပြန်လှည့်ကြည့်လိုက်တော့ အန်တီတို့လောက်တောင် ပြည့်စုံချမ်းသာတာ မဟုတ်ဘူး။ ပညာတတ်ဝန်ထမ်းမျိုးရိုးဆိုတဲ့ ဂုဏ်တစ်ခုပဲ ရှိတာပါ၊ ဒီလိုမိန်းကလေးကိုများ တမ်းတမ်းစွဲပြီး အောက်ကျခံရတယ်လို့ အန်တီတော့ တွေးလေ သားအတွက် ရင်နာလေပဲ''

မချိမဆံ့ ခံစားနေရသည်ဆိုတာ မျက်ရည်ဝဲ အံကြိတ်ပြောနေတာမို့ မယုံနိုင်စရာမရှိပါ။ ဆက်ပိုင်လွင် ဆိုတာ တစ်ဦးတည်းသောသားမို့ ငုံထားမတတ် တန်ဖိုးမဖြတ်နိုင်အောင် ချစ်ကြတာကို သူ သိသည်။

''ဒီလိုတွေ ဖြစ်နေတာ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး ခေါ်လိုက်ပြီးရော အန်တီရယ်''

''မင်းလည်း မင်းအဖေ ကျန်းမာရေးကြောင့် ပြန်မလာနိုင်တာ မဟုတ်လား။ လူမမာကိုပစ်ပြီး လာခဲ့လို့ မတော်မနော မခေါ်ရက်ပါဘူးကွယ်၊ အခုရော မင်းအဖေ သက်သာရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



''ဆေးသောက်နေရင်းက ဆေးမတိုးတော့ဘူးထင်ပါတယ် အန်တီ၊ တရှောင်ရှောင် မိုးတိုးမတ်တပ်ကနေ အိပ်ရာထဲလဲနေတော့ အမေရော ညီမလေးရော စိတ်ဆင်းရဲနေကြတယ်''

''ဒီရောဂါမျိုးက ကျောက်ကပ်အစားထိုးနိုင်မှ အသက်ရှည်ရှည် နေရမှာ၊ ဒီအတိုင်းကတော့ ရောဂါပျောက်သွားတယ်ဆိုတာ ရှိမှာမဟုတ်ဘူး၊ မင်း ဆရာဝန်ဖြစ်တဲ့အထိ နေရမှာမဟုတ်ဘူးလို့ ပြောတာ''

''အဲဒါကို တွေးလိုက်ရင် ကျွန်တော် ပညာဆက်သင်ချင်စိတ် တောင် မရှိတော့ပါဘူး အန်တီ၊ ကျွန်တော် ဆရာဝန်မဖြစ်ခင် အဖေ သေသွားရင် ပညာတတ် ဆရာဝန်ကြီးဖြစ်စေ ချင်တဲ့ အဖေ့ဆန္ဒတွေ မြင်ခွင့်မှရလို့ အဖေ ဘယ်သိနိုင်ပါတော့မလဲ၊ ကျွန်တော် တကယ်လို့ ဆရာဝန်ဖြစ်လည်း ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး အန်တီ''

''ဒါဆို မင်းအဖေကို ကျောက်ကပ်အစားထိုးကုဖို့ အန်တီတို့ တာဝန်ယူပေးမယ်''

''ဗျာ''

''မြန်မာပြည်မှာ ကုမယ်ဆိုရင် အနည်းဆုံး သိန်းခြောက်ဆယ် ခုနစ်ဆယ်အောက် လျော့မှာမဟုတ်ဘူး၊ နိုင်ငံခြားသွားကုရင်တော့ သိန်း နှစ်ရာသုံးရာပေါ့''

''အန် အန်တီ အဲလောက်ငွေတွေ''

''အပေးအယူတစ်ခုသာ မင်းလုပ်နိုင်မယ်ဆိုရင် ဒီထက်မက လည်း အန်တီ အကုန်အကျခံနိုင်တယ်''





ဒေါ်သီတာလှိုင်ရဲ့ ဘိကျူပြတ်သားသော စကားကြောင့် သူ အံ့သြဖို့ပင် သတိမရပါ။ ဘယ်လို အပေးအယူကြောင့် ဒီလောက် ရက်ရောတာလဲဟူသော သူ့ရင်ထဲက မေးခွန်းကို ဒေါ်သီတာလှိုင် ကြိုသိ နေဟန်တူသည်။ မျက်ဝန်းတွေက အေးစက်မာခဲသွားပြီး

''တင်ထားတဲ့ အကြွေးတွေအတွက် ကျေးဇူးဆပ်ပါလို့ အန်တီ မတောင်းဆိုရက်ပါဘူး၊ အဲဒါကြောင့် အပေးအယူသဘောနဲ့ အန်တီ ထပ်ပြီး ရင်းနှီးမြှုပ်နှံတာ၊ အရင်က အသက်တစ်ချောင်းဆိုရင် အသက် တစ်ချောင်းပြန်နှိုပြီး လျော်ကြေးတောင်းကြတယ်၊ အန်တီကတော့ သားကို ပါးရိုက်လိုက်တဲ့ ဝင့်ထည်ထည်ဆီက ပါးတစ်ဖက် လျော်ကြေးပြန်လိုချင် တယ်''

''ဗျာ အန်တီ''

''သားကိုယ်စား ဝင့်ထည်ထည်ကို မင်း ပါးပြန်ရိုက်ပေးရမယ်''

''အန်တီ ဟို အဲဒါက''

''မင်း မလုပ်ပေးနိုင်ဘူးလား''

''ဆက်ပိုင် ဒီလိုဖြစ်သွားတာ အန်တီတို့မိသားစုနဲ့ ထပ်တူထပ်မျှ ကျွန်တော် နာကျင်ရပါတယ်၊ ခံစားရပါတယ် အန်တီ၊ သူ့ကို တစ်ခုခု နာကျင်အောင်လည်း ပြန်လုပ်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေပါတယ်၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို ပါးပြန်ရိုက်ဖို့ဆိုတာက''

''ဆင်ခြေပေးတဲ့ပါးစပ် ထမင်းငတ်တတ်တယ်ဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား၊ အချိန် နာရီအလုပ်ရွေးနေတဲ့သူက အရှည်



www.burmeseclassic.com

www.burmeseclassic.com



အချုပ်၊ အစွမ်းအစ မရှိလို့တဲ့၊ မင်းကို အန်တီ တောင်းဆိုတာ နည်းနည်း ရှုံးစင်းသွားသလား မသိဘူး။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို နိုင်ထက်စီးနင်း အနိုင်ကျင့်ပါးရိုက်ခွင့်မရှိဘူး၊ ဥပဒေအရ အားနဲ့သူကို နှိပ်စက်လို့ မရဘူးဆိုတာ အန်တီ သိပါတယ်၊ ပုဒ်မတွေ တပ်ပြီး မင်း အရေးယူခံရမယ်ဆိုတာ အန်တီ နားလည်တာပေါ့''

ဒါဆို ဘာလို့ နိုင်းတာလဲဟု စောဒကတက်လို့ မဖြစ်ပေ။ သူပဲ လူညံ့တစ်ယောက် ဖြစ်ဦးမှာ။

မေးခွန်းတွေထက် ဒေါ်သီတာလှိုင်မှာ အစီအစဉ်တွေ စနစ်တကျ ရှိထားပြီးဟန်ကူသည်။ သူ့ရှေ့ကို ကော်ဖီခွက် ထိုးပေးပြီး

''မင်း ဝင့်ထည်ထည်အနားကို ရောက်အောင် ချဉ်းကပ်နိုင်တယ် မဟုတ်လား''

''ဗျာ''

''သူနဲ့ရင်းနှီးကျွမ်းဝင်အောင်လုပ်ပါ၊ နောက်တစ်ဆင့် ချစ်သူဖြစ်အောင်လုပ်ပါ၊ ပြီးရင် မင်းကို စွဲလမ်းအောင် ကြိုးစားပါ၊ နောက်မှ သူ့ရဲ့မာနတွေ ဂုဏ်သိက္ခာတွေကို တစ်စစီခြွေရင်း ပါးရိုက်ပြီး အဆုံးသတ်နိုင်ရင် အန်တီ ကျေနပ်ပြီ''

သူ ဘာပြန်ပြောရမှန်းမသိပါ။ ဆက်ပိုင်နှင့် ပတ်သက်ပြီး ဝင့်ထည်ထည်အပေါ် သူ့ရင်ထဲမှာလည်း အာဃာတတွေ ရှိနေပေမယ့် ဒီလိုတုံ့ပြန်သင့်လားဆိုတာ မသေချာပါ။

''အန်တီ့ဆန္ဒကို ဖြစ်အောင်လုပ်ပေးဖို့ မင်းမှာ ယုံကြည်ချက်





မရှိဘူးလား ဝသုန်''

''မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် စဉ်းစားနေတာက''

''ဆေးရုံက ဆင်းခွင့်ရရင်တောင် သားဆက်ပိုင်ကို ထပ်ဆုံးရှုံးရမလား မသိနိုင်ဘူး၊ သူ့ကိုယ်သူ နောက်ထပ် ဒီလို ပုံစံတူလုပ်လိမ့်ဦးမယ်လို့ အန်တီ ထင်နေတယ်၊ မိဘအသိုက်အဝန်းရဲ့ဂုဏ်သိက္ခာကိုပါ ကျဆင်းအောင်လုပ်မိတယ်ဆိုပြီး အရှက်လည်းရ၊ နောင်တတွေလည်းရနဲ့ သူ့ကို မြန်မာပြည်မှာထားလို့ မဖြစ်ဘူး''

''ဒါဆို''

''နိုင်ငံခြားက ကုမ္ပဏီမှာ ရုံးထိုင်နေတဲ့ သူ့အဖေဆီကို ပို့ထားရမှာပေါ့၊ ဆေးရုံက ဆင်းတာနဲ့ သူ့အဖေနဲ့ တစ်ခါတည်း ထည့်လွှတ်မှာ၊ သူ့သားသတင်းကြောင့် အရေးတကြီး ပြန်လာရတဲ့သူ့အဖေလည်း သားအတွက် တော်တော်လေး စိတ်ထိခိုက်နေတာ၊ ခေါ်သွားမှဖြစ်မယ်လို့ ပြောတယ်''

''အဲဒါလည်း ကောင်းပါတယ်၊ ပညာရေးတော့ တစ်ပိုင်းတစ်စ ဖြစ်သွားမှာပဲ''

''အဲဒါက ဟိုမှာ ဒီထက်ကောင်းတဲ့ပညာတွေ ဆက်သင်လို့ရပါတယ်၊ အန်တီ စိတ်ပူတာက ဟိုမှာနေရင်း ဒီက စိတ်ကြောင့် တစ်ခုံတစ်ခု ထပ်ဖြစ်မှာပဲ''

''ဆက်ပိုင် ဒီလောက်ထိတော့ စိတ်ပျော့မှာမဟုတ်ပါဘူး။ ကြာရင် မေ့သွားနိုင်မယ့် အကြောင်းအရာပဲဥစ္စာ''



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကိုတော့ မပြောတတ်ဘူး၊ အရွက်တရားနဲ့ယောကျ်ား တစ်ယောက်ရဲ့မာနကတော့ သေရာပါဒဏ်ရာပဲလေ၊ အဲဒီအတွက် ဝင့်ထည်ထည်ဆိုတဲ့ မိန်းကလေးကို အန်တီတစ်သက်လုံး ခွင့်မလွှတ်နိုင်ဘူး၊ လက်စားချေခွင့်မရရင်လည်း အန်တီ မကျေနပ်နိုင်ဘူး၊ မင်းရော သား ဆက်ပိုင်အတွက်"

"ကျွန်တော် ဖြစ်အောင် လုပ်ပါ့မယ် အန်တီ"

"ကတိပေးလွယ်တာဆိုရင်တော့"

"ကျွန်တော် ယောကျ်ားပါ၊ ဖေဖေ့ကျန်းမာရေးနဲ့ ကျွန်တော့် ပညာရေးကို အန်တီတို့ ထောက်ပံ့ထားတဲ့ ကျေးဇူးကြောင့်ရယ် မဟုတ် ပါဘူး၊ ယောကျ်ားလေးတစ်ယောက်ရဲ့ တန်ဖိုးကို မထီမဲ့မြင် စော်ကားတဲ့ အပြစ်ဒဏ် ဝင့်ထည်ထည်ကို ပြန်ခံစားစေချင်လို့"

ဒေါ်သီတာလှိုင် ကျေနပ်စွာ ပြုံးလိုက်သည်။ သားအတွက် လက်တုံ့ပြန်ခွင့်ရလို့ပါ။

ဒီအတိုင်း အရှုံးပေး အလျှော့ပေးလိုက်ရအောင် မိမိတို့က သာမန်လူတွေမှ မဟုတ်တာ။ ဆွေဂုဏ်မျိုးဂုဏ် ထည်ဝါစွာ နေလာကြသူ တွေမို့ အစော်ကားခံ လူတန်းစားမဟုတ်ဘူးဆိုတာ သိအောင်. . .။

■ ■ ■



## အခန်း (၃)

"ဘာ မင်း ကတိပေးလိုက်တယ်ပေါ့"

"ဟုတ်တယ်"

"ဆက်ပိုင်ကို ပြောပြဦးမှာလား"

"သူ့အမေက အသိမပေးပါနဲ့လို့ မှာလိုက်တယ်၊ ဝေဒနာကို ခွပေးသလို ဖြစ်မှာစိုးလို့တဲ့၊ ဒီအတိုင်းပဲ ဆေးရုံက ဆင်းရင် နိုင်ငံခြား ခေါ်သွားမယ်၊ ဟိုမှာ စိတ်ပျော်အောင်ထားမယ်၊ ဒီကအကြောင်းတွေ မေ့နိုင်အောင် ကြိုးစားခိုင်းမယ်တဲ့"

"တောက် အရမ်းကောင်းတဲ့သူငယ်ချင်းတစ်ယောက် ငါတို့ အနားမှာ မရှိတော့တာ နစ်နာဆုံးရှုံးရတာနဲ့ ဘာထူးလဲ၊ ဝင့်ထည်ထည် ဆိုတဲ့ မိန်းမကျွာ၊ လက်သီးနဲ့သာ ဆွဲထိုးပစ်ချင်တယ်"

"ငါလည်း အဲဒါကြောင့် ဒီလို ဆုံးဖြတ်ဖြစ်တာ"

အေးခဲစွာ တစ်လုံးချင်းပြောရင်း အံကြိတ်ထားမိ၏။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လူပုံအလယ်မှာ ပါးရိုက်လိုက်ဘာ သူမအတွက် ဘာတွေ့ အကျိုးအမြတ် ရသွားလို့လဲ။

ပေါ်ပြူလာ ဖြစ်ချင်တာဆိုလည်း အင်တာနက်ပေါ် တင်ခွင့်ရ တောင် နာမည်ကောင်း အောင်လက်မှတ်မရနိုင်။

''မင်း ဘာလုပ်မယ်ဆိုတာ စဉ်းစားပြီးပြီလား''

''အရေးကြီးဆုံးကတော့ ဆက်ပိုင်နဲ့ ငါ့ရဲ့ပတ်သက်မှုကို ဝင့် ထည်ထည် မသိဖို့ဘဲ''

''ငါနဲ့ဆက်ပိုင် ဘော်ဒါတွေဆိုတော့ ဝင့်ထည်ထည် သိတယ်''

''မင်းနဲ့ငါ သူ့ရှေ့မှာ မတွေ့ရုံပေါ့၊ အဓိကက ငါတို့စစ်ဆင် ကို ဝင့်ထည်ထည် မရိပ်မိမှ တိုက်ခိုက်ရလွယ်မှာ၊ ဗျူဟာ အခင်းအကျ က မာယာတွေနဲ့ ရွှေ့ရမှာဆိုတော့ ငါက ကျွမ်းကျင်တဲ့ အိုင်ဒီယာ ဒါပေမဲ့ ဆက်ပိုင်နဲ့ သူ့မိသားစုအတွက် ငါ မဖြစ်ဖြစ်အောင် တုံ့ပြန်သ တယ်လို့ ထင်တယ်''

''အဲဒါတော့ ဟုတ်တယ်၊ ငါလည်း ထောက်ခံတယ်၊ မသိ ယောင်ဆောင်နေလိုက်ရင် ယောကျ်ားတစ်ယောက်ကို ဒီလိုလုပ်လိုက် တယ်ဆိုပြီး တစ်သက်လုံး ဂုဏ်ယူနေမှာကွ၊ တူသော ဝေဒနာ ခံစားရအောင် လက်တုံ့ပြန်မှဖြစ်မှာ၊ လာကွာ ဆက်ပိုင်ကို မင်းဟင် မလို့မဟုတ်လား''

''အေး သွားကြည့်ရအောင်''

ဆက်ပိုင်ရှိနေသော သီးသန့်ခန်းလေးထဲကို နှစ်ယောက်





ဝင်လာခဲ့ကြသည်။ ဆီးပိုက်တွေ ဒရစ်ပိုက်တွေ ရှုပ်ယှက်ခတ်နေသော ဆက်ပိုင်အဖြစ်က မြင်မကောင်း၊ ရှုမကောင်း၊ စိတ်မကောင်းစရာပါ။ ဝင်းဝါသော အသားအရေက မည်းညစ် ပိန်ချုံးကျသွားလိုက်တာ၊ ရင်ထဲ တောင် ဆို့နင့်စေသည်။

''ဆက်ပိုင်''

သတိရနေပြီဖြစ်သော ဆက်ပိုင်က သူ့ခေါ်သံကိုကြားပြီး မျက်ရည်ကျသည်။ လက်ကိုဆုပ်ကိုင် အားပေးလိုက်သည့်အခါ ရှိုက်သံပါ ထွက်လာ၏။

ဝင့်ထည်ထည်က ယောကျ်ားတစ်ယောက်ရဲ့ မျက်ရည်ကိုပါ ရယူသောက်သုံးသော ကဝေမ။

''မင်း သက်သာသလား ဆက်ပိုင်''

ဆက်ပိုင် ခေါင်းညိတ်ပြသည်။ မည်းပြာနေသော နှုတ်ခမ်းတွေ က ဘာစကားမှ ပြောချင်သေးပုံ မပေါ်ပါ။

အောင်မင်းက ရှေ့တိုးလာပြီး

''မင်းသတင်းကိုကြားလို့ ဝသုန် အခုပဲရောက်လာတာကွ၊ မင်း ဘာမှ အားမငယ်နဲ့ ဒီနေ့ သူရောငါရော မင်းအနားမှာ ရှိနေမှာ''

''ရပါတယ် ငါ့အနားမှာ မင်းတို့ မနေပါနဲ့ ပြန်ကြပါ၊ ငါဘာမှ မဖြစ်ဘူး''

''ဘာလို့ မဖြစ်ရမှာလဲ၊ မင်းအခု အသက်ဘေးက သီသီလေး လွတ်လာတာ ဝင့်ထည်ထည်ဆိုတဲ့ မိန်းမ''



www.burmeseclassic.com

"တော် တော် မင်းတို့ဘာမှ မပြောကြပါနဲ့ ငါဘာမှ မကြားချင်ဘူး၊ အဲဒီအချိန်ကို ငါပြန်သတိမရချင်ဘူး၊ ငါဘာမှ အမှတ်မရချင်လို့ မေ့ထားချင်လို့ ငါ့ကိုယ်ငါ ဒီလိုလုပ်တာ"

"ဆက်ပိုင်"

"သွားကြပါ၊ ငါ့အနားမှာ တစ်ယောက်မှ မနေကြပါနဲ့ မလာကြပါနဲ့"

ဆက်ပိုင် ခါးခါးသီးသီး နှင်ထုတ်နေတာမို့ သူနဲ့ အောင်မင်း နားမလည်နိုင်အောင် ဖြစ်နေကြသည်။ သူငယ်ချင်းတွေကိုတောင် မတွေ့ချင်တော့တာ ဘာကြောင့်လဲ။

ထိုအချိန်မှာ နပ်စ်မလေး အနားရောက်လာပြီး

"လူနာကို စိတ်အနှောင့်အယှက် ဖြစ်အောင်မလုပ်ကြပါနဲ့ရှင် သူ့ဆန္ဒအတိုင်း အပြင်ကို ထွက်သွားပေးကြပါ"

"ဟို ဆရာမ ကျွန်တော်တို့ သူ့သူငယ်ချင်း"

"ကျွန်မနားလည်ပါတယ်၊ ဒီအချိန်မှာ လူနာရဲ့ဆန္ဒကို ဦးစားပေးရမှာမို့ပါ၊ သူ ဒီထက်ပိုပြီး စိတ်ထိခိုက်ရင် ကျွန်မတို့ ဆေးကုသရခက်သွားပါလိမ့်မယ်"

သူ့ကို မတတ်နိုင်။ အကြောက်အကန် ငြင်းခုံနေလို့လည်း မဖြစ်တာမို့ အခန်းထဲက ထွက်ခဲ့ရသည်။ ဒါပေမဲ့ ဝေးဝေးတော့ ထွက်မသွားဖြစ်ကြပါ။

ဘာကြောင့် ဆက်ပိုင် ဒီလိုဆက်ဆံလိုက်သည်ဆိုတာ စဉ်းစား





တွေးတောနေမိကြလို့ပင်။

"ဟင် ဆရာမလေး"

နပ်(စ်)မလေး မျက်နှာမကောင်းစွာ ထွက်လာတော့ အခန်းပေါက်ဝအနားမှာ အလျင်စလို လာမေးမိကြသည်။

"ဆရာမ ဘာဖြစ်လို့ ထွက်လာတာလဲ၊ သူ့အနားမှာ တစ်ယောက်ယောက်တော့ အချိန်ပြည့် စောင့်ကြည့်နေမှဖြစ်မှာ"

"ကျွန်မကိုလည်း အခန်းထဲမှာ မနေရဘူးဆိုပြီး မောင်းထုတ်တယ်၊ ဆေးစစ်ဦးမယ်ပြောတာလည်း လက်မခံဘူး၊ လူနာကို ဘာလုပ်ပေးရမလဲ၊ ဆရာဝန်ကြီးဆီ ကျွန်မ သွားတိုင်ပင်လိုက်ဦးမယ်၊ ရှင်တို့ အပြင်ကနေပဲ ခဏတော့ စောင့်ကြည့်ပေးထားပါဦး"

"ဟုတ်ကဲ့ ဆရာမ ကျွန်တော့်တို့ ကြည့်ထားလိုက်ပါမယ်"

ဆရာမ ထွက်သွားချိန်မှာ နှစ်ယောက်သား မျက်ခုံးပင့်မိကြသည်။ ဆက်ပိုင် ဘာဖြစ်သွားတာလဲ။

အရင်က လေသံကျယ်ကျယ်နှင့်တောင် ဆက်ပိုင် စကားမပြောဘူးပါ။ လူတစ်ယောက်ကို အော်ဟစ်မောင်းထုတ်ဖို့ နေနေသာသာ စကားပြော ညင်သာသိမ်မွေ့လွန်းလို့ အခြောက်ဟုတောင် ဝေဖန်ခံရသည်။

အခုတော့ ဝင့်ထည်ထည်နှင့် ပတ်သက်ဖြစ်ပျက်သမျှ စကားမဟာပင်မခံဘဲ ကြေကွဲနာကြည်းနေသလား ရှက်ရွံ့နာကျင်နေသလား၊ ပြောသလို မေ့ထားဖို့အတွက် ဘာမှပြောချင် ဖြေချင်စိတ်မရှိတာလား။

www.burmeseclassic.com



ဘာကို ထင်မြင်ယူဆရမှန်း မသိပေ။

"ဆက်ပိုင် ဘာဖြစ်နေတာလဲ မသိဘူးကွ၊ ဆရာဝန်တွေ ဆေးကျွေးမှားသွားသလား"

"မသိဘူး၊ ဖြစ်ဖြစ်ချင်း ဆေးရုံတင်တာ၊ ပြန်သတိရတော့ မျက်ရည်တွေကျတယ်၊ ပြီးတော့ ဘာကိုမှ မခံစားနိုင်တော့သလိုနဲ့ ပြန်သတိမေ့သွားတယ်၊ အခု မင်းမြင်တဲ့အတိုင်းပါ၊ ငါတို့ သူငယ်ချင်းတွေကို တောင် ရက်နေသလား မသိဘူး"

"ဘာဖြစ်ဖြစ်ကွာ ဒီကောင် ဒီလို ဖြစ်နေတာ ငါတော့မသက်ာဘူး၊ သူ့အနားမှာ ဘယ်သူ့ကိုမှ မရှိစေချင်တာ သူတစ်ခုခု လုပ်မလို့ ဖြစ်နိုင်တယ်"

"ဟင်"

"သူ ဒီအနေအထားက ရုန်းထွက်ချင်နေတာ သေသွားရင် အေးမှာပဲ၊ ဘာမှမခံစားရတော့ဘူးလို့ ထူထူပူပူ မဆင်ခြင်လုပ်လို့ ဒီအနေအထား ဖြစ်သွားရတာပဲ"

"ဟာ ဒါဆို အခန်းထဲ ပြန်ဝင်ရအောင်"

"အေး အော်လည်း ပေကပ်နေရုံပေါ့"

တိုင်ပင်ပြီးမှ အခန်းတံခါးကို ပြန်တွန်းဖွင့် ဝင်ခဲ့ကြသည်။

"ဟာ ဆက်ပိုင် မလုပ်နဲ့ မလုပ်ရဘူး"

"ဆက်ပိုင် ဆက်ပိုင် မင်း"

နှစ်ယောက်စလုံး ထိတ်ပျာ တုန်လှုပ်လျက် ဆက်ပိုင် အနား





ပြုန်းခနဲ အပြေးရောက်သွားကြသည်။ ဆက်ပိုင်က စောင်တွေ ပုဆိုးကွင်းတွေဖြင့် သူ့လည်ပင်း သူညှစ်၍ မတော်တရော် ကြိုးစည်နေတာ။

သူက ဆက်ပိုင်ပခုံးကို ဖက်၊ အောင်မင်းက ဆက်ပိုင်လက်တွေကို ဆွဲရုန်းဖြင့် ပျာယာခတ်သွားခဲ့ကသည်။

"ဆက်ပိုင် မင်းကွာ ဘာလို့ ဒီလိုလုပ်ရတာလဲ"

"မိန်းမ တစ်ယောက်အတွက်နဲ့များကွာ ဘာကို အရှုံးပေးတာလဲ၊ အရှုံးပေးချင်နေရတာလဲ"

အောင်မင်းနှင့် ဝသုန် မရိုတင်ကဲ အပြစ်တင်မှုကြောင့်၊ ဆက်ပိုင်လှွင် ချုံးပွဲချကာငိုသည်။ ခန္ဓာကိုယ်တစ်ခုလုံး သိမ့်သိမ့်လှုပ်ခတ်အောင် ရှိုက်ရှိုက်ငိုဏ်။

ဒုတိယအကြိမ် သေကြောင်းကြံခြင်း။

ဆက်ပိုင် ဘယ်လောက်တောင် ရူက်သွားသလဲ၊ လက်မခံနိုင်ဘူးဆိုလျှင် အလိမ္မာသုံးငြင်းပယ်စရာ နည်းလမ်းတွေ အများကြီး ရှိနေသားနဲ့။ ပါးရိုက်၍ တုံ့ပြန်လိုက်ခြင်းက ယောကျာ်းတစ်ယောက်ရဲ့ မာန၊ သိက္ခာ၊ ချုန်းချုန်းကျ အောက်ခြေထိရောက်သွားရသည့် အခြေအနေ။

ဝင့်ထည်ထည်။

မင်းရဲ့အရှက်၊ သိက္ခာ၊ မာန။

ငါ တစ်စစီဖြစ်အောင် ရိုက်ချိုးပြမယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒီလောက်ငွေတွေ အများကြီး ကုန်ကျမယ့်ကိစ္စကြီးကို အဖေ လက်မခံချင်ဘူး သားရယ်၊ အဖေက အသက်ကြီးပြီ၊ သေမယ်ဆိုလည်း သေပျော်နေပါပြီ၊ သားသမီးတွေကို အကြွေးတွေနဲ့ ဝန်ထုပ်ဝန်ပိုးပိပြီး မကျန်ခဲ့စေချင်ဘူး"

"ဒီငွေတွေက သား ဆရာဝန်ဖြစ်ရင် ပြန်ဆပ်လို့ရပါတယ် အဖေ၊ သား ဆရာဝန်မဖြစ်ခင် ဒီရောဂါနဲ့ အဖေသေသွားတော့ အဖေရဲ့ ကျေးဇူးတွေကို သားဘယ်လိုလုပ် ဆပ်ခွင့်ရမှာလဲ၊ အဖေ့ ကျန်းမာရေး ကောင်းမှ သားတို့ တစ်မိသားစုလုံး စိတ်ချမ်းသာရမှာ၊ ဒေါ်သီတာလှိုင် တို့ စေတနာကိုလည်း အသိအမှတ်ပြုရမှာပေါ့ အဖေ"

ဦးမြတ်စိုး ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ ကုန်ကျမည့်



ငွေက နည်းနည်းနောနော မဟုတ်ပါ။

ဆေးကုသစရိတ်က သိန်းနှစ်ရာကျော် သုံးရာ။ ကိုယ့်ကို ပြုစု လုပ်ကိုင်ပေးဖို့ သမီးကိုပါ ခေါ်သွားခွင့်ပြုမည်ဆိုလျှင် ငွေအဝိုင်းအဆက ဒီထက်ပိုများသွားမှာ။

"မဖြစ်သေးပါဘူး သားရယ်၊ သားညီမလေးက ကိုးတန်းအောင် လို့ ဆယ်တန်းတက်ရမှာ၊ ပညာရေးလည်း ကသိကအောက် ဖြစ်ပါတယ်"

"အဲဒါက အဖေ အသက်လောက် အရေးမကြီးဘူးအဖေ၊ အဖေသာ တစ်စုံတစ်ခု ဖြစ်သွားရင်၊ သားရော ညီမလေးရော၊ ပညာကို ဆက်သင်နိုင်ပါ့မလား။ စားဝတ်နေရေးအတွက် ရုန်းကန်မယ်၊ ရင်ဆိုင် ရမယ်၊ အဖေ ဆေးကုဖို့ပေါင်ထားတဲ့အိမ်ကို ရွေးနိုင်အောင် အလုပ်ကြိုး စားရမယ်၊ အခုက ဒေါ်သီတာလှိုင်တို့ စေတနာကြောင့် ကျေးဇူးကြောင့် သားတို့ အေးအေးချမ်းချမ်း ဖြစ်နေတာပါ"

"အဲဒါကို အဖေ နားလည်ပါတယ်၊ ဒါကြောင့်လည်း အဲဒီ ကျေးဇူးတွေအတွက် ပြန်သိတတ်ဖို့ သားတို့ကို အဖေ ဆုံးမသွန်သင်နေ တာပေါ့၊ ဒါပေမဲ့ ကျေးဇူးတွေ အပိခံရရင် လူမိသတ်ခံရတာထက် ဆိုး တတ်တယ် သား"

"ဘာဖြစ်ဖြစ် အဖေ ဆေးကုစရိတ်၊ သားပညာရေးစရိတ်တွေ အတွက် တခြားတစ်ယောက်ဆီက ဒီလို အခွင့်အရေးမျိုး မရနိုင်ဘူး အဖေ"

"အေးပါ သားရယ်၊ သား ဒီလောက်ဆန္ဒပြင်းပြနေရင် အဖေ




www.burmeseclassic.com

www.burmeseclassic.com



သွားပါ့မယ်၊ အဖေ ဒီလိုလုပ်လိုက်တာ၊ သားပညာရေးကို အာရုံစိုက်နိုင်အောင် သားပညာတတ်ကြီးဖြစ်အောင်လို့နော် သား။ အဖေတို့ဆွေမျိုးမွေးချင်း အသိုက်အဝန်းကြားမှာ ပညာတတ်ဆရာဝန်ဆိုတာ တစ်ယောက်မှမရှိဘူး၊ ရပ်ရွာကရော သားအတွက် ဘယ်လောက်တောင်ဂုဏ်ယူထားလဲ၊ အဖေတို့လည်း ဆရာဝန်လောင်းရဲ့မိသားစုဆိုပြီး အရမ်းကို မျက်နှာပွင့်တာ သားရဲ့''

ဒါကိုတော့ သူလည်း သိသည်။ တစ်ခါတစ်ရံ ကျောင်းပိတ်လို့ သူပြန်သွားဖြစ်သည့်အခါမျိုးမှာ ဟိုလူက နှုတ်ဆက်၊ ဒီလူက နှုတ်ဆက်၊ ဆရာဝန်ကြီး ဒေါက်တာကြီးဟု ဂုဏ်ယူစွာ ခေါ်လို့ခေါ်။

ဆရာဝန်ဖြစ်ရင် ငါတို့ကို မေ့မထားနဲ့နော်ဟု လက်ဆောင်ပဏ္ဍာပေးသူကပေး။ ရပ်ရွာအကျိုးပြုဖို့ ဆုံးမသူက ဆုံးမ။ မိန်းကလေးယောကျ်ားလေး လူငယ်တွေက အစ်ကို့ကို အားကျလိုက်တာ၊ အစ်ကို့လို ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားမယ်ဟု အားကျသူက အားကျအတုယူ။

တကယ့်ကို မျက်နှာပန်းပွင့်လှပါသည်။

တကယ်ဆို ဒီလိုတွေ ဒေါသီတာလှိုင်တို့က မြေတောင်မြှောက်ပံ့ပိုးပေးခဲ့တာ။ ဒီအတွက် ပြန်ကျေးဇူးဆပ်ရမှာက တန်ဖိုးလက်ခံမပါ။

ဝင့်ထည်ထည်ကို တူသော တုံ့ပြန်မှုတွေ ပြန်ပေးရုံပဲမို့။

''ဒေါသီတာလှိုင်သား မောင်ဆက်ပိုင်ရော သက်သာရဲ့လား''

''ဗျာ ဩော် အင်း နည်းနည်း သက်သာပါပြီ အဖေ၊ သူဆေးရုံက ဆင်းတာနဲ့ အဖေတို့ တစ်ခါတည်း လိုက်သွားရမှာ၊ ညီမလေး

စိုး မိုး ၀၁၆ပ



ရော ပတ်စပို့တွေဘာတွေ လုပ်ဖို့၊ လှမ်းခေါ်ရမယ် အဖေ''

''အေး သားပဲ စီစဉ်လိုက်တော့ သားရယ်၊ အဖေကတော့ဘာမှမပြောတတ်တော့ပါဘူး''

အဖေ စိတ်ထဲ မရှင်းမလင်း မတင်မကျကြီး ဖြစ်နေပေမယ့် သူ့ဆန္ဒကိုတော့ လိုက်လျောလိုက်ပါသည်။ သူ့အတွက်တော့ ပခုံးပေါ် ဝန်ထုပ်ဝန်ပိုးကြီး အတင်ခံလိုက်ရသလို လေးပင်မောပန်းသွားရသည်။ ဆပ်မကုန်တော့မယ့် ကျေးဇူးကြွေးတွေအတွက် . . . ။

■ ■ ■

စိုး မိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လေယာဉ်ကွင်းကို အောင်မင်းနှင့်ဝသုန် လိုက်ပို့ကြသည်။ ဒေါ်သီတာလှိုင်က ခဏတဖြုတ်သာ လိုက်ပို့ပြီး ဟိုမှာ အစီစဉ်ချ၊ နေရာချထားပြီးတာနှင့် ဒီကလုပ်ငန်းတွေအတွက် ပြန်လာရမည်ဖြစ်သည်။

"ညီမလေး အဖေ့ကို ဂရုစိုက်နော်၊ အရေးအကြောင်းရှိရင် ကိုကို့ကို ဖုန်းလှမ်းဆက်၊ လိုအပ်တာရှိရင် ဆက်ပိုင်ကို ပြောနော်၊ သူ့ကို လည်း အဖော်လုပ်ပေးလိုက်၊ သူ အရမ်းကို စိတ်ပင်ပန်းနေတာ"

"ဟုတ်ကဲ့ပါ ကိုကို"

အဖေနှင့်ဆက်ပိုင်ကို စိတ်မချကာ ညီမလေးကိုသာ မှာနေရသည်။ ဆက်ပိုင်က အခုထိ ကောင်းကောင်း နေကောင်းသေးတာ မဟုတ်ပါ။





မိဘတွေကိုရော သူငယ်ချင်းတွေကိုရော စကားသိပ်မပြော။ ငိုင်ငိုင်ငိုင် မတုန်မလှုပ်ဖြင့် ဘာကိုစဉ်းစားတွေးတောနေမှန်းလည်း မသိ။

"ဆက်ပိုင်"

လက်မောင်းကို လှမ်းဆွဲကာ ခေါ်တော့ သူ့ဘက်ကို ဆက်ပိုင် မျက်ဝန်းတွေ ရွေ့လျားလာသည်။ ပြီးတော့ ရင်ဆိုင်မကြည့်ချင်သလို ဆတ်ခနဲပင် မျက်နှာလွှဲ၏။ မျက်ဝန်းအိမ်မှာတော့ မျက်ရည်တွေ ဝေ့သီလို့ပါ။

"အဖေနဲ့ညီမလေးက နိုင်ငံခြားဆိုတာကို တစ်ခေါက်မှ ရောက်ဖူးတာ မဟုတ်ဘူး၊ မင်းကိုယ်မင်း အမြန်ဆုံး နေကောင်းအောင် ကြိုးစားပြီး ညီမလေးနဲ့ အဖေ့ကို ဂရုစိုက်ပေးပါကွာ၊ အန်တီက ပြန်လာမှာဆိုတော့ မင်းကိုပဲ အားကိုးနေကြရမှာ၊ ငါ့ဆီကိုလည်း ဖုန်းဆက်ပေးနော်၊ ဆေးကုရမှာမို့သာ အဖေ့ကို မျက်ကွယ်ရာ အဝေးကြီးကို လွှတ်လိုက်ရမှာ၊ တကယ်ဆို လုံးဝ အဖေ့ကို စိတ်မချဘူး"

"ဟိတ်ကောင် ဝသုန်၊ လူမမာကို ဘာတွေသွားမှာနေတာလဲ၊ သူ့ကိုယ်သူတောင် ထူမတ်နိုင်သေးတာ မဟုတ်ဘဲနဲ့"

အလိုက်ကန်းဆိုးမသိ ဝင်ပြောသော အောင်မင်းကို အသာနေရန် မျက်စိမှိတ် သတိပေးလိုက်ရသည်။ မှီခိုအားထားမည့်သူတွေ ရှိနေသည်ဆိုမှ ဆက်ပိုင် စိတ်အပြောင်းအလဲ ဖြစ်သွားမှာ မဟုတ်လား။ ကိုယ့် ဂရုစိုက်စောင့်ရှောက်ရဦးမည့်သူတွေ ရှိနေပါသေးလားလို့ တွေးလိုက်လျှင် ဆက်ပိုင် စိတ်သက်သာရာ ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လေယာဉ်လည်း ထွက်တော့မယ်၊ မောင်ဝသုန်တို့ ပြန်ကြတော့လေ၊ သြော် မောင်ဝသုန် မင်းကို အန်တီခိုင်းထားတဲ့ကိစ္စတွေ အန်တီ ပြန်လာတာနဲ့ အကောင်အထည် ဖော်ထားပြီးသား ဖြစ်နေပါစေ"

"ဟုတ်ကဲ့ အန်တီ၊ သတင်းကောင်း ကြားရပါစေမယ်"

ဒေါ်သီတာလှိုင် ပြောသော အဓိပ္ပာယ်ကို ဝသုန်နှင့်အောင်မင်းသာ သဘောပေါက်လေသည်။ ဆက်ပိုင်က သူတို့ပြန်တော့မည်ဆိုမှ အောင်မင်းနှင့်သူ့လက်ကို လှမ်းဆွဲပြီး

"မင်းတို့ကို ငါ သတိရနေပါ့မယ်"

"အေး အေးပါ သူငယ်ချင်းရာ၊ မင်း အဲလို ပြောဖော်ရတဲ့ အတွက် ဝမ်းသာပါတယ်၊ ငါတို့လည်း မင်းကို မမေ့ပါဘူး ဆက်ပိုင်၊ တို့သူငယ်ချင်းသုံးယောက် ပျော်ပျော်ရွှင်ရွှင် ပြန်ဆုံရအောင်ကွာ၊ ဝင့်ထည်ထည်နဲ့ပတ်သက်တဲ့ အကန့်တွေ မေ့ထားနိုင်တဲ့အချိန် ပြန်လာခဲ့ပါ"

ဝင့်ထည်ထည်ကို ငါ လက်စားပြန်ချေပေးမယ်ဆိုသည့် စကားကို ပါးစပ်ဖျားက ထွက်မသွားအောင် မနည်းမျိုသိပ်အောင့်အည်းထားရသည်။ ဆက်ပိုင်ကို အားပေးနှစ်သိမ့်လိုက်ချင်တာပါ။

ဒါပေမဲ့ ဒေါ်သီတာလှိုင်က ခွင့်မပြုလို့ပါ။

"သားကို ဘာဒဏ်ရာမှ ထည့်မပေးလိုက်ချင်ဘူး၊ ဝင့်ထည်ထည်ကို ဘာတွေပြောလိုက်ပြီလဲ၊ ဘာတွေလုပ်လိုက်ပြီလဲလို့ မျှော်လင့်ရင်း သတိရနေမှာစိုးလို့ပါ၊ အဆိုးပဲဖြစ်ဖြစ် အကောင်းပဲဖြစ်ဖြစ် ဘာမှ သတိမရတော့ဘဲ မေ့ထားလိုက်စေချင်တယ်၊ ရေခြားမြေခြား နယ်မြေ





စိမ်းမှာဆိုရင် မေ့ထားနိုင်လိမ့်မယ်လို့ အန်တီ ထင်တယ်၊ သားကို ဘာမှ မပြောမိပါစေနဲ့"

အမိန့်တစ်ခုလို အာဏာသုံးခဲ့တာ သားအပေါ်ထားသည့် မေတ္တာကြောင့်ဆိုတာ နားလည်သည်။ အာဃာတတွေနှင့် ငွေကုန်ကြေးကျခံပြီး လက်စားချေနိုင်းတာလည်း သားအတွက် မခံမရပ်နိုင်လို့ဘဲ မဟုတ်ပါလား။

ဝင့်ထည်ထည်က အမုန်းတွေနှင့်သာ ထိုက်တန်သော မိန်းကလေး။ မင်း ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားတော့ ဝင်ထည်ထည်၊ မင်းအလှည့် မဝေးတော့ဘူး။

■ ■ ■



www.burmeseclassic.com

## အခန်း (၆)

"အဝေးကြီးကို လှမ်းမျှော်ကြည့်မနေနဲ့၊ ဟိုမှာ ကားအ...လေး မောင်းဝင်လာတာ ဝင့်ထည်ထည်ပဲ"

"လူကို သိပါတယ်၊ ကားအရောင်ပြောင်းသွားလို့ မမှတ်မိတာ သူ အရင်စီးနေတာ ခဲပုပ်ရောင်လေးပါ"

"သူတို့အိမ်မှာ ကားသုံးလေးစီး ရှိတာပဲ၊ စီးချင်တာ စီးမှာပေ့ ခဲပုပ်ရောင်က သူအကြိုက်ဆုံးမို့ အများဆုံးစီးဖြစ်တာ ဖြစ်မယ်"

"အဲလောက် ချမ်းသာလို့လည်း မာနကြီးနေတာ ဖြစ်မှာပေ့ ဒီမိန်းမ"

အံကြိတ်မိလိုက်သလား မသိပေမယ့် မျက်လုံးတွေက အစိမ်း ရောင် တောက်နေမှာ သေချာသည်။





"ဟ ဘယ်လဲ"

ရုတ်ခနဲ ထလိုက်သော သူ့လက်ကို အောင်မင်းက ဆွဲထားသည်။

"ငါ ဝင်လုံးမယ်"

"ဗလိုင်းကြီး အစိမ်းသက်သက် ရောလိုက်ရင် တစ်ခါတည်း ...က်ခနဲလန်အောင် ကောလိုက်မှာပေါ့၊ ဆက်ပိုင်တောင် စိတ်ရှည်ရှည် ...ရှိ ချည်းကပ်ခဲ့ရတာ"

"မိန်းမတစ်ယောက်အတွက် အဲလောက် အချိန်မဖြုန်းနိုင်ဘူး၊ ...မိန်းမတွေကို အလေးအနက် ထားလောက်အောင်လည်း စိတ်မဝင်စား ...ဘူး"

"မင်းက ဝင့်ထည်ထည်ကို ဆက်ပိုင်အတွက် လက်စားချေ ...မှာလေ၊ ဆန္ဒမရှိဘူးဆိုပြီး ထင်သလို အဝင်ကြမ်းလို့ မဖြစ်ဘူး၊ ဝင့် ...ည်ထည်ဆိုတာ မာနက မိုးကပ်နေတာ၊ မင်း အပျော့ဆွဲ ဆွဲနိုင်ဖို့ ...ရင်ကြိုးစား"

"တခြားယောကျ်ားတွေလို သမားရိုးကျနည်းအတိုင်း ချည်းကပ် ...ချင်တာလား၊ ငါက ဆက်ပိုင် မဟုတ်ဘူး၊ တခြားယောကျ်ားတွေလို ...ည်း ပျော့ညံ့မပြနိုင်ဘူး၊ ဝသုန်ဆိုတဲ့ကောင်က ကိုယ့်ရာဇဝင်နဲ့ ကိုယ့် ...မိုင်းကိုယ် ရေးမှာ"

"အေး ထားပါ၊ ယောကျ်ားချင်း တူရင်တောင် အရည်အချင်း ...မွမ်းအစတွေကတော့ တူမှာမဟုတ်ဘူးဆိုတာ ငါ သိတယ်၊ မင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သင်္ချိုင်းကြောင်းနဲ့ မင်းဝင်လို့ရတယ်ပဲထား၊ ဝင့်ထည်ထည်က တခြားမိန်းကလေးတွေလို မလွယ်လို့ မင်း စိတ်ခတ်ကျပြီး နောက်ဆုတ်မပြေးဖို့တော့ လိုတယ်"

"ဆက်ပိုင်အတွက် လက်စားချေခွင့်မရဘဲ ကျရှုံးမှာကို စိုးရိမ်ကြီးနေတာလား"

အောင်မင်းက အတိအလင်းပင် ခေါင်းညိတ်ပြ၏။ သူ ဟွန့်ခနဲပြုး၍ အောင်မင်း ပခုံးကို ဆုပ်ညှစ်လိုက်ပြီး

"ဝင့်ထည်ထည်ကို ငါ နိုင်အောင် တိုက်မယ် အောင်မင်း ဆက်ပိုင်အတွက် ယောကျ်ားထုအတွက် အဲ အဲလိုပြောတာ ကြီးကျယ်မလားမသိဘူး၊ ငါ ပြောချင်တာက ယောကျ်ားတွေကို လုပ်ချင်တိုင်းလုပ်လို့မရဘူး။ လုပ်တိုင်းမခံဘူး တုံ့ပြန်တတ်တယ်ဆိုတာ သိအောင်ပြောချင်တာ"

"နိုင်စေချင်ပါတယ်၊ နိုင်ပါစေလို့လည်း ဆုတောင်းပေးမယ် ဝင့်ထည်ထည်နဲ့ပတ်သက်ပြီး သိချင်တာရှိရင် ငါ့ကိုမေး"

ဒါကိုတော့ သူ စိတ်ဝင်တစားပင် ခေါင်းလေးလည်လာသည် ကားပေါ်ကဆင်းပြီး ကန်တင်းဘက် မလာဘဲ စာသင်ခန်းတွေဘက် လျှောက်သွားနေသော ဝင့်ထည်ထည်ကို မျက်စိတဆုံး လိုက်ကြည့်ပြီး အောင်မင်းဘက် လှည့်ကာ

"သူ ဘာတွေကြိုက်တတ်လဲ"

"ကော်ဖီပြင်းပြင်း"



"အဝတ်အစား ဘာအရောင်အကြိုက်ဆုံးလဲ"

"အစိမ်း၊ အနုအရင့် ဒီဇိုင်းစုံတယ်၊ မြန်မာဆန်လွန်းတာလည်း မဟုတ်ဘူး၊ ခေတ်ရှေ့ပြေးလွန်းတာလည်း မဟုတ်ဘူး၊ ရိုးလွန်းတာ မဟုတ်သလို ရိုင်းလည်းမရိုင်းဘူးပေါ့ကွာ၊ ယောကျ်ားတွေမျက်လုံးထဲမှာ အလက်တက်ဇက် မမြင်အောင် ဖွဲ့ဆောင်မှုရှိတယ်၊ အဲ ကားကိုတော့ ခဲပုပ်ရောင်နဲ့ အဖြူ၊ အနီလည်း စီးတတ်တယ်၊ သူအကြိုက်ဆုံးက ခုနပြောသလို ခဲပုပ်ရောင်"

မမေးရသေးတာတွေကိုပါ အောင်မင်းက စုံစေ့အောင် ပြောကာ ခုံးကိုဆန့်၍ ကော်ဖီကို တစ်ငုံမော့ကာ

"ကော်ဖီပြင်းပြင်း ကြိုက်တာတော့ မင်းနဲ့တူတယ်"

"နောက်နေ့ကစပြီး ငါ မသောက်တော့ဘူး"

"ဘာ"

"ဝင့်ထည်ထည်ကို ဆန့်ကျင်ဘက်တွေနဲ့ ထိုးစစ်ဆင်မှာ၊ ရည်ရွယ်ချက်တွေနဲ့ ချည်းကပ်တာဆိုပေမယ့် အစတည်းက မရှုံးချင်ဘူး၊ ဒါနဲ့ ဆက်ပိုင်ကို ပါးရိုက်တဲ့နေ့က ဘယ်နေရာမှာ ဘယ်လိုအခြေအနေကြောင့်ဆိုတာ မင်း သိလား"

"မသိဘူး။ အဲဒီနေ့က ဒီကောင် ငါ့ကို ထားခဲ့တာ၊ ပြောရရင် ဝင့်ထည်ထည်က ယောကျ်ားလေးတွေ အများကြီးနဲ့ ဗရုတ်ဗရက် မနေတတ်ဘူးဆိုလို့ ဆက်ပိုင်က ဝင့်ထည်ထည်နဲ့ တွေ့တော့မယ်ဆို ဘယ်သွားသွား ငါ့ကို ခေါ်မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ကြီးကျယ်တဲ့ မိန်းမ"

"အေး. အဲလို ဝင့်ထည်ထည် မကြိုက်တာတွေ ရှောင်ရင်းနဲ့ ဆက်ပိုင်က အသေအလဲကို ငြီးနေတာ၊ ဝင့်ထည်ထည်ကို အထင်ကြီးလွန်းတာ ယောက်ျားသိက္ခာနဲ့ မာနကို မရှိတော့ဘူး"

"အဲလို ယောက်ျားမျိုးကို ပါးရိုက်ရတယ်လို့ကွာ၊ နေပါဦး အဲဒီနေ့က"

"ဆက်ပိုင်က သူ့မွေးနေ့မှ ဝင့်ထည်ထည်ကို ရုပ်ရှင်ပြမယ် ညှိခံကျွေးမွေးမယ်၊ ဘုရားကိုလည်း အဖော်လိုက်ပေးပါပေါ့ကွာ၊ ခင်မင်ကနေတစ်ဆင့်ဘိုးဖို့ စည်းရုံးသိမ်းသွင်းလိုက်တာပဲ၊ တကယ်လို့ အဆင်ပြေရင် အဲဒီနေ့မှာ ချစ်တယ်လို့ ဖွင့်ပြောမှာ"

"အဲဒီနေ့ ဝင့်ထည်ထည် လိုက်သွားတယ်ပေါ့"

တစ်လုံးချင်း လေးနက်စွာ အမေးကို အောင်မင်း ခေါင်းညိတ်၏။

"လိုက်သွားလို့ပဲ ရုပ်ရှင်ရုံကအထွက် စားသောက်ဆိုင်နား ပါးရိုက်ခံလိုက်ရတာလေ"

"ဟောက် ယောက်ျားတစ်ယောက်နဲ့ ရုပ်ရှင်အတူတူ ကြည့်ပြီး သူက ဘာကိုမနေပ် ဖြစ်ရတာလဲ၊ အဲဒါ သက်သက်မဲ့ လူပုံအလယ်မှာ အရှက်ခွဲတာ"

"ဆက်ပိုင်က ဘယ်လိုပုံစံမျိုးနဲ့ ချစ်စကားသွားပြောလဲမှ သိတာ"





"ဟ ယောက်ျားတစ်ယောက်နဲ့ အတူသွား အတူလာ၊ ရုပ်ရှင်တောင်အတူကြည့်ပြီးမှ ဘာကို မကျေမနပ်ဖြစ်တာလဲ၊ ဖြစ်ခဲ့ရင်တောင် ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး။ ပါးစပ်က ပြောလို့ရတယ်၊ ရှင်းလို့ရတယ်၊ ယောက်ျားဆိုတာ မိန်းမတွေရဲ့ ကိုယ်ထိလက်ရောက် စော်ကားခံတွေ မဟုတ်ဘူး"

"အဟင်း မင်း၊ အဲလောက် စိတ်ဓာတ်ပြင်းနေရင် ငွေကြောင့် ဝင့်ထည်ထည်ကို လက်စားချေဖို့သက်သက် မဟုတ်တာ ငါ ယုံသွားပြီ"

"ဘာ"

"ဒေါ်သီတာလှိုင်က ဝင့်ထည်ထည်ကို အဲလိုလုပ်ပေးဖို့ မင်းအဖေ ဆေးကုစရိတ်၊ မင်းပညာရေးစရိတ်တွေ တနင့်တပိုး အကုန်အကျခံထားတာ မဟုတ်လား။ အဲဒီအတွက် မဖြစ်မနေ လုပ်ပါ့မယ်လို့ မင်းကတိပေးရတယ်ဆို"

"အဲဒီစကားတွေ ဒေါ်သီတာလှိုင် မပြောခင်တည်းက ဆက်ပိုင်အတွက် ခံပြင်းနေတာ၊ လက်တုံ့ပြန်ချင်နေတာ၊ မင်းသိပါတယ်၊ ဘာလို့ အခုမှ အဲဒီစကား ပြောရတာလဲ အောင်မင်း"

ရက်ရှဲ့ထူပူသလို ဝသုန် မျက်နှာပျက်သွားမှ အောင်မင်းကိုယ့်စကားမှားသွားမှန်း သတိရသည်။ စပ်ဖြီဖြီ မျက်နှာချိုသွေးရင်း

"သိပါတယ်ကွာ၊ မင်းအပေါ်ကောင်းလွန်းတဲ့ ဆက်ပိုင်ဘက်က မင်း ဘယ်လောက်တောင် မခံချင် ဖြစ်နေတယ်ဆိုတာ၊ ကဲပါ မင်းအတန်းတက်ရဦးမှာ မဟုတ်လား၊ ငါလည်း လစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ညနေ မင်းတို့ကျောင်းဘက် ငါ ပြန်လာခဲ့မယ်၊ ဝင့်ထည်ထည် ရှေ့ဆို ငါ့ကို မသိသလိုနေ"

အောင်မင်းက ခေါင်းညိတ်ပြ၍ အရင်ထွက်သွားသည်။ သူ့ကန်တင်းထဲမှာ အခုမှ ကော်ဖီပြင်းပြင်းတစ်ခွက် မှာသောက်ဖြစ်ပြီး နောက်ဆုံးအကြိမ်ပဲဟု ကိုယ့်ကိုယ်ကိုယ် မှတ်ချက်ချဖြစ်၏။

နောက်ဆို ဘယ်တော့မှ . . .။

■ ■ ■



## အခန်း (၇)

"ကွမ်းယာ အစိမ့်နှစ်ရာဖိုးလောက်"

"ဗျာ"

"ဩော် ကွမ်းယာမစားဘူးလို့ အခုမှ စားကြည့်မှာ၊ အဲဒါကြောင့် ဆေးတွေနဲ့ မစားရဲသေးဘူး"

ကွမ်းယာ ရောင်းသော ကုလားက ပြုံးစိစိ။ ယောကျ်ားလေးဖြစ်ပြီး ကွမ်းယာအစိမ့် ဝယ်စားတာ သရော်လှောင်ပြောင်ချင်ဟန်ရှိသည်။ သူက မမှုပါ။ လွယ်အိတ်ကို စလွယ်သိုင်းလွယ်လိုက်ပြီး ကုလား လက်ကမ်းပေးသော ကွမ်းယာကို ယူ၍ ဟန်ပါပါဖြင့် ပါးစပ်ထဲ ထည့်ဝါးလိုက်သည်။

ပြီးတော့ ပျစ်ခနဲ ပျစ်ခနဲ လမ်းဘေးကို ထွေးထုတ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယာ ပါးစပ်ထဲ ထည့်၍ မြန်မြန်ဝါးလိုက်ပြီး ခပ်လုံးလုံးအခေး ကို ရောက်အောင် ထပ်ထွေးကြည့်သည်။ အကျီအဖြူပေါ် အစက်အပြောက် အနည်းငယ် စွန်းထင်းသွားတာမှလွဲ၍ အဆင်ပြေသွားသည်။ သူဟာ အရင်ကလို မဟုတ်ဘဲ စည်ကမ်းမဲ့သူတစ်ယောက်။

ဝင့်ထည်ထည် ကားနှင့်အနီးဆုံး အုတ်ခုံမှာ ထိုင်ရင်း ကွမ်းတဝါးဝါး လုပ်နေမိတာ ပါးစပ်တစ်ခုလုံး ရဲဗလောင်းခတ်နေသည်။

"ပျစ်"

"ဟယ် ရှင်"

"ဟာ ဆောရီး"

နို့စိမ်းရောင် ဝမ်းဆက်နှင့် ကြွရွစွာ လျှောက်လာနေသော ဝင့်ထည်ထည် ခြေဖမိုးလေးကို သူ တမင်တကာ ကွမ်းသွေးတွေ ပေကျံအောင် ထွေးပစ်လိုက်သည်။ ကွမ်းသွေးတွေ ပေကျံသွားသော ခြေဖမိုးလေးကိုကြည့်၍ သူမ ဆတ်ဆတ်ခါသွားချိန်မှာ အုတ်ခုံပေါ်က ခုန်ဆင်းပြီး သူမရှေ့ ဒူးထောက်ထိုင်ချလိုက်၏။

"အမှတ်တမဲ့ဖြစ်သွားလို့ပါဗျာ၊ တောင်းပန်ပါတယ်၊ ဟို ကျွန်တော် သုတ်ပေးပါမယ်နော်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

"အို ဘာလုပ်တာလဲ ဖယ်စမ်းပါ"

သူမခြေလှမ်း ဆက်ရွှေ့လို့မရအောင် ဖြူဆွတ်နေသော လက်ကိုင်ပဝါလေးကို ခါးကြားက ထုတ်၍ သူ ဖွဖွညင်သာလေး သုတ်ပေးလိုက်၏။ သူမ တွန့်ခနဲ ဖြစ်လျက် အော်လိုက်သော်လည်း ရပ်တန့်ခြင်း





မရှိဘဲ ပြီးဆုံးအောင် သူ လုပ်ပေးလိုက်၏။

မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းကို သူ ပထမဆုံး ထိတွေ့မိခြင်းပေ။

"တောက် ဖယ်စမ်းပါ၊ နမော်နမဲ့ စည်းမရှိကမ်းမရှိနဲ့၊ ရွံစရာ ကောင်းလိုက်တာ"

"ဟာ ခင်ဗျား"

ဆောင့်တွန်းခံလိုက်ရလို့ ဖင်ထိုင်ကျသွားချိန်မှာ ချက်ချင်း သွေးဆူသွားလျက် ဖြုန်းခနဲ ခုန်ထလိုက်သည်။ သူမ မင်တက်စွာ နောက် ပင်လန်သွား၏။

"ကျွန်တော် မှားသွားမှန်းသိလို့ မိန်းမတစ်ယောက်ရှေ့မှာ ဒူး ထောက်ပြီး လုပ်ပေးသင့်တာ လုပ်ပေးနေတာ၊ ခင်ဗျား အခုလို မရိုင်းသင့် ဘူး"

"ရိုင်းတယ် ဟုတ်လား၊ ဒီနေရာက စည်းကမ်းမဲ့ ကွမ်းသွေး ထွေးသင့်တဲ့နေရာလား၊ ကျောင်းပုရဝဏ် ရှင့်လို အပေအတေတွေနေတဲ့ နေရာ မဟုတ်ဘူး"

"မင်း ပါးစပ်လေးက လှသလောက် ဖွာတတ်လှချည်လား၊ ငါ မှားလို့ မှားတဲ့အကြောင်း တောင်းပန်ပြီးပြီ၊ အဆင့်အတန်းရှိတဲ့ လူ့ယဉ်ကျေးသားသမီးဆိုရင် ခွင့်လွှတ်ပေးတတ်ရတယ်၊ နားလည်ပေး တတ်ရတယ်ကွ"

"ဘာ ဇလေကချေ ဂျလေဘီပုံစံက အဆင့်အတန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုတွေ ပြောလို့ပါလား၊ ရှင် အဲဒါတွေသိရင် ဒီလိုနေရာမှာ ဒါမျိုး မလုပ်သင့်ဘူးဆိုတာ သိနေရမှာပေါ့''

''မသိလို့ ဒီလိုလုပ်မိတယ်၊ အခု မင်းပြောလို့ သိပြီ၊ နောက်ဆင်ခြင်ရမှာ ငါကိစ္စ၊ မင်းက တောင်းပန်တာကို လက်မခံတတ်တာ ယဉ်ကျေးမှုမရှိတာပဲ၊ မင်း ဘယ်လိုမိဘက ပေါက်ဖွားလာတာလဲ''

''ဘာ တောက်''

ဝင့်ထည်ထည် လက်ကလေး ရိပ်ခနဲ မြှောက်တက်သွား၏။ သူ့ မထီတရီ ပြုံး၍ ပါးထိုးပေးလိုက်သောအခါ သူမ လက်ကလေး ဖြုန်းခနဲ ပြုတ်ကျသွားသည်။

တန်ရာတန်ကြေး နှစ်ဆပြန်ယူမှာကို သိလို့တော့ ဟုတ်ဟန် မတူ။

''ရှင် ကျွန်မမိဘတွေကို ဘာမှစော်ကားစရာ မလိုဘူး''

''ဒါဆို ကျွန်တော် တောင်းပန်နေတာကို ခင်ဗျား လက်ခံလေ၊ ယောကျ်ားတစ်ယောက်က ခင်ဗျားရှေ့မှာ ဒူးထောက်ထိုင်ပြီး ခြေထောက်ကို ကိုင်ပြီး သုတ်ပေးတာကို အားနာတတ်ဦးမှပေါ့၊ ယဉ်ကျေးမှု မရှိလိုက်တာ''

''ဘာ''

''ဆောရီး နောက်ထပ် တောင်းပန်တယ် ဘိုင့်''

မခိုးမခန့် မထီတရီ မျက်နှာပေးဖြင့် လှည့်ထွက်လာခဲ့သည်။ မကျေမချမ်း ဆွေ့ဆွေ့ခုန်ပြီး သူမ ဒေါသဖြင့် ကျန်ခဲ့လည်း မတတ်နိုင်။





ကနဦးအစ နိဒါန်းကတည်းက မင်းနဲ့ငါ တွေ့ဆုံခြင်း အတိတ်နိမိတ်တွေ မကောင်းဘူး ဝင့်ထည်ထည်။

ငါ့ရဲ့ ကြိုတင်ကြံစည်မှုတွေက မင်းအမှတ်တရ ဖြစ်ကျန်ခဲ့ဖို့ပါ။ နောက်ထပ်ဆိုတာတွေလည်း မင်းအတွက် ကံမကောင်းနိုင်ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တကယ် ကံဆိုးတယ်၊ ဘယ်လို သတ္တဝါနဲ့ လာတွေ့နေလည်း မသိဘူး။ ရုပ်ကိုက မခန့်လေးစား မထီတရီနဲ့ ပါးရိုက်ပစ်ဖို့ကောင်းတယ်"

"ရှုယ်ရုံရှုယ်ပြီး ရိုက်တော့ မရိုက်ခဲ့ဘဲနဲ့ အခုမှ အသံကောင်းဟစ်မနေနဲ့၊ အဲဒီနေ့က ငါတွေ့တယ်နော်၊ ရှေ့မှာ ဒူးထောက်ထိုင်ပြီး ကိုယ့်ခြေထောက်ကို တယုတယ သုတ်ပေးနေတာ၊ နင် မင်တက်မိသွားတာ မဟုတ်လား"

"အံ့သြသွားတာတော့ အမှန်ပဲ၊ အဲလိုလုပ်လိုက်မယ် မထင်ဘူး ပြီးတော့ ယောက်ျားလေးဖြစ်ပြီး လက်ကလေးတွေက ဖွေးသန့် နုဖတ်နေတာပဲ"

"ဖြစ်ရပြန်ပြီ၊ ခုနကတော့ ပါးစပ်က ကွမ်းသွေးတွေ ရဲရဲလောင်းခတ်နေလို့ ရွံစရာကြီးဆို"





"အဲဒါက ဟုတ်တယ်"

"သြော် ပါးစပ်ကိုရှုံပြီး လက်ကိုတော့ တသသ ကြွေသွားတယ်ပေါ့"

"ကေကေ ကျွတ် ဘယ်လိုကြီး ပြောတာလဲ"

ဝင့်ထည်ထည် ရှက်သလို မျက်နှာတစ်ခုလုံး ထူထူပူပူကြီးဖြစ်သွား၏။ ကေခိုင် နောက်ကျောကိုလည်း အုန်းခနဲ ထုပစ်လိုက်သည်။

ကျောကော့သွားသော ကေခိုင်က မျက်စောင်းငေ့ပြီး ပြုံးစေ့စေ့ဖြင့်

"ရှက်ရမ်းရမ်းမနေနဲ့၊ သူ ဒီလို လုပ်တာကို နင် ဟုတ်ထိသွားတယ်ဆိုတာ ဝန်ခံလိုက်၊ ဒါနဲ့ အဲဒီလူကို တို့ကျောင်းမှာ မမြင်ဘူးသလိုပဲ"

"ကျောင်းထဲ မဝင်ဘဲ ကားပါကင်နားက အုတ်ခုံမှာ ထိုင်နေတာဆိုတော့ တခြားကျောင်းကနေ သူ့ကောင်မလေးကို လာစောင့်နေတာဖြစ်မှာပေါ့"

"ဟဲ့ သူ တန်းခနဲ လှည့်ပြန်သွားတာလေ၊ စောင့်ရမှာဆို နင့်အရင် သူ ထွက်သွားပါ့မလား။ အဲ တစ်ခုထူးဆန်းတာက နင့်ကိုရန်ပဲ တွေ့တာ၊ အီစီကလီ လုပ်မသွားဘူးနော်"

"ဘာ"

"သြော် တခြားယောက်ျားလေးတွေဆို အီစီကလီ ကျူမယ်၊ နာမည်မေး၊ လိပ်စာမေးနဲ့ နောက်ထပ်အကွက်တွေ ရွှေ့မယ်လေ၊ အခု ဒီလူက သူမှားလို့ တောင်းပန်တာတောင် မချေမငံ အပေါ်စီးက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ နှစ်ပြားတောင် တန်မယ့်ပုံမပေါ်ဘူး''

ကေခိုင် ပြောချလိုက်တာ ပျစ်ပျစ်နှစ်နှစ်။ ဝင့်ထည်ထည် ဟွန့် ခနဲပင် ပြုံးမိလိုက်သည်။ ကေခိုင်က အကြောင်းသိ အစင်းသိ ငယ်ပေါင်း ကြီးဖော်ပါ။

အိမ်ချင်းမနီးပေမယ့် တစ်ရပ်ကွက်ထဲမှာပဲ နေဖြစ်ကြပြီး ကေခိုင်မိဘတွေလည်း အဖိုးရဝန်ထမ်းတွေပင်။ ဒါပေမဲ့ သူမမိဘတွေက ကေခိုင်မိဘတွေရဲ့ အထက်အရာရှိ။ အရှိန်အဝါကြီးမားသူတွေ။

ဘယ်သွားသွား ဘယ်လာလာ ကေခိုင်က မိမိရဲ့ဘော်ဒီဂတ်။ အဲဒီနေ့က ကေခိုင်ကို ကားပေါ်ကနေ စောင့်နေမည်ဆိုပြီး အတန်းထဲက စောထွက်လာခဲ့တာ။

ဖြစ်ချင်တော့ ဟိုလူနှင့် ပြဿနာတက်ချိန်မှာ သူမ တစ်ယောက်တည်း။ ကေခိုင်သာ တစ်ခါတည်း ပါလာလျှင် ဒေါသဖြစ်ဖြစ်နှင့် ထိုလူကို ပါးရိုက်ပစ်မလား မသိပါ။ အခုတော့ လက်ကရွယ်ပြီး မရိုက်ဖြစ်လိုက်။

စဉ်းစားကြည့်မှ ကေခိုင်ပြောသလို တခြားယောကျ်ားလေးသာ ဆိုလျှင် စိတ်လိုက်မာန်ပါ ရိုက်ချင်ရင်လည်း ရိုက်ဖြစ်ပေလိမ့်မည်။

ဘယ်သူ့ကိုမဆို ကိုယ့်ကို အီစီကလီ လာရောသော ပျော့စိပျော့ဖတ် ကျူနေတတ်သော ယောကျ်ားမျိုးကို သူမ မုန်းသည်။ ခုခေတ် ယောကျ်ားအများစုက မိန်းကလေးတွေကို အပျော့ဆွဲဆွဲပြီး အညာအခရာ မာယာတွေဖြင့် ဖြားယောင်းသိမ်းသွင်းတတ်၏။





ပျော့ညံ့သော မိန်းကလေးသာဆိုလျှင် အလွယ်ကျရှုံးမှာ သေချာသည်။ သူမကတော့ ထိုမိန်းကလေးတွေထဲမှာ မပါဝင်နိုင်။

''ဟဲ့ ဘာစဉ်းစားနေတာလဲ၊ အင်္ကျီရွေးလေ၊ နင် ကြိုက်တဲ့ အစိမ်းရောင် နောက်ဒီဇိုင်းအသစ်ထွက်နေတယ်''

''ဪ အေး''

ကေခိုင် လက်တို့မှ အတွေးက ရပ်သည်။ ကျောက်စိမ်းရောင် ရိုးမဆန်း အပျော့သားလက်စကလေးကို သူမ ရွေးယူလိုက်၏။ လက်ထဲမှာလည်း အဝတ်အစား လက်ဆွဲအိတ်တွေက မနည်းမနော။ နှစ်ပတ်တစ်ခါလောက် ကုန်တိုက်ကိုလာဖြစ်ကာ မေမေမေမေတို့အတွက်ပါ အဝတ်အစား ဝယ်ပေးရသည်။

ထိုအချိန်မျိုးဆို ကေခိုင်အတွက်လည်း လက်ဆောင်တစ်ထည်တော့ ဝယ်ပေးနေကျ။

''ကေခိုင် နင် တစ်ထည်ရွေးပြီးရင် သွားရအောင်၊ ဗိုက်လည်း ဆာနေပြီဟ၊ အောက်က ဆိုင်မှာ တစ်ခုခု ဝင်စားမယ်''

''အေးပါ''

''ဪ ဖေဖေ့အတွက် ပွဲတက်ဖို့ တိုက်ပုံတစ်ထည် ရွေးဦးမှာ မြန်မြန်လုပ်''

ကေခိုင် အလကားရတာမို့ ခပ်မြန်မြန်ပင် ကြံသလို ရွေးသည်။ ပြီးတာနှင့် ယောကျ်ားဝတ်အဝတ်အစားများ ရောင်းသော ဆိုင်ခန်းတွေဘက် ပတ်ဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြုန်း"

"အမယ်လေး"

"ဟာ"

သူမတို့အလှည့်မှာပင် နောက်ကနေ ဝင်တိုက်သယောင် ကျော လှည့်ပေးလိုက်တော့ အမှန်တကယ်ပင် သူ့ကျော ကော့သွားအောင် အတိုက်ခံလိုက်ရသည်။

"ဟာ မင်း"

"ဟင် ရှင် ရှင်"

သူ အမှတ်တမဲ့ အံ့အားသင့်ဟန် ဟန်ဆောင်လိုက်စဉ်မှာ သူမကလည်း ပြုတ်ကျသွားသော လက်ဆွဲအိတ်တွေ ပြန်မကောက်နိုင်သေးဘဲ သူ့ကို လက်ညှိုးကြီးထိုး၏။

"ဒီတစ်ခါ ငါမှားတာ မဟုတ်ဘူးနော်၊ ငါက ရှေ့က မင်းက နောက်ကနေ ဝင်တိုက်တာ၊ မင်း ငါ့ကို တောင်းပန်"

"အောင်မာ ဘာလို့ တောင်းပန်ရမှာလဲ၊ သွားရင်းလာရင်း အမှတ်တမဲ့ တိုက်မိတာ"

"ဟ မင်းကို ကွမ်းသွေးထွေးမိတုန်းကလည်း ငါ တမင်တကာ လုပ်တာ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ငါ တောင်းပန်ခဲ့တယ်၊ ဒါပေမဲ့ မင်း ခွင့်မလွှတ်ဘူး"

ဒါပေမဲ့တွေ ထပ်လျက် သူ့ပုံစံက မထိမဲ့မြင် မချေမငံ။ သူမကို ထွက်ခွာခွင့်လည်း မပေးဘဲ ရှေ့ကပိတ်ရပ်ထားသည်။ ကေခိုင်က အိတ်





တွေကို ကုန်းကောက်ပြီး

"ထည့်ထည့် တောင်းပန်လိုက်လေ၊ လူတွေအများကြီးကြားမှာ အချိန်ကြာနေလို့ မကောင်းဘူး"

"အို ဒီလောက်ကိစ္စလေးက တောင်းပန်နေရမယ့်အဆင့် မဟုတ်ပါဘူး။ လူတွေအများကြီး သွားလာနေတဲ့ကြားမှာ မတော်တဆ ဖြစ်တာပဲ"

"ခက်တယ်၊ မင်း လူ့ယဉ်ကျေးသမီးမှ ဟုတ်ရဲ့လား"

"ဘာရှင့် ရှင်နော် ကျွန်မ မိဘတွေကို စော်ကားပြန်ပြီ"

"သားသမီးမကောင်း မိဘခေါင်းတဲ့၊ မင်းသာ ကောင်းနေရင် မိဘတွေကို ဘာမှ ထိခိုက်ပြောစရာ အကြောင်းမရှိဘူး၊ အခုက မင်း ကောင်းလို့"

"ကဲပါ အောက်ကျမှ စကားဆက်ရအောင်၊ ဒီမှာ ဟိုလူကတိုး ဒီလူကတိုးနဲ့ ငါ့ခမြာ ချာချာလည်နေပြီ၊ ငါ့ကို သနားကြပါဦး"

ကေခိုင် တကယ်ကို ဟိုဘက်ကတိုက်လိုက်၊ လည်ထွက်သွားလိုက်၊ ဒီဘက်ကတိုက်လိုက် လည်ထွက်သွားလိုက်ဖြင့် အိတ်တွေဆွဲထားရင်းက မျက်နှာငယ်လေး ဖြစ်နေသည်။

"ကဲ လာ"

ကေခိုင်လက်ကို ဝင့်ထည်ထည် ဆောင့်ဆွဲခေါ်သွားသည်။ ဝသုန် ဆံကြိုင်မကွာ နောက်ကလိုက်လာခဲ့၏။ သူမတို့ခြေလှမ်းတွေက ကားပါကင်နားရောက်မှ ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာလိုက်လုပ်တာလဲ"

"မင်းတောင်းပန်တာခံဖို့လေ"

"ရှင် ဘယ်နေရာ နာသွားလို့လဲ၊ ဘယ်နေရာ ပွန်းပဲ့သွားလို့လဲ"

"မင်းတုန်းကရော ပွန်းပဲ့ဒဏ်ရာရသွားလို့ ငါ တောင်းပန်ခဲ့တာလား၊ မင်းခြေထောက်ကို မရှုံ့မရှာ ကိုင်ပြီးတော့တောင် သေချာသုတ်ပေးခဲ့သေးတယ်"

"ဘယ်သူကမှ ရှင့်ကို အဲလို မလုပ်နိုင်းဘူး"

"အေး မလုပ်ခိုင်းပေမယ့် ငါက မိကောင်းဖခင်သားသမီးဆိုတော့ ကိုယ့်အမှားကိုယ် တာဝန်ယူပြီး တောင်းပန်တယ်၊ မင်းကသာ"

"တော်ပြီ ဆက်မပြောနဲ့တော့၊ အခု ရှင့်ကို မတောင်းပန်နိုင်ဘူး၊ နစ်နာသွားတယ်ဆိုရင် ရှင် ဘယ်လောက်လိုချင်လဲ ပြော"

"တောက် မင်း"

စိတ်က ထောင်းခနဲဖြစ်ကာ သူမလိုပင်လက်က ရွယ်လိုက်မိသည်။ သူမ တုန်ခနဲ ဖြစ်လျက် ပခုံးပင် တွန့်သွား၏။ ကောနိုင်က အိတ်တွေကားထဲထည့်ပြီး ဆွဲရမလို လွှဲရမလို ပြူးပြူးပျာပျာ။

"မင်း အဲဒီစကားတစ်ခွန်းအတွက်ပါ ငါ့ကို ပြန်တောင်းပန်စမ်း ပြန်တောင်းပန် ဝင့်ထည်ထည်"

"ဟင်"

ယောက်ျားတကာ ခယဝပ်တွားချင်သော သူမအလှကို ဂရုမစိုက်မိလို့ ဒီလိုမာန်တွေဖြင့် သွေးဆူဒေါသကြီးနေခြင်းလား။





ရင်အုပ်ကျယ်ကျယ် ကိုယ်ခန္ဓာတောင့်တင်းလျက် အသားအရေလှသော ဒီယောက်ျားဆီမှာ ပျော့ပျောင်းနူးညံ့မှုတို့ ရှာမတွေ့ပေ။ စကားလုံးတွေ ရှင့်ရှင့်သီးသီးဖြင့် အမြဲပင် မာကျောနေတော့တာ။

"မင်း မတောင်းပန်ဘူးလား ဝင့်ထည်ထည်၊ မင်း မတောင်းပန်ရင် ငါ အခု လူသတ်မိမလား မသိဘူးနော်"

"ဟင်"

တကယ်လုပ်မည့်ပုံမျိုးဖြင့် ရှေ့တိုးလာတော့ ဝင့်ထည်ထည်နှင့် ကောနိုင် လက်ချင်းဆွဲလျက် ကတုန်ကယင် ဖြစ်သွားကြသည်။

"ဟို ကျွ ကျွန်မ ကြားထဲက တောင်းပန်ပါတယ်ရှင်၊ ဟိုလေ သူက"

"မလိုဘူး ခင်ဗျားနဲ့ဖြစ်တာမှ မဟုတ်တာ၊ ခင်ဗျား ကြားထဲက တောင်းပန်လည်း ကျွန်တော် မကျေနပ်ဘူး ဝင့်ထည်ထည်"

မာဆတ်အေးခဲသော ခေါ်သံကြောင့် သူမ မျက်နှုံးပင့်သွားရ၏။ ဒီယောက်ျား တကယ်မလွယ်ပါလား။ အသံကအစ မာဆတ်ပြတ်တောက်လျက် ဆွဲဆောင်မှု ရှိလွန်းသည်။

မွေးညင်းနုများက မျက်နှာကိုရင့်ရော်စေသော်လည်း ယောက်ျားပီသသည်ဟု သူမ မှတ်ချက်ချမိသည်။

ဘယ်ယောက်ျားမှ သူမကို ဒီလိုမျိုး မာရေကျောရေ မဆက်ဆံဘူးကြပါ။

"ဆောရီး ကျေနပ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



''မကျေနပ်ဘူး။ ငါပြောတုန်းက ဗမာလိုလည်းပါတယ်''

တကယ့် ဂျစ်ကန်ကန်။ သူမ သဘောတကျပင် ပြုံးလိုက်မိကာ

''တောင်းပန်ပါတယ် ချိုလား''

''ချို''

''နေဦးလေ''

ချာခနဲ လှည့်ထွက်သွားသော ထိုလူကို သူမ ကပျာကယ

ဟန့်တားလိုက်မိသည်။ ဝသုန်က ခြေစုံရပ်လိုက်ပေမယ့် ကျောခိုင်းထာ

လျက်က ဘေးစောင်းလှည့်ကြည့်ပြီး

''ဘာလဲ''

''ကျွန်မက ရှင့်လို ပါးစပ်က တောင်းပန်ရုံမဟုတ်ဘူး။ ကော်

ပါ တိုက်မယ်။ ရှေ့က ဆိုင်မှာ လိုက်သောက်ပါလား''

''နောက်ကြုံမှပဲ''

တစ်စက်လေးမှပင် နောက်လှည့်မကြည့်တော့ပါ။

ဒီယောက်ျား ဘာတွေက ဆွဲဆောင်မှု ရှိနေမှန်းမသိဘဲ...

■ ■ ■



## အခန်း (၉)

တခမ်းတနားရှိလှသော စားသောက်ဆိုင်ထဲမှာ အောင်မင်းကို ထိုအကြောင်း ပြောပြတော့ အောင်မင်းက ဘီယာတစ်ကျိုက်မော့ရင်း တအံ့တသြ ဖြစ်နေ၏။ စိုးရိမ်ကြီးနေပုံလည်းရကာ

''မင်း အဲလိုတွေ ကောတော့ ရှေ့ဆက်ဖို့ ကျိုင်ပုကုန်မှာပေါ့ လွယ်ပါ့မလား''

''မင်း စောင့်ကြည့်စမ်းပါ၊ မိန်းမတွေကို ရှေးရိုးအစဉ်အလာ အတိုင်း ချဉ်းကပ်ရင် ပျင်းသွားမှာပေါ့၊ အခုခေတ် မိန်းကလေးတွေက ခပ်ကြမ်းကြမ်းဝင်ပေးမှ ဆွဲဆောင်မှုရှိတယ်လို့ ထင်ကြတာ''

''ဘယ်ကျမ်းစာအုပ်ထဲက အိုင်ဒီယာလဲ၊ ငါတော့ မကြားဖူးဘူး''

''နူးညံ့သိမ်မွေ့နေရင် ကိုယ့်ကိုအချဉ်ဖမ်းခံရမှာ ငါ့ကောင်၊ ငါကတော့ ပျော့လိုက်မာလိုက်၊ လျှော့လိုက်တင်းလိုက်နဲ့ ချည်ဖို့ ဆုံးဖြတ်ထားတာ၊ အခုပဲကြည့် ကော်ဖီသောက်ပါဦးလားတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးကွာ၊ မိန်းမတွေရဲ့စိတ်ကို ငါတော့ မခန့်မှန်းတတ်ဘူး ကော်ဖီတစ်ခွက်တိုက်တာ အဲလောက် စိတ်ကူးယဉ်စရာမကောင်းဘူး ထင်ပါတယ်၊ ဒါက သူ့ဘက်က လက်နက်ပုန်းလည်း ဖြစ်ချင်ဖြစ်နိုင် တယ်"

"ငါ့ဘက်က အကွက်ရွှေ့ဖို့ အမြဲသတိရှိနေတယ်၊ ဆက်ပိုင် အတွက် ငါ ကြိုးစားမှာပါ"

"ဒါနဲ့ မင်းကွမ်းစားတာကြီးက သူ့ကို ဇာတ်လမ်းဆင်ရုံသာက် သက်ဆို တော်တော့လေ၊ မစားတတ် စားတတ်နဲ့ ရဲ့ပလောင်းခတ်နေတာ မြင်မကောင်းဘူး"

"ဝင့်ထည့်ထည့် ဖြတ်နိုင်းမှ ငါဖြတ်မယ်"

"ဘာ"

"သူ တစ်နေ့ ငါ့ကို ကွမ်းယာဖြတ်နိုင်းလိမ့်မယ်၊ အမွှေးအမျှင် တွေ ရိတ်ခိုင်းလိမ့်မယ်"

"သေချာပေါက် ပြောရဲနေတာ"

"ဒုတိယအကြိမ်တွေ့တဲ့ သူ့မျက်လုံးထဲမှာ မင်းတို့ပြောနေတဲ့ မာနတွေ မတွေ့ရဘူး။ ငါ့ဆက်ဆံရေးတွေကို စိတ်ဝင်စားနေတဲ့ပုံပဲ"

"အေးလေ မင်း အဆင်ပြေတယ်ဆို ပြီးတာပဲ၊ ဒါနဲ့ နောသီ အစီအစဉ်က"

"ကြိုသလိုပဲ"

အလေးအနက်မရှိ ပေါ့ပျက်ပျက်နိုင်လွန်းတာက ဝသုန် စတိုင်



တော့မဟုတ်ပေ။ ဝသုန်ဆိုတာ အနေအေးဆေးပြီး မိန်းမတွေနှင့် ကင်း ရှင်းသူပါ။

ပညာကို ကြိုးစားသင်ယူပြီး မိသားစုအပေါ် ကြင်နာနွေးထွေး တတ်သူပင်။ အခု ဘာကို အရှုံ့တိုက်နေမှန်း မသိဘဲ စကားပြောရတာ တောင် သိပ်အဆင်မပြေချင်။

"ဘီယာသောက်လေ ဝသုန်"

"အဲဒါတော့ မလုပ်ချင်ဘူး။ အမြည်းပဲ စားမယ်"

ဝသုန် အမြည်းစားနေချိန်မှာ အောင်မင်း စီးကရက်မီးညှိပြီး သောက်သည်။ ဝသုန်က ဆတ်ခနဲ ခွဲယူလိုက်ကာ သုံးလေးခါမျှ ရှိုက်ဖွာလိုက် ၏။

"အဟွတ် ဟွတ်"

"ဘာလုပ်တာလဲဟ"

"သောက်ကြည့်နေတာ၊ ဒါလည်း ကွက်ရှင်တစ်ခုပဲ"

"ပညာတွေက အုံမခန်းပဲနေ၊ သင်ယူရင်း လေ့လာရင်းက ဝင့်ထည့်ထည့်ကို အသုံးမချနိုင်ဘဲ ကိုယ်က ပျက်စီးသွားဦးမယ်"

"ဆက်ပိုင်အတွက် ရင်းနေတာပါ၊ မြှုပ်နှံမှုမရှိဘဲ ဘယ်လိုလုပ် အမြတ်အစွန်းကျန်မှာလဲ"

"ဘယ်ချိန်တုန်းက ဈေးတွက်တွက်တတ်သွားတာလဲ၊ ဒေါ်သီ တာလှိုင် ရင်းနှီးမြှုပ်နှံလိုက်လို့လား"

"အောင်မင်း မင်း အဲဒီစကားကို ခဏ ခဏ မသုံးနှုန်းစမ်းနဲ့

www.burmeseclassic.com



နဲ့ ယောက်ျားမာနကို ထိတယ်ကွ၊ ဆက်ပိုင်အပေါ် ထားတဲ့ သူငယ်ချင်း သံယောဇဉ်ကို ဓားတုံးတုံးနဲ့ ဖြတ်တောက်နေသလိုပဲ၊ ခံရခက်တယ်၊ မင်းကို ဒေါ်သီတာလှိုင်က နိုင်းရင်ရော ငါ့လို လုပ်မှာလား''

အောင်မင်း အသံတိတ်သွားသည်။ သံယောဇဉ်ကြီးလည်း မင်းလို လုပ်နိုင်မှာမဟုတ်ဘူးဟု တိုးတိုးပြော၏။

ဖင်စီခံထိ တိုဝင်သွားသော စီးကရက်ကို ဆေးလိပ်ခွက်ထဲ ထိုးချေလိုက်ကာ

''ဒီငွေကြောင့် ငါ အားသွန်ခွန်စိုက် ကြိုးစားနေတာ မဟုတ်ဘူး အောင်မင်း၊ ငွေကြောင့်ဆိုတဲ့စကားကို နည်းနည်းဆင်ခြင်ပေးပါ''

''မဟုတ်ပါဘူးကွာ ငါက''

''ဒေါ်သီတာလှိုင် ပေးတဲ့ငွေကို လက်ခံလိုက်ရတာ ငါ့ဘက်က မပြည့်စုံတဲ့ခက်ခဲမှုတွေကြောင့်ပါ၊ အခုက သူငယ်ချင်းသံယောဇဉ်ကြောင့် ဝင့်ထည်ထည်ကို တုံ့ပြန်နေတာ၊ အဲဒါကို နားလည်မပေးချင်နေ မပုတ်ခတ်နဲ့ကွာ''

''အေး အေးပါ ငါလည်း စကားပြော လောလောသွားတယ်၊ နောက်မပြောမိစေရဘူးကွာ၊ ငါက ဝင့်ထည်ထည်ကို မင်းချည်းကပ်တာ မြန်လို့ အံ့ဩနေလို့ပါ၊ ဒါနဲ့ ဆက်ပိုင်ဆီက ဖုန်းလေးဘာလေး မလာဘူးလား''

''ငါ့မှာ ဖုန်းမှမရှိတာ ဘယ်လိုလုပ် လာမှာလဲ၊ သူ့အမေ ပြန်ရောက်တာလည်း တစ်ခေါက်မှ သွားမတွေ့ရသေးဘူး။ ဒီနေ့ ကျောင်း





ပိတ်တုန်း မင်းနဲ့ငါနဲ့ သွားမလား''

''ငါ မလိုက်တော့ဘူး။ ငါ့ဘကြီး ဆေးရုံတင်ထားရတာ သွားကြည့်ရမယ်၊ ပြီးတော့ ပါးစပ်က ယမကာနံ့ထွက်နေတယ်၊ အဘွားကြီးနဲ့ မဖြစ်ပါဘူး။ နားရှော့(ခ်)ရိုက်ခံနေရမယ်၊ မင်း ဒိုးချင်ဒိုးလေ''

''အေး ငါတော့ အမေတို့သတင်းမေးကြည့်ရင်းနဲ့ သွားလိုက်တာ ကောင်းမယ်၊ ကဲ သွားပြီကွာ''

အောင်မင်း ပန်းပုတ်ကာ ဖျတ်ခနဲပင် ထထွက်လာခဲ့သည်။ အောင်မင်း ထိုသို့ပြောတိုင်း သူ့စိတ်တွေ ကသိကအောက်ဖြစ်ရမြဲပါ။ တကယ်ပဲ ဝင့်ထည်ထည်ကို လက်တုံ့ပြန်ဖို့ ကြိုးစားနေခြင်းဟာ ငွေကြောင့်လား။ ပုဂ္ဂိုလ်ရေးရာ ခံစားချက်ကြောင့်လား။ သူ့ကိုယ်သူတောင် မသဲကွဲစွာဖြင့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အလင်းရောင် မသဲမကွဲအချိန်မှာပင် သူမအိပ်ရာက နိုးထလာခဲ့သည်။ ညကလည်း တော်တော်နှင့် အိပ်မပျော်ပါ။

ဂျစ်တီးဂျစ်ကန် ခပ်ပေပေ လူတစ်ယောက်ကို သူမ မျက်စိထဲမှာ အမြဲပဲမြင်ယောင်နေသည်။

စကားပြောတာက မချေမငံ၊ ကြောက်လန့်ခြင်းလည်းမရှိ။

မိမိအလှကို စိတ်ဝင်စားခြင်းလည်းမရှိ၊ ဘယ်ယောကျ်ားမှ သူမအပေါ် ဒီလိုမဆက်ဆံဘူးတာမို့ အထူးအဆန်းကြီးကို ဖြစ်နေတာ။ ကွမ်းသွေးတွေ ပေကျံတုန်းက သူမ ဆတ်ဆတ်ခါလောက်အောင် ဒေါသဖြစ်မိတာပါ။ ငယ်ငယ်တည်းက လက်မြန်ခြေမြန် ရှိခဲ့တာကြောင့် စိတ်လွတ်လျက် ရိုက်ချလိုက်ဖို့လည်း ရွယ်မိသည်။





ဒါပေမဲ့ သူမ ခြေဖမိုးလေးပေါ် အုပ်မိုးကိုင်၍ ဖွဖွရွရွ သုတ်ပေးနေသော သူ့ရဲ့လက်တို့က တခြားယောကျ်ားလေးတွေလို မဟုတ်ဘဲ ရှည်သွယ်ပျော့ပျောင်း နုဖတ်နေတာမို့ သူမ တဒင်္ဂ မင်တက်မိသွားခဲ့သည်။ အချစ်အတွက် သူမရှေ့မှာ ခယဝပ်တွား တောင်းလျှိုးဖူးသူတွေ ရှိသော်လည်း ဒူးထောက်ထိုင်ချ၍ ခြေထောက်ကို ကိုင်ခဲ့ဖူးသူတော့ မရှိပါ။

သူမရဲ့အသားကို ဒါ ပထမဆုံးအကြိမ်အဖြစ် ယောကျ်ားတစ်ယောက်ရဲ့ ထိတွေ့မှုကို ခံစားရတာ။

သူမ ခန္ဓာကိုယ်မှာလည်းပတ်စီးဆင်းနေသော သွေးတွေပူနွေးရှိန်းမြလို့ပင်။

''ဟော သမီးလေး အစောကြီး နိုးလို့ပါလား''

''ရှင် ဟုတ်ကဲ့ မေမေ''

ရေမိုးချိုးပြီးလို့ အောက်ထပ် ဆင်းလာခဲ့သည့်တိုင်အောင် သူမ အတွေးစတွေ မပြတ်ပါ။ မေမေ့အသံကြောင့် ထိုင်ခုံမှာ ဝင်ထိုင်ပြီး ကော်ဖီခွက်ထဲ ကော်ဖီထည့်သောက်ရသည်။

အိမ်ကလူတွေအားလုံး ကော်ဖီဆို အခါးပြင်းပြင်း ဘယ်သူမှ မကြိုက်ကြပါ။ သူမအတွက် သီးသန့်လုပ်ပေးထားသော ကော်ဖီအိုးလေးဟာ သူမ သောက်ပြီးလို့ကျန်လျှင် ဒီအတိုင်း သွန်ပစ်လိုက်ရုံပင်။

''သမီး မှန့်ပါစားလေ ဘယ်နှယ် ငိုင်တိုင်တိုင်ဖြစ်နေတာလဲ၊ နေမကောင်းဘူးလား သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း ကောင်းပါတယ် မေမေရဲ့၊ သမီး မုန့်မစားချင်လို့ပါ"

"မုန့်မစားလို့တော့ ဘယ်ဖြစ်မှာလဲကွယ်၊ မနက်စာကို အစာအာဟာရပြည့်ပြည့်ဝဝ စားမှ တစ်နေကုန် လုပ်သမျှ ကိုင်သမျှ အားရှိတာ၊ ကျန်းမာရေးကောင်းတာ၊ နေ့လယ်စာကို သင့်တင့်ရုံစား။ ညစာကို တတ်နိုင်သလောက်လျှော့စား။ အဲဒါဆို ကျန်းမာရေးနဲ့ညီညွတ်ပြီး ဖေဖေနဲ့ မေမေ အဲဒါကြောင့် အခုအရွယ်ထိ ကျန်းမာရေးကောင်းနေကြတာပေါ့"

"သမီးကတော့ ကော်ဖီသောက်လိုက်ရင် ဘာမှမစားလည်း ဖြစ်တယ်"

"ခက်တယ် ခုခေတ်သားသမီးတွေ ပိန်ချင်တာနဲ့ မော်ဒယ်ကိုယ်လုံးဖြစ်ချင်တာနဲ့၊ အစားအသောက်တွေ လျှော့စား၊ ဆေးတွေမှီဝဲနဲ့ အသက်အရွယ် ရလာရင် ကျန်းမာရေး ထိခိုက်မှာပဲ"

"မေမေကလည်း ဒါက အခုခေတ်စတိုင်"

"ခေတ်ကို အသုံးမချပါနဲ့ကွယ်၊ မေမေတို့ခေတ်ကဆို ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကျနှ၊ အရုပ်အမောင်းတွေက ပေမီဒေါက်မီနဲ့ နိုင်ငံခြားအထိတောင် ပြိုင်ပွဲဝင်လို့ရတယ်၊ ကိုယ့်နိုင်ငံမှာလည်း မယ်မြန်မာဆုတွေရ၊ ဘာလဲ ခုခေတ်မော်ဒယ်တွေက ပိန်ကပ်နေတာကို ပြိုင် နေကြတာ၊ တင်မရှိ ရင်မရှိ ရောဂါသည်တွေကျနေတာပဲ"

မေမေက အစဉ်အလာအစွဲနှင့် တစ်ဖက်စောင်းနင်း ပြောရမည်ဆို နှစ်ယောက်မရှိ။ ဖေဖေကတော့ အနေအေးဆေးပြီး မှူတာသူပါ။

မိန်းမနှင့်သမီးကြားမှာ ဘာမှဝင်မပြောဘဲ ပြုံးပြုံးကြီးသာ နေ





နေသည်။ ထိုအချိန်မှာ ကေခိုင် စဝီးချိုင့်ဆွဲ၍ ထမင်းစားခန်းထဲ ဝင်လာ၏။

"ဘာတွေလဲဟေ့ ကေကေ"

"မေမေက ရွှေတောင်ခေါက်ဆွဲလုပ်စားတာ ပေးခိုင်းလို့ပါ အန်တီ"

"အေး ကောင်းတာပေါ့ကွယ်၊ အေးဆေးပဲမဟုတ်လား။ ကော်ဖီသောက်ဦး"

"ဟုတ်ကဲ့ အန်တီ၊ ခေါက်ဆွဲလည်း ဒီမှာစားမယ်ဆိုပြီး ပိုထည့်လာတယ်"

"အံမယ် နင် နှစ်ဖက်ခွကြိတ်မယ့် အကြံအစည်နဲ့ မဟုတ်လား။ သိတာကျနေတာပဲ"

"ကဲပါ သူငယ်ချင်းနှစ်ယောက် ကိုယ့်ဘာသာ ထည့်စားကြ၊ မီအေးကို မေမေ ဈေးခေါ်သွားမယ်၊ သမီးတို့အဖေလည်း ရုံးသွားရတော့မှာ"

မေမေနှင့်ဖေဖေ ထွက်သွားကြတော့ နှစ်ယောက်သား မုန့်ပွဲပြင်စားကြသည်။ မုန့်ဟင်းခါးထက်စာလျှင် ရွှေတောင်ခေါက်ဆွဲကို သူမကြိုက်သည်။

"ဟဲ့ နံနံပင် ထည့်ဦးလေ"

"တော်ပြီး ကြက်သွန်စိမ်းထည့်ပြီး သံပုရာသီးညှစ်ထားတယ်၊ နံနံပင် အများကြီး မစားတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားတွေ နင်ချည်းအကုန်ယူထားတာ၊ ငါ့ကိုပေးဦး"

"ချိုင့်ထဲမှာ ရှိသေးသားပဲ၊ ကိုယ့်ဘာသာ ထည့်စားပါလား"

"အဲဒါ လူကြီးတွေစားဖို့ ချန်ထားတာ"

"ဘဲဥနဲ့ငါးဖယ် ရှိသေးသားပဲ၊ ငါ့ပန်းကန်ထဲက ကြက်သား ယူစားမယ် မကြနဲ့၊ ဖွန်းပျံ ပန်းကန်ပြားပျံ လွှတ်လိုက်မယ်"

"နင် ဘယ်သူ့အားကိုးနဲ့ အာကျယ်နေတာလဲ၊ ဟိုလဒလား"

"ဘယ်လဒလဲ"

"ကွမ်းသွေးနဲ့ပက်တဲ့ကောင်"

ဝင့်ထည်ထည် ဟင်းရည်သီးမလိုဖြစ်သွားကာ ရယ်လည်းရယ်မိသည်။ ကေခိုင်က ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလည်းပြောတတ်သည်။

"နင်ကလည်း ကွမ်းသွေးနဲ့ ပက်တယ်လို့ မပြောပါနဲ့၊ မတော်တဆ သူ ထွေးမိတာပါ"

"အံမယ် မိန်းမ ဘယ်ချိန်က အမျိုးတော်သွားလို့ ကာကွယ်ပေးနေတာလဲ၊ သူများဆို ဆတ်ဆတ်ထိမခံ စွာစွာကိုတက်လို့"

"မဟုတ်ပါဘူးဟဲ့ သူ့ကွမ်းသွေးတွေကို ဖြူဖွေးနေတဲ့ လက်ကိုင်ပဝါလေးနဲ့ ပျာပျာသလဲ သုတ်ပေးရှာပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်"

"သူ တောင်းပန်သလား၊ မတောင်းပန်ဘူးလားတော့ မသိဘူး ဟိုနေ့ကကိစ္စ နင့်ကို တောင်းပန်ခိုင်းနေတာတော့ ကျားစီး ဖားစီး လူ သတ်တော့မတတ်ဘဲ၊ ငါဖြင့် ကြောက်လွန်းလို့ သေးတောင်ထွက်ကြ





တော့မယ်"

"ဟင်း ဟင်း ကေကေက ပြောတော့မယ်၊ သူက သူ့အလှည့် ကျန်းက တောင်းပန်ထားပြီး၊ ငါကမချေမင် ဆက်ဆံတော့ မကျေမနပ် ဖြစ်သွားတာပါ၊ သူက မှန်တယ်လေ၊ ငါကမှားသွားတာ"

"အယ် အံ့သြပါရဲ့ ဟိုက ဘာတွေများ ကောင်းနေလို့ သူ့ရှေ့နေ ဖြစ်သွားတာလဲ၊ ကေ့နွ ထည်ထည် နင်မရိုးတော့ဘူး"

"ဘာမရိုးတာလဲ"

"ပြောပြန်ရင်လည်း ဖြောင်ငြင်းတော့မယ်ထင်တယ်၊ မပြောဘဲ ထည်း မနေနိုင်ဘူး၊ နင် အဲဒီကွမ်းသွေးကို စိတ်ဝင်စားနေပြီ မဟုတ် သား"

"အေး"

"အံမယ်လေး ဘုရားသခင်၊ ဖြောင်မငြင်းဘဲ ပေါ်တင်ကြီးပါ သား၊ နင် ဆေးစားမှားပြီလား ထည်ထည်"

ဖျပ်ဖျပ်ခါသွားသော ကေခိုင်ကို ဂရုမစိုက်ဘဲ ခပ်တည်တည်ပင် ဝင့်ထည်ထည် မုန့်ဆက်စားနေလိုက်သည်။

"ဟဲ့"

"ဘာတုန်း လန့်လိုက်တာ"

ပခုံးပုတ်ကာ အော်လိုက်တာမို့ လက်ထဲက ဇွန်းပင် ပန်းကန်ထဲ လွှတ်ကျသွားသည်။ စိတ်ဆိုးဆိုးနှင့် မစားတော့ဘဲ ပန်းကန်ကို တစ်ဖက် တိုးရွှေ့လိုက်သည်။ နှုတ်ခမ်းစူထားသော ဝင့်ထည်ထည် ကျောကို



www.burmeseclassic.com

www.burmeseclassic.com



ကေနိုင်က ပုတ်ထုတ်ပြီး

"အံမယ် အံမယ် စိတ်ဆိုးသလိုလို ဘာလိုလိုမလုပ်နဲ့ အမှန် အတိုင်း သံတော်ဦးတင်စမ်း"

"လည်ဖြတ်ချင်ဖြတ် မပြောဘူး"

"အေး မပြောနဲ့၊ ငါကတော့ နင့်အဖေနဲ့အမေကို တိုင်မှာပဲ"

"ငါက ဘာလုပ်နေလို့ တိုင်မှာလဲ"

"နင် ကွမ်းသွေးကို စိတ်ဝင်စားနေတယ်လေ"

"အဲဒါ တိုင်လောက်တောလောက်အောင် ပြစ်မှုမြောက်လို့လား"

"မြောက်တယ်လေ၊ နင်တို့သံသရာရှည်ဖို့ အစပျိုးနေတာ"

"အံမယ်လေး ဟိုကဖြင့် ငါဘာလဲဆိုတာတောင် သတိထားမိ မပေါ်ဘူး၊ ယောက်ျားတန်မဲ့ ရန်တွေ့ဖို့လောက် စဉ်းစားနေတာ"

"အေး အဲလိုလူမျိုးကို နင်ကဘာလို့ အဖျားတက်နေတာလဲ"

"အဲဒါ ဆွဲဆောင်မှုတစ်မျိုးဟ၊ တခြားယောက်ျားလေးတွေ သည်းသည်းလှုပ် ကြွေမပြဘူး၊ အိစီကလီမလုပ်ဘူး၊ ဂုဏ်ပုဒ်တွေခင်း အပိုင်တွက်ထားတာမျိုးလည်း မရှိဘူး"

"ရိုးသားတယ်လို့ နင်က ပြောချင်တာလား"

"ငါ့ဆီက တစ်ခုခု လိုချင်လို့ ချည်းကပ်နေတဲ့သူတွေထက် စာရင် ရိုးသားတာပေါ့ဟ၊ လူ့စိတ်ကိုက မလိုချင်မှ ပေးချင်တာ၊ မတော မှ လှူချင်တာ၊ မမောက်မာတဲ့သူကိုမှ ရက်ရောချင်ကြတာ"

"စာတတ်နေလိုက်တာ ဘွဲ့ထူးဂုဏ်ထူးတွေရဦးမယ်"

ကေနိုင် ရွဲ့ပြောတာကို သူမ စိတ်မဆိုးဘဲ ရယ်မိသည်။ သူ့ အကြောင်းပြောရင်း ရင်မှာ အလိုလို ကြည်နူးနေတာ ခံစားမှုအသစ် ဖြစ်၏။

ယောက်ျားတစ်ယောက်နှင့် ပတ်သက်ပြီး တစ်ခါမှ ဒီလိုမျိုး ခံစားဘူးပေ။ ကေနိုင်က မျက်စောင်းတဝေ့ဝေ့။

"နင် သိပ်စိတ်ကူးမယဉ်နဲ့ ဒီကောင်အခွံကြီးဆိုတာ သိသာ တယ်၊ ဂျလေဘီ မိုက်တိမိုက်ကန်းရုပ်နဲ့၊ ဘယ်လိုမှ ကိုယ့်အသိုက်အဝန်း နဲ့ သဟဇာတ ဖြစ်မှာမဟုတ်ဘူး"

"အဲလောက်အဆင့်ရောက်ဖို့ အဝေးကြီးလိုပါသေးတယ်ဟာ၊ သူ့နာမည်လည်း မသိဘူး၊ သူဘယ်လိုလူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်တာလဲ၊ မိဘအိုးအသိုက်အဝန်း ဘာတစ်ခုမှ သိရသေးတာ မဟုတ်ဘူး"

"အလွတ်စုံထောက်ငှားပြီး စုံစမ်းခိုင်းပါတော့လား၊ ဒါမှမဟုတ် နေ့ကုန်တစ်မြို့လုံး တစ်အိမ်တက်ဆင်း နင်ကိုယ်တိုင် လိုက်မေး"

"စိတ်ကူးရှိတယ်"

"ဘာ"

"အလကားစတာပါ၊ ဒါက အဲလိုလုပ်ပါ့မလား၊ မသကာ နောက်တစ်ခါဆုံမှ ရှင့်နာမည် ဘယ်သူလဲလို့ မေးချင်မေးမှာပေါ့"

"အရှက်မရှိဟယ်၊ မိန်းမနောက်ပိုးလို ဖြစ်နေပြီ"

"ကိုယ့်ကိုချည်း အပိုးခံနေရတာ၊ ကိုယ်ကပိုးရတော့လည်း ဆိုင်ဒီယာအသစ်ပေါ့၊ အင်တာနက်ပေါ်တင်ရင် စိတ်ဝင်စားမှု အများဆုံး







www.burmeseclassic.com

www.burmeseclassic.com



ဝက်တ်ဆိုက်တစ်ခု ဖြစ်သွားမယ်''

''ချိုးထုပ်''

ကေနိုင် မျက်စောင်းထိုး နှာခေါင်းရှုံ့သွား၏။ သူမကတော့ မမှုပေ။ စိတ်ထဲမှာ အလိုလို ပျော်တာလား။ ကြည်နူးတာလား။ ရင်ခုန်တာလား။

တလုပ်လုပ် ဖိုလှိုက်လျက် နွေးထွေးရှိန်းမြနေသည်။

ဘာလုပ်လုပ် စိတ်ရောလူရော ပေါ့ပါးနေ၏။

မျက်နှာက ကြည်လင်ဝင်းပနေသလို နှုတ်ခမ်းပါးတို့က ဘယ်လိုမှ စေ့ပိတ်လို့မရအောင် အပြုံးရိပ်ထင်နေခဲ့သည်။

မှိုရသည့်မျက်နှာဆိုတာ ဒါမျိုးလား။

ဟင့်အင်း အချစ်ကို ရှာဖွေတွေ့ရှိသွားတာကြောင့်ပါ။

■ ■ ■



## အခန်း (၁၁)

ကွမ်းယာဝါးရတာ ပျစ်ခနဲ ပျစ်ခနဲ ထွေးရတာပင် အရသာရှိနေသည်။ စားခါစက ထုံးပေါက်ရတာ၊ ကွမ်းသီးမူးရတာနှင့် အခုတော့ တဖြည်းဖြည်း အဆင်ပြေလာ၏။

ဒါလည်း ကျောင်းဝင်းအပြင်ရောက်မှ ဝယ်စားရတာပါ။ အတိအကျပြောရရင် ဝင့်ထည်ထည်နှင့် ဆုံဖို့အကြောင်း ဖန်တီးပြီးမှ။

ဒီနေ့ကျောင်းဆင်းချိန် သွားစောင့်ရမလား။ ဟင့်အင်း

တမင်တကာ ဖန်တီးနေတာမျိုး မဖြစ်စေချင်။ သူမတို့အိမ်ပြန်သမ်းမှာ ခြေလျင်လျှောက်နေခြင်းဖြင့် သတိထားမိအောင် လုပ်ရမည်။ အတွေးနှင့် ဆုံးဖြတ်ချက်ချပြီး လွယ်အိတ်ကို စလွယ်သိုင်းလျက် ပလက်ဖောင်းပေါ်က ဖြည်းဖြည်းချင်း လျှောက်နေလိုက်၏။ အခုချိန်မှာ သူဟာ အသန့်အပြန့်ကြိုက်သော ဆေးကျောင်းသား တစ်ယောက်နှင့် တူနေမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

"မွှမ် မွှမ်"

ကားဟွန်းသံကို ကြားသည်။ ဝင့်ထည်ထည်ကား ဖြစ်နေလိမ့်မည်ဆိုတာလည်း သေချာတပ်အပ်သိ၏။

ဒါပေမဲ့ သူ နောက်လှည့်မကြည့်။ ဂရုထားမိဟန်လည်း မပြ။ ဘောင်းဘီအိတ်ထဲ လက်နှိုက်၊ ကွမ်းတပျစ်ပျစ်ဝါးလျက် ရှေ့ဆက်လျှောက်သည်။

"မွှမ်"

သံရှည်ဆွဲလျက် သူ့ရှေ့နားလောက်မှာ ဝင့်ထည်ထည်ကားလေး ထိုးရပ်သွား၏။ ထိုအခါမှ စူးစမ်းသလို တစ်ချက်လှည့်ကြည့်လိုက်ပြီး ပြန်ဆက်လျှောက်သည်။

"ရွှတ် ရွှတ် ဟိတ်လူ"

ဝင့်ထည်ထည် ကားပေါ်ကဆင်းလာပြီး သူ့ကိုခေါ်၏။ သူ မသိချင်ယောင်ဆောင်နေလိုက်သည်။

"ဟိတ် ခေါ်နေတာ မကြားဘူးလား"

"ဘာလုပ်တာလဲ"

[illegible]ကို လှမ်းဆွဲတာကို သူ ဖျတ်ခနဲ ပြန်ရုန်းလိုက်သည်။ သူမ ရှက်အမ်းအမ်းလေးပင် ဖြစ်သွား၏။

"ဟို"

"မင်းနဲ့ငါနဲ့ ဘာကျိုင်မှမရှိဘူးနော်၊ ငါဘာသာ လမ်းလျှောက်





နေတာ"

"ဟုတ်ပါတယ်၊ ဘယ်သူက ပြဿနာရှာနေလို့လဲ၊ ဟိုနေ့က ကြုံရင် ကော်ဖီတိုက်ဖို့ ပြောထားတယ်လေ"

"အခု ကြုံလို့လား၊ မင်းလည်း မင်းလမ်းသွား၊ ငါလည်း ငါ့လမ်းငါသွားနေတာ"

"ကျွန်မကားရှေ့မှာ ရှင့်ကို မြင်နေရတယ်လေ၊ ကြုံတယ်လို့ပဲ သဘောထားလိုက် သိပ်ပဲများမနေနဲ့ လာကားပေါ်တက်"

"နို့ ကော်ဖီလောက်က လိုက်သောက်လို့ရတယ်၊ မိန်းကလေးတစ်ယောက်မောင်းတဲ့ ကားပေါ်တော့ အရှက်မရှိ တက်မလိုက်နိုင်ဘူး။ ဖြစ်နိုင်ရင် အနီးဆုံးဆိုင်ကို မောင်းသွား ငါလိုက်ခဲ့မယ်"

"ပြီးရော ရှေ့နားက တောင်ဖလယ်ကော်ဖီရှော့ရှိတယ်၊ အဲဒီကို လိုက်ခဲ့"

မာနကြီးလွန်းသော ပုဂ္ဂိုလ်ကို ခပ်ညစ်ညစ်နှင့်ပင် ထားခဲ့လိုက်သည်။ လူကြည့်တော့ ဖိုသီဖတ်သီ ကပိုကရိုနှင့်။

လွယ်အိတ်စလွယ်သိုင်း ဘောင်းဘီထဲ လက်နှိုက်လို့ ဘယ်လိုချစ်ကန်ကန် ပုံစံလေးမှန်းပင် မသိ။

ဒါကိုများ သူက အထာကိုင်နေသေးတော့၊ ကိုယ့်အဖြစ်ကိုယ် တွေးလို့တောင် ရယ်ချင်သည်။ ဆိုင်လေးထဲကို သူမထိုင်ပြီးလို့ ငါးမိနစ်နေမှ ကိုယ်တော်ချောက ရောက်လာသည်။

"ရှင် ဘာသောက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီခါးခါး"

"ဟင် ရှင်က ကျွန်မနဲ့ အကြိုက်တူတယ်"

"မင်းကလည်း ကော်ဖီခါးခါးပဲလား။ ဒါဆို ငါမသောက်တော့ဘူး။ ညီလေး လက်ဖက်ရည်ရတယ် မဟုတ်လား။ အစ်ကိုကို ပေါ့ဆိမ့် တစ်ခွက်လောက်"

"ဟုတ်ကဲ့ ရပါတယ် အစ်ကို"

"ဆေးလိပ်လည်းချကွာ"

စားပွဲထိုးလေး ထွက်သွားတော့ ဝင့်ထည်ထည် တအံ့တသြ ပင် သူ့ကိုကြည့်ကာ

"ရှင်ဘာဖြစ်တာလဲ၊ ကော်ဖီခါးခါး ကြိုက်တဲ့သူက"

"ငါကြိုက်ပေမယ့် မင်းကြိုက်တာကို လိုက်သောက်ပြီး အိုဗာ လုပ်တယ်ထင်မှာစိုးလို့၊ ယောကျ်ားတွေက အဲလိုလုပ်ရင် မင်းတို့မိန်းက လေးတွေ ဘဝင်မြင့်သွားတတ်ကြတယ် မဟုတ်လား"

"ရှင်ကတော့လေ၊ ဆန့်ကျင်ဘက်တိုက်တဲ့ နေရာမှ နှစ်ယောက် မရှိဘူး။ ကျွန်မက ရှင်ထင်သလို ယောကျ်ားလေးတွေ ဦးစားပေးခံရ တိုင်း ဘဝမြင့်တတ်တဲ့သူ မဟုတ်ဘူး ကိုအဝှာ"

"ငါ့နာမည် ကိုအဝှာမဟုတ်ဘူး ဝသုန်"

နာမည်သိခွင့်ရလိုက်သည့်အတွက် ရင်ထဲမှာ လုပ်ခန် ဖြစ်သွား၏။ ဒါပေမဲ့ ဖာသိဖာသာပင် နေလိုက်ကာ

"ရှင့်ကိုလည်း တခြားယောကျ်ားလေးတွေနဲ့ မတူဘူးထင်လို့





အခုလို လိုက်လျော ဆက်ဆံတာ၊ ဒါကိုရှင်လည်း ဘဝမြင့်ပြီး အထာကိုင် အိုဗာများမနေနဲ့"

သူ့မျက်နှာ ပျက်မသွားပါ။ မာနကြီးလွန်းသော မိန်းကလေးက ဘာကြောင့် သူ့ကို လိုက်လျောမှုတွေ ပေးနေလဲ ဆိုတာပဲ နားမလည် တာ၊ ဒါပေမဲ့ ကိုယ့်ဘက်က ဒီလိုအခြေအနေဖြစ်အောင် ဖန်တီးနေတာ မို့ ထူးခြားဆန်းပြားလှသည့် ကိစ္စတော့ မဟုတ်ပေ။ တခြားယောကျ်ား လေးတွေနဲ့ မတူလို့ဆိုသည့် သူမရဲ့အဖြေစကားလည်း ရှိနေသားပဲ။

ကြိုက်သက်မှုမရှိသော လက်ဖက်ရည်ကို အောင့်အည်းကာ တစ်ငုံခန့် သောက်လိုက်ပြီး

"ငါကလည်း မိန်းကလေးတွေ ဦးစားပေးခံရတာကို ဘဝင်မြင့် လောက်အောင် စိတ်မဝင်စားဘူး၊ အဲဒါကြောင့်လည်း မိန်းကလေးတွေနဲ့ တစ်ခါမှ နီးနီးကပ်ကပ် မနေဖူးဘူး"

သူ့ရဲ့ မှန်ကန်သော သစ္စာစကားက သူမ အရှိက်ကို ထိပေလိမ့် မည်။ ဘယ်မိန်းကလေးမဆို မချစ်ဘူးသော ယောကျ်ားတစ်ယောက် ရဲ့ အချစ်ဦးပဲ ဖြစ်ချင်ကြသည် မဟုတ်လား။

ဝင့်ထည်ထည် မျက်လုံးလေး အရောင်လက်သွားလျက်

"ရှင်တကယ် ချစ်သူတစ်ယောက်မှ မထားဖူးဘူးပေါ့၊ ထင်တော့ ထင်ပါတယ်၊ ရှင်နဲ့စကားပြောရတာ အပေါက်အလမ်းမတာည့် ကတ်သတ် လွန်းလို့ မိန်းကလေးတွေကို ဦးစားပေး အလျှော့ပေးလိုက်လျောရမှာ နားမလည်ရင် ရည်စားတောင် ထားဖူးမှာ မဟုတ်ဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေဒင်တွက်စားပါလား လူကဲခတ်တော်တယ်"

"ဟင်း ဟင်း အဲလိုရယ်စရာလည်း ပြောတတ်သေးသားပဲ"

သူမ ဘာကို သဘောကျမှန်းမသိ ရယ်နေဆဲမှာ စီးကရက်တစ်လိပ် မီးညှိ၍ ရှိုက်ဖွာလိုက်ပြီး အလုံးအရင်းလိုက် မီးခိုးတွေ မှုတ်ထုတ်ပစ်လိုက်၏။ မီးခိုးမှုန်သွားဟန်တူသော သူမက တဟွတ်ဟွတ် ချောင်းဆိုးလျက် ခေါင်းတခါခါ လက်တကာကာ ဖြစ်သွား၏။

"အလုံပိတ်ထားတဲ့ အခန်းထဲမှာ ဆေးလိပ်မသောက်ရဘူးဆိုတာ ရှင်မသိဘူးလား၊ ယဉ်ကျေးမှုကို မရှိဘူး"

"ကိုယ်ကြိုက်တာ ကိုယ်လုပ်တာ နေရာရွေးနေရဦးမှာလား"

"စည်းကမ်းဆိုတာတော့ ရှိသင့်တယ်လေ၊ ရှင် ကျောင်းသားမဟုတ်လား ဘယ်မေဂျာကလဲ"

သူ့အိတ်ကပ်ထဲက ကျောင်းသားကဒ် ထုတ်ပြလိုက်သည်။ စားပွဲပေါ် တင်ပေးလိုက်သော ကျောင်းသားကဒ်ကို ယူကြည့်လျက် သူမမျက်လုံးလေးပြူးဝိုင်းကာ တအံ့တသြ ဖြစ်သွား၏။

"ဟင် ရှင်ဆေးကျောင်းတက်နေတာ၊ ဆရာဝန်ဖြစ်မယ့်သူပါတောင် ရှင့်ပုံစံက"

"ဘာလဲ ဆေးကျောင်းသား တစ်ယောက်၊ တိုက်ပုံနဲ့ မျက်မှန်နဲ့ နားကြပ်ကြီးလည်ပင်းမှာ ချိတ်ရမယ်လို့ သတ်မှတ်ချက်ရှိလို့လား။ တခြားသူတွေ ဘယ်လိုနေနေ၊ ငါက ဘောင်ထဲမှာ နေရတာ မုန်းကျင်တယ်"





"အဲ အဲလိုမဟုတ်ဘူး။ ကွမ်းကတပျစ်ပျစ်၊ မျက်နှာက အမွေးအမျှင်လည်းမရိုး၊ ဆံပင်က ဖရိုဖရဲနဲ့ ဆေးကျောင်းသား တစ်ယောက်ကတစ်ကိုယ်ရေ သန့်ရှင်းမှုတော့ လိုအပ်တာပဲ"

"ငါက ညစ်ပတ်နေလို့လား။ နမ်းကြည့်ပါဦး ဘာစော်မှ မနံစေရဘူး"

"ဟဲ့ အဲလိုပြောတာ မဟုတ်ဘူး။ သန့်သန့်ပြန့်ပြန့်ဆို ပိုကြည့်ကောင်းတာပေါ့၊ အခုက သူနိုးကျုံးလိုလို၊ ဂျလေဘီ လူမိုက်လိုလို"

"အဲဒါ အပေါ်ယံ အပြောပေါ်က ပကာသနတွေပါ၊ ငါ့အတွင်းစိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားက သူများတွေထက် မြင့်မြတ်တယ် ရိုးသားတယ်"

ဝင့်ထည်ထည် အော်ဂလီဆန်သလို နှာခေါင်းရှုံ့ပြပေမယ့် မျက်နှာလေးက ကြည်လင်ပြီး နှုတ်ခမ်းဖျားတို့က ပြုံးနေသည်။ သေချာစကားပြောကြည့်မှ ဝသုန်အသံက အေးမြချိုကြည်ပြီး ပွင့်လင်းမှုရှိတာလည်း ဆွဲဆောင်မှုတစ်မျိုး ဖြစ်သည်။

"နင် အဲဒီစီးကရက်ကြီး မသောက်ပါနဲ့လား"

"ဘာဖြစ်လို့လဲ"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ရုပ်ရင့်မယ်၊ ရောဂါရမယ် စီးကရက်နဲ့တိုင်ထုတ်တာလည်း ဟိုဘက်ခေတ်မှာ ကျန်ခဲ့ပြီး နင့်ပုံစံက ကြိုက်လို့သောက်နေတာနဲ့လည်း မတူဘူး"

ဒီကောင်မလေး လူကဲခတ်တော်တာတော့ လက်ဖျားခါလောက်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ဒါပေမဲ့ သူမျက်လုံးထဲက လျှို့ဝှက်သိပ်သည်း စဉ်းလဲမှုကိုတော့ ဘာသာပြန်တတ်ပုံမပေါ်။

သူငြိမ်နေတော့ သူမက အားတက်သွားဟန်ဖြင့်

"ကွမ်းတွေဝါးပြီး တပျစ်ပျစ် ထွေးနေတာလည်း နင်နဲ့ သိပ် သဟဇာတ မဖြစ်ဘူးဟ"

"လယ်ထဲယာထဲဆင်း ခါးထောင်းကျိုက်ကြီးနဲ့ ဆေးရွက်တွေ ထည့်၊ ကွမ်းဝါးနေတဲ့ တောသားကြီးမဟုတ်လို့လား။ ဆေးကျောင်းသား လည်း စာသင်ခန်းထဲမှာ မဟုတ်ရင် ကွမ်းယာစားလို့ ရပါတယ်"

"တကယ်ကို ကွမ်းယာကြိုက်လို့ စားတဲ့သူက နင့်လို ပါးစပ် တစ်ခုလုံး ပေကျံပြီး ညစ်ပတ်မနေဘူး"

"နင်နဲ့ငါက ငယ်ပေါင်းကြီးဖော် သူငယ်ချင်းမဟုတ်ဘူး၊ ချစ်သူ ရည်းစားလည်း မဟုတ်ဘဲနဲ့ ဘာတွေချုပ်ကိုင်ချင်နေတာလဲ၊ ဒီလောက်ထိ ထိရောက်ရောက် ဝေဖန်နေတာ လွန်တယ်လို့ မထင်ဘူးလား"

"ကောင်းစေချင်လို့ပြောတာ လက်မခံလည်းနေ"

ယောက်ျားတစ်ယောက်ရှေ့မှာ တစ်ခါမှ မလုပ်ဘူးသော နှုတ် ခမ်းစူ ခြေဆောင့်ခြင်းဖြင့် သူမ ဆန္ဒပြလိုက်သည်။ ရင်မှာ ဘာကြောင့် လှိုက်ဖိုနေမှန်းလည်း မသိပါ။

ဝသုန်က သူမကို တစ်ချက်မျှ မျက်လုံးလှန်ကြည့်ပြီး စီးကရက် တိုကို ဆေးလိပ်ပြာခွက်ထဲ ထိုးချေထည့်၏။

"အရမ်း ဆရာကြီးလုပ်တာပဲ"





ပါးစပ်က ပွစိပွစိ ပြောတာ တိုးတိုးလေး။ သူမဲဆန္ဒကို မချေ ခင်နှင့် နာခံသွားတာ ဘယ်လိုကြည်နူးမိမှန်း မသိပါ။

ဒါပေမဲ့ လက်ဖက်ရည်ခွက်ကို ငွပ်ခနဲ မော့သောက်ပြီး အိတ် ကပ်ထဲက ကွမ်းယာထုတ်၍ နှစ်ယာပူးလောက် ပါးစပ်ထဲထည့် ဝါးလိုက် တော့ သူမ မျက်စောင်းထိုးမိရပြန်၏။

"ကြည့် .ဝါးပြန်ပြီ ရွံစရာကြီး"

"ဟ လက်ဖက်ရည်သောက်ပြီး ဆေးလိပ်မသောက်ရ၊ ကွမ်းယာ မဝါးရရင် ခံတွင်းချဉ်တာပေါ့။ မင်းတိုက်တဲ့ လက်ဖက်ရည် လိုက်သောက် တာနဲ့ အဲလောက် ချုပ်ချယ်နေရလား၊ အခု သောက်တဲ့ လက်ဖက်ရည်ဖိုး ငါ့ဘာသာရှင်းမယ်"

"ဟယ် ကြီးကျယ်လိုက်တာတော်၊ ငါက ငါတိုက်ရလို့ ချုပ် ချယ်နေတာမှ မဟုတ်တာ၊ နင်က ယောက်ျားပီပီသ ခံ့ခံ့ညားညား ချော တဲ့သူတစ်ယောက်၊ နောက်ပြီး ဆေးကျောင်းသား တစ်ယောက်လည်း ဖြစ်တယ်၊ စေတနာနဲ့ မချွေရစိတ်ကို ခွဲခြားမမြင်တတ်ဘူးလား၊ ကွမ်း စား၊ ဆေးလိပ်မသောက်ဘဲ နေကြည့်လိုက်"

"ဘာဖြစ်လဲ"

"အရမ်းကို ကြည့်ကောင်းမယ်လို့"

"ဘဝင်မြင့်ချင်စရာပဲ၊ မှားပါတယ် ပတ်သက်မိတာ"

ပါးစပ်ထဲက ကွမ်းတွေရော၊ အိတ်ကပ်ထဲက ကွမ်းထုပ်ရော ခုံအောက်က အမှိုက်ပုံးထဲ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မရင်မှာ တသိမ့်သိမ့် နွေးမြသွားရင်း ဝသုန်ဆိုသော ထို ပုဂ္ဂိုလ်ကို အတိုင်းအဆမရှိ ချစ်မြတ်နိုးသွားခဲ့သည်။

ဒါဟာ ပထမဦးဆုံး ချစ်တတ်ခြင်းပါပဲ . . .။

■ ■ ■

နိုးမိုး၀၁၀ပ

## အခန်း (၁၂)

" ဒီ အခြေအနေအတိုင်းဆို မဆိုးပါဘူး။ မင်းအဖေ ကျန်းမာရေး တော်တော်လေး ပြန်ကောင်းလာလိမ့်မယ်၊ ကျောက်ကပ် အစားထိုးခွဲစိတ်ဖို့ အလှူရှင် ပေါ်လာလို့တဲ့လေ၊ ဆေးစစ်ပြီးသွားပြီ၊ ဆေးရုံမှာ ကိုယ်ခန္ဓာအတွင်းအပြင် လှူဒါန်းထားတဲ့သူတွေက တကယ်ကို တန်ဖိုးထား လေးစားထိုက်တဲ့သူတွေပါ၊ သူတို့သေသွားပေမယ့် နောက်လူတွေ အသက်ရှင်ဖို့အတွက် ကုသိုလ်ဒါတွေ နောက်ဘဝအထိ သယ်သွားနိုင်ကြတယ်"

"အဖေတို့ ဘယ်အချိန်လောက် ပြန်လာမှာလဲ အန်တီ"

"အခုထိ မခွဲစိတ်ရသေးဘူးဆိုတော့ နောက်နှစ်လ သုံးလလောက်မှ ပြန်လာနိုင်မှာပေါ့၊ စိတ်မပူပါနဲ့၊ ဟိုမှာ သားဆက်ပိုင်က ပြန်နေကောင်းလာလို့ သူတို့ကို စောင့်ရှောက်ပေးနေပါတယ်"

နိုးမိုး၀၁၀ပ

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပိုင် တကယ် ကျန်းမာရေးကောင်းလာပြီပေါ့နော်"

"အင်း ရှေးခြားမြေခြား ပတ်ဝန်းကျင်အသစ်ဆိုတော့ သူ့စိတ်တွေ မြန်မြန် ပြောင်းလဲသွားတဲ့ သဘောပေါ့၊ ဒီမှာဆိုရင် ဒဏ်ရာက အနာကျက်မြန်မှာ မဟုတ်ဘူး၊ အခုလည်းဟိုမှာ တစ်ခါတလေ တစ်ခုခု ကိုတွေးပြီး အကြာကြီး ငြိမ်သွားတတ်တယ်တဲ့၊ ပြီးရင် ငိုချချင် ငိုချလိုက်တာတဲ့"

သူ့ရင်ထဲ နင့်သွားသည်။ မိန်းမတစ်ယောက်ရဲ့ ပါးရိုက်ခံရတာ ဆက်ပိုင် အဲလောက်တောင် ခံစားပြီး ရှက်နေတာလား။ ဖြစ်လည်း ဖြစ်နိုင်ပါသည်။ ဆက်ပိုင်က သူ့ကိုယ်သူလည်း ထည်ထည်ဝါဝါ တခမ်းတနားနေတတ်တာ။ အောင်မင်းနှင့် သူ့ကိုလည်း ဒီလိုပဲ ဖြစ်စေချင်သည်။

"ကိုယ်က ဒီလိုနေမှ မိန်းကလေးတွေက အထင်ကြီးလေးစားတာကွ၊ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုရှိတယ်၊ ပတ်ဝန်းကျင် အမြင်မှာလည်း တင့်တယ်တယ်၊ ငါ့ကိုဆိုရင် ဖေဖေနဲ့မေမေတောင်မကဘူး၊ ဆွေမျိုးအသိုက်အဝန်းတွေကပါ၊ ဦးစားပေးကြတယ်၊ တည်တည်ခံ့ခံ့နဲ့ နေတတ်လို့ မိန်းကလေးပတွေနဲ့ သုံးဖြုန်းပြီး ရှုပ်ရှုပ်ပွေပွေ မဟုတ်ဘူး၊ တကယ်ကို သိက္ခာရှိတယ်ဆိုပြီး ချီးမွမ်းခံရတယ်"

ကိုယ့်ကိုယ်ကို အထင်ကြီး ဘဝမြင့်နေသလားဟု ထင်ရလောက်အောင် ဆက်ပိုင်က အနေတည် အေးဆေးခဲ့သည်။ ဒါကြောင့်မို့လည်း ဝင့်ထည်ထည် ပါးရိုက်လိုက်တော့ အရှက်ကြီးသွားခဲ့တာ နေမှာ။

အကြောင်းရင်းကို မေးမရတာမို့ ဘာကြောင့်ရယ်လို့လည်း





သချာမသိရ။ ချစ်စကားလေးပြောရုံ အပြေတောင်းရုံနဲ့ရော၊ ဒီလောက်ထိ ဖြစ်သွားနိုင်ရဲ့လား။

ဒီလို တွေးမိသော်လည်း၊ ဝင့်ထည်ထည် စိတ်လိုက်မာန်ပါ မြန်လက်မြန်ရှိတာ ကိုယ်တွေ့မို့ မဖြစ်နိုင်စရာအကြောင်းလည်း မရှိပေ။ ယောက်ျားဆိုတာ ယောက်ျားမာနနှင့် သိက္ခာရှိတာမို့ ဘယ်လို အကြောင်းနှင့်ဖြစ်ဖြစ် ဒီလိုမလုပ်သင့်ဘူးဆိုတာ ဝင့်ထည်ထည် သိကိုသိမှဖြစ်မည်။

မာနကို ရိုက်ချိုးခံရသည့် သိက္ခာတရားအတွက် တူသော နာကြည်မှုကို ဝင့်ထည်ထည် ခံစားရမှသိမှာ။

"ဝသုန်"

"ဗျာ"

"ဘာတွေတွေးနေတာလဲ၊ အန်တီပြောနေတာတွေရော ကြားရဲ့လား"

"ဟုတ်ကဲ့ ကြားပါတယ် အန်တီ"

"အေး အန်တီကတော့ ဝင့်ထည်ထည် ဒဏ်ရာအနာတရ ရမချင်း သားအတွက် မကျေနပ်နိုင်ဘူး၊ သားနဲ့ခွဲနေရတဲ့ အန်တီ ကျင်မှုတွေကိုလည်း သူ့ကို ခံစားရစေချင်တယ်၊ အခု မင်းရော သူနဲ့ ပတ်သက်ဖို့ ဘာတွေလုပ်နေလဲ"

"ဟုတ်ကဲ့ အရင်ဆုံး နီးစပ်အောင် ကြိုးစားနေပါတယ်"

"မာနကြီးတဲ့ မိန်းကလေးက မင်းကိုရော အကပ်ခံရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေတော့မှာပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်မင်းကတော့ ပြောပါတယ်၊ မင်းဗျူဟာတွေ သုံးပြီး ချည်းကပ်နေတယ်ဆိုတာ၊ တစ်ခုတော့ရှိတယ် မင်းဘက်က အမှား အယွင်း ဖြစ်သွားရင် အန်တီတို့က လက်တုံ့ပြန်နိုင်းတာကို သူသိသွား နိုင်တယ်၊ အဲဒါဆိုရင် သူ့ဘက်က အရင်ခွာသွားနိုင်လို့ ပါးရိုက်ရမယ့် အခွင့်အရေး လက်လွတ်သွားနိုင်မလား"

"အဲလို မဖြစ်နိုင်ပါဘူး အန်တီ၊ ကျွန်တော့်ဘက်မှာ အစီအစဉ် တွေ ရှိပါတယ်၊ ဆက်ပိုင်အတွက် ကျွန်တော်ဖြစ်အောင် လုပ်မှာပါ"

"အန်တီ မြန်မြန် စိတ်သက်သာချင်တယ် ဝသုန်"

အချိန်မဆွဲနဲ့ဟု သတိပေးလိုက်တာမှန်း သူ သဘောပေါက် သည်။ အငြိုးကြီးလှချည်လားဟုတော့ မညှာမတာ မဝေဖန်ချင်ပါ သားသမီးအတွက်ဆို မိဘတွေက ငွေနဲ့လည်း ရင်းရဲသည်။ ဂုဏ်သိက္ခာ အသိတရားတွေနဲ့လည်း ရင်းရဲသည်။

ငယ်စဉ်ကလေးဘဝတည်းက တခြားကလေးတွေနှင့် ရန်ဖြစ် လျှင် ကိုယ့်သားသမီး မှားမှားမှန်မှန် ကိုယ့်သားသမီးကိုပဲ အနိုင်ရစေချင် တာ ကိုယ့်သားသမီးဘက်ကပဲ ကာကွယ်ပေးချင်ကြတာ မဟုတ်ပါလား

သူလည်း ဆက်ပိုင်က ကိုယ့်အပေါ်ကောင်းသည့် သူငယ်ချင်း ဖြစ်နေသည့်အတွက် ဆက်ပိုင် မှားမှားမှန်မှန် ဆက်ပိုင်ဘက်က တုံ့ပြန် ပေးရမှာပင်။

"စိတ်ချပါ အန်တီ၊ အချိန်နည်းနည်းကြာနိုင်ပေမယ့် ဆက်ပိုင် အတွက် လက်စားချေခွင့်တော့ ရမှာပါ၊ ကျွန်တော်လည်း ဆက်ပိုင်





ဖြစ်သွားတာ၊ ဆက်ပိုင်နဲ့ ခွဲနေရတာ စိတ်မကောင်းပါဘူး၊ တစ်ခုခု ပြန်ခွင့်မရရင် ရင်ထဲမှာ အကြိတ်အခဲ တစ်ခုလို ခံစားနေရမှာ"

"မင်းလည်း ဆန္ဒပြင်းနေတယ်လို့ မောင်အောင်မင်းက ပြောပါ တယ်၊ ဒါနဲ့မင်းရော ဘာတွေလိုအပ်သေးလဲ"

"မလိုအပ်ပါဘူး အန်တီ၊ ပြည့်စုံပါတယ်၊ ရွာက အမေအတွက် ဟိုမှာ အဖေလည်းမရှိ၊ ညီမလေးလည်း မရှိဆိုတော့"

"ဪ အဲဒါက မနက်ဖြန်ကားနဲ့ ငွေလွှဲလိုက်မယ်လေ၊ မင်းက တွေ့ အရေးကြီးလို့ ရွာမပြန်နိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ"

ကျေးဇူးတွေ ထပ်ပိုပြန်ပြီဟု ရင်မှာ လေးလံသွားရပြန်၏။ ပညာရေးအတွက်တင် မဟုတ်တဲ့ မိသားစုအတွက်ပါ ဒေါ်သီတာလှိုင် တာဝန်ယူထားရသလို ဖြစ်နေသည်။

ထိုအဖြစ်တွေအတွက် တစ်ခါတစ်ရံတော့ သိမ်ငယ်သလို ဖြစ်မိ သည်။ ဘဝအခြေအနေ ကွာခြားချက်များက တိုင်းဆ နှိုင်းချိန်၍တောင် ပါလား။

သူများကို မှီခိုသူအတွက် အသက်ရှူမဝသည့် မွန်းကျပ်မှုတော့ ပေါ့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မွန်းကျပ်ပေမယ့် ရုန်းထွက်နိုင်တဲ့ အင်အားမရှိဘူး"

"ဒေါ်သီတာလှိုင်က ဘာပြောလိုက်လို့လဲ"

"စေတနာတွေက ရက်ရောလွန်းတယ်၊ ဘာမှ မပြောပေမ အရင်က ပံ့ပိုးမှုကို လက်ခံရတာ စိတ်သန့်တယ်၊ အခုက ဆက် အတွက် လက်တုံ့ပြန်ပေးဖို့ ရင်းနှီးမြှုပ်နှံနေတာလို့ ခံစားရတယ်"

"မင်းကိုယ်တိုင်က ဆန္ဒရှိပြီးသား ကိစ္စပဲ၊ မတွေးနဲ့ပေါ့ အ ချောင်ပါတယ်"

စေတနာ စကားရော ဟုတ်ရဲ့လားဟု အောင်မင်းကို မျက် လှန်ကြည့်မိ၏။ စားစရာတွေ ယူလာပေးသော အောင်မင်းက ဒီ သတိထားမိပုံမပေါ်။





သူ့အတွက် ဒံပေါက်တွေကို ပန်းကန်ပြားထဲ ထည့်ပေးပြီး

"ရော့ ဒါစားပြီးရင် အပြင်သွားရအောင်"

"ဘာ သွားလုပ်မှာလဲ"

"အင်တာနက်ကနေ ဆက်ပိုင်နဲ့ စကားပြောမယ်လေကွာ"

"ဟိုတစ်ခါ မင်းဆက်တော့ မပြောဘူးဆို"

"မြန်မာပြည်က လူတွေနဲ့ အဆက်အသွယ် မလုပ်ချင်တာထား ငါတို့ သူငယ်ချင်းတွေကိုတော့ အဲလိုမလုပ်သင့်ဘူးကွ၊ အဲဒါကြောင့် ဆိုပြီး ငါတို့က သူ့ကို ပစ်ထားလို့လည်း မဖြစ်ပြန်ဘူး။ ဒီကောင် လေ့မှာ နိုးရတယ်"

"ဆက်ပိုင်က အဲလောက်မပျော့ညံ့ပါဘူးကွာ၊ အချိန်နဲ့ ကုစား ရင်း သူ့ဝေဒနာ သက်သာလာမှာပါ"

ဖြေလျှော့ ပြောလိုက်တာကို အောင်မင်း ကျေနပ်ပုံမပေါ်။ သူ့အတွက် ပန်းကန်ကို ဘေးဖယ်ပြီး

"အပေါ်ယံ ဒဏ်ရာက သက်သာချင် သက်သာမယ်၊ အတွင်း ထဲ လိုက်စားသွားတဲ့ ဝေဒနာက ဆေးကုလို့မရနိုင်ဘူး၊ ဆက်ပိုင် ဘယ် လောက်ခံစားသွားရတယ်ဆိုတာ မင်းအသိဆုံးပဲ၊ မြန်မာပြည်မှာ မနေရဲ တော့တဲ့အထိ"

"ငါ သိပါတယ်"

ဟု တိုးတိတ်စွာ ပြောဖြစ်၏။ ဆက်ပိုင် ကျေးဇူးတွေကြောင့် သူ့ရဲ့ ရှင်သန်မှုတွေ အဓိပ္ပာယ် ရှိနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ မိဘတွေ အထောက်အပံ့ကြောင့် ပညာသင်နေရတ
ဆိုပြီး အားမငယ်နဲ့ မသိမ်ငယ်နဲ့ ဝသုန်၊ တခြား ဒီ့တဲ့တဲ့သူတွေကိုလည်
ငါ့မိဘတွေ ဒါနပြုနေတာပါ၊ ငါ့ကို သားတစ်ယောက်တည်း ဆရာ
ကြီး ဖြစ်စေချင်တာကွ၊ ငါက ပါရမီမပါတော့ မဖြစ်ဘူးပေါ့ကွာ၊ မင်း
ငါခင်ပါတယ်၊ နောက်က မိသားစုအတွက် နောက်ဆံမတင်းဘဲ ပည
ကောင်းကောင်းသင်၊ မေမေတို့ကို မင်းမိသားစုအတွက်ပါ ထောက်ပံ့ပေ
ငါ ပြောပေးမယ်''

အဲဒီလောက်ထိ သူ့အပေါ် ကောင်းခဲ့သူပါ။ ဆက်ပိုင်အတွ
ပြန်ပြီး ပေးဆပ်ရမှာ မတွေးပေ၊ မပျော့ညံ့သင့်မှန်း ကိုယ့်ကိုယ်
သိသည်။ အောင်မင်းက သူ့ကိုကြည့်ပြီး မျက်မှောင်ကြုတ်ကာ

''သိတယ်လို့ ပြောတဲ့အသံကြီးကလည်း အားမရှိလိုက်တ
မင်းဘာဖြစ်နေတာလဲ ဝသုန်''

''ဆက်ပိုင်ကို သတိရနေတာ၊ အစတည်းက ဝင့်ထည်ထ
နဲ့ မပတ်သက်ခဲ့ရင် ကောင်းမှာပဲ၊ ဒီလိုကိစ္စတွေ မဖြစ်တော့ဘူးပေ

''ဘယ်အရာမှ နောက်ကြောင်းပြန်လှည့်လို့ မရဘူး ဝသ
မင်း ကြောက်ရင် ရှေ့မဆက်တော့ဘူးလို့ ပွင့်ပွင့်လင်းလင်းပြော''

''ဘာလို့ ကြောက်ရမှာလဲ၊ ငါ့မှာ ရာဇဝင်မရှိဘူး၊ အ
ဆက်ပိုင် နာကျင်ရတာကို ကိုယ်ချင်းစာတာ၊ ငါသာ ဆက်ပိုင်လို ခံ
အဲဒီနေရာမှာ မိန်းမသောဘာသော ညာနေမှာမဟုတ်ဘူး။ အသက်
လဲရရင်တောင် လဲပစ်မှာ''





''ဆက်ပိုင်စိတ်က အဲလိုနေရာမှ နူးညံ့တာ မင်းလည်းသိသား
နဲ့ မင်းနဲ့ငါလို ဘဝကြမ်းတာမဟုတ်တဲ့အတွက် စိတ်လည်းမကြမ်းဘူး''

''အဲဒါကိုပဲ မခံနိုင်တာ၊ လူလူချင်းပဲကွာ ပါးစပ်နဲ့ ဖြေရှင်းလို့
ရပါတယ်၊ ဘာလို့ ဝင့်ထည်ထည် လက်ပါရတာလဲ''

''ထားပါ အဲဒါပြီးပြီးသားတွေ အခု မင်းနဲ့ဝင့်ထည်ထည် အခြေ
အနေကရော''

စားဖို့သောက်ဖို့ သတိမရဘဲ အောင်မင်း မေးခွန်းထုတ်၏။
ဒါသိတာလှိုင် အသေးစိတ် စုံစမ်းခိုင်းထားလို့ နေမှာ။

သူက ဒံပေါက်တစ်ဇွန်း ခပ်စားလိုက်ပြီး

''သတင်းကောင်းပါ၊ နောက်ဆို ဒီထက်အဆင်ပြေမှာ''

''မနေ့က ဝင့်ထည်ထည်နဲ့ ကော်ဖီဆိုင် ထိုင်ဖြစ်တယ် မဟုတ်
သား၊ ဘာတွေ ပြောကြတာလဲ''

''ခရေစေ့တွင်းကျ ပြောပြရမှာလား၊ ဆက်ပိုင်အတွက် ငါလုပ်
ဘယ်ဆို တော်ပြီပေါ့''

ထိန်းချန်ချင်တာ မဟုတ်ပေမယ့် စိတ်ထဲကသိကအောက် ဖြစ်
နေတာမို့ မပြောချင်ပေ။ ဒံပေါက်တွေလည်း ဆက်စားချင်စိတ် မရှိတာမို့
အုပ်ဆောင်းထဲထည့်အုပ်ပြီး ထရပ်လိုက်သည်။

''ဘယ်လဲ''

''ဆက်ပိုင်နဲ့ စကားပြောမယ်ဆို သွားရအောင်လေ''

''ဟ ဒီမှာ ဘာမှမစားရသေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ငါလက်ဖက်ရည် တိုက်ပါမယ် သွားရအောင်''

သူ့ရှေ့က ထထွက်လာတော့ အောင်မင်း နောက်က လိုက်လ
သည်။ လမ်းထိပ် အင်တာနက်ဆိုင်ကနေ ဆက်ပိုင်ဆီ အကြိမ်ကြိ
ဆက်သွယ်ကြည့်တော့လည်း မရ။ ဒီက လူတွေကို ဆက်ပိုင် အဆ
အသွယ်ဖြတ်ထားချင်တာ သိသာနေသည်။ အတန်ကြာမှ အောင်မ
စိတ်လျှော့သွား၏။

''ဆက်ပိုင်ကွာ ငါတို့ကို အဲလိုမလုပ်သင့်ဘူး''

''သူ့မှာ အကြောင်းရှိလို့နေမှာပါ၊ သူစိတ်သက်သာသလို နေ
စေဦးကွာ၊ တစ်နေ့နေ့တော့ သူ မြန်မာပြည်ကို ပြန်လာဖြစ်အော
ပြန်လာပါလိမ့်မယ်''

ယုံကြည်ချက် ရှိနေတာကြောင့် သေချာအောင် ပြောလိုက်ခြ
ပင်။ အချိန်တန် အိမ်ပြန်လာရစမြဲပဲလေ ...။

■ ■ ■



## အခန်း (၁၄)

''ဟင်''

ဟုတ်မှဟုတ်ရဲ့လားဟု ခြေစုံရပ်ကာ သေချာစောင့်ကြည့်မိ၏။
သေချာပါသည်။ ဝသုန်မှ ဝသုန်အစစ်။

အော်တာရှပ်အကွက်လက်တိုလေးနှင့် ဂျင်းဘောင်းဘီ နက်ပြာ
ရောင်လေး ဝတ်ထားပြီး ဆံပင်တွေ သေသပ်စွာ ဖြီးသင်ထားသည်။
မျက်နှာတစ်ခုလုံး အမွှေးအမျှင် ငုတ်တိုကအစ မရှိတော့ဘဲ ဖွေးသန့်
ရှင်းလင်းနေ၏။

ကွမ်းသွေးများ ပေကျံခြင်းမရှိတော့သော သွားများက ဖွေးသန့်
ညီညာနေကာ အဝေးကနေ လှမ်းပြုံးပြနေသော သူ့အပြုံးကြောင့် ရင်မှာ
တလှပ်လှပ် တုန်ခါနေမိသည်။

''ဘာကြည့်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဝသုန်ချောလို့"

"ဘယ်မင်းသားနဲ့ တူလို့လဲ"

"ဝသုန်နဲ့"

မရှင်းပေမယ့် ရှုပ်နေတာလည်း မဟုတ်ပေ။ ပြုံးစေ့စေ့ဖြင့် စနောက်နေတာမှန်း သိတာမို့ သူလည်း ရင်းနှီးစွာ ရယ်လိုက်မိသည်။ ဝင့်ထည်ထည်က သူ့ကို စိမ့်စိမ့်မော့ကြည့်နေပြီး

"နင်အဲလိုနေတော့ အရမ်းချောတာပဲ ကြည့်လို့ကောင်းတယ် ဝသုန်"

"နင်ပြောလို့ ဒီလိုနေတာ မဟုတ်ဘူး"

"သိပါတယ်"

ဝန်မခံတာဟာ မာနကြောင့်ဆိုတာ နားလည်ပြီး ရင်မှာ တသိမ့်သိမ့် ကြည်နူးမိ၏။ သူမအပေါ် အလေးအနက်ထားသည့် သဘောပဲ မဟုတ်လား။

"နင်က အတန်းမတက်ဘဲနဲ့ ဘာလို့ငါတို့ကျောင်းဘက် လာတာလဲ"

"ပရယ်တီကယ်ပြီးလို့ သူငယ်ချင်းတွေ့ရအောင် လာတာ"

"တို့ကျောင်းမှာ နင့်သူငယ်ချင်း ရှိတယ်လား"

"အင်း အတန်းတက်နေတယ် ထင်တယ်၊ နင်ကရော ကျောင်းမဆင်းသေးဘဲဘာလို့ ထွက်လာတာလဲ"

"ကေကေက သူ့အိမ်မှာ ကသိုလ်လုပ်လို့ ကျောင်းမလာဘူး၊





အဲဒါနဲ့ ငါလည်း ပျင်းလို့ စောထွက်လာတာ၊ နင်က သူငယ်ချင်းကို စောင့်ဦးမှာလား"

"မစောင့်တော့ပါဘူး။ နင်ပျင်းတယ်ဆို ကန်ဘောင်ဘက် မုန့်သွားစားရအောင်လေ"

"အင်း ကောင်းသားပဲ"

တိုင်ပင်မထားဘဲ ဆုံးဖြတ်ပြီး နှစ်ယောက်သား ကန်ဘောင်ဘက် လျှောက်ခဲ့ကြသည်။ ထုံးစံအတိုင်း ဝသုန်က ဝင့်ထည်ထည်ကားကိုမစီးတာမို့ တစ်နေရာမှာ အပ်ထားခဲ့ရလေသည်။

"မိုးက အုံ့နေပြီ လေက တဖြူးဖြူးနဲ့ လမ်းလျှောက်လို့ ကောင်းသားပဲနော်"

လက်ကို ရှေ့နောက်လွှဲလျက် ဝင့်ထည်ထည် ပြောတော့ ဝသုန် စောင်းငဲ့ကြည့်လာသည်။

"သဘာဝတရားရဲ့ အလှကို ခံစားတတ်တယ်ဆိုရင် ရည်စားတော့ ထားခဲ့ဖူးမှာပေါ့ ဘယ်နှစ်ယောက်လဲ"

"ငါ့ကို အထင်ကြီးမနေနဲ့ တစ်ယောက်မှ မရှိဘူး"

"အဲဒါ အိုတဲ့ ဒီရုပ်လား မရှိဘဲနေမှာ"

"ဩော် ကိုယ့်ကို ကြိုက်တဲ့သူတော့ ရှိတာပေါ့ဟဲ့ ကိုယ်က ပြန်မကြိုက်တာ"

"ဟုတ်လို့လား နင်ဒီလောက် ဆွဲဆောင်မှုရှိတာ၊ ယုံချင်စရာမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆွဲဆောင်မှုရှိတယ်၊ နင်ပဲပြောတယ် ဝသုန်ရယ်၊ လှ
တယ်၊ ချောတယ်၊ ချစ်စရာကောင်းတယ်လို့တော့ အပြောခံရဖူးပါတယ်
ဒါပေမဲ့ နင့်လို ဆွဲဆောင်မှုရှိတယ်လို့တော့ ဘယ်သူမှ မပြောဖူးဘူး"

"ထည်ထည်"

"အင်း"

"နင်တကယ် ရည်စားတစ်ယောက်မှ မထားဖူးတာလား"

မယုံသင်္ကာနှင့် သေချာထပ်မေးပြန်၏။ ဝတ်ထည်ထည် ခြေလှမ်း
တွေရပ်သွားပြီး ဝသုန်နှင့် မျက်နှာချင်းဆိုင်ပြီး

"ပရိုပို့(စ်)လုပ်တဲ့သူတွေကတော့ အများကြီးပဲ ငါဘယ်သူ့မှ
အထာမပေးဘူး ပဲမများဘူးနော်၊ အဲဒီထဲကမှ ရိုးသားတဲ့ပုံစံ ခွက်ထဲကနေ
ချည်းကပ်လာတဲ့သူတွေနဲ့၊ တချို့ ရင်းနှီးခင်မင်သွားတာမျိုးတော့ ရှိပါ
တယ်၊ ဒါပေမဲ့ ယောကျ်ားတွေ မကောင်းဘူး"

"ဘာ"

"အခွင့်အရေးသမားတွေလို့ သိမ်းကျုံးပြီးတော့ မစွပ်စွဲချင်
ပါဘူး၊ ရိုးသားချင်ယောင်ဆောင်ပြီး ယုတ်ညံ့တတ်တဲ့ သူတွေကိုတော့
ငါမုန်းတယ်၊ နင်ရော ဘယ်လိုအတန်းအစားထဲက ယောကျ်ားလဲ"

"ဟင်"

မေးခွန်းက ရိုးစင်းအေးဆေးစွာပင်။ ဒါပေမဲ့ နှုတ်တို့ ဖွင့်ဟလို့
မရအောင် စေးထန်နေသည်။ သူမကြားချင်ယောင်ဆောင်လျက် အကြော်
တို့ အသုပ်တို့ရောင်းသော ဆိုင်လေးထဲကို ဝင်လိုက်၏။

"နင်ဘာစားမလဲ ထည်ထည်"

"ဘူးသီးကြော် နင်ရော"

"တို့ဟူးကြော်"

သူမနဲ့မတူအောင် မှာစားသည်ဆိုတာ သူမသိသည်။ မိန်း
ကလေး တစ်ယောက်ကို အဲလောက်တောင် အောက်ကျခံရမှာ ကြောက်
နေသလားဟု မတွေးချင်ပြစ်။ ဒါ ဝသုန်စတိုင်ဟု အကောင်းဘက်က
မြင်ပေးမိ၏။ စောစောက မေးခွန်းကို ထပ်မေးသင့်ရဲ့လား။

"ငါတို့ဆီက အချဉ်ရည်က မကျည်းသီးနဲ့လုပ်တာ၊ ပူစီနံ ထည့်
လိုက်ရင် အရမ်းမွှေးတာပဲ၊ ဒီကဟာတွေက ဆော့(စ်)ချဉ်တွေနဲ့ လုပ်တာ
ကြိုက်ပါဘူး"

"ဒီမှာလည်း မကျည်းချဉ်ရည်ရှိပါတယ်၊ ငါတောင်းပေးမယ်"

"နေတော့ ငါ ဒါပဲစားမယ်"

ဝသုန် ပျာပျာသလဲ လက်ကာတော့ သူမ မျက်စောင်းထိုး
ပစ်လိုက်သည်။

"နင်ဘာလို့ မာနကြီးလွန်းတာလဲ ဝသုန်"

"မာနကြီးတာ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ကို မမှီခို
ချင်တာ၊ မိန်းမတစ်ယောက်က ငါ့ဆန္ဒတွေကို လိုက်လျောပေးနေတာ
ဟာ ငါ့ကို သိပ်ဖျင်းအောင် အစွမ်းအစမဲ့အောင် လုပ်နေသလိုပဲ၊ ငါ့ဘာ
သာ မှာစားလည်း ဖြစ်တယ်လေ"

"မဆိုင်တာဟယ်၊ နင်အရမ်းကတ်သတ်တာပဲ ထားပါ နင်နဲ့ငါ





www.burmeseclassic.com

www.burmeseclassic.com



စကားနိုင် မလုတော့ဘူး၊ ခုနက ငါမေးတာ''

''အကြော်တွေ အေးကုန်မယ်၊ ပူတုန်း မြန်မြန်စား''

စကားလွှဲလိုက်တာမှန်း အသိသာကြီး။ သူဘာယ်လို ယောက်ျားလဲ ဆိုတာ ဘာကြောင့် မပြောချင်ရတာလဲ။

သူမကိုရော ဘာလို့ ရည်စားတစ်ခါမှ မထားဖူးဘူးလားဆိုတာ သေချာအောင် အထပ်ထပ် မေးရတာလဲ။

ပွင့်လင်းသလိုနှင့် ဝသုန် တစ်ခါတစ်ရံ သိုသိပ်လွန်းသည်ဟု ထင်မိသည်။

''ဟာ မိုးရွာလာပြီ''

အမိုးအကာမရှိသော နေရာမှာ ထိုင်နေကြတာမို့ ဝသုန်က သိသိချင်း အလန့်တကြား အော်၏။ ဘူးသီးကြော် ယူစားနေသော သူမက ပျော်သွားသည်။

''ဘာလို့ ကုန်းကုန်းကွကွ ဖြစ်သွားတာလဲ ထိုင်စမ်းပါ၊ မိုးရေထဲမှာ ဒီလိုနေခွင့်ရတာ ဘယ်လောက် အရသာရှိလဲ''

''ဟာ အရှုးလား မုန့်တွေ ရေစိုရင် ပွနူးသွားမှာပေါ့၊ ဆိုင်ထဲ ဝင်ရအောင်''

''မဝင်ဘူး''

''ကျွတ် နေခဲ့ဟာ''

သူမ ဂျစ်ကန်ကန် လုပ်ကြည့်သော်လည်း ဝသုန်က ဂရုမစိုက်ဘဲ အရှဲ့တိုက်ကာ ပစ်ထားခဲ့ပြီး ဆိုင်လေးထဲက အမိုးအကာအောက်





ဝင်သွားသည်။ သူမှန့်ပန်းကန် ယူသွားဖို့လည်း မမေ့။

''အစ်မ ထီးမိုးပေးမယ်''

''မပေးနဲ့ ဒီအတိုင်းပဲ မိုးရေထဲမှာ နေချင်လို့၊ မင်းတို့တခြား ဆုပ်စရာရှိတာ လုပ်နော်''

''ဟုတ်''

စားပွဲထိုးလေး ပြန်ထွက်သွားသည်။ မိုးရေပေါက်တွေကို ပါးစပ်နှင့် ခံသောက်ကာ ကလေးငယ်တစ်ယောက်လို သူမပျော်နေ၏။ ဝသုန် ကြည့်နေလား မနေလား သူမ မသိပါ။

မိုးသီးမိုးပေါက်တွေကို ဒီလောက်ချစ်လှသည် မဟုတ်သော်လည်း သုန်ကို ပေကပ်ကပ်နှင့် အရွဲ့တိုက်နေရတာ ရင်ထဲမှာ ခံစားမှုတို့ ိုက်ဆူဂယက်ထနေသည်။

''ထည်ထည်''

သူမ ပြန်မထူး။ မိုးရေထဲကကြောင့် ထွက်လာတာလဲဟုလည်း မေးဘဲ သူမ ဒီအတိုင်း နေနေလိုက်သည်။

''မိုးရေချိုးချင်နေတယ် ဟုတ်လား လာပြန်မယ်''

''အား ဘာလဲ''

အားကောင်းမောင်းသန်နှင့် သူမလက်ကလေးကို ဆောင့်ဆွဲ ါတာ သူမ ဘယ်လိုမှ ရုန်းလို့မရ။ အလိုက်သင့် မွေ့ခနဲ ပါလာခဲ့ရင်း တော်လှမ်းလှမ်း ရောက်သည်အထိ သူမလက်ကို တင်းတင်းကျုပ်ကျုပ် ဆုပ်ကိုင်လာခဲ့တာ သတိမထားမိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိန်း ဂျလိန်း"

"အမေ့"

လျှပ်စီးလက်တာနှင့် မိုးခြိမ်းသံကိုတော့ အသားတဆတ်ဆတ်တုန်လောက်အောင် သူမ ကြောက်တတ်သည်။

သူမ ဝသုန်ကိုလည်း မဖက်ရဲပါ။ အိမ်မှာဆို နီးစပ်ရာလူကို ဖက်လျှက်ဖက် မဖက်ရလည်း လူတစ်ယောက်အနားမှာ ကိုယ့်ဒူးကိုယ်ဖက်လျက် ကုပ်ကုပ်လေး ထိုင်နေတတ်တာ။

"နင်ကြောက်နေလား"

"မကြောက်ပါဘူး"

"ဘာလို့ တုန်နေတာလဲ၊ ,ခုနကတော့ မိုးရေထဲမှာ သတ္တိ သလိုနဲ့ ထိုင်နေပြီးတော့"

"မိုးရွာတာကို ဘယ်သူမှ မကြောက်ဘူး။ မိုးခြိမ်းသံကိုပဲ လူတိုင်း ကြောက်တာ၊ မိုးကြိုးပစ်ချတော့ ဘယ်လိုလုပ်မလဲ"

"မဟုတ်တာ လုပ်တဲ့သူ၊ သူများအပေါ် မတရားလုပ်ထားတဲ့ သူတွေက မိုးကြိုးစက်ကွင်း မလွတ်မှာ ကြောက်မှာပေါ့"

"အောင်မယ် ငါကဘာလို့ မဟုတ်တာလုပ်ရ"

"ဂျိန်း ဂျိန်း ဂျလိန်း"

"အား အမေ့"

သူမ တအားကုန်းအော်ပြီး နားကို ပိတ်ထားမိသည်။ ဝင်းခ လက်ခနဲ လျှပ်စီးများကြောင့် မျက်လုံးကိုလည်း စုံမှိတ်ထားမိ၏။ ဝသုန်

နိုး၊ မိုး၊ ၁၁၆၀



လျှောင်သံလား ရယ်သံလား ကြားရအပြီးမှာ

"နင် အရမ်းကြောက်နေလား၊ ငါဖက်ထားမယ်"

ရေတမာပင်အောက်ကို တွဲခေါ်သွားရင်း သူမကို ထွေးပွေ့ ထားခဲ့သည်။ ဝသုန်တော့ ဘယ်လိုနေမည် မသိဘဲ သူမမှာ ရင်တွေ ဒိတ်ဒိတ်ခုန်၊ တလှုပ်လှုပ်တုန်လို့ပါ။

မိုးခြိမ်းသံကို ကြောက်နေတာနဲ့လည်း မတူ။ မိုးဒဏ်ကြောင့် ချမ်းတုန်နေတာနှင့်လည်း မတူ။

သူ့ရင်ခွင်မှာပဲ ဒီအတိုင်းခဏ ...။

■ ■ ■

နိုး၊ မိုး၊ ၁၁၃၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ငါ့ရင်ခွင်ထဲက ကောင်မလေးကို"

"အပျော်ကြံတာလား အတည်လား"

"ချစ်နေသ၍ပေါ့"

"ဘာ"

"အား လန့်လိုက်တာ"

ရင်ခွင်ထဲက ရုန်းထွက်ပြီး အော်လိုက်တာကြောင့် သူ တကယ် လန့်သွားခဲ့တာ ဖြစ်သည်။ မိုးရေပေါက်တို့ ခိုသီးနေသော သူမ မျက်နှ လေးက အလှတရားတို့နှင့် မလိုက်ဖက်အောင် မာမာတင်းတင်းလေ ဖြစ်နေခဲ့သည်။

ဆက်ပိုင် ဒီလိုစကားမှားသွားလို့ ပါးရိုက်ခံရတဲ့အထိ ဖြစ်သွား





မှားလား။

ပါးနှစ်ဖက်ကို ယောင်ယမ်းစွာ ပွတ်မိချိန်မှာ သူမ မျက်ဝန်း မှိုင်းညို့နေခဲ့၏။

"နင်လည်း တခြားယောကျ်ားတွေလိုပဲလား"

"ဘာကိုလဲ"

"အချစ်ကို ပေါ့ပျက်ပျက်ပဲ သဘောထားတာ"

"ခုနစကားကြောင့်လား။ အဲဒါစနောက်နေတာ သိသားနဲ့"

"အချစ်က စနောက်စရာ ပြက်လုံးတစ်ခု မဟုတ်ဘူး ဝသုန်၊ နက်ချင်ယောင်ဆောင်တာကိုလည်း ငါမုန်းတယ်၊ အချစ်ကို အသုံးချ အခွင့်အရေးယူတတ်တာကိုလည်း ငါရွံတယ်၊ မချစ်ချင်ရင် အစက ည်းက မချစ်ပါနဲ့၊ အခုချိန်မှာ နင့်ဆီက ငါဘာမှ မျှော်လင့်မထား "

"ထည့်ထည်"

"ရှုးသွပ်ခဲ့မိတယ်ဆိုရင်တောင် ခဏလေးနဲ့ ငါမေ့နိုင်အောင် ားမှာ ဝသုန်၊ ဘာဖြစ်လို့လဲဆိုတော့ ကြာလာရင် လွယ်လွယ် နိုင်တော့မှာစိုးလို့"

"အကြီးကြီးတွေ မပြောပါနဲ့၊ ငါနားမလည်ဘူး၊ ငါအခု နင့်ကို တယ်လို့ပြောတယ်၊ ငါ့ကို ပြန်ချစ်နိုင်လား မချစ်နိုင်ဘူးလား အဲဒါပဲ ဖြ"

"ဘဝတစ်သက်တာအတွက် မရည်ရွယ်ရင် ဆေားရီးပဲ ဝသုန်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို ငါဘယ်လောက်ချစ်ချစ် ချစ်တယ်လို့ပြောမှာ မဟုတ်ဘူး''

''ဟား ထည်ထည်ရယ် နှင်ကလည်းရူးပါ့၊ အခုနေ ငါနှင့်
တကယ်ချစ်တာပါ၊ ဘဝတစ်သက်တာအတွက် ရည်ရွယ်တာပါလို့ လိမ်
ပြောလည်းရတာပဲ၊ အကြာကြီးတွဲပြီးမှ နှင့်ကို စိတ်ကုန်လို့ဆိုပြီး ထား
တော့ရော နှင်ဘာတတ်နိုင်မှာလဲ''

''အဲဒါကြောင့် နှင့်ကို ဘယ်လိုအတန်းအစားက ယောကျာ်း
လို့ မေးခဲ့တာပေါ့''

ပင့်သက်ရှိုက်ကာ သူ ငိုင်တွေသွားရပြန်၏။ ဝင့်ထည်ထည်
လွယ်လွယ် အသည်းခွဲဖို့ မလွယ်ဘူးထင်သည်။ ဘာကြောင့်များ အချစ်
အလေးအနက် ခွဲခြမ်းစိတ်ဖြာ ဆွေးနွေးနေရတာလဲ။ ဟင်းခနဲ သက်ပြ
ချအပြီးမှာ သူ့အဖြေတို့က မယုတ်မလွန်။

''တခြားအရာတွေ ပွင့်လင်းပြီး ဒီမေးခွန်းကို ဝေ့လည်ကြော
ပတ်လုပ်နေတယ်လို့ နှင်ထင်နေလား၊ အံရမ်းရှုပ်ထွေးတာကို ငါမကြိုက်
ဘူး၊ ငါနှင့်ကို ရိုးရိုးလေး ချစ်သွားချင်တာပါ၊ သွယ်ဝိုက် ကွေ့ပတ်ပြ
ပို့ကာချဲ့မပြချင်ဘူး၊ ဝန်ခံစရာ တစ်ခုတော့ရှိတယ်၊ နှင့်အချစ်နဲ့ တန်
ယောကျာ်းတစ်ယောက်တော့ ဖြစ်ချင်တယ်''

ဝင့်ထည်ထည် မျက်နှာလေး ပြုံးယောင်သမ်းသွား၏။ သူ့အ
တွေကို ယုံကြည်သွားဟန်တူသည်။ အချစ်ကျမ်းမကျေသော်လည်း နှ
ရေး ကြွယ်တာက ခံစားချက်တို့ရဲ့ တွန်းအားကြောင့် ဖြစ်သည်။

သူ့ရင်ခွင်ထဲ ပြန်နှိုဝင်လိုက်စဉ်မှာ တောင်းတနေသော အ





ချက်ချင်းရလိုက်သလို ဖြစ်သွား၏။ သေချာသွားတာက သူ့နားနား
တိုးတိုးကပ်၍

''နှင့်ကိုငါချစ်တယ် ဝသုန်''

ကြက်သီးမွှေးညှင်းတွေ ထောင်ထသွားလောက်အောင် ရင်မှာ
ကြက်ဆူသွားခဲ့သည်။ မိန်းမတစ်ယောက်ဆီက အချစ်ကို ပထမဆုံး
တောင်းခံဖူးပြီး ပထမဆုံး ရခဲ့ခြင်းပါ။

ဒါပေမဲ့ ဝင့်ထည်ထည် ငါနှင့်ကိုချစ်ဟန်ဆောင်ခဲ့တာ။ ငါ့နှုတ်
များက အဆိပ်တွေ သုတ်လိမ်းထားတဲ့ မှဲ့ပြုံးတွေကို နှင် မမြင်စေရ

''လွှတ်တော့လေ ငါ အိမ်ပြန်နောက်ကျနေပြီ မိုးရေတွေ စိုလာ
ရင် အိမ်က ဆူတော့မှာပဲ''

''အခုမှ သတိရလား၊ အိမ်ကဆူတော့ ချစ်သူဖြစ်တဲ့ အထိမ်း
အမှတ်နဲ့ အဆူခံလိုက်ပေါ့''

''အံမယ် သူ့ အဆူမခံရတိုင်း လူညစ်''

ပခုံးချင်းတိုက်၍ မျက်စောင်းဝေ့ကာ သူမ ပြော၏။ ပြောပြီး
ရေထဲကို လျှောက်ထွက်သွားသော သူမနောက်ကို သူ အပြေးလိုက်ခဲ့
သည်။

''အဲလို ပြောတာ ညစ်တယ်လို့ မခေါ်ဘူး ဒီလိုလုပ်မှ''

''အား၊ ဝသုန်''

သူ့ပခုံးဖြင့် ခပ်နာနာလေး ဆောင့်တိုက်လိုက်စဉ်မှာ သူမ



www.burmeseclassic.com

www.burmeseclassic.com



အရှိန်မထိန်းနိုင်ဘဲ ရွံ့ဗွက်ထဲမှာ ဖင်ထိုင်လဲကျသွားသည်။ သူမ မျက်
လေးရွှံ့မဲ့ကာ သူ့ကို အံ့ဩမင်သက်သလို မော့ကြည့်၏။

သူမ နာကျင်သွားသလို စိုးရိမ်စိတ်ဖြင့် သူ အပြေးသွား
ပိငါး။

"ဆော ဆောရီး ထည်ထည်ရာ၊ အဲ့လိုဖြစ်သွားအောင် မရ
ရွယ်ပါဘူး။ ငါ တွန်းလိုက်တာ အဲလောက်မပြင်းဘူးနော်၊ ရွှံ့ဗွက်တွေကြော
နင်ချော်သွားတာ"

"ရပါတယ်ဟာ ငါက စိတ်ဆိုးလို့လား။ မညှာမတာ အဲ
ဖလအားကိုးပြီး အနိုင်ကျင့်တာတော့ ငါမကြိုက်ဘူးနော်"

"ဟုတ် နောက်မဖြစ်စေရဘူး။ မှန်းလို့မှမဟုတ်တာ အ
ကျင့်ပါ့မလား"

"ပြီးတာပဲ"

ပျာပျာသလဲ ဖြစ်သွားသော ဝသုန်ကို သူမ စိတ်မဆိုးရက်
အချစ်ဦး၊ အချစ်ထူးမို့ တကယ်လုပ်ခဲ့ရင်တောင် သူမ အပြစ်မမြင်ရက်

မိန်းဘဝမှာ အချစ်တစ်ခုပဲ လိုအပ်တာပါ။ အချစ်ဦး ဝသုန်
ပေါ် ရင်နှင့်ရင်း၍ ချစ်မိပြီးမှတော့ ပေးဆပ်ရမည့် ခွင့်လွှတ်နားလည်
ရမည်။ အနစ်နာခံ အရှုံးပေးရမည်ဆိုလည်း ကျေနပ်ပါသည်။

ဒါဟာ အချစ်ကို ဝတ်မှတ်တောင့်တမိသည့် အကျိုးရလ
ပေပဲ ...။

■ ■ ■



## အခန်း (၁၆)

"ဟယ် နင်သူ့ကို အဖြေပေးလိုက်ပြီ၊ ချစ်သူတွေဖြစ်သွားကြပြီ
ဆို၊ ဒီလောက် အချိန်တိုတိုလေးနဲ့ လွယ်လှချည်လား ထည်ထည်ရယ်၊
နင့်ကို အရင်က အဲလောက်လွယ်မယ့်သူလို့ မထင်မိဘူး။ အရင်ကောင်
လေးတွေတုန်းကတော့ မာနတစ်ခွဲသားနဲ့ အကြောတင်းတင်း ဈေးကိုင်
နေပြီး"

"အဲဒါ သူတို့ကို ချစ်မှမချစ်တာ"

"ဝသုန်ဆိုတဲ့ ဂျလေဘီကို နင် ဘာတွေယုံတာပြီး ပစ်ခတ်ချစ်
လိုက်ရတာလဲ ထည်ထည်၊ ဆေးကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုကလွဲ
ပြီး သူ့နောက်ကြောင်းရာဇဝင် နင် ဘာတွေသိလို့လဲ"

"ဘာတွေသိစရာလိုလို့လဲ၊ ဆေးကျောင်းတက်နေတယ်ဆိုမှ
တော့ မပြည့်စုံဘူးဆိုရင်တောင် အရမ်းချို့တဲ့တဲ့ အသိုက်အဝန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး''

''ချမ်းသာလား၊ မွဲလား၊ ငါမေးနေတာ မဟုတ်ဘူး၊ သူ့ရဲ့ အကျင့်စရိုက်၊ ဆွေမျိုးအသိုက်အဝန်း''

''သူ့ကို ငါချစ်တယ်''

''ဘာဟဲ့''

မေးတာတခြား ဖြေတာတခြားမို့ ကေခိုင် အလန့်တကြား အော်သည်။ သူ့ကို ဘာမှ မတိုင်ပင်ဘဲ လက်ခံလိုက်တာမို့ တော်တော် လေး မကျေမချမ်း မကျေမနပ် ဖြစ်နေဟန်တူသည်။

အရင်ဆုံး တိုင်ပင်မိခဲ့ရင်လည်း ကေခိုင် သဘောတူလက်ခံ မည် မဟုတ်ပါ။ အတိုက်အခံ ကန့်ကွက်နိုင်တာမို့ သူမ အဆော‌တလျင် ဝသုန်ကို အဖြေပေးမိတာ။ အခုမှတော့ ကေခိုင်ဖျက်လို့ မရတော့ပေ။

''ထည်ထည်''

''ဘာလဲ''

''နှင်တို့မိသားစုဂုဏ်သိက္ခာနဲ့ တွေ့ကရာလူကို နှင် မျက်စိ မှိတ် လက်ခံလို့မရဘူးဆိုတာ နှင် သိတယ်နော်၊ တမင်ကြီးကြီးကျယ်ကျယ် ထည်ထည်ဝါဝါ နေတာမဟုတ်ပေမယ့် အသိုက်အဝန်းနဲ့ လိုက်လျော ညီ ထွေ သဟဇာတဖြစ်မယ့်သူပဲ ရွေးရမှာ၊ အစဉ်အလာတစ်ခုပဲ''

''အချစ်တစ်ခုကို ရှာဖွေတွေ့ရှိသွားတာလည်း အပြစ်ကြီး ကျူးလွန်တာ မဟုတ်ပါဘူး။ မတူညီတာတွေရှိလည်း ညှိယူလိုက်ရင် အဆင်ပြေသွားမှာပဲ''





''နှင် ဘာအားကိုးတွေနဲ့ ဒီလောက်တောင် သတ္တိတွေကောင်းနေ တာလဲ ထည်ထည်''

''အပြစ်မမြင်ပါနဲ့၊ ငါ့ကို အားပေးစမ်းပါ ကေကေရယ်၊ နှင် အရင်တည်းက ငါ့ဘက်က ရပ်တည်ပေးလာခဲ့တာပဲ''

''ဒါကမတူ''

''ကဲ''

ဝင့်ထည်ထည် အော်လိုက်တော့ ကေခိုင် မျက်လုံးလေး ပေကလပ်ပေကလပ် ဖြစ်သွား၏။ သူမဆန္ဒဆို ကေခိုင် ကြာကြာဆန့်ကျင်တတ် တာတော့မဟုတ်ပေ။

ညှိနှိုင်းတိုင်ပင်လို့မှ မရလျှင် အလျှော့ပေးလိုက်လျော့ပေးတတ် တာတော့ ကေခိုင်အကျင့်။

''သွားတော့မယ်ဟယ်''

''ဟဲ့ ဘယ်လဲ၊ ငါက အပြန် နှင့်ကားနဲ့လိုက်မလို့ပါဆို''

''သူနဲ့ကော်ဖီဆိုင်မှာ ချိန်းထားလို့ နောက်နေ့မှ လိုက်တော့''

''ဟယ် တကယ်ထားသွားတယ် ကြည့်စမ်း၊ ငါနော် တင်း လာပြီ''

ကေခိုင် ဇွေ့ဇွေ့ခုန်ကျန်ခဲ့လည်း တာ့တာပြ၍ ကားလေးကို မောင်းကာ ထွက်လာခဲ့သည်။ ကော်ဖီဆိုင်လေးကိုရောက်တော့ ကိုယ်တော် က ထောင့်စားပွဲမှာ ငုတ်တုတ်။

သူမ ဝင်လာသည်နှင့် တခြားစားပွဲဝိုင်းကလူတွေ သမင်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်ကြသည်။ သူမအလှက သူ့များတွေ သတိထားမိလောက်အောင်
ထင်ပေါ်ပါသည်။

"ဆယ့်ငါးမိနစ်လောက် နောက်ကျတယ်"

"ကေခိုင်နဲ့ တွေ့နေလို့လေ၊ မနည်းစကားဖြတ်လာခဲ့ရတယ်"

"ထိုင်လေ ကော်ဖီခါးခါး မဟုတ်လား"

"အင်း ဟင် မောင်က မှာတောင်သောက်ပြီးနေပြီ"

"တစ်ယောက်တည်း ငေါင်နေလို့လေ၊ ထည်ထည် မကြိုက်
တော့ ဆေးလိပ်လည်း သောက်လို့မရ၊ ကွမ်းလည်းမစားရနဲ့ စာအုပ်ဖတ်
ရင်း မှာလိုက်တာ။ ညီလေး သူ့အတွက် ကော်ဖီခါးခါး"

အထာသိပြီးသား စားပွဲထိုးလေးကို ဂရုတစိုက်ပင် ထပ်မှာပေး
လိုက်၏။ မိန်းကလေးတွေက သူတို့အပေါ် ဂရုစိုက်မှုရှိသော ယောကျ်ား
လေးဆိုလျှင် ဘာမဆို စွန့်လွှတ်စွန့်စားဝံ့သည်မဟုတ်လား။ ကတိမ်းကပါး
စိတ်လှုပ်ရှားကာ ကြည်နူးနေမှာလည်း သေချာသည်။ ဒီနေ့မှ ဝင့်ထည်
ထည်က ဆွတ်ဆွတ်ဖြူနေသော ကိုယ်ကျပ်ဝတ်စုံလေးဖြင့် မြင်သူငေး
လောက်အောင် အရမ်းလှနေသည်။

ဒီအလှတွေနှင့် ဆက်ပိုင်ကို ပြစားခဲ့ပြီး လှုပ်အလယ်မှာ အရှက်
ခွဲခံရသလား။

"အစ်ကို ရပါပြီ"

"အေး ညီလေး ကျေးဇူး ထည်ထည် သောက်လေ"

"ဟာ"





"ခွမ်း"

"အမယ်လေး"

အမှတ်တမဲ့လား။ တမင်တကာလား။

ဝသုန်ကိုယ်တိုင်ပဲ သိပေလိမ့်မည်။ ဝင့်ထည်ထည်ရဲ့ အဖြူရောင်
အင်္ကျီလေးက ကော်ဖီများ စွန်းထင်ပေကျံသွားပြီး အသားတွေလည်း
အနည်းငယ် ပူလောင်သွားပေလိမ့်မည်။

"ဆော ဆောရီး ထည်ထည်ရယ်၊ မောင် အမှတ်တမဲ့ လက်
ချော်သွားတာပါ၊ ထည်ထည်ကို ကိုယ်တိုင်ယူပေးချင်လို့"

"ရပါတယ် မောင်ရယ်၊ မောင့်စေတနာကို ထည်ထည် သိပါ
တယ်"

"အရမ်းပူသွားလားဟင်"

"အင်း ပူတော့ပူတယ်၊ အင်္ကျီတွေစွန်းသွားတာက ပိုအရေး
ကြီးတယ်၊ ဘယ်လိုလုပ်ရမလဲ မသိဘူး"

"မောင် အင်္ကျီတစ်ထည်လောက် သွားဝယ်ပေးချင်ပါတယ်၊
ဒါပေမဲ့ မောင့်မှာ ပိုက်ဆံပါမလာဘူး"

"ဟို ထည်ထည်ပိုက်ဆံနဲ့ သွားဝယ်လိုက်လေ နော်၊ ထည်ထည်
ဒီအတိုင်း အပြင်ထွက်လို့ ရမှာမဟုတ်ဘူး။ တစ်မျိုးမထင်နဲ့နော် မောင်"

"မထင်ပါဘူး မောင် သွားဝယ်လိုက်မယ်"

"မြန်မြန်ပြန်လာခဲ့နော်"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



တခြားစားပွဲဝိုင်းကလူတွေ တကြည့်ကြည့် စပ်စုအတင်းတုတ်နေကြတာမို့ ဝင့်ထည်ထည် ဘယ်လိုနေရထိုင်ရမှန်းမသိဘဲ အရှက်ပိုနေမိသည်။ မောင်ပျာပျာသလဲ မျက်နှာငယ်လေးနှင့် ပြေးထွက်သွားတာလည်း သနားမိ၏။

သူမအတွက် အကျႌ ပြေးဝယ်တာတဲ့။ ဝယ်ရော ဝယ်တတ်ပါ့မလား။ အရင်ကဆို မောင်က ခပ်ဓာည်တည် အထာကြီးနဲ့ နေတတ်သူပါ။ အခုတော့ သူမအပေါ် အရေးတယူ ဂရုစိုက်ချင်လိုက်တာ ပျာလို့။ ရင်မှာ တသိမ့်သိမ့် ကြည်နူးဝမ်းသာမဆုံးပေ။

"အစ်မ ဆိုင်မှာ အစ်မနဲ့ရွယ်တူ မိန်းကလေး အဝတ်အစားတွေ ရှိပါတယ်၊ အဲဒါ လဲဝတ်ထားပါလား"

"ဩော် နေပါစေ ရပါတယ်"

နာရီဝက်လောက်ကြာသည်အထိ မောင် ပြန်ရောက်မလာသေးတာမို့ စားပွဲထိုးလေးက အားနာလာဟန်တူသည်။ သူမ ဂည်တဆန့်ဆန့် ခါးတဆန့်ဆန့်ဖြစ်ကာ နာရီကြည့်ရင်း စိတ်မောနေသည်။ မောင် ဘာလို့များ ဒီလောက်တောင် ကြာနေပါလိမ့်။

ဒီနားတစ်ဝိုက်မှာ စတိုးဆိုင်တွေ စင်တာတွေ ကုန်တိုက်တွေ ရှိပါသည်။ မဝယ်တတ် မရွေးတတ်လို့များလား။

"ဟော မောင် လာပြီ"

နောက်ထပ် ဆယ့်ငါးမိနစ်ပေါင်း လေးဆယ့်ငါးမိနစ်လောက်နေမှ မောင် ရေးကြီးသုတ်ပျာ ပြန်ရောက်လာ၏။

နိုး မိုး ၀၁၄ပ



"ကြာလိုက်တာ မောင်ရယ်၊ ဒီနားမှာ ဆိုင်တွေရှိရဲ့သားနဲ့"

"မောင် မဝယ်တတ်ဘူးကွ၊ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နဲ့ မိန်းကလေးအကျႌ လိုက်ဝယ်ရတာ ရှက်စရာကောင်းတယ်၊ နောက်မှ ကိုယ့်ချစ်သူအတွက်ပဲလေဆိုပြီး ထည်ထည်အရွယ် ကောင်မလေးကို အရွေးခိုင်းလိုက်ရတာ၊ ချစ်သူအတွက်လား ဘာလားနဲ့ စပ်စုလိုက်ကြတာလည်း မျက်နှာကို ထူပူနေတာပဲ"

"ဖြစ်ရမယ် မောင်ကတော့၊ ခဏနေ၊ ထည်ထည် နောက်ခန်းထဲ ခွင့်တောင်းပြီး သွားလဲဝတ်လိုက်ဦးမယ်"

မျက်နှာတစ်ခုလုံး အရှက် သိက္ခာတရားများအတွက် နီရွှေးနေသော ဝင့်ထည်ထည် ကျောပြင်လေးကို သူ ကျေကျေနပ်နပ်ကြီး ပြုံး၍ ကြည့်နေလိုက်မိသည်။

အဲဒါ ဆက်ပိုင်အတွက်ပဲ ဝင့်ထည်ထည် . . .။

■ ■ ■

နိုး မိုး ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ချစ်သူဘဝရောက်လာပြီးမှ ဇွန်ဟာတွေ တစ်ခုပြီးတစ်ခု သုံးပြီး တိုက်ခိုက်နေတယ်ဆိုပါတော့၊ မင်းတော်တယ် ဝသုန်"

သူ့ပခုံးကို ဖျတ်ခနဲ ပုတ်ကာ ဆုပ်ညှစ်လိုက်ပြီး အောင်မင်း ချီးမွမ်း၏။ သူ့ရင်ထဲ ထင်သလောက် မပျော်တာတော့ အောင်မင်း သိမှာမဟုတ်ပေ။

သူက မပီပြင်သောအပြုံးဖြင့်

"ငါ ဘာကြောင့် ဒီလိုတွေ လုပ်တယ်ဆိုတာ သူ တွေးမိမှာ မဟုတ်ဘူး၊ သူ့ကိုချစ်လို့ ဂရုစိုက်ရင်း စရင်းနောက်ရင်း အမှတ်တမဲ့ ဖြစ်သွားတယ်လို့ပဲ သူ ထင်မှာ"

"ဒါပဲပေါ့ကွ၊ ယောကျ်ားတွေမှာလည်း မာယာပရိယာယ်တွေ





...နိုတယ်ဆိုတာ သူတို့သိသွားရင် နောက်ဆို ယောကျ်ားတွေကို သူတို့ ...ဆော်ကားရဲမှာ မဟုတ်တော့ဘူး"

"ဒါနဲ့ ဆက်ပိုင်နဲ့ဝင့်ထည်ထည်က ချစ်သူတွေမဖြစ်ကြသေးဘူး ...သင်တယ်နော်"

"ဝင့်ထည်ထည်ဆီက အဖြေမရသေးတာတော့ သေချာတယ်၊ ...ပေမဲ့ ချစ်သူတစ်ယောက်လို အခွင့်အရေးတွေပေးနေတာပဲကွာ၊ ...နံတိုက်သွားတယ်၊ စားသောက်ဆိုင် အတူထိုင်တယ်၊ ကေခိုင်ဆိုတဲ့ ...ကောင်မလေးပါရင် ရုပ်ရှင်တော့ ကြည့်လိုက်သေးတာပဲ၊ ပြီးတော့ ဒီဘက် ...မှာ ပိုရင်းနှီးလာတော့ မွေးနေ့မှာ အပြန်အလှန် လက်ဆောင်ပေးကြ ...တာတွေတောင် ရှိကြသေးတာပဲ"

"အဲဒါက ခင်မင်မှုအတိုင်းအတာလောက်နဲ့လည်း ဖြစ်နိုင်တာပဲ ...အဖြေတောင်းရုံလောက်နဲ့လည်း ဒီအခြေအနေ ဖြစ်သွားစရာ အကြောင်း ...ဘူး"

"ဘာမှ တွေးမနေစမ်းပါနဲ့ကွာ၊ ပါးရိုက်ခံရလို့ အရှက်ကွဲတာက ...နဲ့မှ အစားထိုးဖြေသိမ့်လို့ မရတော့ဘူး၊ မဟုတ်ပါဘူးလို့ ငြင်းလို့လည်း ...ဘူး၊ ဖြစ်ပြီးတာက ဖြစ်ပြီးသွားပြီ၊ ကိုယ့်သူငယ်ချင်းအတွက် ကျေးဇူး ...င်းအတွက် မင်း တုံ့ပြန်ပေးတယ်၊ ဒါ အမှန်တရားပဲ"

သူ့ရင်ထဲမှာ မရှင်းတာတွေ ရှိနေပေမယ့် ဘာအကြောင်းအရာ ...တာလည်း မရှေရာပေ။ သူ ဒီလိုလုပ်နေတာ မှန်ရဲ့လားဆိုတာတော့ ... အစတည်းက တွေးမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတစ်ဖက်၊ မာန်မာနတစ်ဖက်နှင့် စည်းကျော်မိတာက တော့ နောက်ပြန်ဆုတ်လို့ မရတော့ပေ။ သံက်ပြင်းတွေကို အောင်မင်း မသိအောင် နိုးချုရင်း

"မနေ့က ညီမလေးနဲ့ ဖုန်းပြောဖြစ်တယ်"

"ဟုတ်လား တာတဲ့လဲ"

"နောက်အပတ်ထဲမှာ အဖေ ခွဲစိတ်မယ်၊ နှစ်ပတ်လောက်ဆေး ရင် ဆေးရုံက ဆင်းရမှာတဲ့၊ အဲဒါ မြန်မာပြည်ပြန်ရင် အဖေတစ်ယောက် တည်း ပြန်လွှတ်လိုက်မယ်၊ သူက ဟိုမှာ အလုပ်လုပ်ချင်လို့တဲ့လေ"

"ဟ မင်းညီမ သတ္တိကောင်းလှချည်လား၊ သူ့တစ်ယောက် တည်းနေခဲ့မယ်"

"ဆက်ပိုင်နဲ့ သူ့အဖေ ရှိတယ်လေ၊ သူတို့စက်ရုံမှာပဲ အလုပ် ဝင်မှာ၊ ဆက်ပိုင်က ကူညီစောင့်ရှောက်မှုရှိတယ်လို့ ပြောတယ်"

"ငါတို့ကိုတော့ မဆက်သွယ်ဘူး၊ ဒီကောင် ဘာသဘောလဲ"

"ဝင့်ထည်ထည်ကို နာကြည်းတာနဲ့ ကျန်တဲ့လူတွေကိုပါ ဝင့် ထည်ထည် သတင်းမကြားရအောင် အဆက်အသွယ်ဖြတ်လိုက်တာဖြစ် မှာပေါ့၊ သူ့ကျန်းမာရေးပြန်ကောင်းလာတာပဲ တော်ပါသေးတယ်"

သူက စိတ်ဖြေလိုက်ပေမယ့် အောင်မင်းက ကျေနပ်ပုံမရဘဲ လက်ဖက်ရည်ခွက်ကိုတောင် ဆောင့်ခနဲ ချပစ်လိုက်ပြီး

"ငါတို့ကတော့ ဒီမှာ သူ့အတွက်နဲ့ တိုက်ပွဲတွေ ဆင်နေကြတာ သူသိရင်လည်း ဝမ်းသာမှာပဲ၊ အားပေးမှာပဲဆိုပြီး ပြောချင်နေတာ လူ





...သားလို့ မမိုက်ဘူးကွာ"

"စိတ်တိုမနေပါနဲ့ကွာ၊ သူလည်း သူ့အကြောင်းနဲ့သူ ရှိလို့နေ ...ပါ၊ ငါတို့က သူ့အတွက် လုပ်ပေးသင့်သလောက် လုပ်ပေးရုံပေါ့"

"အေးပါ ဒေါ်သီတာလှိုင်နဲ့ သွားတွေ့လိုက်ဦး၊ သူ မင်းကို ...နေတယ်"

"မင်းနဲ့တွေ့လာတာလား"

"ငါ ဖုန်းဝယ်ထားတော့ ဖုန်းဆက်ပြောတာ၊ မင်းကိုတောင် ...တစ်လုံးလောက် ဝယ်ပေးထားဦးမှဆိုပြီး ပြောနေသေးတယ်၊ စေတနာ ...တော့ တကယ်ကောင်းတယ်"

"အဲဒီစေတနာတွေကို လက်မခံချင်တော့ဘူး၊ တကယ်တမ်းက ...နိပ်စေတဲ့ ကျေးဇူးတရားတွေလေ၊ ငါ မနိုင်တော့မှာစိုးတယ်"

"အကြွေးလို့ သဘောမထားရင် ပြန်မဆပ်လည်း ဘာမှမဖြစ်ပါ ...ဘူး ဒါပေမဲ့ သိတတ်ဖို့တော့ လိုတာပေါ့၊ သူ့သားအတွက် လက်စားချေ ...ပေးပြီးရင် ပြီးပြီပေါ့"

"ဝင့်ထည်ထည်ကို ပါးရိုက်ခွင့်ရဖို့ တော်တော်ကြိုးစားရဦးမယ်"

"ဘာဖြစ်လို့ ကြာမှာလဲ၊ ဒီအခြေအနေတောင် ရောက်နေပြီ"

"မိန်းကလေးတစ်ယောက်ကို အကြောင်းမဲ့ ပါးရိုက်လို့ ရမလား၊ ...အပေါ် အရမ်းကောင်းတယ်၊ ငါ ဘာလုပ်လုပ် အပြစ်မယူဘူး၊ မရပ် ...နိုင် ထရန်တွေ့လို့ တစ်ယောက်တစ်ခွန်း စကားများပြီး ခြေလွန်လက်လွန် ...ဖြစ်သွားတယ်ဆိုလည်း တော်သေးတယ်၊ အခုဟာက"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကား ဖြတ်တောက်လိုက်တာကို အောင်မင်း မျက်မှော
ကြုတ်သွား၏။ လက်ဖက်ရည်ခွက်ကိုလည်း တစ်ဖက်တိုးရွှေ့လိုက်ေ
ကာ

"ကိုယ့်ကို သူက အပြစ်မမြင်နိုင်ဖြစ်နေရင် ကိုယ်က သူ့
အပြစ်ရှာ ပြဿနာရှာပေါ့ကွ"

"ဘာ"

"လွယ်နေတာကို ခက်သယောင် မလုပ်စမ်းပါနဲ့၊ အကြွင်း
တွေ ပိုနေရင် မင်း မှောသွားမှာနော်"

"ဘာလို့ မှောရမှာလဲ၊ ငါ သူ့ကို အချစ်တွေနဲ့ ချည်းကပ်ခဲ့တ
မဟုတ်ဘူး၊ ဆက်ပိုင်အတွက်"

"ငါ သိတယ်၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်ရင် မင်းမှာ အတွေ
အကြုံမရှိဘူးလေ၊ သူများ ထောက်ပံ့မှုနဲ့ ကျောင်းတက်ခွင့်ရတာဆို
ပညာရေးကိုပဲ အာရုံစိုက်လာတာ မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"မိန်းကလေးတွေနဲ့ ထိတွေ့နီးစပ်မှုမရှိဘူးလို့ ဝင့်ထည်ထည်
ကို စွဲလမ်းသွားမှာစိုးတာပါ၊ ပြီးတော့ မင်းက ဆရာဝန်ဖြစ်မယ့်သူတ
ယောက်၊ ဆရာဝန်ဆိုတာ စိတ်ကိုက နူးညံ့ပြီးသားကွ၊ သူများကို နာကျ
အောင် မလုပ်ရက်ဘူး။ ကြင်နာမယ် ညှာတာမယ်၊ စေတနာထားမယ်

အောင်မင်း ဝေဖန်တာတွေ မမှား။ သူ ဒါကြောင့် အချိန်တို
တွေဝေနေခဲ့တာ ဖြစ်မည်။ ဝင့်ထည်ထည်အပေါ် အမှားလုပ်ပြီးတိုင်





ည်း စိတ်မကောင်းဖြစ်ရ၏။

ဒါပေမဲ့လည်း နောက်ဆုတ်လို့မှ မဖြစ်တော့တာ။

"အဲဒါက လူနာတွေအပေါ် ထားတဲ့ မေတ္တာစိတ်ပါ၊ ဝင့်ထည်
ည်က ငါ့ရဲ့လူနာမှမဟုတ်တာ၊ ဆက်ပိုင်နဲ့ ပတ်သက်တဲ့ ငါတို့ရဲ့ ရန်သူ"

"အဲဒါကို မင်း အမြဲသတိရနေ၊ အမြဲသတင်းစုံစမ်းနေတာ
အချိန်ကြာလာရင် အားမလိုအားမရဖြစ်ပြီး မင်းကို အပြစ်တင်မှာပဲ"

"အေးပါ မင်း ပြောသလို သူ့ကိုအပြစ်ရှာ ပြဿနာရှာကြည့်
မှာပေါ့၊ ငါ့ဘက်က အမြဲ သတိအနေအထားနဲ့ပါ၊ မင်း မစိုးရိမ်ပါနဲ့"

"ငါက မင်းအာရုံပြောင်းသွားမှာစိုးတာပါ၊ မခံစားရစေချင်တာ
ဆိုရင် ပိုမှန်မယ်၊ မဖြစ်နိုင်တာ မျှော်မှန်းမိရင် မင်းပင်ပန်းမှာ"

စေတနာ စကားဟု ယုံလိုက်ချင်ပါသည်။ သွေးတိုးစမ်းတာဆို
ရင်တော့ ဖုံးဖိမရသော ဝေဒနာအတိုင်းအဆက ခန့်မှန်းမိပေလိမ့်မည်။
သူ အသက်ပြင်းပြင်းရှူ၍ ထရပ်လိုက်ပြီး

"ငါ အရင်လစ်ပြီ အောင်မင်း"

"ဟ အတူတူပြန်မယ်လေ၊ ဘယ်လိုဖြစ်တာလဲ"

"ထည်ထည် ဒီလမ်းကလာမှာ၊ မင်းနဲ့တွဲတွေ့သွားလို့ ဘယ်ဖြစ်
မလဲ"

"ဩော် အေး ဟုတ်သားပဲ၊ သွားလေ"

အောင်မင်းအရင် သူ ထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်ရဲ့
သုံးမကာမ်းလောက်မှာ ဝင့်ထည်ထည်ကို စောင့်နေလိုက်၏။ ငါးမိနစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အတွင်းမှာပင် ဝင့်ထည်ထည် ကားလေး သူ့အနား ရှေ့...ထိုးရပ်လာသည်။

ဝင့်ထည်ထည်က ကားပေါ်က မဆင်းဘဲ

''မောင် ဒီနေ့ အိမ်မှာညည်သည်ရောက်နေတယ်ဆိုပြီး အိမ်...ဖုန်းဆက်လို့ ထည်ထည် ပြန်ရမယ်၊ နောက်နေ့မှ တွေ့ရအောင်...''

''ဘာ''

ဝင့်ထည်ထည်က ကားပေါ်က သူက မြေကြီးပေါ်က ရပ်လျ...ဘယ်လိုဧည့်သည်မျိုးမို့ သူ့ထက် အရေးကြီးနေရတာလဲ၊ အနေအထ...က သူ့မာနတွေကို ရိုက်ပုတ်ထိုးဆွနေသည်။

''ထည်ထည် မောင် မင်းကို ပြောစရာရှိလို့ စောင့်နေ...နောက်မှ အိမ်ပြန်လို့ မရဘူးလား''

''မဟုတ်ဘူး မောင်ရဲ့၊ မေမေက အခု ချက်ချင်း ပြန်လ...ခေါ်နေတာ၊ မနက်အိမ်က စောထွက်ခဲ့မယ်လေ''

''မရဘူးကွာ၊ အခု ထည်ထည်နဲ့ အရေးကြီးတဲ့စကား ...စရာရှိတယ်''

''မောင်ကလည်း''

သူမ စိတ်ညစ်ညျူးသလို မျက်နှာလေး ရှုံ့မဲ့သွားသည်။ ကော...က ဘေးနားကနေ မကျေမနပ် ပွစိပွစိပါ။

''ထည်ထည် မောင် ဆွဲချရမလား။ မင်းဘာသာ ဆင်းမှာလာ...''

''ကဲ ဆင်းမယ် မောင်ရယ်၊ ကေခိုင် နင် တက္ကစီနဲ့ဖြစ်...ဆိုက်တော့ဟယ်နော်၊ မောင် ဘာတွေအရေးကြီးလို့လည်း မသိဘူး''

''ထည်ထည် နင်ကတော့လေ အလိုလိုက် အမိုက်စော်ကားနေ...ယ်၊ ကံကြီးထိုက် မိုးကြိုးပစ်မယ့်မိန်းမ''

''ဆင်းပါဟယ်၊ နင်ဘာတွေကျိန်ဆဲနေမှန်း မသိဘူး''

''အေး နင်နဲ့ငါ နောက်မှတွေ့မယ်''

မကျေမချမ်း ဝသုန်ကိုပါ မျက်စောင်းထိုးပြီးမှ ကေခိုင် ရှုပွစုပွ...အောက်ဆတ်ဆတ်ဖြင့် ထွက်သွားသည်။ ဝင့်ထည်ထည် ကားပေါ်က...ဆင်းလာတော့ မောင့်မျက်နှာကို မြင်ပြီး အပြုံးမပျက်ခဲ့ပါ။

''ကဲ မောင် ဘာတွေအရေးကြီးနေလဲ၊ ဘယ်သွားမှာလဲပြော''

''လက်ဖက်ရည်ဆိုင်မှာ ကားအပ်ခဲ့၊ ကန်ပေါင်သွားမယ်''

''ဟင် အဝေးကြီး လမ်းလျှောက်မှာလား မောင်ရယ်၊ ကန်ပေါင်...လည်း ကားရပ်လို့ရတဲ့ဟာကို''

''မသိဘူးကွာ၊ လမ်းလျှောက်ချင်လို့ပါဆို''

''ပြီးရော ပြီးရော ကလေးဆိုးကြီးကျနေတာပဲ၊ မုန်းဖို့ကောင်း...တာ''

စကားလုံးက အမုန်းစကားဆိုနေသော်လည်း နှုတ်ခမ်းဖျားက...အပြုံးများနှင့်ပါ။ ကားအပ်ပြီးတာနှင့် ဝသုန် လက်မောင်းကိုတွဲခိုလျက်...ချင်တာတွေ မေ့ပျောက်ထားနိုင်အောင် ကြည်နူးပျော်မွေ့နေခဲ့သည်။

''မောင်''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတယ်ဆို ဘာပြောမှာလဲ"

"ဟိုရောက်မှ"

"မောင် တမင်ညစ်တာ မဟုတ်လား"

"အင်း"

မှသားမပါဘဲ ပွင့်လင်းစွာ ဝန်ခံလိုက်သော်လည်း သူမ စိတ်မဆိုးမိပေ။ ဂျစ်ကန်ကန် ဆိုးနွဲ့မှုလေးကို ရင်မှာသိမ့်သိမ့်လှုပ်ခတ်အောင် ကြည်နူးမိသည်။

ဒါဟာ အချစ်ရဲ့ပြယုဂ်တွေပဲ မဟုတ်လား။

ကန်ပေါင်က ထိုင်ခုံလေးတွေဆီ ရောက်လာတော့ မောင့်ပခုံးပေါ် နွဲ့နွဲ့မှီထိုင်ချလိုက်၏။ မောင်က တပ်မက်သော ထွေးပွေ့မှုမျိုးနှင့် မဟုတ်ဘဲ သူမပခုံးလေးကို ဖွဖွလေးသာ ဖက်တွယ်ထားသည်။

သူမတို့ချစ်သူသက်တမ်းရက်ကနေ လကူးလာသော်လည်း နမ်းခြင်းရှုံခြင်း ဘာအခွင့်အရေးမှ မောင် မယူခဲ့ပေ။ ဒါကြောင့်ပင် မောင့်ကို သူမ တန်ဖိုးထား လေးစားနေမိခြင်းဖြစ်၏။

"ထည့်ထည့်"

"ဟင် ပြောလေ မောင်"

"မင်း မောင့်ကို ဘယ်လောက်ချစ်လဲ"

"ဒီးလောက်ကြီး စကြဝဠာလောက်ကြီးလို့ ပြောရမှာလား။ ထည့် ထည့်ကတော့ အဲလို တိုင်းတာမပြနိုင်လောက်အောင် ချစ်တယ်၊ အဲဒီ လောက်မကဘူးဆိုတာက ကန့်သတ်မှုတွေ ရှိနေဦးမယ်၊





တစ်ခုလုံး မောင့်ကိုပေးဆပ်ချင်တာပါ၊ မောင် ယုံလား"

"ဟင့်အင်း"

"ဟင် ဘာလို့လဲ မောင်"

"လူ့ရဲ့စိတ်ဆန္ဒဆိုတာ အမြဲတမ်း ပြောင်းလဲနိုင်တာပဲ၊ ကံကြမ္မာဆိုတာလည်း ရှိသေးတယ်၊ တစ်နေ့နေ့မှာ မင်းမောင့်ကို မုန်းတီး နာကြည်းမသွားဘူးလို့ ပြောနိုင်မလား"

"မုန်းစရာအကြောင်းဆိုတာ မောင်နဲ့ထည့်ထည့်ကြားမှာ ရှိလာနိုင်ပါဘူး မောင်၊ မောင့်ကို ထည့်ထည့် ချစ်တယ်၊ နားလည်တယ်၊ မောင် ဘာတွေလုပ်နေနေ ထည့်ထည့် မြတ်နိုးတယ်"

သူမ ရင်ဖွင့်စကားတွေက သူ့ရင်မှာ စူးစူးနင့်နင့် စိုက်ဝင်စေ။ သူ့ကို ဒီလောက်ထိ ချစ်နေလိမ့်မည်ဟု မထင်မိတာ အမှန်ပင်။ တမ်းကစားတတ်သည့် မိန်းကလေးမဟုတ်တောင် အချစ်ကို အလေးက် ကိုးကွယ်တတ်တာတော့ အံ့သြစရာ။

"မောင်က မင်းမုန်းသွားနိုင်လောက်တဲ့ အပြစ်တွေ ကျူးလွန်ယ်ဆိုရင်ရော"

"နောက် ချစ်သူထားမှာလား၊ ထည့်ထည့်ကို အသည်းခွဲပြီး ခဲ့မလို့လား"

"အဲဒါ မဟုတ်တဲ့"

"အဲဒါ မဟုတ်ရင် တခြား ဘာအကြောင်းပဲဖြစ်ဖြစ် ထည့်ထည့် င့်ကို မုန်းမှာမဟုတ်ဘူး မောင်၊ မောင့်ကို ခွင့်လွှတ်ပေးနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးနိုင်တယ်၊ တခြားကောင်မလေးတစ်ယောက်ကို မောင် ချ[illegible] သွားရင်တော့ မောင့်ကို ထည်ထည် လိုက်သတ်မှာ''

''ကြောက်လိုက်တာ''

ကြောက်ချင်ယောင် ဆောင်ရင်း ရယ်စရာလုပ်လိုက်ရပေမယ့် သူ့ရင်ထဲမှာ တကယ်ပင် လေးလံသွားခဲ့တာ။ သူ့ကို ဝင့်ထည်ထည် [illegible] လောက်ထိ ချစ်မနေသင့်။

ရက်စက်ရဦးမှာ အသည်းခွဲရဦးမှာ။

သူ့ကိုချစ်လေ သူမ နစ်မွန်းထိခိုက်ရလေ ဖြစ်မှာပါ။

နောက်ဆုံးအခြေအနေက ပါးရိုက်ပြီး အဆုံးသတ်ရမှာ။ ဒီ[illegible] အဖြစ်မျိုး မကြုံချင် မင်းရော ငါရော သေသွားခဲ့ရင်။

''မောင်''

''ဟင်''

''မောင်ရော ထည်ထည်ကို ဘယ်လောက်ချစ်လဲ''

''ပြန်ရအောင် ထည်ထည်၊ အိမ်က ဖုန်းဆက်ထားတယ်ဆို နောက်ကျနေလိမ့်မယ်''

''မောင်ကလည်း ထည်ထည်မေးတာ မဖြေဘဲနဲ့''

''မင်းကားကို လိုက်စီးရင်း ကိုယ် သတ်သေပြမယ်''

''ဟင် တကယ် မောင် ထည်ထည်မောင်းတဲ့ကားကို စီးမှာပေါ့''

''အင်း''

''အိုကေ သွားမယ် မောင်''





ကားအပ်ထားခဲ့ရာ နေရာကို တော်တော်လေး လျှောက်ခဲ့ရပါသည်။ ဒါပေမဲ့ သူမ ပင်ပန်းတယ် ညောင်းတယ်ဟု ညည်းညူချင်စိတ် [illegible]အောင် သူမ ပျော်နေခဲ့သည်။

မောင့်ရဲ့မာနတွေက သူမကို ချစ်သော အချစ်တွေကြောင့် အရည်ပျော်ကျသွားခဲ့ပြီမဟုတ်ပါလား။

''မောင် ကားပေါ်တက်လေ''

မငံ့မရဲဖြစ်နေသော မောင့်ကို သူမကိုယ်တိုင် ကားတံခါးဖွင့်ပေး[illegible]သည်။ မောင် ကားပေါ်ရောက်မှ သူမ ကားမောင်းသည့်နေရာမှာ [illegible]င် ထိုင်လိုက်ပြီး ကားစက်နှိုးလိုက်၏။

ပြီးမှ သူမဘေးမှာထိုင်နေသော မောင့်ကို မြတ်နိုးမဝစွာ [illegible]ခစ်ချက်ကြည့်လိုက်ပြီး ကားလေးကို ရှောခနဲ မောင်းထွက်လိုက်သည်။

''မောင်သာ ကားမောင်းတတ်ရင် ကောင်းမှာပဲ''

''ဘာဖြစ်လို့လဲ မောင်ရဲ့''

''ကိုယ်ပိုင်ကားမဟုတ်တောင် ခုလိုအချိန်မှာ ထည်ထည် [illegible]ပင်ပန်းအောင် မောင် မောင်းပေးလို့ ရတာပေါ့''

''အမယ်လေး အဲဒီအပြောလေးတွေကို ချစ်လိုက်တာ မောင် [illegible]ယ်၊ မောင့်မှာ အဲဒီစိတ်လေး ရှိတယ်ဆိုရင် ထည်ထည် သင်ပေးမှာပေါ့ [illegible]မောင်ရဲ့၊ ကားမောင်းသင်တာများ လွယ်လွယ်လေး၊ ဒီမှာကြည့် ကား[illegible]မောင်းသင်တယ်ဆိုတာ စတီယာရင်နိုင်ဖို့ အရေးကြီးတယ်၊ စက်တီးလက် [illegible]ိုင်ကို ထိန်းသလိုမျိုးပေါ့၊ လီဘာနဲ့ ကလပ်ကလည်း အသက်ပဲ၊ ဂီယာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မထိုးတတ်ရင်လည်း နတ်ရွာစံရော''

''ဟင် ရှုပ်နေတာပဲ''

''မရှုပ်ပါဘူး မောင်ရဲ့ လာပါ''

ကားရှင်း လူရှင်းသောနေရာမို့ မောင့်ကို သေချာသင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။ မောင် အားမငယ်ရအောင်လို့ပါ။

''ဒီလိုလား''

''ဟင် မ မဟုတ်ဘူး မောင်၊ အဲလို မလုပ်ရဘူး။ မဆွဲနဲ့ မဟုတ်ဘူး''

''ကျွီ ကျွီ''

''ဒုန်း''

''အမလေး''

ဖွတ်တားနေသည့်ကြားမှ စတီယာရင်ကို ဆွဲလှည့်လိုက်တာမို့ ကားက လမ်းမပေါ်ကနေ လမ်းဘေး သစ်ပင်ကြီးကို ဒုန်းခနဲ ဆောင့်မိသွားသည်။ ဒါတောင် ဘရိတ်ကို အလန့်တကြား နင်းမိလိုက်လို့ပါ။

''ထည် ထည်ထည် ဘာဖြစ်သွားသေးလဲဟင်၊ ဘာဖြစ်သွားသေးလဲ၊ မောင် သတိလွှတ်ပြီး ဆွဲလိုက်မိတာ ဘယ်လိုဖြစ်ပြီး လက်က မလွှတ်မိတာလည်း မသိဘူး၊ ဆောရီး ဆောရီး ထည်ထည်ရယ်''

''အား ကျွတ် ကျွတ်''

မောင့်ရဲ့ ပျာပျာသလဲ တောင်းပန်သံကိုကြားပေမယ့် သူ့မ ဘာမှပြန်မပြောနိုင်သေးပေ။ ပြင်ပဒဏ်ရာမရပေမယ့် တကယ်ကို ထိတ်





လန့်သွေးပျက်သွားခဲ့တာ။

နောက်မှ သတိရကာ

''မောင် မောင်ရော ဘာဖြစ်သွားသေးလဲ''

''မောင် ဘာမှမဖြစ်ပါဘူး ထည်ထည်ရဲ့၊ ထည်ထည်သာ''

''ထည်ထည် လန့်သွားတာပါ။ ကားတွေ ဘာတွေ ရှုပ်တဲ့နေရာဆို နှစ်ယောက်စလုံး ပွဲချင်းပြီး သေမှာ မောင်၊ တော်သေးတာပေါ့၊ မောင်ရော ထည်ထည်ရော ဘာမှမဖြစ်လို့''

''ကားရှေ့ခေါင်းတော့ ဆိုးဆိုးဝါးဝါး ဖြစ်သွားမှာသေချာတယ်''

''အဲဒါ အရေးမကြီးပါဘူး မောင်ရယ်၊ အိမ်မှာ နောက်ထပ် ကားတွေလဲစီးဖို့ ရှိပါသေးတယ်၊ ထည်ထည် အရမ်းကြိုက်တဲ့ ဒီခဲပုပ်ရောင်ကားလေး ပျက်စီးသွားတာတော့ နှမြောမိတယ်''

''မောင် စိတ်မကောင်းလိုက်တာ ထည်ထည်ရယ်၊ မောင် ဘာလုပ်ပေးရမလဲဟင်''

''ဘာမှလုပ်မပေးရပါဘူး မောင်ရဲ့''

''ထည်ထည် အိမ်က ဆူနေမှာပေါ့''

''ထည်ထည်ဘာသာ အက်ဆီးဒင့်ဖြစ်ခဲ့တာလို့ ပြောမှာပေါ့၊ ဆိုတဲ့အပြင် ပျာပျာသလဲတောင် စိုးရိမ်စိတ်ပူသွားဦးမယ်၊ မောင် စိတ်မကောင်းမဖြစ်နဲ့နော်၊ ကြည့်ပါဦး ချွေးတွေတောင် ထွက်လို့ မောင်လည်း လန့်သွားတယ် ထင်တယ်၊ ထည်ထည် လက်ကိုင်ပဝါလေးနဲ့ သုတ်ပေးမယ် နော်''



www.burmeseclassic.com

www.burmeseclassic.com



သူ့နှဖူးက ချွေးစတွေကို တယုတယ သုတ်ပေးနေသော သူမ လက်ကလေးကို သူ အားနှင့်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ငါ့ကို အဲ လောက်ထိ ချစ်မပြပါနဲ့။

ဒီထက် ရက်စက်ရမှာတွေအတွက် ငါ အားအင်ကုန်ခမ်းသွား လို့ မဖြစ်လို့ပါ ဝင့်ထည်ထည်...။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၁၈)

"ထည်ထည်ရယ် ဘာလို့ ဒီလောက်တောင် နောက်ကျရတာလဲ ဒီမှာ မောင်မျိုးလွင် ရောက်နေလို့ အမြန်ပြန်လာအောင် ဖုန်းဆက်ထား တဲ့ဟာကို"

"အက်ဆီးဒင့်ဖြစ်နေလို့ပါ မေမေရယ်၊ အမြန်လိုလို့ အနေး တွေ့တာ မေမေတို့ အဲလို ရေးကြီးသုတ်ပျာခေါ်လို့ဖြစ်တာ"

"ဟင် ဘာ ဘာဖြစ်သွားသေးလဲ သမီး၊ သမီး ထိခိုက်ဒဏ်ရာ ရသေးလား။ အမလေး ပြောစမ်းပါဦး သမီးရယ်၊ မေမေ့နားကို လာပါဦး"

အခုမှ မေမေတို့ ပျာပျာသလဲ ဖြစ်သွားကာ သူမကို ဟိုစမ်း ဒီစမ်း စိတ်ပူနေ၏။ မျိုးလွင်ဦးပါ မျက်လုံးမျက်ဆံပြူးကာ

"ညီမလေး ဘာဖြစ်သွားသေးလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"လူက ထိတ်လန့်ပြီး ရင်တုန်ရုံပါပဲ၊ ကားကတော့ ရှေ့ခေါင်း တစ်ခုလုံး ပိန့်ရှုံ့သွားတယ်၊ မီးလုံးလည်း ကွဲတယ်"

"အဲဒါကြောင့် အန်တီကို ဖုန်းမဆက်နဲ့၊ သူ့ဘာသာ ပြန်လာရင် တွေ့လို့ရတာပဲလို့ ပြောတာပေါ့၊ အခုတော့ တော်သေးတယ်၊ လူ ဘာမှမဖြစ်လို့"

"အေးပါကွယ် သူက အိမ်ပြန်နောက်ကျတတ်လို့ ဖုန်းဆက်တာပါ၊ ဟိုဟာဒီဟာဝယ်စရာရှိလို့ ဟိုဝင်ဒီထွက် လုပ်နေမှာစိုးလို့ပါ၊ သမီးလေး ဆေးသောက်မလား၊ ဆရာဝန်ခေါ်လိုက်ရမလားဟင်"

"အဲလောက် မဟုတ်ပါဘူး၊ မအေးကို သံပုရာရည်တစ်ခွက်ပဲ ဖျော်ခိုင်းလိုက်ပါ မေမေ၊ ရင်က အခုထိ တုန်နေတုန်းပဲ"

BURMESE CLASSIC .com

"အေး အေး ဟဲ့ မိအေးရေ နင့်အစ်မအတွက် သံပုရာရည် တစ်ခွက်လောက် မြန်မြန်ဖျော်ခဲ့စမ်း"

စိုးရိမ်ကြီးနေတာကြောင့် နောက်ဖေးဘက်ကို အသံကျယ်ကျယ် နှင့်ပင် လှမ်းအော်၏။ သူမက မင်သေသေမျက်နှာငယ်လေးနှင့်

"သမီးကြိုက်တဲ့ ခဲပုပ်ရောင်လေးမှ ဖြစ်ရတယ်လို့၊ အရမ်း နမြောတာပဲ"

"ဩော် အဲလို အရောင် ထပ်ဝယ်ပေးမှာပေါ့ သမီးရယ် အခု ကားရော"

"ခြံဝင်းထဲတောင် မသွင်းဘူး၊ အပြင်မှာရပ်ထားခဲ့တယ်"

"အေး အေးကောင်းတယ် သမီး၊ မောင်ကြိုင်ကို ရတဲ့ဈေးနဲ့

နိုးမိုး၁၇၆၀



ရောင်းခိုင်းလိုက်မယ်၊ အခု နှစ်ရက်သုံးရက် အိမ်မှာရှိတဲ့ကားလည်း သမီး မမောင်းနဲ့ဦး၊ မောင်မျိုးလွင် သူ့ကားနဲ့ ကျောင်းလိုက်ပို့ လာကြိုလုပ်ပေးလိမ့်မယ်"

"ဟင် ရ ရပါတယ် မေမေရဲ့၊ ကိုကိုကို အားနာပါတယ်"

"ကိုယ့်အစ်ကိုကို အားနာစရာ ဘာရှိလို့လဲ၊ ခွင့်နားတုန်းလေး ညီမနဲ့တွေ့ချင်လို့ လာနေရတာ၊ အရင်လည်း ဟိုသွားဒီသွား လိုက်ပို့နေ တာပဲ"

"ဟုတ်သားပဲ ညီမလေးရဲ့၊ ညီမလေးက ကားအက်ဆီးဒင့် ဖြစ်ထားတော့ သွေးလန့်နေမှာ၊ ကိုကိုက တစ်ပတ်လောက်နေဦးမှာပဲ၊ ဒီကို မောင်းတဲ့ကားကို သက်တောင့်သက်သာ စီးပါ၊ ကိုကို့ကားက မွှေမင်ရောင် ဂျစ်လေးဆိုတော့ ညီမလေး ကြိုက်မှာပါ၊ နောက်ကားအသစ် ဝယ်ရသေးခင် အဆင်ပြေတာပေါ့ ညီမလေးရဲ့ မဟုတ်ဘူးလား"

ကိုယ့်အကြောင်းနှင့်ကိုယ် ဥပါယ်တမျှင်နှင့် ပြင်းနေသော်လည်း ရပါ။ ဒီထက်ပိုပြီး ကလန်ကဆန်လုပ်လျှင် ဖုံးဖိသိုဝှက်ထားသမျှ ပေါ်သွားနိုင်တာမို့ ဣန္ဒြေမပျက် ငြိမ်နေလိုက်ရသည်။ ကိုမျိုးလွင်က အရင် အလိုပင် သူမအပေါ် ဂရုတစိုက် ရှိကာ

"ညီမလေး ကြိုက်တဲ့ ဒူးရင်းသီးနဲ့ မင်းကွတ်သီးတွေ ပါလာတယ်၊ မေမေက ငါးခြောက်တွေလည်း ဝယ်ထည့်ပေးလိုက်တယ်ကွ၊ အန်ခြောက်ကတော့ အန်တီမှာလိုက်လို့ ဝယ်လာတာ"

"ကိုကို ဘယ်နေ့ပြန်မှာလဲ"

နိုးမိုး၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တစ်ပတ်လောက် နားပြီးရင် ခွင့်စေ့ပြီလေ၊ နေပြည်
တော် တစ်ခါတည်း ပြန်ရမှာပေါ့၊ နောက်တစ်ခေါက် ခွင့်ပြန်ရင် ညီမလေး
ကျောင်းပိတ်ရက်နဲ့ တိုက်တယ်၊ မော်လမြိုင် အလည်လိုက်မယ် မဟုတ်
လား"

"မလိုက်ဖြစ်လောက်ပါဘူး ကိုကိုရယ်၊ မာစတာ ဆက်တက်
ကြိုးစားနေတာ"

"တစ်ပတ်လောက်ပဲ ညီမလေးရဲ့၊ အရင်က လိုက်မယ်ပြော
ထားပြီးတော့ မေမေတို့ကလည်း သူတို့တူမလေးကို လွမ်းလို့တဲ့"

"ကြီးကြီးတို့ လွမ်းရင် လာတွေ့လို့ ပြောလိုက်ပေါ့၊ ထည်ထည်
က ကျောင်းစာတွေ ပိနေတာ ဘယ်လိုလုပ် လိုက်နိုင်မှာလဲ"

"ကဲပါ အဲဒါဆိုလည်း ကျောင်းပြီးမှပေါ့၊ ရည်းစားတွေ ဘာ
ရော ရနေပြီလား ညီမလေး"

"ဟင် မ မရသေးပါဘူး ကိုကိုရဲ့၊ အေးဆေးပါ"

"အဲဒါတော့ ကြပ်ကြပ်မတ်မတ် သတိပေးထားတာပဲ မောင်
ရေး ကိုယ့်အသိုက်အဝန်းနဲ့ သဟဇာတမဖြစ်တဲ့သူဆို မလွယ်ဘူး၊
အဖေဂုဏ်သိက္ခာနဲ့ အဆင့်အတန်းတူတွဲသူကို ရွေးနိုင်မှဖြစ်မှာ"

"ဟုတ်တယ်နော် ညီမလေး၊ လူရွေးမှားလို့ မဖြစ်ဘူး၊ ညီမ
မှာ ချစ်သူမရှိရင်တော့ ကိုကို့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်၊ စွမ်း
ဘက်က အရာရှိပဲ၊ အသိုက်အဝန်းကောင်းတယ်၊ အကျင့်စာရိတ္တ ကော
တယ်၊ ရုပ်လည်းချောတာပဲ၊ ညီမလေးနဲ့ဆို နေနဲ့လ ရွှေနဲ့မြ"





"တော်ပါ ကိုကိုရယ် အဲဒါတွေ ထည်ထည် စိတ်မဝင်စားပါဘူး၊
...ညာသင်ချိန်မှာ အေးဆေးပဲ ပညာသင်ချင်တယ်"

တကယ် အတည်ပေါက်နှင့်ပြောတာမို့ မေမေနှင့်ကိုကို မျက်နှာ
...ပြုံးပန်းတွေ ဝေသွားလေသည်။ သူမ ဒီလိုဖုံးဖုံးဖိဖိ လိမ်ညာရုံမှတစ်ပါး
...မှမတတ်နိုင်ပါ။

ချုပ်ချယ်ကန့်သတ်မှုတွေ မခံချင်လို့ ဒီအတိုင်းပဲ . . .။

■ ■ ■

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဟင်''

မနက်ခင်းပိုင်းမှာ မြင်လိုက်ရသော မြင်ကွင်းက မလှ

ဒီနေ့ ဝင့်ထည်ထည်နှင့်တွေ့ဖို့ အိမ်က စောထွက်လာခဲ့ပေမယ့် ကျော

မသွားဖြစ်။ ဝင့်ထည်ထည်ကို လာစောင့်နေစဉ်မှာပဲ သူ မသိ

ယောကျ်ားတစ်ယောက်မောင်းသည့် ကားပေါ်မှာ ဝင့်ထည်ထည် ပါ

သည်။

သူ ရပ်စောင့်နေတာ မြင်ပါလျက်နဲ့ ကားမောင်းပို့သည်

မြင်အောင် မျက်လုံးလေး ဝေ့ကြည့်လျက်သာ အသိအမှတ်ပြုသွားခဲ့

ဒီလူက ဘယ်သူလဲ၊ မနေ့က အရေးတကြီး အိမ်ပြန်

ကိစ္စက ဒီလူကြောင့်လား။





စေ့စပ်ဖို့ လက်ထပ်ဖို့ မိဘသဘောတူထားသူ။

''တောက်''

သွေးတွေ တဖျဉ်းဖျဉ်း ဆူဝေသွားသည်။ ထိုလူက ကားပါကင်

ကားထိုးရပ်ပြီး ကျောင်းဝင်းထဲထိ ဝင့်ထည်ထည်နှင့် လိုက်ဝင်သွား

ည်။ သူ့ကို ဝင့်ထည်ထည် သမင်လည်ပြန် ဂရုတစိုက်ပင် လှည့်ကြည့်

သွားခဲ့ပါ။

ဒီလူကို ဒီလောက်တောင် ဘာကြောင့်မို့လဲ။

သူ့ကို အစိမ်းလတ်လတ် ဖြတ်တောက်လိုက်ခြင်းလား။

''ကေနိုင် ကေနိုင်''

အနားက ဖြတ်သွားသော ကေနိုင်ကို သူ မရမက လိုက်ခေါ်

က်သည်။ သူ့ကိုအမြင်ကတ်နေဟန်တူသော ကေနိုင်က မကျေမနပ်

်စောင်းဝေ့ကာ ခြေလှမ်းရပ်သွား၏။

''ဟို ခုနက ထည်ထည် လူတစ်ယောက်မောင်းပို့တဲ့ကားနဲ့

က်လာတယ်၊ အခု ကျောင်းဝင်းထဲ အတူတွဲဝင်သွားတယ်၊ အဲဒီလူက

ည်ထည်နဲ့ ဘယ်လိုပတ်သက်တာလဲ''

''အဲဒါ ကျွန်မ ဘယ်လိုလုပ်သိမှာလဲ၊ သူ့အိမ်က သဘောတူ

ားမယ့် ယောကျ်ားနေမှာပေါ့''

''ဗျာ''

''မဗျာနဲ့ သူတို့အသိုက်အဝန်းက အဆင့်အတန်းတူတဲ့သူပဲ

သို့ရမှာ၊ ရှင်က ဆရာဝန်မကလို့ ဘာကြီးဖြစ်နေနေ သူ့မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူရင် ထည်ထည်လည်း ရှင့်ကို ချစ်ရုံကလွဲပြီး လက်ထ... စဉ်းစားရဲမှာမဟုတ်ဘူး၊ သူ ပစ်ထားခဲ့မှာနဲ့စာရင် ရှင့်ဘာသာ အလို... တသိနဲ့ နောက်ဆုတ်သွားရင် ရှင် သိက္ခာမကျတော့ဘူးပေါ့၊ ကိုယ့်အ... အတန်းကိုယ် သိဖို့လိုတယ်၊ စေတနာနဲ့ သတိပေးတာနော်''

စေတနာစကားလို့ သူ မထင်ပါ။ ဒါပေမဲ့ ပြောသွားခဲ့သ... စကားတွေ မမှန်ဘူးလို့ မပြောနိုင်။

ဒါကြောင့်မို့လည်း သူ့ကို ဝင့်ထည်ထည် ပြန်စောင်းတော... ခတ်မသွားခဲ့တာပေါ့။ ကိုယ့်အဆင့်အတန်း ကိုယ်သိပြီး အလိုက်တ... နောက်ဆုတ်ပါတဲ့လား။

နောက်တော့ ဆုတ်မှာပါ။ ဒါပေမဲ့ ဒီပုံစံမျိုးနှင့်တော့ မဟု... ဝင့်ထည်ထည်ကို အတိအကျမေးကြည့်ပြီး

''ထည်ထည်ကို ပြောပေးပါ၊ ညနေ ကျွန်တော် စောင့်နေ... လို့''

''အဲဒီလူ လာကြို့မှာဆိုရင် ရှင်စောင့်နေလည်း အလကား... ထည်ထည် ပြဿနာတက်နိုင်ပေမယ့် မင်္ဂလာပွဲပျက်လောက်အောင်... ရုပ်ပျက်ဆင်းပျက် ဖြစ်မှာမဟုတ်ဘူး၊ သူတို့အသိုက်အဝန်းက ဂုဏ်သိ... ကို အရမ်းတန်ဖိုးထားတာ၊ ထည်ထည်လည်း သူ့စိတ်နဲ့သူ့ကိုယ် ဘ... ဆုံးဖြတ်မရလို့ စွန့်စားရဲမှာမဟုတ်ဘူး၊ ထည်ထည်ကို တကယ်ချစ်... အနေအထား ဆင်ခြင်တာ ကောင်းပါတယ်''

''တောက်''



ဝသုန် တက်ခေါက်သံကြောင့် ကေခိုင် ပခုံးလေးတွန့်၍ တုန်... ...သွားရသည်။ မျက်မှောင်ကြီးကြုတ်နေတာကို အမြင်ကတ်ကတ်နှင့် ...ကြက်ကန်ကန်ပြီး ပြောနေမိတာ။

ကိုယ့်သူငယ်ချင်း အလျှော့ပေးလိုက်လျှော ချစ်နေရသော ...န်ကို မကျေနပ်ပါ။ ဘယ်အရာမဆို အနိုင်ကျင့်လွန်းသည်ဟု ထင်မိ ...ည်။

ဟိုအရင်က ခပ်ယယ ပိုးပန်းသော ယောကျ်ားတွေကို ဝင့်ထည် ...ည် လွယ်လွယ်ကြိုက်သွားခဲ့သည် လက်ခံခဲ့သည်မရှိပေ။ မာနကြီးလွန်း ...ကိုယ်ကတောင် ကြားထဲက အားနာနေရတာ။ အခုတော့ အဝတ် ...းတောင် သစ်လွင်တောက်ပအောင် မဝတ်နိုင်သည့် ဝသုန်ကို ...တွေများ မက်မောသွားခဲ့သည်မသိ။ ပြီးတော့ မိန်းကလေးတစ်ယောက် ...ပါ ညှာတာမှုလည်းမရှိ၊ အားနာ အလျှော့ပေးရမှန်းလည်းမသိ။

ဂျစ်ကန်ကန် မိုက်ကန်းကန်း ညည်ဆိုးရှိသူကိုမှ ဝင့်ထည်ထည် ...ည်းသည်းလှုပ်နေလိုက်တာ အံ့သြစရာ။

အခုလို ပိုးခနဲ ပက်ခနဲပြောပစ်လိုက်တော့ ဒင်း ပုံပျက်ပန်းပျက် ...ခဲ့ရောပေါ့။

''ကေကေ''

''ဗုဒ္ဓေါ''

ကော်ရစ်တာထောင့် ဝင့်ထည်ထည် လက်ကုတ်ခေါ်တော့ ကေ ...လန့်ဖျပ်သွားရသည်။ ပြုံးစိစိဖြင့် တစ်ခုခု ကျေနပ်နေပုံရသော



www.burmeseclassic.com

www.burmeseclassic.com



ကေနိုင်ကို ဝင့်ထည်ထည် မနာလိုတောင် ဖြစ်မိသည်။

ကိုယ့်မှာတော့ စိတ်တွေညစ်ညူး မွန်းကျပ်လို့ပါ။

"နှင် ဘယ်နားမှာ မှိုတွေ့လာလို့လဲ"

"ငါလား"

"အေးလေ မှိုတွေ့တာ မဟုတ်ရင် ရည်စားစကား လိုက်ပြေ ... ရလို့လား"

"အေး အဲလိုအပြောခံရတာထက် ကျေနပ်စရာတွေ့လာ ...

"ဘာ"

"ဝသုန် ဆိုတဲ့ကောင်ကို ငါ ရေလည်ကျွေးခဲ့တယ်"

"ဟယ် သူရှိနေသေးလား။ နှင်နဲ့ဘာတွေ ဖြစ်လာတာလဲ ... ကိုကိုကျောင်းလိုက်ပို့လို့ သူ့ကို အကျိုးအကြောင်း ပြောလို့မရ၊ နှုတ် ... လို့မရနဲ့၊ နှင်ကသူ့ကို ဘာတွေပြောလာ ပြန်တာလဲ"

"သူက မေးတာပါ"

"အင်း"

"အခု ကားနဲ့ကျောင်းလိုက်ပို့တဲ့သူက ထည်ထည်နဲ့ ဘ ... ပတ်သက်တာလဲတဲ့"

"နှင်ဘယ်လို ပြောလိုက်လဲ"

"ငါမသိဘူးလေ၊ နှင့်ကိုဘယ်သူ လိုက်ပို့တာလဲ၊ ငါမှမ ... မသိဘူးဘဲ ပြောလိုက်တာပေါ့"

"အား မနေ့က နှင့်ရှေ့မှာပဲ မေမေ ဖုန်းဆက်တာလေ ...





... က်နေတယ်ဆိုတာ၊ နှင်တမင် ညစ်လိုက်တာ မဟုတ်လား ကေကေ"

ကေနိုင် မျက်နှာက အခုထိ အပိုးမသေစွာ ရယ်ကြဲကြဲ။

"ညစ်တယ်ပဲ ထားလိုက်ပါ၊ ငါတမင် အမြင်ကတ်လို့ ထည်ထည် ... အိမ်က သဘောတူထားတဲ့သူလား။ စေ့စပ်လက်ထပ်တော့မယ့် သူ ... အဲလိုဖြစ်လိမ့်မယ် ဘာညာပြောလိုက်တယ်"

"ဟယ် ကေကေရယ် နှင်"

"အဲဒါတင်မကဘူး၊ ထည်ထည်က ရှင့်ကို ချစ်လည်း ယူလို့ ... ဘူး၊ မိဘတွေ သဘောတူပေးစားတဲ့ အဆင့်အတန်းတူတဲ့သူကို ယူရ ... လို့ ပြောလိုက်တယ်၊ ပြီးတော့ ကိုယ့်အဆင့်အတန်းကို သိရင် အလိုက် ... သိနဲ့ နောက်ဆုတ်လိုက်တော့လို့၊ အလိုက်တသိ ရှောင်လိုက်ရင် ရှင် ... ်သာမယ်လို့ အဲသလို တွန်းအားပေးလိုက်တယ်"

"ကေကေ"

"အမယ်လေး လိပ်ပြာလေးတွေ ကလူကလူ"

စိတ်တိုတိုနှင့် အော်လိုက်တာကြောင့် ကေနိုင် လန့်ဖျပ်သွား ... ို၊ ပတ်ဝန်းကျင် ကျောင်းသားကျောင်းသူတချို့လည်း လည်ပြန် ... ကြည့်သွားကြသည်။ သူမမှာ ဒေါသဖြစ်ရလွန်းလို့ ဆတ်ဆတ်ကို တုန်လို့ ...

"ကေကေ နှင် ဘာမဟုတ်တာတွေ လျှောက်ပြောခဲ့တာလဲ၊ ... နဲ့ တကယ်ထင်သွားတော့ ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူး အမြင်ကတ်လို့ ပြောခဲ့တာ၊ နှင်ဟာ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်နေတဲ့ ယောက်ျားကို ဘာတွေငြိနေတာလဲ၊ ငါပြောလိုက်
နောက်ဆုတ်သွားရင် နင်စိတ်ရှုပ်သက်သာတာပေ့ါ''

''မသက်သာတဲ့အပြင် သေချင်နေပြီ သိရဲ့လား၊ အခု ကို
အတူလာပြီး သူ့ကိုဘာမှ ရှင်းပြခွင့်မရလို့တောင် သေချင်နေတာ၊ က
တင်းလည်း မထိုင်ရဲဘူး။ အတန်းလစ်လို့လည်း အဆင်မပြေဘူး၊ ကို
က ညနေဘက်လည်း လာကြိုမှာ''

''ကောင်းတယ်''

''ဘာ''

''ဩော် ကောင်းတယ်လို့ လိုင်းကားတိုးစီးရတဲ့ကောင်က
တွေ ဘဝင်မြင့်ပြီး နင့်ကိုနိုင်ချင်ရတာလဲ၊ ဝသုန်ဆိုတဲ့ကောင်ကို
အရှမ်းမုန်းတာပဲ''

''နင့်လည်းမချစ်နိုင်းပါဘူး၊ ငါတစ်ယောက်တည်းတောင် ချ
မဝဘူး''

''ရောဂါ''

''ဒီကိစ္စ နင် ရှင်းပေး''

''ဘာလို့ ရှင်းပေးရမှာလဲ၊ ငါနဲ့ဘာဆိုင်လို့လဲ''

''နင် စီးမွေးတာလေ၊ ဝသုန် ဘက်လောက်ခံစားသွားရ
နင် အမှန်အတိုင်းပြောပေး၊ တစ်ပတ်လောက်နေ ကိုကို ပြန်မှတ
အောင်လို့၊ အခုနေ သံသယဖြစ်သွားရင် မေမေ့ဆီပါ ပေါက်ကြ
မလွတ်လပ်တော့မှာစိုးလို့''





''တော်တော် ငါ ပြောင်းမပြောနိုင်ဘူး၊ ပစ်ပစ်များရာကျမယ်၊
နင့်ဘာသာ နင့်အစ်ကိုပြန်မှ ပြောချင်ပြော မပြောချင်နေ''

''ကေကေ ငါနင့်ကို အကူအညီ တောင်းနေတာ''

''မပေးဘူး တခြားဘာနိုင်းနိုင်း''

ကေနိုင်ပြုတ်ပြုတ်သားသားကို ထော်လော်ကန့်လန့် လုပ်နေ
သည်။ ဘယ်လို သိမ်းသွင်းချော့မော့လို့မှ ရမည်မထင်။ စိတ်ဆိုး စိတ်
ကောက် ပြရင်ရော အသုံးတည့်ပါ့မလား။

''ကေကေ''

''ပြော''

''နင်ဘာလိုချင်လဲ ငါဝယ်ပေးမယ်''

''ငါ့မှာ အားလုံးပြည့်စုံတယ် မလိုဘူး''

''ငါစိတ်ဆိုးမှာနော် ကေကေ''

''နင့်အိမ်ကို အသိပေးလိုက်ရမလား၊ နင့်အစ်ကိုကို ရှင်းပြ
လိုက်ရမလား၊ နင့်ကို နည်းနည်းလောက် လိုက်လျှောဆက်ဆံတဲ့သူဆို
ငါ မပြောဘူး၊ အခုက နင့်သူငယ်ချင်းဖြစ်တဲ့ ငါ့အပေါ်လည်း မာရေကျော
ရေ နင်ကချည်း အလျှော့ပေးနေရတာ၊ ငါအရမ်း အမြင်ကတ်တာပဲ''

''သူ ငါ့ကိုချစ်ပါတယ်''

ပြောလိုက်ရတာ အားတော့ သိပ်မရှိလှပေ။ ဝသုန်က တစ်ခါ
တစ်ရံ သူမကို သိပ်ချစ် ဂရုစိုက်သလိုနှင့် တစ်ခါတစ်ရံမှာတော့ အမှုမဲ့
အမှတ်မဲ့ အငြိုးတစ်ခုနှင့် ရက်စက်သလိုကြီး ဖြစ်နေသည်ဟု ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဝသုန်ကို သူမှ ချစ်သည်။ ဘယ်လိုအရာမျိုးကိုမှ အပြစ်မမြင်ရက်၊ မငြိုငြူရက်အောင် မြတ်နိုးသည်။

ဝသုန်ကို ချစ်နိုင်သလောက် ပေးဆပ်ကာ ချစ်ချင်သည်။

ဝသုန်က သူမဘဝအတွက် အချစ်ဦးပါ။

ဒါဟာ ဘဝရဲ့ ဝဋ်ကြွေးတစ်ခုဆိုပါလျှင် . . .။

■ ■ ■

## အခန်း (၂၀)

ညနေပိုင်း လာစောင့်နေစဉ်မှာလည်း ငွေမှင်ရောင်ဂျစ်ကားလေးနှင့်ပင် ဝင့်ထည်ထည် ပြန်လိုက်သွားသည်။ ကားပေါ်က လူနှင့်ရယ်မောပျော်ရွှင်လို့ပါ။

သူလက်ထဲမှာ ဒေါ်သီတာလှိုင် ဝယ်ပေးထားသော ဖုန်းလေးရှိနေသည်။ မလိုချင်ပါဘူး၊ မယူပါရစေနဲ့ ဘယ်လိုပဲပြောပြော။

"အခုခေတ်မှာ လမ်းဘေးအမှိုက်သိမ်းတဲ့ သူကအစ ဖုန်းကိုင်နိုင်နေတဲ့ အချိန်မှာ မင်းလို ဆရာဝန်ဖြစ်မယ့် သူတစ်ယောက်က ပိုပြီးကိုင်သင့်တာပေါ့၊ ပြီးတော့ အန်တီနဲ့လည်း အဆက်အသွယ် မပြတ်မှဖြစ်မယ်၊ မင်းအဖေ နိုင်ငံခြားက ပြန်လာလို့ ရွာပြန်ရောက်ပြီဆိုလည်း နေ့နေ့ညည ကျန်းမာရေးအတွက် ဖုန်းဆက်သတင်းမေးလို့ ရတာပေါ့၊ မင်း ဝန်ထုပ်ဝန်ပိုး မဖြစ်ပါနဲ့ အန်တီ့စေတနာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ငြင်းဆန်လို့မရသည့် အတိုင်းအတာကြောင့် သူ လက်ခံယူထားရတာပါ။ အခု ဒီဖုန်းနှင့် ဝင့်ထည်ထည်ဆီ ဆက်ကြည့်ရ မလား။

"ဝသုန်"

"ဟင် အောင်မင်း"

"ငါတို့ကျောင်းနားလေး ရောက်နေတာ၊ ဝင့်ထည်ထည်ကို လာ စောင့်နေတာလား"

"မင်း အတန်းတက်မလို့လား"

"ဘာလဲ မတက်လည်းရတယ်၊ ဘယ်သွားမလို့လဲ သွားလေ"

"အပြင်လက်ဖက်ရည်ဆိုင် သွားရအောင်ကွာ"

"သွားလေ"

အောင်မင်းနဲ့ဝသုန် နီးစပ်ရာ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင် လိုက်ကြသည်။ မျက်နှာနီနီဖြင့် အလိုမကျဟန် ဝသုန်ကိုကြည့်၍ အောင် မင်း အံ့ဩနေသည်။

"ဘာဖြစ်နေတာလဲ ဝသုန်၊ ဘယ်သူ့ကို အစာမကြေနေတာ လဲ"

"ဝင့်ထည်ထည်"

"အကြောင်းက"

"ဘဲတစ်ပွေ သူ့ကိုကျောင်းလိုက်ပို့တယ်"

"အဲဒါနဲ့"





"သူ့အိမ်က သဘောတူတဲ့သူ ဖြစ်လိမ့်မယ်လို့ သူ့သူငယ်ချင်းက ပြောတယ်"

"ဒါ ခံစားစရာမှ မဟုတ်ဘဲ၊ သဝန်တိုစရာအကြောင်းလည်း မရှိဘူးလေ၊ သူ့ကိုမင်း ပစ်သက်ရတာက"

"အဲဒါကြောင့် မဟုတ်ပါဘူး။ မခံချင်တာ၊ အခု ငါစောင့်နေတာ မှန်း သိတာတောင်၊ အသိအမှတ်မပြုဘူး၊ ဟိုတစ်ယောက်က ငြိမြင်မှာ စိုးလို့နေမှာပေါ့၊ ယောကျ်ားတစ်ယောက် မာနဘယ်လောက်ထိခိုက်လဲ"

"အဲဒါ ဝင့်ထည်ထည် စတိုင်ပဲ၊ ယောကျ်ားတွေကို မာနချိုးပြီး လဲပြိုအောင်လုပ်တဲ့ နေရာမှာ ဆရာကြီး။ မင်းက မတိုက်ခိုက်ရသေးဘူး အခွင့်အရေးတွေ ဆုံးရှုံးသွားပြီလား"

မေးခွန်းကို မဖြေခင်မှာ အံ့ဩသံက အရင်ထွက်၏။ မခံချင် စိတ်များက မာနကြောင့်လား၊ ဘာကြောင့်လား မခွဲခြားနိုင်ပေ။

"ဝသုန်"

အံကြိတ်နေမိသော သူ့ကို အောင်မင်းက လက်တို့ခေါ်၏။ သူမျက်ခုံး နှစ်ခုတွန့်ချိုးလျက်က မော့ကြည့်လိုက်သည်။

"မင်း ဒေါသတွေ စိတ်ကြိုက်ဖြေဖို့ အခွင့်အရေးရှိနေတာပဲ"

"ဘာ"

"မင်းကို အပြစ်မမြင်ဘဲ ချစ်နေတဲ့ ဝင့်ထည်ထည်ကို မင်းတုံ့ ပြန်ဖို့ အခက်အခဲ ဖြစ်နေတယ်ဆို၊ အခု ဒီအကွက်ကို အသုံးချပြီး ပါးရိုက်နိုင်အောင် ကြိုးစားပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုတွေ့မှ မတွေ့ရတာ ဘယ်လိုလုပ်ရမလဲ"

"ထူအ,ချင်မောင်ဆောင် မနေစမ်းပါနဲ့ကွာ ဝင့်ထည်ထည်က မြေလျှိုးမိုးပျံနေလို့လား၊ သူ့ကောင်က ကျောင်းဝန်းအပြင်က ကားပါ ကင်က စောင့်နေတာ၊ မင်းက ကျောင်းပေါက်ဝက သွားစောင့်ပေါ့ မင်းပြောချင်တာပြော၊ မင်းလုပ်ချင်တာ လုပ်လို့ရတယ်"

"တခြား ကျောင်းသား ကျောင်းသူတွေရှေ့မှာ ရှန်းရင်းဆန် ခတ် ဖြစ်သွားမှာပေါ့"

"ဒေါ်သီတာလှိုင်က လူအများရှေ့မှာ သူ့သားလိုပဲ ဝင့်ထည် ထည်ကို အရှက်ရစေချင်၊ သိက္ခာကျစေချင်တာပဲ၊ မင်း ဒီအခွင့်အရေးကို လက်လွှတ်မခံသင့်ဘူး"

သူ့ တွေခနဲတော့ ဖြစ်သွား၏။ ဒါပေမဲ့ ကျောင်းရှေ့ကြီးမှာ မိန်းကလေး တစ်ယောက်ကို ပါးရိုက်ခြင်းက မော်ကွန်းထိန်းဆီ ရောက် သွားပြီး ကျောင်းထုတ်ခံရတဲ့အထိ ပြဿနာ တက်သွားနိုင်သည်။

ဒါပေမဲ့ ဒီအငိုင်းကြီး နေရမှာလည်း ကသိကအောက် မခံ မခံသာကြီး ဖြစ်လို့နေသည်။

"ညနေ ငါစောင့်ကြည့်ဦးမယ်ကွာ"

ဆုံးဖြတ်ချက်ချလိုက်သလို ပြောတော့ အောင်မင်း မျက်ခုံးပင့် ကြည့်ပြီး

"မင်းက ဘာလုပ်မှာလဲ"

"မင်း မသိလည်း ရတယ်"





ကိုယ့်ဘာသာ မရေရာသေး၍ ဘာလုပ်ဖြစ်မည်ဆိုတာ ရှင်းပြ နေချင်။ အောင်မင်းနှင့် ဟိုပြောဒီပြော အချိန်ဖြုန်းပြီးမှ ပရယ်တီကယ် ချိန်ကို အတန်းတက်လိုက်ပြီး ညနေ ဝင့်ထည်ထည် အတန်းဆင်း ချိန် အမီပြန်လာလိုက်သည်။

ခုချိန်ထိလည်း ဘာတွေဘယ်လို ပေါက်ကွဲရမည်ဆိုတာ စဉ်းစား လို့ မရသေးပါ။

"ဝင့်ထည်ထည်"

"ဟင် မောင်"

ဝင့်ထည်ထည် တုန်ခနဲဖြစ်သွားပြီး ကားနားမှာ စောင့်နေသော ဂျိုလ်ဆီကို မလုံမလဲ လှမ်းကြည့်လိုက်သေး၏။ နောက်က ပါလာသော ကောနိုင်က ဝင့်ထည်ထည်လက်ကိုဆွဲ၍ သွားရအောင် ကြိတ်ခေါ်နေတာ မို့ သူ့ရှေ့ကနေ ပိတ်ကာရပ်ထားလိုက်သည်။

"မင်းကို မေးစရာရှိတယ်၊ မင်းအခု မောင်နဲ့လိုက်ခဲ့"

"မ မဖြစ်သေးဘူး၊ မောင် ဟိုမှာ ကိုကိုလှမ်းကြည့်နေတယ်၊ ဒီနားက မြန်မြန်သွားပါ မောင်ရယ်၊ ပြဿနာ တက်တော့မှာပဲ"

"ဘာ မင်း အဲဒီလူကို ကိုကိုလို့ခေါ်တယ် ဟုတ်လား၊ ငါနဲ့ စကားပြောရမှာကို အဲဒီလူရှေ့မှာ ဒီလောက်တောင် ကြောက်နေရအောင် မင်းနဲ့ ဘယ်လိုပတ်သက်လို့လဲ အဲဒီလူကဘာလဲ"

"မောင်"

လက်ဆွဲကာ အသံကျယ်ကျယ်နှင့်မေးမိတော့ ဝင့်ထည်ထည်



www.burmeseclassic.com

www.burmeseclassic.com



က သူ့မလက်ကို ဆတ်ခနဲ ခါထုတ်သည်။ သူ့သွေးတွေ ဒိုင်းခနဲ ဆူဝေသွား၏။

"မင်း"

သူ့လက် ရိုပ်ခနဲ မြောက်တက်သွားသော်လည်း၊ တစ်စုံတစ်ယောက်ရဲ့ ဆောင့်ဆွဲခြင်းခံလိုက်ရသည်။

"ဟိတ်ကောင် မင်း ဒါဘာလုပ်တာလဲ"

"ဘာလုပ်လုပ် ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"ဒါ ငါ့ညီမကွ မင်းလို သူခိုးဂျပိုးလိုကောင်က ဘာကြောင့် ငါ့ညီမကို လက်နဲ့ရွယ်ရတာလဲ"

"ဘာ"

သူ တကယ်ကို တံအံ့တသြ ဖြစ်သွားတာ။ ညီမဆိုပါလား။ ဒါကြောင့် ဝင့်ထည်ထည်က ကိုကိုလို့ ခေါ်တာနေမှာ။ အစ်ကိုတစ်ယောက်ရှေ့မှာ လက်နှင့်ရွယ်တဲ့အထိ ပေါက်ကွဲမိပြီဆိုမှတော့ ပြဿနာကြီးပြီပေါ့။

"ထည်ထည် ဒီကောင် ဘာကောင်လဲ၊ ညီမလေးကို ဘာလို့ ဒီလိုလုပ်တာလဲ"

"ဟို မဟုတ်ပါဘူး ကိုကို"

"ဘာ မဟုတ်တာလဲ၊ ညည်းပြောတော့ ရည်စားသနာ မရှိပါဘူးဆို၊ အခုဘာမှ မပတ်သက်တဲ့ ဒီကောင်ဒီလိုလုပ်တာဆိုရင် ဒီကောင့်ကို ရဲစခန်းတိုင်မယ်"

"ဟင် အဲ အဲလိုမလုပ်ပါနဲ့ ကိုကိုရယ်၊ သူ တစ်ခုခု အကြောင်း





နေမှာပါ၊ လာပါကိုကိုရယ်၊ ညီမလေးလည်း ဘာမှဖြစ်တာ မဟုတ်တဲ့ ပြန်ရအောင်ပါ"

"နေဦး ညည်းအဲလိုပြောနေတာကိုက မဟုတ်သေးဘူး၊ ဒီ ောင်ဘာလို့ မိုက်ရိုင်းတာလဲ၊ ဘာမို့လဲ"

"ကျွန်တော် သူ့ချစ်သူပါ"

"ဘာ ဟိတ်ကောင်"

"ကိုကိုရယ် လာပါ၊ လူတွေဝိုင်းကြည့်နေပြီ၊ ရှက်စရာကောင်း ယ် လာပါနော် ကိုကို"

သူ့အစ်ကိုဆိုသူကို ဝင့်ထည်ထည် ဖွတ်အတင်း လက်ဆွဲခေါ် သွားသည်။ မပြောဖို့ ရည်ရွယ်လိုက်သေးသော်လည်း ဘာကောင် ဆိုသည့် အသုံးအနှုန်းကြောင့် သိသွားအောင် မထွာပ်တိုင် တက်ပြ ခြင်းပင်။

ပြဿနာတွေကို ဝင့်ထည်ထည် ဘယ်လိုရင်ဆိုင်နေမည် ဆိုတာ ? . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အဲဒီ ပြဿနာရှင်းစမ်း ထည်ထည်၊ အဲဒီကောင်လေးက...

ဘာလဲ"

"ဘာမှ မဟုတ်ပါဘူးဆို၊ မီးကို ပိုးပန်းနေတာ"

"ပိုးပန်းနေရုံနဲ့ ဒီလို ရှိုင်းစိုင်းရဲတယ်ဆိုတာ မဖြစ်နိုင်ဘူး... ဘယ်နှယ့် ပြောဆိုနေရုံမက၊ ပါးရိုက်ဖို့တောင် လက်ရွယ်လိုက်သေးတယ်...

ဆို"

"မဟုတ်ပါဘူး သူလူမှား"

"ထည်ထည်"

မေမေ အသံက စူးစူးဝါးဝါး ဟိန်းထွက်သွား၏။ အနား... ထိုင်နေသော မျိုးလွင်ဦး မျက်နှာမှာလည်း ဒေါသတွေနှင့်ပါ။

နိုးမိုးဝာမေ



"ညည်း ဝေလည်ကြောင်ပတ် ရှေ့နောက်မညီတဲ့ စကားတွေ ...ပြီး ဖုံးကွယ်မနေနဲ့ ဒီလို လက်ရဲဇက်ရဲ မိုက်တိမိုက်ကန်း ကောင်လေး ...ညည်းဘာကြောင့် ပတ်သက်ရတာလဲ"

"သူက ဆေးကျောင်းသားတစ်ယောက်ပါ"

"ဘာ"

"နောက်နှစ် ဟောက်(စ်)ဆင်းပြီးရင် ဆရာဝန်ဖြစ်မှာပါ မေမေ"

"အဲဒီတော့ ဒီကောင်လေးနဲ့ ပတ်သက်မှုရှိပါတယ်ဆိုတာ ဝန်ခံ ...သား"

"ကိုကိုနဲ့ အထင်လွဲလို့ ဒီလို ဖြစ်သွားတာပါ၊ သူစိတ်အရင်းခံ ...လို အရိုင်းအစိုင်း မဟုတ်ပါဘူး မေမေ"

"တော်ပြီ ညည်း ဆက်မပြောနဲ့တော့၊ ဒီလို ဆက်ဆံရပြီဆိုက ...ကာ ငါတို့ ဂုဏ်သိက္ခာ ဘယ်လောက်ထိခိုက်သွားပြီလဲ၊ မတန်မရာ ...ကိုမှန်းပြီး သူကမျာ။ ဒီမယ် ညည်းကို ဒီအတိုင်းမထားဘူး"

"ရှင်"

"မောင်မျိုး မင်းသူငယ်ချင်းဆိုတဲ့ကောင်လေး အခြေအနေ ...လိုလဲ"

မျိုးလွင်ဦးဘက် ဒေါ်ခင်မျိုးမြတ် အာရုံရောက်သွား၏။ သတင်း ...ကြားချင်း ဒေါ်ခင်မျိုးမြတ် မခံမရပ်နိုင် ဒေါသတွေဖြစ်နေရသည်။ ...ကျင်မှာ အကျယ်တဝင့်မဖြစ်သေးတောင် သမီးကို ကိုယ်ထိလက် ... စော်ကားဖို့လုပ်တာ သည်းခံနိုင်စရာကိစ္စမဟုတ်။

နိုးမိုးဝာမေ

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေး မိုက်ရိုင်းသွေးကြွတာကို သမီးကရော ဘာကြောင်း
ကာကွယ်ပေးချင်နေရတာလဲ၊

မျိုးလွင်ဦးကလည်း ဒေါသမပြေသေးဟန်ဖြင့်

"ကျွန်တော့်သူငယ်ချင်းက ညီမလေးဓာတ်ပုံတွေ ပြထား
တည်းက စိတ်ဝင်စားနေတာပါ အန်တီ၊ ကျောင်းမှာလည်း မိန်းကလေ
ကိစ္စ အရှုပ်အရှင်းကင်းခဲ့တယ်၊ မျိုးရိုးဂုဏ်သိက္ခာလည်း ကျွန်တော်
အဆင့်အတန်းတူပါပဲ"

"ဒါဆို သူ့ကို တိုက်တွန်းစရာမလိုဘူးပေါ့"

"ဟုတ်ကဲ့ မိဘတွေကအစ ကျွန်တော့်ညီမနဲ့ဆို ပေးစား
တယ် ဘာညာ စနောက်နေတာ၊ သူတို့ကလည်း နည်းနည်း ကြီး
ကျယ်ကျယ်ထဲကပဲ"

"အေး ဒါဆို လူကြီးချင်းတွေ့ပြီး စေ့စပ်တာဖြစ်ဖြစ် လုပ်
ရမယ်"

"မေ မေမေ လျှောက်မလုပ်နဲ့နော်၊ ဘဝတစ်ခုလုံးနဲ့ သက်
တဲ့ အိမ်ထောင်ရေးကို အဲလို လွယ်လွယ်လေး စီစဉ်လို့ ရမလား။
အတင်းအကျပ်တော့ မလုပ်နဲ့နော်၊ ထွက်ပေါက်ရှာသွားမှာ"

"ဘာ ဘာပြောတယ် ဝင့်ထည်ထည်"

"ညီမလေး ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်ခင်မျိုးမြတ်နှင့် မျိုးလွင်ဦး တအံ့တဩပင် ဖြစ်သွား
သည်။ ဘယ်ချိန်တုန်းကမှ ဝင့်ထည်ထည် အတိုက်အခံ ဆန့်ကျင်

နိုးမိုး၁၁၆ပ



လုပ်ဘူးပါ။

ခွင့်လွှတ်နိုင်သော အသေးအမွှားမှလွဲ၍ အပြစ်ပြောစရာမရှိ
အောင် နေတတ်ခဲ့သူ။

"ညည်း စကားက ငါတို့အဆင့်အတန်းနဲ့ ကိုက်ညီရဲ့လား
ဝင့်ထည်ထည်၊ ထွက်ပေါက်ရှာမယ်၊ အဲဒီကောင်ကို အဲလောက်တောင်
အားကိုးနေပြီလား"

"အဲလို မဟုတ်ပါဘူး၊ ထည်ထည် မွန်းကျပ်လာရင် လုပ်ချင်
ရာ လုပ်ပစ်မယ်လို့ ပြောတာ၊ ဘာလို့ ထည်ထည်က ကိုယ်မချစ်တဲ့သူကို
သက်ထပ်ရမှာလဲ"

"မကောင်းဆိုးဝါးကောင်နဲ့ မပတ်သက်ဖို့ဆိုရင် ဒီလိုပဲ လုပ်ရ
မှာပဲ ဝင့်ထည်ထည်"

"ဒီကောင် ဒီလိုလုပ်တာ ကျွန်တော် မကျေနပ်ဘူး အန်တီ၊
အစ်ကိုရှေ့မှာတောင် ပမာမခန့်နဲ့၊ မင်းက ဘာကောင်မို့ ငါ့ညီမကို ဒီ
လို လုပ်တာလဲဆိုတော့ ကျွန်တော် သူ့ချစ်သူတဲ့၊ ဒါကြောင့်မို့ ရိုက်ချင်
ခိုက်၊ နှက်ချင်နှက် လုပ်ပိုင်ခွင့်ရှိတဲ့ ပုံစံမျိုး"

"တောက် ဝင့်ထည်ထည်ရယ် ညည်းကြောင့် ငါတို့ဂုဏ်သိက္ခာ
တွေ ကျပါတယ်အေ၊ ငါပြောထားမယ်နော်၊ ညည်း အဲဒီကောင်နဲ့
ပတ်သက်ဆက်ဆံစရာမလိုဘူး။ ညည်း မနာခံရင် ငါ့အဆိုးမဆိုနဲ့"

"နောက်တစ်ခါ အဲလိုဖြစ်စရာအကြောင်းလည်း မရှိပါဘူး"

"အေး ပြီးတာပဲ"

နိုးမိုး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ကိုကိုနှင့်အထင်လွဲစရာကိစ္စ မရှိတော့လို့ ဒါမျိုးဖြစ်

မရှိတော့ဘူးလို့ ပြောတာ။ မေမေတို့က ပြတ်ပြတ်သားသားနေတော့

အစ်ပွားယ်ကောက် ယူဆသွားတာဖြစ်နိုင်ပြီး သူမဘာမှ မပြောတော့

သူမ ဒီအတိုင်းနေလိုက်သည်။

ဝသုန်ရဲ့ထိုလုပ်ရပ်အတွက် သူမရင်ထဲလည်း တန့်နဲ့ တင်

နှင့်ပါ။ အထင်လွဲစရာကိစ္စ ဖြစ်နေခဲ့ရင်တောင် သူမအပေါ် ရိုက်

ပုတ်မောင်း မပေါက်ကွဲသင့်ဘူး ထင်သည်။ တကယ်ဆို ပြေလည်

ပြေလည်ကြောင်း ညှိနှိုင်း ဖြေရှင်းကြည့်ပေါ့။

မရှာဘူးဆိုမှ အနိုင်နှင့်ပိုင်းသွားတော့ရော သူ့ကို သူမက အ

တင်မှာတဲ့လား။ ဒါပေမဲ့ ဒီလိုအတွေးသာ ရှိသော်လည်း သူမအ

ဟန်မဆောင်နိုင်အောင် သဝန်တိုစွာ ချစ်တတ်လွန်းသော ဝသုန် 

အမူလေးကို မြတ်နိုးစိတ်နှင့် ကြည်နူးမိရပါသေးသည်။

လူကြားသူကြားမှာတောင် ဟန်ဆောင်ထိန်းချုပ်မှုမဲ့လေ

အောင် ခံစားနေလိုက်တာ၊ ဘယ်လောက်များ သနားဖို့ကောင်းလဲ။ 

လေးလို အချစ်ကြမ်းတာကို သူမမှာဖြင့် မှတ်သိပ်တောင့်တ ရင်

တွေမြန်လွန်းစွာ . . . ။

■ ■ ■

[illegible]

## အခန်း (၂၂)

"မင်း အဲဒါနဲ့ ကျေနပ်လာခဲ့တယ်ဆိုပါတော့"

"ဘာကိုလဲ"

"သူ့ကို ကားနဲ့လိုက်ပို့တဲ့သူက သူ့အစ်ကိုဖြစ်နေတယ်ဆိုတော့လေ၊ မိတ်သဘောတူတာ ဘာညာမဟုတ်တော့ မင်း မပေါက်ကွဲဖြစ်လိုက်ရဘူး"

"အဲလောက်ဖြစ်တာတောင် သူ့အိမ်မှာ ပွဲကြမ်းနေလောက်ပြီ၊ သူ့အစ်ကို တော်တော်ဒေါသဖြစ်သွားတာကွ၊ ရဲတိုင်မယ် ဘာမယ်နဲ့ ရှာနေသေးတာ၊ ဝင့်ထည်ထည် ဖွတ်အတင်း ဆွဲခေါ်သွားလို့"

မျက်နှာငယ်လေးဖြင့် ပြုံးပြုံးပျာပျာ တားဆီးနေသော ဝင့်ထည်ထည် ပုံရိပ်လေးကို မေ့ဖျောက်လို့မရပါ။ သာမန်အခြေအနေအရဆို

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ဒီလိုမလုပ်သင့်မှန်း သူ သိသည်။

နှုတ်ကလည်း မစော်ကားသင့်။ ကိုယ်ထိလက်ရောက်လည်း
မပြုမူသင့်။ ဝင့်ထည်ထည်သာ မခံမရပ်နိုင် ပြန်ပေါက်ကွဲလျှင် ထိုနေရာ
အုတ်အော်သောင်းနင်း အခြေအနေ တင်းမာသွားနိုင်သည်။

"ဝသုန် ဝင့်ထည်ထည်က မင်း ဒီလိုလုပ်တာလည်း အ
မမြင်လို့ စိတ်ထိခိုက်သွားပြန်ပြီလား"

"မဟုတ်ပါဘူး။ သူ့အိမ်မှာ ဘယ်လိုဖြေရှင်းနေရပြီလဲလို့ 
နေတာပါ၊ သူက ငါနဲ့ချစ်သူဖြစ်တာ ဖုံးကွယ်ထားချင်လို့ ငါ့ကို မသိ
ယောင်ဆောင်နေတာဖြစ်မယ်၊ ငါက အဲဒါကိုမသိဘဲ ပေါ်တင်သွား
နိုက်ပြီး ပြဿနာရှာမိတာ"

"နောင်တရစရာအကြောင်းတော့ မရှိပါဘူးကွာ၊ ဒီအခြေအ
လောက်ကို ဒေါ်သီတာလှိုင် မကျေနပ်လောက်သေးပေမယ့် နည်း
တော့ စိတ်ပြေသာနိုင်မှာပါ။ ဘာလို့လဲဆိုတော့ ဒေါ်သီတာလှိုင်က
ထည်ထည်ကို အဆုံးစွန်ထိ တိုက်ခိုက်ချင်တာလေ"

သူ ဟူးခနဲ သက်ပြင်းချမိရင်း နံရံမှာ ကျောကပ်သွားခဲ့
ရင်ထဲမှာရော စိတ်ထဲမှာရော မွန်းကျပ်လှောင်ပိတ်လို့ပါ။ ဘယ်လို 
မှန်းလည်းမသိဘဲ ဟိုအဝေးထိ ရောက်အောင် ထွက်ပြေးသွားလိုက်
"မင်း ပြေးပေါက်ပိတ်နေပြီ ဝသုန်၊ အဆုံးထိ တိုက်ရ
တော့တယ်၊ သူ့ကို ညှာတာလိုက်ရင် မင်းခံရမှာ၊ ဒါနဲ့ မင်းအ
ခွဲစိတ်ပြီးတာ အောင်မြင်လား"



"အောင်မြင်တယ်"

"ဒါဆိုပြန်လာတော့မှာပေါ့"

"အင်း"

"မင်းညီမလေးရော"

"နေခဲ့မယ်တဲ့၊ အဖေ ပြန်လာရင် လေယာဉ်ကွင်းသွားကြိုပြီး
ရွာပြန်လိုက်ပို့ရမှာ"

"ကျောင်းတော့ သိပ်ပျက်လို့မရတော့ဘူး ထင်တယ်၊ စာမေးပွဲ
နီးနေပြီမဟုတ်လား"

"ပညာသင်နေရတာလည်း စိတ်မပါတော့ဘူး။ သူများအကူ
အညီ အထောက်အပံ့နဲ့ ပညာသင်နေတာ အဓိပ္ပာယ်မှ ရှိရဲ့လားလို့လည်း
ဝန်ထုပ်ဝန်ပိုး ဖြစ်တယ်"

"မင်း အခုလိုတွေဖြစ်နေတာ ဝင့်ထည်ထည်ကို အပြစ်မရှိဘဲ
တိုက်ခိုက်နေရတယ်လို့ထင်ပြီး အားလုံးကို ရပ်တန့်ပစ်လိုက်ချင်တာ
ထင်တယ်"

အမှန်ပဲလို့ ဝန်မခံဖြစ်သေး။ ဝင့်ထည်ထည် နလုံးသား ဗဟို
တည့်တည့်ကို သူ အချစ်နှင့်တိုးဝင်ခဲ့တာမှ မဟုတ်ဘဲ။ ဒါကို ဘာကြောင့်
ဒီလိုတွေဖြစ်နေရတာလဲဆိုတာလည်း နားမလည်ပါ။

"အောင်မင်း"

"ဘာလဲ ပြော"

"ငါ ဆက်ပိုင်နဲ့ အရမ်းတွေ့ချင်တယ်ကွာ၊ စကားတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



အများကြီး ပြောချင်နေတယ်''

''ငါ့ကို အမုန်အတိုင်းရင်ဖွင့်လို့ မဖြစ်ဘူးလို့ ထင်လို့လား

''မဟုတ်ပါဘူး''

''ငါက ဆက်ပိုင်ကို ချစ်သလို မင်းကိုလည်း ချစ်ပါတယ် မင်းနဲ့ငါ့ဘဝက ပိုပြီးနီးစပ်တယ်၊ ဒါပေမဲ့ ဆက်ပိုင် ခံခဲ့ရတာကို လျစ်လျူ လို့တော့ မရဘူး ဝသုန်၊ မတွေဝေစမ်းပါနဲ့ကွာ၊ မင်း ပျော့ညံ့တဲ့ကော လည်း မဟုတ်ဘဲနဲ့''

''မပျော့ညံ့တာ တွေဝေတာ မဟုတ်ဘူး၊ ငါ လုပ်နေတ မှန်ရဲ့ လားလို့ ဝေခွဲမရတာ၊ ဝင့်ထည်ထည်ကို ပါးရိုက်ခွင့်ရ တကယ်ပြီးပြီ လားဆိုတာလည်း သံသယဖြစ်တယ်''

''ဘာဖြစ်လို့လဲ''

ဒါကိုလည်း သူ လွှတ်ခနဲ မဖြေနိုင်ပါ။ အဆုံးသတ်ဖို့ အ အရေးရခဲ့လျှင်တောင် သူ့ရင်ထဲမှာ တစ်စုံတစ်ရာ ကျန်နေမည်ဟု စိ ထဲမှာ ထင်နေသည်။

သူ ဘာတွေမှားယွင်းနေလည်း သူကိုယ်တိုင်မသိတာက သည်။ အောင်မင်းက မကျေမနပ်ဖြင့်

''မင်း သိပ်အချိန်မဆွဲနဲ့တော့ ဝသုန်၊ တွေဝေတာ ကြာ ရည်ရွယ်ချက်တွေ ပျောက်ကုန်မယ်၊ အဲဒီနေရာမှာ မင်း ပြတ်သားခဲ့ ပွဲတောင်ပြီးနေလောက်ပြီ''

အောင်မင်း ပြောတာ မှန်သည်။ တခြားယောကျ်ားနှင့် ပ





သက်တာ အပြစ်တစ်ခုပဲ။ ဖြေရှင်းမှုကို ကျေနပ်မပေးဘဲ စွပ်စွဲမှုတွေဖြင့် ပြင်းပြင်းထန်ထန် တုံ့ပြန်ပစ်ခဲ့လို့ရသည်။

ဒီလိုသာ လုပ်ခဲ့လျှင် ဝင့်ထည်ထည် လူအများကြားမှာ ဝရုန်း သုန်းကား အရှက်ကွဲမှာတော့ သေချာသည်။

အခုတော့ အစ်ကိုဖြစ်သူရဲ့ အချိန်မီဖြေရှင်းမှုကို သူ အံ့ဩစွာ ကျေနပ်ခဲ့သည်ပဲ။ သူမ ဒါကို ဘယ်လိုရင်ဆိုင်မလဲဆိုတာကို တွေးပူမိတာ ကိုက။

သူ ဆတ်ခနဲ ခေါင်းခါယမ်းပစ်လိုက်ချိန်မှာ အောင်မင်း မျက် မှောင်ကြုတ်သွားသည်။ ဒါပေမဲ့ ဘာမှမပြော။

အောင်မင်း ဘယ်လိုတွေးသွားလည်း သူ တွေးမနေချင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အဖေ့ကို လေယာဉ်ကွင်းမှာသွားကြို၊ ရွာပြန်ပို့နှင့် ကျောင်း
ခွင့်နှစ်ရက်တိုင်လိုက်ရသည်။ ဒေါ်သီတာလှိုင်က အဖေ့ကျန်းမာရေ
ကောင်းတာကို ဝမ်းသာနေသလို ဆေးဝါးနှင့် ဓာတ်စာကအစ လိုေ
သေးမရှိအောင် ဖြည့်ဆည်းပေးလိုက်သည်။

"သူတို့ကျေးဇူးတွေဆပ်လို့ မကုန်နိုင်ဘူး သား၊ ရေဘဝရေ
ကြောင့် အဖေတို့ သူတော်ကောင်းနဲ့ ဆုံရတာ၊ ဟိုမှာ ဒေါ်သီတာလှိ
ယောကျ်ားရော မောင်ဆက်ပိုင်ရော အဖေတို့ကို ဂရုစိုက်တယ်၊ သ
ညီမလေး ပြန်လိုက်မလာတာလည်း သူတို့ကြောင့်ပဲ"

"ဗျာ"

"ဩော် မိသားစုလို သဘောထားတော့ အားငယ်စရာ





တော့ဘူးပေါ့ကွယ်၊ မြန်မာပြည်ပြန်ရောက်ပြီးမှဆို တစ်ခေါက်ပြန်လာဖို့
လွယ်ဘူး၊ အဖေ့ကျန်းမာရေးလည်း ကောင်းနေပြီဆိုတော့ သူ နေခဲ့
လိုက်တော့မယ်တဲ့"

"သူ့ပညာရေး ဘယ်လိုလုပ်မလဲ အဖေ၊ ဆယ်တန်းတောင်
အောင်ရသေးတာမဟုတ်ဘူး"

"ဟိုမှာ အလုပ်တစ်ဖက် ပညာရေးတစ်ဖက် ကြိုးစားနိုင်အောင်
မောင်ဆက်ပိုင် ကူညီနေပါတယ်"

"ဆက်ပိုင် ဟိုမှာ ကျန်းမာရေးကောင်းသလား အဖေ"

ဆက်ပိုင်အကြောင်း သိချင်လို့ မေးတော့ အဖေက ခေါင်းညိတ်
ပြ၏။ ရေနွေးခွက်ကို ချထားလိုက်ပြီး

"အစပိုင်းတော့ တမှိုင်မှိုင် တတွေတွေနဲ့ ဘာကို အလိုမကျ
ဖြစ်နေမှန်း မသိဘဲ ကျန်းမာရေးလည်း မကောင်းဘူးကွ၊ အခုတော့
နိုင်ငံခြားမှာ နေသားကျပြီး အဖေ့အပေါ် ဂရုစိုက်သလို သား ညီမလေး
ကိုလည်း စောင့်ရှောက်မှုရှိတယ်၊ သူပဲ သားညီမကို ဟိုမှာအလုပ်လုပ်ဖို့
တိုက်တွန်းတာ"

"အဲဒီသတင်းကို ဒေါ်သီတာလှိုင်ဆီက ကြားပါတယ်၊ ညီမလေး
အလုပ်လုပ်ချင်စိတ်ရှိတာ ကောင်းပေမယ့် အရမ်းငယ်သေးတယ်၊ ဒီမှာ
အေးအေးချမ်းချမ်းနဲ့ ပညာသင်နေရမယ့်အရွယ်ပါ"

သူပြောတာကို လက်ခံသလို အဖေက ခေါင်းတညိတ်ညိတ်။

"အဖေလည်း အဲလို အတွေးကြောင့် သမီးငယ်ကို ခေါ်ခဲ့သေး

www.burmeseclassic.com



တာပဲ၊ ဒါပေမဲ့ မင်းညီမက ပြန်မလိုက်ချင်ဘူးသား။ သူက''

အဖေမှာ ဘာတွေပြောစရာရှိနေမှန်း မသိသော်လည်း တိခနဲ ဖြတ်တောက်လိုက်ပြီး ရေနွေးခွက်ကို ပြန်ကိုင်၏။ ပါးစပ်မှာ တေ့ကပ် သောက်ဖို့ပြင်ပြီးမှ ရေနွေးမပါတာကို သတိထားမိပြီး ခွက်ကို ပြန်ချသည်။

အဖေ တစ်ခုခုကြောင့် စိတ်ဂနာမငြိမ် ဖြစ်နေတာ သေချာသည်။

''အဖေ''

''သား မနက်စော ထပြန်မှာမဟုတ်လား၊ အိပ်တော့လေ''

အချိန်မကာန်သေးဘဲ အဖေ အိပ်ခိုင်းနေတာ ဘာကြောင့်လဲ။ လရောင်က နေ့ဘက်လို လင်းထိန်နေကာ တစ်ရွာလုံး တိတ်ဆိတ်မှု လွှမ်းမိုးနေပေမယ့် သူ့မျက်လုံးတို့က မှေးမှိတ်လို့ မရသေးပေ။

''ကျွန်တော် မအိပ်ချင်သေးဘူး အဖေ''

''သား စိတ်ပိစီးမှုတွေ များနေသလား၊ နှစ်လလောက် အဖေ ဆေးကုသွားနေတဲ့အချိန်မှာ သား ဘာဝန်ထုပ်ဝန်ပိုးတွေ ထပ်ပိသေးလဲ''

အဖေ မြင်သာအောင် သူ ခေါင်းခါယမ်းလိုက်သည်။ ဒါပေမဲ့ အဖေက မယုံကြည်သလို နှုတ်ခမ်းလေးမဲ့သွားသည်။

''သားမပြောလည်း အဖေ သိပြီးသားပါ၊ တန်ရာတန်ကြေး ပြန်မရရင် ဘယ်သူမှ အလကား မပေးဘူး၊ မြေသြဇာကျွေးမှ အပင် ကြီးထွားတာပါ၊ အမြတ်အစွန်းကို မမျှော်ကိုးရင် ဘယ်သူက ရင်းနှီးမြှုပ်နှံ မှာလဲ၊ သားကို ပြန်ဆပ်ဖို့ မတောင်းဆိုတဲ့နဲ့ ဒေါ်သီတာလှိုင် ဒီလောက်ထိ





ေက်ရောနိုင်ပါဘူး သားရယ်''

လေးပင်စွာ ပြောနေသော အဖေ့စကားတွေက တစ်စုံတစ်ခုကို သိထားပြီး သူ့အတွက် ကြောင့်ကြနေဟန်လည်းရှိ၏။ ကျန်းမာရေး ပြန်ကောင်းလာခါစ အဖေ့ကို စိတ်သောကတွေ ထပ်မပေးချင်ပါ။

''အမေ အိပ်တော့လေ၊ အမေက ညီမလေး ပြန်မပါလို့ စိတ် ကောင်းဖြစ်နေတာနဲ့ ဆေးတိုက်သိပ်လိုက်ရတယ်''

''အေးလေ သားကလည်း အဲဝေးမှာ၊ သမီးကလည်း အနားမှာ ဆိုတော့ သူလည်း စိတ်ထိခိုက်ရှာမှာပေ့ါ၊ ဒါပေမဲ့ အဖေ့ကျန်းမာရေး ကောင်းလာလို့ ဒေါ်သီတာလှိုင်တို့ကို မင်းအမေ ကျေးဇူးတင်တာပါ၊ ောက်ဆို သားအမေလည်း နေသားကျသွားမှာပါ သားရယ်၊ သား ညာတတ်ကြီးဖြစ်ပြီး သမီးကလည်း မိဘအားကိုးရမယ့်သူဖြစ်ရင် အဖေ ့ စိတ်ချမ်းသာရတာပေ့ါ''

မျှော်လင့်သလို ဖြစ်လာဖို့ ကံကြမ္မာက မျက်နှာသာပေးဖို့ လို မယ့် တစ်ရေးမှ အိပ်မပျော်ဘဲ မနက်မိုးလင်း အမေ ကျွေးသည့် မင်းကြော်နှင့်ငါးခြောက်ဖုတ်ကို စားပြီး ရန်ကုန်ပြန်လာခဲ့သည်။

အဖေနှင့်အမေ ပေးလိုက်သည့် ရွာပြန်အသီးအနှံ လက်ဆောင် ချို့ ဒေါ်သီတာလှိုင်ကို ဝင်ပို့ပြီးလျှင် ကျောင်းတက်ချိန်လည်း မမီတော့ ာမို့ သူ ဘယ်သွားရမလဲ။

အရင်ဆုံးတော့ ဒေါ်သီတာလှိုင်ဆီ ရောက်အောင် သာရသည်။

''အန်တီ''



www.burmeseclassic.com

www.burmeseclassic.com



"အေး လာ ဝသုန်၊ ဘာလို့ ဒါတွေ သယ်လာတာလဲ၊ တံကူး တာက"

"အမေတို့စေတာနာပါ၊ အန်တီ့ကိုကျေးဇူးတင်လို့တဲ့"

"အဲလို ကျေးဇူးတရားကို မမေ့တတ်တာ ကောင်းတာပေါ့ကွယ်၊ မင်းတို့တွေအတွက်က ကူညီစောင့်ရှောက်ပံ့ပိုးပေးတဲ့သူအပေါ် ကျေးဇူး သိတတ်ဖို့နဲ့ ကိုယ်ကျင့်တရားကောင်းဖို့ပဲ၊ ဒီလိုမှ မဟုတ်ရင်တော့ နောင် ဘဝလည်း သူတစ်ပါးအပေါ် အမှီအခို ကင်းမှာမဟုတ်ဘူး"

သတိပေးခြင်းလား၊ ကျိန်စာတိုက်ခြင်းလား။ အဆင့်အတန်း မတူ နှိမ့်ချစွာ ဆက်ဆံလိုက်ခြင်းကတော့ သေချာပါသည်။ ဒီဘဝမှာတော့ ဒီစကားလုံးတွေအောက်က လွတ်မြောက်တော့မည် မထင်။ ပေးတာယူ ကျွေးတာစားဘဝဖြင့် ကျေးဇူးတွေ တုံ့ပြန်ပေးဆပ်ဖို့ တောင်းဆိုခံထားရ သည်ပဲ၊ အရင်က ဒီလိုတွေမပြောသော ဒေါ်သီတာလှိုင်က အခု ဘာတွေ အလိုမကျ ဖြစ်နေလည်း နားမလည်နိုင်ပေ။

ထိုင်ခုံမှာ မဝံ့မရဲ ဝင်ထိုင်လိုက်ချိန်တွင် အိမ်အကူကောင်မလေး က သူပါလာသည့် ပစ္စည်းတွေ လာသိမ်းသွားခဲ့သည်။

"တုံ့ပြန်ဖို့ အခွင့်အရေးရတာ မင်း ဘာလို့ လက်လွှတ်ဆုံးရှုံး ခံလိုက်တာလဲ"

"ဗျာ"

အောင်မင်းဆိုက သတင်းယူထားပြီးပြီဆိုတာ သူ သိလိုက် သည်။ ဒီထက် တိကျသေချာတာတွေ စုံစမ်းနိုင်အောင်လည်း ဒေါ်သီတာ





လှိုင်က အစွမ်းထက်သူပါ။

"ဒီလောက် လူများတဲ့ကျောင်းဝင်းရှေ့မှာ မှန်နေခဲ့ရင်တောင် အမှားလုပ်ပြီး ပြဿနာရှာလို့ရတာပဲ"

"ကျွန်တော် ပညာရေးကိုပါ ထိခိုက်နိုင်တဲ့အထိ ပြဿနာကြီး သွားနိုင်လို့ပါ အန်တီ"

"ဆက်ပိုင်က မင်းအပေါ် အရမ်းကောင်းတယ်ဆို၊ ဆက်ပိုင် အတွက် မင်း ဒီလောက်တောင် မရင်းနိုင်ဘူးလား"

"ဟင်"

ကိုယ့်အတွက် ဒီလောက်ထိ ရင်းပေးဖို့ တွေးထားလျှင် ဘာ ကြောင့် ထောက်ပံ့နေသေးလဲဟု သူ ထေ့ငေါ့ပစ်လိုက်ချင်၏။ ဒါပေမဲ့ ဘဝအခြေအနေက အဲလို ခံစားရသမျှ တုံ့ပြန်ဖို့ အခွင့်အရေးမပေးပါ။

"အဲဒီနေ့က သူ့အစ်ကို အနားမှာရှိနေပြီး ပွဲကြမ်းဖို့ အခွင့် အရေး မပေးလို့ပါ အန်တီ"

"အေး ထားပါတော့၊ ဒါပေမဲ့ တုံ့ပြန်ဖို့ ဆုံးဖြတ်ထားရင် ဆင်ခြေပေးပြီး တုံ့ဆိုင်းစရာ အကြောင်းမရှိဘူးထင်တယ်၊ စောစော ပြီးရင် စောစော အန်တီ စိတ်ချမ်းသာ စိတ်သက်သာရာရတာပဲ၊ အဲဒါ ပြီးရင် သားကိုပြန်ခေါ်ဖို့ အန်တီ စဉ်းစားထားတာ"

"ဟုတ်ကဲ့"

"သူငယ်ချင်းကို တွေ့ချင်တယ်၊ သူ့အတွက်ပဲ တွေးတယ်ဆို ဆိုင် သိပ်အချိန်မဆွဲစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် ကြိုးစားပါ့မယ်"

ဒေါ်သီတာလှိုင် မထိတထိ ပြုံးကာ ခေါင်းညိတ်၏။ သူ့ရင် ပူလောင်မှုန်းကြပ်သွားသည်။ အပြန်လမ်းမှာ ဖိအားတွေကြောင့် ခြေလ တွေ လေးကန်ပြီး မသယ်နိုင်။ ဒါတွေ ဒီလိုဖြစ်ရခြင်းဟာ ဝင့်ထည်ထ ကြောင့်။

ဆက်ပိုင်နှင့် ပတ်သက်မှုတွေ ဆိုးကျိုးဖြစ်ခဲ့ပြီး သူ့ကိုပါ ကြိုး တွေ ရိုက်ခတ်ခဲ့ခြင်းပင်။

မင်းက မကောင်းဆိုးဝါးတစ်ကောင်လား ဝင့်ထည်ထည်

■ ■ ■



## အခန်း (၂၄)

"ထည်ထည် ဒီနေ့ ညညအစ်ကို ပြန်မှာမို့ လိုက်မပို့နိုင်တာနဲ့ တွက်လပ်ပြီလို့တော့ မအောက်မေ့နဲ့၊ မိသားစုအသိုက်အဝန်း ဂုဏ်သိက္ခာ ပမယ့်အပြစ်ကို ကျူးလွန်ရင်တော့ ငါ ခွင့်မလွှတ်ဘူးနော်"

"ဟုတ်တယ် ညီမလေး၊ ကလေကချေကောင်နဲ့ လုံးဝ မပတ် သက်သင့်ဘူး၊ ဒီကောင် စရိုက်ကြမ်း ညဉ်ဆိုးမယ့်ပုံစံရှိတယ်၊ မပြည့်စုံ ကို နားလည်ပေးလို့ရတယ်၊ ကိုယ်ကျင့်တရား ပျက်ပြားရင် ဘယ်တော့ အိမ်ထောင်ဘက်အဖြစ် မရွေးချယ်သင့်ဘူး"

"ကဲပါကွယ် သူ့ကို ဒါတွေပြောနေရင် အပိုပါပဲ၊ အန်တီ ပြောထားတဲ့ကိစ္စ အကောင်အထည်ဖော်တာပဲ စိတ်အေးရမှာ၊ မင်း ဒီ တစ်ခေါက် အဲဒီကိစ္စ အဆင်ပြေအောင် လုပ်လာခဲ့"

"ဟုတ်ကဲ့ အန်တီ၊ အဲဒါက ဖြစ်အောင်လုပ်မှာပါ၊ ဟို အန်



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ရော''

''သူ့ကိုလည်း ညက နားလည်အောင် ပြောထားတယ်၊ သူ

သူ့အလုပ်နဲ့သူ မအားလပ်တော့ မင်းသဘောပဲလို့ ပြောတာ၊ နိုင်ငံ

ခရီးစဉ်လည်းရှိတယ်၊ ကိုယ်ဖိရင်ဖိ သူက အနီးကပ် မစောင့်ရှောက်နိုင်

သမီးနဲ့ပတ်သက်ရင် အန်တီ့သဘောပါပဲ''

''ဟုတ်ကဲ့ အန်တီ၊ ဒါဆို ကျွန်တော် သွားပြီ၊ ညီမလေး

လိမ်လိမ်မာမာနေ''

ကိုကို နောက်ဆံတင်းပေမယ့် မသွားမဖြစ် ထွက်သွားပြီ

ရင်ထဲက အလုံးကြီး ဖြုန်းခနဲ ပြုတ်ကျကာ ပေါ့ပါးသွားသည်။ ထ

နှင့်တွေ့ခွင့်မရတာ ဘယ်လောက်တောင် ကြာနေပြီလဲ။

ဝသုန်လည်း သူမကို လွမ်းနေမှာပါ။ ကိုကိုနဲ့ အထင်လွဲနေ

ကာလတွေမှာလည်း အရမ်းကို စိတ်ပင်ပန်းနေရှာမှာ။

''မေမေ သမီး ကျောင်းသွားတော့မယ်''

''ဒရိုင်ဘာ ခေါ်သွားမလား''

''မလိုပါဘူး မေမေကလည်း အရင်ကလည်း သမီးဘာ

ကားမောင်းသွားတဲ့ဟာကို၊ ဒီနေ့မှ ကားအသစ်လေးကို စမ်းမောင်း

သွားပြီ မေမေ''

စကားလုံးက နောက်မှာကျန်ခဲ့ပြီး လူက ကားပေါ်ရောက်

အမြန်နှုန်းဖြင့် ကားကို မောင်းထွက်ခဲ့သည်။ ဦးတည်ရာက သူ

ကျောင်းကိုမဟုတ်ပါ။ ဝသုန်ဆေးကျောင်းဘက်ကို အရင်လာခဲ့





[...]ထဲမှာ အလွမ်းတွေ ပြည့်ကျပ်နေလို့ ဝသုန်ကို တွေ့ရမှဖြစ်မှာ။

''မောင် မောင်''

လမ်းဘေး ပလက်ဖောင်းပေါ်က လျှောက်နေသော မောင့်ကို

[...]ားလေးရပ်ကာ အလျင်အမြန် ကားပေါ်ကဆင်းပြီး ခေါ်မိသည်။

''ထည်ထည်''

အံ့သြသွားဟန်ဖြင့် မောင့်မျက်နှာ တစ်မျိုးတစ်မည် ဖြစ်သွား၏။

''ကိုကို ပြန်သွားပြီ မောင်ရဲ့၊ အဲဒါကြောင့် မောင့်ဆီ ထည်ထည်

[...]သာအားရ ထွက်လာတာ၊ မောင် ထည်ထည်တို့ တစ်နေရာ သွားရ

[...]အောင်''

''အတော်ပဲ မောင်လည်း ကျောင်းမတက်ချင်ဘူး၊ ရုပ်ရှင်သွား

[...]ကြည့်ရအောင်''

''ကောင်းသားပဲ ထည်ထည်လည်း ဒီနေ့မှ ထွက်ပေါက်ရလို့

[...]တော့ မောင်နဲ့လည်း စကားတွေပြောချင်တယ်''

သူမ ဟန်မဆောင်နိုင်ပါ။ ဝသုန်အတွက် ကားတံခါးဖွင့်ပေး

[...]က်ပြီး ရုပ်ရှင်ရုံကို မောင်းထွက်လာခဲ့သည်။

မနက်ပိုင်းပွဲ မှီသေးတာမို့ မောင်ကို ပိုက်ဆံပေး၍ လက်မှတ်ဝယ်

[...]ခိုင်းလိုက်၏။ ရုံပေါက်ဝကိုရောက်မှ ဘာကားပြနေတာလဲ မေးဖို့ သတိရ

[...]သည်။

ဒါပေမဲ့ မေးမကြည့်ဖြစ်၊ ဒီအချိန်မှာ ဘယ်မင်းသား၊ ဘယ်မင်း

[...]မီး၊ ဘာဇာတ်ကားဆိုတာက မောင်နှင့် နီးကပ်စွာ အတူရှိနေရမှာ



www.burmeseclassic.com

www.burmeseclassic.com



လောက် အရေးမကြီးပေ။

"မောင် ကွာစေ့စားမလား။ ပေါက်ပေါက်စားမလား။ အချဉ်ထ လည်းပါတယ်"

"ဟင့်အင်း ကိုယ်ရုပ်ရှင်ကြည့်ရင် ဘာမှမစားတတ်ဘူး။ ထည် ထည်စားရင် မောင် ခွာပေးမယ်လေ"

"အင်း ခွာပေး"

ကွာစေ့ခွာရတာ စိတ်မရှည်တတ်ပေမယ့် သူ့လက်ထဲထည့် သည့် ကွာစေ့တွေကို တစ်စိချင်း မညည်းမညူခွာကာ သူမ လက် ထည့်ပေးရင်း၊ သူ ဘာလုပ်ရမလဲ စဉ်းစားနေမိသည်။ တဖြည်းဖြ ငြိတွယ်လာသော ကြိုးတို့ကို သူကိုယ်တိုင် ဖြတ်မှဖြတ်တော့မှာ။

ဘူဘာလုပ်လုပ် သူဘယ်လိုပဲ မိုက်ရူးရဲ ကြမ်းတမ်းပါစေ သူ ဘက်က အပြစ်တင်သံလေးတောင် မကြားရတာမို့ သူစိတ်တွေက ပျော ချင်နေပြီ။

အခု သူမကို သွေးတိုးစမ်းသည့် အနေဖြင့်

"ဟိုနေ့က မောင်အထင်လွဲပြီး ထည်ထည်ကို ရိုက်မော ပုတ်မောင်း ပေါက်ကွဲမိတာ ထည်ထည် စိတ်မဆိုးဘူးလား"

"ဘာဖြစ်လို့ ဆိုးရမှာလဲ မောင်ရယ်၊ ကိုကို့ကို ထည်ထည် ဟိုလိုဒီလို ပတ်သက်တဲ့လူထင်ပြီး မောင့်အတွက်ပဲ စိတ်မကောင်းဖြ တာပါ။ ရှတ်တရက် လန့်ဖျပ်ပြီး မောင့်ကိုထည်ထည်မှ ရှင်းမပြမိတာ

"ထည်ထည် အစ်ကိုကရော အိမ်ကိုပြန်မတိုင်ဘူးလား"





"တိုင်တာပေါ့ အဲဒီနေ့က အိမ်မှာအကြီးအကျယ် ပြဿနာ က်တယ်၊ ရပ်စကားပြောတာလောက်က သူငယ်ချင်းပါ၊ ဘာညာ င်ခြေပေးလို့ ကောင်းပေမယ့် မောင်က လက်ခွဲပြီး ရိုက်ချဖို့ ရှယ်လိုက် ကိုကို တော်တော်တင်းသွားတယ်"

"မောင် မှားသွားပါတယ်"

ရင်ထဲကလာသော တောင်းပန်တိုးလျှိုးမှုက ပြင်ဆင်ထားခြင်း ဲ ပွါးစပ်ဖျားက လွှတ်ခနဲ ထွက်သွားခဲ့ခြင်းပင်။ ဒါကို သူမက ျုနစ်သွားကာ သူ့ပခုံးထက်မှာ မှီနွဲ့ပစ်လိုက်ရင်း

"တောင်းပန်စရာ မလိုပါဘူး မောင်ရယ်၊ မောင် သွေးဆူလွယ် ယ်၊ ပေါက်ကွဲလွယ်တယ်ဆိုတာ ထည်ထည် သိပါတယ်၊ တခြား ယောကျ်ားတွေလို မျိုသိပ်သည်းခံပြီး ထည်ထည် စိတ်ဆိုး စိတ်ကောက် ကြောက်နေတဲ့ ယောကျ်ားတွေနဲ့ မတူလို့ မောင့်ကို ထည်ထည် ချစ်တာ အဲလို ယောကျ်ားတွေက မရှင်းပြုလိုလိုလိ ထိပ်ပေါ်တင်ထားပေမယ့် ိုဆိုရင် ဖျာလိပ်ခင်း နင်းချေရမှာ ဝန်မလေးတတ်ကြဘူး မဟုတ်လား"

ငါက မင်းထင်သလို လူကောင်းတစ်ယောက် မဟုတ်ပါဘူးလို့ ိခံလိုက်ချင်ပါသည်။ ဒါပေမဲ့ ဒီလိုလုပ်လိုက်ရုံနှင့် ဇာတ်လမ်းက ပြီးပြတ် ွားမှာမဟုတ်ပါ။

ဒီထက်ငြိတွယ်လာရင် သူရော ဝဲ့ထည်ထည်ရော ဝေဒနာတွေ တွေ့ခံစားကြရပေလိမ့်မည်။

"ထည်ထည်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မောင်"

"မောင် ရုပ်ရှင်မကြည့်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အစတည်းက မောင် ရုပ်ရှင်မကြိုက်တာ၊ ကုန်တိုက် တစ်ခု

သွားမယ်လေ၊ ထည်ထည်ကို အမှတ်တရ ဝယ်ပေးချင်လို့"

"ဟင် တကယ်လား၊ သွားမယ်လေ မောင်၊ မောင့်ကိုလည်း

ထည့်ထည် လက်ဆောင်ဝယ်ပေးမယ်"

အစတည်းက ပိတ်ကားပေါ်မှာ အာရုံဝင်စားမှု မရှိသော ရှု

ရှင်ရုံထဲက နှစ်ယောက်သား ပြန်ထွက်လာခဲ့ကြသည်။ ရင်မှာ ဘာလုပ်ရ

လဲ အတွေးတွေနှင့် ယောက်ယက်ခတ်ရင်း စိတ်နှင့်ကိုယ် မကပ်ပေ

ကုန်တိုက်တစ်ခုအတွင်းကို ဝင်လိုက်စဉ်မှာ ဝင့်ထည်ထည်က

သူ့လက်မောင်းကို ဖက်တွယ်လိုက်ပြီး

"မောင် ဘာယူမလဲဟင်"

"လက်ဆောင်ပဲ ထည်ထည် ပေးချင်တာပေးလေ၊ မောင်လည်း

ဘာပေးရင်ကောင်းမလဲ ကြည့်လိုက်ဦးမယ်"

"အင်း ထည်ထည်လည်း ကြည့်လိုက်ဦးမယ်"

သူမ ဆိုင်ဘက်ကို မျက်နှာလှည့်သွားသည်။ အိမ်အတွင်

ဝယ်တာတွေလည်း ကောင်တာမှာ ဆလင်ဘက်(စ်)ထဲကနေ ပိုက်ဆံထ

ထုတ်ရှင်းပေး။ သူကတော့ စျေးအသက်သာဆုံး အမှတ်တရပစ္စည်းလေး

ကိုသာ ရှာနေမိသည်။





ပန်းနုရောင် လက်ကိုင်ပဝါလေး။ စျေးနှုန်းမေးကြည့်တော့ တစ်ထောင့်ငါးရာသာ ရှိသည်။

"ထည်ထည် ဒီလက်ကိုင်ပဝါလေး ကြိုက်လား"

"ဟင် မောင်ကလဲ ချစ်သူတွေကြားမှာ လက်ကိုင်ပဝါပေးတာ မျက်ရည်တွေနဲ့ လမ်းခွဲရတတ်တယ် မောင်ရဲ့၊ ဒါပေမဲ့ မောင်က ဒါလေး ပေးချင်တာဆိုရင် ထည်ထည် ယူပါ့မယ်"

မောင်က မပြည့်စုံသူမို့ ဒီလိုစျေးနည်းတာလေးကို ရွေးချယ်ပေးတာ ဖြစ်ပေလိမ့်မည်။ ဒီလို ကုန်တိုက်တွေမှာ ဒီလို လက်ကိုင်ပဝါလေးတွေကသာ စျေးအချိုဆုံး မဟုတ်လား။

"ဟို ရေမွှေးပုလင်း ပြပါ၊ တခြားအနံ့ကောင်းတာလေးတွေ ရောနော်၊ မောင် ဘယ်အနံ့ကြိုက်လဲကြည့်ပါဦး။ ဖေဖေအတွက် ယောကျ်ားအသုံးအဆောင်ဆိုရင် ဒီဆိုင်မှာပဲ ဝယ်တာ၊ ပြင်သစ်က လာတာဆိုတော့ ပစ္စည်းအရည်အသွေးကောင်းတယ်"

တန်ဖိုးအကြီးဆုံး ရေမွှေးပုလင်းတွေ သူ့ရှေ့မှာ တစ်ခုပြီး တစ်ခုချပြသည်။ တစ်ခါမှ မသုံးဘူးတာမို့ ဘာအနံ့ကို ကြိုက်ရမှန်း သူ မသိပါ။

"ဖေဖေဆို ဒါမျိုးသုံးတာ မောင်ရဲ့၊ ဂျန်းတဲမင်း ဆန်တယ်လေ၊ မောင်က လူငယ်ဆိုတော့ Lancome ရေမွှေးလေး သုံးပါလား"

"အင်း ထည်ထည် ကြိုက်တာ ပေးပါ"

သူ ခေါင်းညိတ်ပြလိုက်စဉ်မှာ သူမ ပျော်သွားသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ရွေးလိုက်သည့် ပုလင်းကို အရောင်းဝန်ထမ်း မိန်းကလေးက ကွန်ပျူတာထဲမှာ စာရင်းသွင်းပြီး ပါကင်ပိတ်ပေးလိုက်၏။ သူမက ရေမွှေးပုလင်းလေးကို သူ့လက်ထဲထည့်ပြီး ဆလင်းဘတ်အိတ်ထဲက ပိုက်ဆံထုတ်၍ ရှင်းပေးလိုက်သည်။

"မောင် ကြိုက်လားဟင်"

ဆည်းလည်းလို အသံသာနှင့် ရယ်လျက် ပခုံးချင်းတိုက်ကာ တိုးသဲ့စွာ မေးသေး၏။ အမှားတစ်ခု လုပ်လိုက်သောသူက မလုံမလဲဖြင့် လုပ်ခနဲ ရင်ခုန်သွားသည်။

"အစ်မ ခဏလောက်"

"ဟင် ဘာဖြစ်လို့လဲ"

ကုန်တိုက်အထွက်မှာ လုံခြုံရေးနှစ်ယောက်က ရှေ့ကနေ ပိတ်ကာရပ်၍ ပြောလိုက်တာမို့ ဝင့်ထည်ထည် အံ့အားသင့်သွားသည်။ ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဘူးသလို အမှားလုပ်ထားတာ မရှိ၍ စိတ်မလုံခြုံစရာလည်း မရှိပါ။

"မင်းတို့ ဒါဘာလုပ်တာလဲ"

"မန်နေဂျာ ရုံးခန်းထဲလိုက်ခဲ့ပေးပါ ခင်ဗျာ၊ ဝယ်တဲ့ပစ္စည်းကောင်တာမှာပဲ ရှင်းရမှာပါ၊ ကောင်တာက ကျော်သွားရင် ကာစတမ်မာရဲ့ တာဝန်ပါ"

"အဲဒါတွေ ဘာလို့ကျွန်မကို လာပြောနေတာလဲ ဒီကုန်တိုက်မှာ ဆယ်နှစ်ကျော်ရှိပြီ အားပေးလာတာ၊ စည်းကမ်းကို နားမလည်အောင်





တော့ခြုံအုံကြားမှာ နေတာလည်း မဟုတ်ဘူး။ အခုဝယ်လာတဲ့ ပစ္စည်းတွေအားလုံး ငွေရှင်းပြီးသား၊ ဒါကြောင့်မို့ ပြန်ဖို့လုပ်တာပါ"

"အဲဒါဆို ကျွန်တော်တို့ အစ်မဝယ်ထားတဲ့ ပစ္စည်းတွေ စစ်ကြည့်ပါရစေ၊ အစ်မရော ကျွန်တော်တို့ရော စိတ်ရှင်းသွားတာပေါ့"

"တောက် မဟုတ်လို့ကတော့ အသရေဖျက်မှုနဲ့ ရှင်တို့ တစ်ဆိုင်လုံးကို တရားစွဲပစ်မယ်"

လူအများ ဝိုင်းအုံကြည့်နေတာမို့ သူမ ထူပူရှက်ရွံ့နေသည်။ အနားမှာ မောင်ရှိနေတာမို့ ပိုဆိုးသည်။ သူမဘက်က မောင် ဘာတစ်ခုမှလည်း ဝင်ပြောမပေးပါလား။ တကယ်ဆို သူမလက်ကလေးကို ဆုပ်ကိုင်၍ ခွစ်ဖြစ် အားပေးသင့်သည်။

အခုတော့ သူမကို ရွံရှာစက်ဆုပ် အထင်သေးသွားသလို မျက်ထောက်နီကြီးနှင့် ကြည့်နေ၏။

"ဟော ဒီမှာတွေ့ပြီ၊ ပါကင်ပိတ်မထားတာ ငွေမရှင်းရသေးလို့ပေါ့၊ အခု ခင်ဗျားအိတ်ထဲရောက်နေတာ၊ ခင်ဗျားခိုးထားတာပဲ ဖြစ်ရမယ်"

"ရှင် မ မဟုတ်ဘူး ဘာလို့ ကျွန်မခိုးရမှာလဲ၊ မခိုးဘူး ဟင့်အင်း မောင်၊ အဲလိုမကြည့်နဲ့ မကြည့်ပါနဲ့"

"တောက် မင်း သိက္ခာမရှိတဲ့ မိန်းမ၊ အရှက်မရှိတဲ့ မိန်းမ"

"ဖြန်း"

"ဩောင်"



www.burmeseclassic.com

www.burmeseclassic.com



ပါးတစ်ဖက် ပူခနဲ ဖြစ်သွားခြင်းနဲ့ နာကျင်ခြင်းထက် မောင့်ရဲ့ စွပ်စွဲချက်တွေက ရင်ကို ပြင်းပြင်းထန်ထန် နာကျင်စေသည်။ မုန်းတီး စက်ဆုပ်သော စကားလုံးတွေ ရှုံ့ရှာနေသော အကြည့်တွေ လောင်မြိုက် နေသော ရက်စက်ခြင်းတွေ ချာခနဲ လှည့်ထွက်သွားသော ဥပေက္ခာတွေ မောင် ဘယ်တုန်းကမှ ကျွန်မကို မချစ်ခဲ့ဘူးလား . . .။

■ ■ ■



## အခန်း (၂၅)

"အခုံးသတ်သွားပြီ"

"ဝသုန်"

"ငါသူကို ဒီအတိုင်းထားပစ်ခဲ့တယ်"

"ဘာ"

"လူတွေကြားမှာ ဘယ်လောက်တောင် ရှက်နေရှာမလဲ"

"ဟင်"

"မိန်းမတစ်ယောက်ကို ပါးရိုက်ခဲ့တဲ့ ဒီလက်၊ လူနာတွေကို မောင်ထားကုပေးဖို့ မထိုက်တန်ပါဘူး ဟား တကယ်တမ်း ရှက်သင့်တာက သူများအထောက်အပံ့ကို မှီခိုနေတဲ့ ငါ"

ဝမ်းနည်းနေတာလား သိမ်ငယ်နေတာလား။

ကိုယ့်ကိုယ်ကိုလား၊ ဝင့်ထည်ထည်အတွက်လား။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ရဲ့ ယှုကျုံးမရ ခံစားနေခြင်းကို ဒေါင် မင်း ပထမဆုံး မြင်ဖူးခြင်းပင်။

"ဝသုန် မင်းဘာတွေလုပ်ခဲ့တာလဲ၊ ငါ့ကို သေချာရှင်းပြ"

"ကုန်တိုက်မှာ ဝင့်ထည်ထည်က တန်ဖိုးကြီးတဲ့ ရေမွှေးပုလင် ငါ့ကို အမှတ်တရလက်ဆောင် ဝယ်ပေးတယ်၊ ငါ့ကို အဲလိုဝယ်ပေးရင် ကြည်နူးပြုံးပျော်နေတဲ့ သူ့အိတ်ထဲကို သူ မသိအောင် သူ့ကို သူခိုးလို့စွပ် ခံရအောင် ရေမွှေးပုလင်းတစ်ခု ထည့်ပေးလိုက်တယ်"

"ကျိုင်ပူပြီပေါ့၊ ရှော့(စ်)ပဲ"

"လုံခြုံရေးတွေ လာစစ်တယ်၊ လူတွေဝိုင်းကြည့်နေတယ်၊ ငါက ငါ မယုတ်မာသလိုနဲ့ သူ့ကို ရွံရှာစက်ဆုတ်သလိုကြည့်ပြီး ပါးရိုက်ပစ်လိုက် တယ်"

"ဒါဆို ဒေါ်သီတာလှိုင် ဖြစ်ချင်တာတွေ ဖြစ်ပြီပဲ၊ မင်းပြောသင အဆုံးသတ်ပြီလေ၊ ဘာအတွက် မျက်ရည်ကျလောက်အောင် ခံစားေ တာလဲ မဟုတ်သေးဘူး"

ကရုဏာဒေါသဖြင့် အောင်မင်း ပြောနေသလား မသိပေမယ့် သူ ပိုပြီးရုက်သွားဖေ၏ သူများကျေနပ်အောင် အောက်တန်းကျတဲ့နည်းဖြ မိန်းကလေးတစ်ယောက်ကို ပါးရိုက်လိုက်ရသည့် အဖြစ်မျိုးပဲ မဟုတ် လား"

"တောက်"

"ဘယ်သူ့ကို ဒေါသဖြစ်နေတာလဲ"





"ကိုယ့်ကိုယ်ကို ယှုကျုံးမရဖြစ်ပြီး ကံကြမ္မာကို ခံပြင်းနေတာ"

"ဝသုန် မင်း ဝင့်ထည်ကည်ကို ချစ်နေတာလား"

"ဘာ"

ကျယ်ကျယ်လောင်လောင် အထိတ်တလန့် ဖြစ်သွားမိခြင်းပါ။ မေးခွန်းအတွက် ရင်ထဲမှာ အဖြေအဆင်သင့် ရှိနေသလား မသိပေမယ့် သူ ဆတ်ခနဲ ခေါင်းခါယမ်းပစ်လိုက်သည်။

"အချစ်ဆိုတဲ့ စကားလုံးက ငါ့ပါးစပ်က ထွက်ဖို့မထိုက်တန် ပါဘူး၊ နာကြည်းမှုတွေ၊ ဒဏ်ရာတွေ ဘယ်လောက်ရှိရှိ အောက်တန်းကျ တဲ့ လုပ်ရပ်ကို လုပ်မိရင် အဲဒါယောကျ်ား မဟုတ်တော့ဘူး"

"ဒေါ်သီတာလှိုင်တို့ ဆန္ဒထက် ဆက်ပိုင်အတွက် မင်းလုပ်သင့် လုပ်တိုက်လို့ လုပ်ခဲ့တာ မဟုတ်ဘူးလား၊ ယောကျ်ားတစ်ယောက်အပေါ် ပါးရိုက်တဲ့အပြစ် ကျူးလွန်တဲ့ မိန်းကလေးကို ဒီလိုတုံ့ပြန်တာ မင်းအပြစ် မဟုတ်ပါဘူးနော် ဝသုန်"

"သူ ငါ့ကို မုန်းတီးနာကြည်းနေတာ မဟုတ်ဘူး၊ အပြစ်မတင် ဘူး ငါ့ရဲ့ ရက်စက်မှုတွေကို နားလည်ခွင့်လွှတ်ပေးနေတယ်၊ အချစ်တွေ တိုးနေတယ်၊ အဲလို မိန်းကလေးအပေါ် ငါဒီလို လုပ်သင့်လား၊ အပြိုင် အဆိုင်တိုက်ခိုက်နေရင်းက အနိုင်ယူလိုက်တာမျိုး မဟုတ်ဘူး အောင် မင်း"

"မင်း နောင်တရနေတာလား ဝသုန်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တုံးတိ ဖြေလျက် မျက်နှာ ပိတ်ချလိုက်စဉ်မှာ မျက်ရည်စ
အချို့ လွင့်စင်ကျလာသည်။ ရင်မှာ စူးရှနာကျင်လျက် ဝင့်ထည်ထည
ပါးလေးကို မညှာမတာ အပြစ်ပေးလိုက်ချင်သည်။ အောင်မင်းက
အဖြေအတွက် အံ့အားသင့်သွားဟန်ရှိပြီး ထိုင်ခုံကို ကျောမှီထားသ
ကိုယ်ကြီး မတ်ခနဲ ဖြစ်လျက်

"မင်း တကယ်ဝန်ခံတာဆိုရင် ဒေါ်သီတာလှိုင်နဲ့ ဆက်ပိုင
သစ္စာဖောက်အဖြစ် လုပ်လိုက်တာပဲ ဝသုန်"

"အဲဒီအတွက် ဒီအခြေအနေထဲကနေ ငါနှုတ်ထွက်လိုက်မှာ"

"ဘာ"

"ငါ ကျောင်းဆက် မတက်တော့ဘူး"

"ဟာ မဟုတ်တာ၊ မင်းကျောင်းပြီးဖို့ တစ်နှစ်ပဲလိုတော့တ
နောက်ဆို ဆရာဝန်ဖြစ်တော့မှာလေ၊ မိသားစုအတွက် မင်း အဲ
မဆုံးဖြတ်သင့်ဘူး"

"အဲဒါကြောင့် ငါ ဒီအပြစ်ကြီးကို ကျူးလွန်မိတာ အောင်မ
ဆက်ပိုင် ငါ့အပေါ်ကောင်းတာ မှန်ပါတယ်၊ အရမ်းကိုချစ်တဲ့ သူငယ်ချ
ဆိုလည်း ထားဦး၊ အဲဒီလောက်ပဲဆိုရင် သူငယ်ချင်းဘက်ကနေ
ထည်ထည်ကို နာကြည်းလို့ မုန်းတီးရွံရှာသွားလို့ရတယ်၊ မင်းလိုပဲ
ကနေ အာက်ခေါက်အံကြိတ်ရုံပေါ့၊ တုံ့ပြန်ချင်တယ်ဆိုရင်တောင်
အောက်တန်းကျတဲ့ ရိုင်းစိုင်းတဲ့ မိန်းကလေးလို ပေါက်ကွဲလိုက်ရုံနဲ့
လုံလောက်ပါတယ်၊ အခုတော့ကွာ"





"ဝသုန်"

"ယောက်ျားတစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုအတွက် မိသားစု
အတွက် မရပ်တည်နိုင်တဲ့ ငါက ဘယ်နေရာများ အသုံးကျဦးမှာလဲ၊
န်းကလေးတစ်ယောက်ကို ဒီလိုလုပ်ပြီးမှ ရှင်သန်ရမယ့်ဘဝ၊ အရမ်း
က်စရာ ကောင်းပါတယ်၊ ရှက်ဖို့ကောင်းတယ်"

"ဝသုန် ဟာ ဟိတ်ကောင်"

ထွက်ထွက်သွားသော ဝသုန်ကို အောင်မင်း အတင်းလိုက်ဆွဲ
သည်။ ဝသုန်က ခေါင်းတယမ်းယမ်း။

"ငါ တစ်ယောက်တည်း နေချင်တယ်ကွာ၊ ဒါပေမဲ့ ငါ့ဆုံးဖြတ်
က်တွေ ပြင်မှာမဟုတ်တော့ဘူး"

"ဝသုန် မင်း မဟုတ်သေးဘူးကွာ၊ ဝင့်ထည်ထည်ကို မင်းချစ်
ယ် ဆိုရင်တောင် ဒီကိစ္စက ဒီလို ဆုံးဖြတ်ရမှာ မဟုတ်ဘူး"

"ငါမှားနေတယ်ဆိုတာ ငါသိတယ်၊ မိဘတွေ စိတ်ဆင်းရဲရ
ယ်ဆိုတာလည်း ငါသိတယ်၊ ဒါပေမဲ့ ငါ ဒီလို ဆက်နေရမှာ ငါ့ကိုယ်ငါ
ပြာမလုံဘူး။ မိဘတွေကို ငါဆရာဝန်ဖြစ်အောင် ကြိုးစားနေတယ်လို့
ထားစေပြီး တခြားရပ်တည်မှု ရှာတော့မယ် အောင်မင်း"

အောင်မင်း ဘယ်လို တားဆီးရမှန်း မသိတော့ပါ။ ယောက်ျား
ယောက်အတွက် ရှက်သင့်တဲ့ ကိစ္စဆိုပေမယ့် စိတ်ပါလက်ပါ ကျူးလွန်
သည့်အပြစ်ပဲ မဟုတ်ပါလား။

အခု ဝင့်ထည်ထည်ကို ချစ်သွားမှာ ပြောင်းလဲသွားတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုနည်းနှင့် ဖျောင်းဖျရတော့မည် မသိ။

အစကလို ဝသုန် မချစ်တတ်ခဲ့ရင် အကောင်းသား ...

■ ■ ■



## အခန်း (၂၆)

"မကောင်းဘူး ဒီကိစ္စ နင်ဒီအတိုင်း ငြိမ်နေမှာလား၊ ထည် ညည်း၊ ကိုယ်အယောင်ယောင် အမှားမှားလုပ်မိတယ်ဆိုရင်တောင် သူ ...ပေးရမှာ၊ ကာကွယ်ရမှာ၊ စောင့်ရှောက်ရမှာ၊ အခုတော့ ရှောင်ထွက် ...ရုံတင် မဟုတ်ဘူး လူပုံအလယ်မှာ ပါးပါအရိုက်ခံလိုက်ရတာ၊ သူ ...တွေ ဘယ်လောက်တောင် နင့်ကို အထင်သေးသွားမလဲ"

"ငါ့ ငါ့ကို အဲဒီဆိုင်ကလူတွေ သိနေတော့ ဖြေရှင်းလို့ ရခဲ့ [illegible]"

"နင့်ကို ဖြေရှင်းလို့ရခဲ့သလားလို့ မေးနေတာမဟုတ်ဘူး ထည် ညည်း၊ ယောက်ျားတစ်ယောက် ပါးရိုက်တာကို နင် ဒီအတိုင်း ငြိမ်ခံ ...ခဲ့ရသလား"

"ငါ့ကို ဒီလိုလုပ်တတ်တဲ့ မိန်းကလေးထင်သွားလို့ ပုထုရှုက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး မထင်မှတ်ဘဲ လုပ်ပစ်လိုက်မိတာ ထင်ပါတယ်"

"ထည်ထည်"

ကေခိုင် တကယ်ဒေါသ ဖြစ်နေဟန်တူသည်။ လူရှင်း… နေရာဆိုပေမယ့် ခပ်လှမ်းလှမ်းက ကျောင်းသားကျောင်းသူ အချို့… ပြန်လှည့်ကြည့်၏။

မျက်ထောက်နီကြီးနှင့် မကျေမချမ်း ဖြစ်နေသော ကေခိုင်… ဝင့်ထည်ထည် မျက်စောင်းထိုးကာ

"ဘာလို့ အော်တာလဲ၊ သူများတွေ လှည့်ကြည့်ကုန်ပြီ ရှ… ရာကြီး"

"ဩော် ဒါကျတော့ ရှက်တယ်၊ ယောက်ျားတစ်ယောက်… လူအများရှေ့မှာ ပါးရိုက်တာကျတော့ နင်မရှက်ဘူးပေါ့"

"အဲဒါလည်း ရှက်တာပါပဲ၊ ငါ့ကိုယ်ငါ အဲဒီနေရာမှာ သေ… ရင်ကောင်းမှာပဲလို့တောင် ဆုတောင်းမိသေးတယ်၊ ဒါပေမဲ့ ငါသာ … နေရာမှာဆိုလည်း ကိုယ့်ချစ်သူက ဒီလိုလူမျိုးလားဆိုပြီး ပူထူပေါက်… ပဲ"

"ဘာ နင်က ကိုယ်ချင်းစာပေး နေသေးတာပေါ့၊ ဒီမော… ဘာ အဆင့်အတန်းမို့လဲ၊ နင့်ကိုဘာမှ မပက်မောဘဲ ချည်းကပ်ခဲ… ဆိုရင်တောင် ဒီလိုလုပ်ရပ်ကို အောက်တန်းစား အဆင့်မရှိတဲ့သူမို့ … တာ"

"နင်ကလည်းဟယ် မောင့်ကို အဲလောက်ကြီးမပြောပါနဲ့ …





…ဆို ဒီလိုကိစ္စဖြစ်လာရင် ရှက်စိတ်မွှန်ပြီး ပေါက်ကွဲတတ်ကြတာပဲ၊ …တ်မကောင်း ဖြစ်မိတာက အဲဒီနေ့က ပြဿနာအတွက် မောင်ငါ့ကို …ကြီး ဖြစ်သွားမှာ"

"ထည်ထည် နင် မနာဘူးလား၊ လူကြားထဲမှာ ပါးရိုက်ခံရတာ …ရှက်ဘူးလား၊ မနာတတ်ဘူးလား"

"ငါ မောင့်ကိုချစ်"

"တော် တော်ပြီ မပြောနဲ့တော့ ထည်ထည် နင်အချစ်စိတ်မွှန်ပြီး …ကောင်ကို ဘယ်လိုပဲ ခွင့်လွှတ်နားလည်ပေးပေး၊ ငါကတော့ လုံးဝ …ခံမပေးနိုင်ဘူး၊ ဒီကိစ္စနင့်မေမေကို သွားပြောမယ်"

"ကေကေ"

ဖွတ်ထွက်ဖို့ ပြင်နေသော ကေခိုင်လက်ကို အလန့်တကြား …ဆွဲရသည်။ ကေခိုင်က ပြန်ရုန်းကာ ကျောင်းဝင်းအပြင် အပြေးထွက် …သည်။

"ကေခိုင် နေဦး ငါပြောပြမယ်၊ နင် အဲလို မလုပ်နဲ့နော်၊ …ဲ့ သူငယ်ချင်းစာရင်းက ဖျက်လိုက်မှာ"

အမီလိုက်ကာ ကေခိုင်လက်ကို ဖမ်းဆွဲပြောရသည်။ ကေခိုင်က …မ်းရပ်သွားသော်လည်း သူမလက်ကိုတော့ ဖျတ်ခနဲ ဆွဲဖြုတ်ချ၏။

ထိုအချိန်မှာပင်

"ဟင် မောင်"

"ဟဲ့ ဟိုဟာ ဆက်ပိုင်သူငယ်ချင်း အောင်မင်းဆိုတာ မဟုတ်



www.burmeseclassic.com

လာ။ ဘယ်လိုလုပ် ဝသုန်ဆိုတဲ့ ကောင်နဲ့''

အံ့အားသင့် မင်တက်မိနေဆဲမို့ ကေခိုင်ပြာနေတာတွေ အသ

ရုံ မကြားပါ။

တစ်စုံတစ်ရာကို တွေးမိနိုက် အသည်းနှလုံးတွေ ဆတ်ဆတ်

အောင် ခြောင်းဆန်သွားသည်။ အရယ်အပြုံးတွေဖြင့် ဝိုကြားစွာ လျှော

နေသော မောင့်ကို အောင်မင်းက ပခုံးဖက်လို့။

''ထည်ထည်''

''ဟင်''

''နင် တမင်တကာ လုပ်ကြံခံရတာ သေချာပြီ''

ကေခိုင်လည်း အတိအကျ တွေးလိုက်မိပုံ ပေါ်သည်။ သူ

မျက်လုံးတွေ ပြာဝေလျက်၊ ခြေထောက်တွေလည်း မခိုင်တော့ပေ။

''ထည်ထည် နင်ဘာမှ ခံစားစရာ မလိုဘူး''

ကေခိုင်က သူမကို ဖက်တွယ်ကာ အနီးအနားက အုတ်ခုံ

ထိုင်စေ၏။ သူမ မျက်ဝန်းအိမ်မှာ ဘယ်လိုက ဘယ်လိုမျက်ရည်

အိုင်ထွန်းလာမှန်း မသိပေ။

နှုတ်ခမ်းများတွေလည်း တဆတ်ဆတ်တုန်လို့၊ ရင်ထဲမှာ

အောင့်နေသည်။

''မောင် လုပ်ရက်တယ်''

''အခုထိ မောင်လို့ခေါ်နိုင်သေးလား။ ချစ်သူတစ်ယောက်

သတ်မှတ်နေသေးလား ထည်ထည်၊ နင့်ကိုရည်ရွယ်ချက် ကြီးကြီးမား





ည်းကပ်ဝင်လာပြီး၊ လက်တံ့ပြန်လို့ရမှ သစ်စိမ်းချိုးချိုး ထွက်သွားတာ''

''ငါ ငါနည်းနည်းလေးမှ သံသယ မဝင်မိဘူး၊ ဒါပေမဲ့ သူလုပ်

င်လို့ လုပ်ခဲ့တာ ဟုတ်ပါ့မလား၊ ဆက်ပိုင်က ခိုင်းတာပဲ ဖြစ်ရမယ်''

''ဒြော် နင်အခုထိ နောင်တမရသေးတာ အံ့သြပါရဲ့ ထည်

ည့်ရယ်၊ ဒီကောင်နင့်ကို မချစ်လို့ ဒီလိုလုပ်ရက်တာလေ၊ မုန်းသင့်

ကြည်းသင့်နေပြီ အောင်မင်းဆိုတဲ့ကောင်က နင်နဲ့ ဆက်ပိုင်အကြောင်း

အသိဆုံး၊ အခု နင့်မောင်တော်လည်း သိနေလို့ နင့်ကို ပါးရိုက်ခွင့်ရ

အထိ အချိန်အခါ စောင့်နေခဲ့တာ သိသာသွားပြီ၊ ဒီကောင် နင့်ဆီကို

ယ်တော့မှ ခြေဦးလှည့်တော့မှာ မဟုတ်ဘူး စောင့်ကြည့်နေ''

အဲဒါကတော့ ကေခိုင် မပြောတောင် သူမ သိနေသလိုပင်။

က်ပိုင် ခံရသလို ပြန်ခံရအောင် မောင် အဆုံးသတ် တုံ့ပြန်ခွင့်ရပြီပဲ

ုတ်လား။

ဒီလိုရည်ရွယ်ချက် ၊တွ ရှိခဲ့လို့ မောင်အကြိမ်ကြိမ် သူမကို

ပေးခဲ့ခြင်းလား။ သူမက ဒါတွေမသိဘဲ မောင့်ကို ခွင့်လွှတ်နားလည်

နေမိခဲ့တာ။

ရက်စက်လိုက်တာ ရက်စက်လိုက်တာ မောင်ရယ်။

''တောက် ဟိုကောင်လုပ်သွားတာ ကြည့်စမ်း၊ နင့်ကို အနား

က်မှ မဲ့ပြုံးတွေ ခနဲ့ပြုံးတွေနဲ့ လှောင်ပြောင်သွားတာတွေလား၊ အဲဒါ

င်သက်သက်နင့်ကို ကြောတာ၊ ဒီအတိုင်း ပြီးသွားလိုက်လည်း ရရဲ့

နဲ့ တမင်သိစေချင်လို့ အောင်မင်းနဲ့ တွဲလာတာ ယောကျာ်းတွေများ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလိုက်တာဟယ်''

ကေနိုင်က မဲ့ရွဲ့၍ ပခုံးပါတွန့်ပြ၏။ မောင် ဒီထက်ရက်စက်စရာ ကျန်နေသေးလို့လား။

လက်တံ့ပြန် လက်စားချေခွင့် ရလိုက်တာ၊ မောင် ဒီလောက် တောင် ပျော်နေသလား။

မကျေနပ်သေးလည်း အသေသာ သတ်သွားပါတော့လား။

ရင်ဘတ်တစ်ခုလုံး လောင်ကျွမ်းပြာကျလို့ ဟင်းလင်းပြင်ကြီး ဖြစ်သွားခဲ့ပြီ မောင်။

■ ■ ■



## အခန်း (၂၇)

ဝသုန် ဒီကိုရောက်လာပြီး ဘာကြောင့် ဝင့်ထည်ထည် ရှေ့မှာ ဒီလိုလုပ်နေသည်ဆိုတာ အောင်မင်း နားမလည်နိုင်။

''မင်းတို့ကျောင်းကို ငါလာခဲ့မယ်၊ ဘယ်မှမသွားဘဲ စောင့်နေ''

ပြောခဲ့တုန်းက ဝင့်ထည်ထည်ရှေ့မှာ ဒီလိုလုပ်ပြဖို့လို့ မထင်မိ။ ခုတော့ ဒီကောင် ကြည့်စမ်း။

အချိန်ကြာကြာ စောင့်ပြီးစဉ်မှာ ဝင့်ထည်ထည်တို့ ထွက်လာ ည်နှင့် မျက်နှာက ချက်ချင်း ကိုယ်နဲ့သူ အရမ်းရင်းနှီးခြင်းကို သရုပ်ပြ ည်။ မင်းက ငါ့ပခုံးတောင် မဖက်ဘူးလားဆိုတော့ ယောင်ယမ်းကာ က်လိုက်ရ၏။

ပြီးတော့ ဝင့်ထည်ထည်တို့နှစ်ယောက်ရှေ့ ရောက်တော့ မဲ့တာ တွေ၊ ရွဲ့တာတွေနှင့် ယောက်ျားတစ်ယောက် မလုပ်သင့်တာတွေ လုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အောက်တန်းကျ၏။ ခပ်လှမ်းလှမ်း အဝေးမှာကျန်ခဲ့ပြီဖြစ်သော ဝင့်ထည်ထည်တော့ ဘယ်လိုနေမည် မသိ။

"ဝသုန် ဟာ"

ဝင့်ထည်ထည်တို့ မမြင်နိုင်သော နေရာကိုရောက်မှ လမ်းဘေးက သစ်ပင်ကြီးကို လက်သီးနှင့်ထိုး၍ တအားရှိုက်ကြီးတငင် ငိုချလိုက်သော ဝသုန်ကို အောင်မင်း ဘာလုပ်ပေးရမှန်း မသိပေ။

"ဝသုန် ဟိတ်ကောင် မင်း ဘာတွေဖြစ်နေတာလဲ ဘာတွေလုပ်နေတာလဲ၊ ဘာလို့ငိုတာလဲ"

အောင်မင်း သိချင်တာတွေ တစ်ဆက်တည်း တရစပ်မေးသည်။ ဝသုန်က ဖြေဖို့ အင်အားမရှိသေးသလို မျက်ရည်တွေကို အရင်သုတ်၏။ ဒါပေမဲ့ မျက်ရည်တွေ ကျဆင်းနေဆဲပင်။

"ပြီးသွားပြီ ပြီးသွားပါပြီ"

"အေး ဟိုနေ့ကအတိုင်း ပြီးပြီးသားလေ၊ အခု ဘာလုပ်တာလဲ"

"ဟင့်အင်း ဟိုနေ့က မပြီးဘူး။ သူ့ကို ပါးရိုက်ခဲ့လည်း မနာကျင်နိုင်ဘဲ ထည်ထည်ငါ့ကို ခွင့်လွှတ်နားလည် ပေးနေဦးမှာပဲ၊ အဲဒီကြောင့် ငါအခုလို လုပ်လိုက်တာ"

"ဘာ"

"မင်းနဲ့ငါ့ကို တွဲတွေ့လိုက်ရင် ဆက်ပိုင်အတွက် ငါတို့ လက်စားချေတာ သူသိသွားမှာပဲ၊ ဒါမှ လုပ်ရက်လေခြင်းလို့ သူငါ့ကို စိတ်နာမှာ





မှန်းမှာ အောင်မင်း။ သူ့ကိုချစ်နေတယ် ထင်နေသ၍ ငါဘာလုပ်လုပ် သူစိတ်နာမှာ မဟုတ်လို့ ငါဒီလိုလုပ်ရတာ အခုတော့"

"ငါသဘောပေါက်ပြီး ဝင့်ထည်ထည် မင်းကို မနာကြည်းနိုင်ဘဲ ချစ်နေဦးမှာစိုးလို့ ဒီလိုလုပ်လိုက်တာပေါ့၊ အခုတကယ် ပြီးဆုံးသွားပြီလို့ ယူဆလိုက်ပြီဆိုရင် နဂိုပုံမှန်အတိုင်း မင်းပညာရေးအတွက်၊ မိသားစုအတွက်၊ စိတ်သန့်သန့်နဲ့ ရှေ့ဆက်လျှောက်တော့လေ၊ ဘာအခက်အခဲတွေ ရှိနေသေးလို့လဲ"

ဝသုန် ခေါင်းရမ်းလျက် ပင့်သက်တို့ ရှိုက်ထုတ်၏။ လက်သီးနှင့် ထိုးထားသော သစ်ပင်ကြီးကို ကျောကပ်မှီသည်။

ရင်ဘတ်ကြီးက နိမ့်ချည်မြင့်ချည် ဖိုလှိုက်ကာ အသက်ရှူရကြပ်နေဆဲ။

"အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ကို အပြစ်ရှာပြီး ဗလအားဘိုးနဲ့ အနိုင်ကျင့်တဲ့ပြန်မိတာ ငါကိုယ်ငါ ရှက်နေတယ်၊ အောင်မင်း ငါ့မိဘတွေက ပြည့်စုံချမ်းသာမှု မရှိပေမယ့် ကိုယ်ကျင့်တရားကောင်းဖို့ အမြဲဆုံးမ သွန်သင်ခဲ့တယ်၊ လူကောင်းတစ်ယောက်လို ပြုမူ မနေထိုင်တတ်ရင်တောင် မယုတ်ညံ့ရဘူး၊ မယုတ်မာရဘူးတဲ့၊ အကျိုးပေး မကောင်းလို့ သူများအမှီအခိုနဲ့ နေခဲ့ရင်လည်း အောက်တန်းကျတဲ့နည်းနဲ့ ကျေးဇူးပြန်မဆပ်မိစေနဲ့တဲ့"

ပြောနေရင်း ဝသုန် မျက်ဝန်းအိမ်က မျက်ရည်စက်အချို့ လိမ့်ဆင်းကြွေကျလာ၏။ ပြီးမှ လက်ခုံနှင့် ကြမ်းတမ်းစွာ ပွတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မိဘစကားကို ငါမနာခံမိခဲ့ဘူး၊ အဲဒီအတွက် ငါ့ကိုယ်ငါ အပြစ်ပေးရတော့မှာပေါ့"

"မင်း ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ပညာရေးကိုတော့ မထိခိုက်စေချင်ဘူးကွာ၊ မိဘတွေ မျှော်လင့်ချက်မဲ့အောင် မင်း မလုပ်သင့်ဘူး။ အခုပုံစံဆို ရင်းခဲ့ရတာ အတိုင်းအဆ များလွန်းပါတယ်၊ တန်ရာတန်ကြေးရအောင် ယူတယ်လို့ သဘောထားလိုက်ပေါ့"

"ငါ ဒီထက်ညံ့တဲ့ ယောက်ျား မဖြစ်ချင်တော့ဘူး၊ ရှက်စရာကောင်းလွန်းတဲ့ သူများကို မှီခိုနေရတဲ့တာမျိုးလည်း မဖြစ်ချင်တော့ဘူး။ ငါ အားလျှော့လိုက်တော့မယ်လို့ ပြောတာမဟုတ်ဘူးနော်၊ ငါ့ဘဝနဲ့တန်တဲ့ ဘဝမျိုးနဲ့ပဲ ရပ်တည်တော့မယ်"

"ကျွတ် ဝသုန်ရာ မင်း ဆရာဝန်ဖြစ်တော့မယ့် ဥစ္စာကွာ၊ မင်းမိဘတွေ အရမ်းမျှော်လင့်ထားတာ၊ စိတ်ထိခိုက်ပြီး ရှူးဖြစ်သွားမှ မင်းနောင်တရမယ်နော်"

"ငါဆုံးဖြတ်ပြီးပြီ"

တိကျသော အဖြေစကားကြောင့် အောင်မင်း ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။ ဒီထက် တိုက်တွန်းအားပေးလည်း ပ‌ျှန် ဘယ်လိုမှ နားဝင်တော့မှာ မဟုတ်ပေ။ ဒါဆို ဘယ်လိုလုပ်ရမလဲ။

■ ■ ■



## အခန်း (၂၈)

"ဘာ ဘာပြောတယ် မောင်အောင်မင်း ဝသုန်က"

"ကျောင်းမတက်တော့ဘူး၊ သူ့ဘဝသူ ရပ်တည်နိုင်အောင် ကြိုးစားတော့မယ်တဲ့"

"ဘာဖြစ်လို့လဲ"

"ဝင့်ထည်ထည်ကို ပြဿနာရှာပြီး ပါးရိုက်လိုက်ရတာကို သူ နောင်တရနေတာ"

"အဲဒါ ဘာဆိုင်လို့လဲ၊ သားအတွက် သူ လက်စားချေခွင့်ရလိုက်တာမဟုတ်ဘူးလား၊ အဲဒီအတွက် သူ့အဖေ ကျန်းမာရေးနဲ့ သူ့ပညာရေးအတွက် အဆုံးထိ အန်တီ တာဝန်ယူခဲ့တာပဲ၊ သူလည်း ကြည်ကြည်ဖြူဖြူ လက်တုံ့ပြန်ချင်ခဲ့တာ မင်းသိပါတယ်၊ အခုမှ သူက ဘာဖြစ်တာလဲ"

"ဝင့်ထည်ထည်ကို သူ တကယ်ချစ်မိသွားခဲ့လို့ပဲ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒေါ်သီတာလှိုင် အလန့်တကြားဖြစ်သွားခဲ့ပြီး မျက်ခုံးပါ ပင့်တက်သွား၏။ ပြောစရာစကားလုံးတို့တောင် ခေတ္တ ရပ်တန့်သွားသည်ပြီးမှ ဆိုဖာခုံမှာ မှီထိုင်နေရင်းက ခပ်မတ်မတ် ပြင်ထိုင်မိကာ

"သားနဲ့ ပတ်သက်ပြီး ဝင့်ထည်ထည်ကို သူ မုန်းနေခဲ့တာမဟုတ်လား၊ ဒါကြောင့်လည်း လက်စားချေပေးမယ်ဆိုပြီး သူကိုယ်တိုင်ဆုံးဖြတ်ခဲ့တာ"

"မှန်ပါတယ် အဲဒီအချိန်က ဆက်ပိုင်အတွက် လက်တုံ့ပြန်ချင်စိတ်တွေနဲ့ တကယ်ကို မခံမရပ်နိုင်ဖြစ်နေခဲ့တာပါ၊ ဒါပေမဲ့ ဝင့်ထည်ထည်က သူ ဘာတွေပဲလုပ်လုပ် အပြစ်မမြင်ဘဲ အရမ်းကို အနွံတာခံပြီးချစ်နေခဲ့တယ် အန်တီ၊ အဲဒီအပေါ်မှာ ဒီကောင် ငြိတွယ်သွားတာမညှာမတာ အဆုံးသတ်ပြီးမှ သူ မဖြေနိုင်လောက်အောင် နောင်တရနေတယ် အန်တီ"

ဒေါ်သီတာလှိုင် ကျွတ်ခနဲ အသံထွက်ညည်းညူ၏။ သားနဲ့ ပြဿနာဖြစ်သော မိန်းကလေးကိုမှ ဘာကြောင့် ဝသုန် ချစ်သွားရတာလဲ။

ဒါ မိမိတို့ကို စော်ကားတာနှင့်အတူတူပင်။

"ငါတို့ကို မမှီနိုတော့ဘဲ အဲဒီကောင်မလေးကို သူ ရအောင်ကြိုးစားမယ်ပေါ့၊ ဒီလိုလား မောင်အောင်မင်း"

"မဟုတ်ဘူး အန်တီ၊ သူ အဲလိုလုပ်တာတောင် ဝင့်ထည်ထည်





က အပြစ်မမြင်သေးလို့ ဆက်ပိုင်အတွက် လက်စားချေတယ်ဆိုတာသိသာအောင် သူ့ကိုမုန်းသွားအောင် သူ လုပ်လိုက်တယ်"

"ဘာ"

"သူ့အပေါ် ချစ်နိုင်လွန်းတဲ့ ဝင့်ထည်ထည်ကို ပြဿနာရှာပါးရိုက်လိုက်ရတဲ့အတွက် သူ ယူကျုံးမရဖြစ်နေတာ အန်တီ၊ ယောကျ်ားတစ်ယောက်အတွက် အရမ်းကို ရှက်စရာကောင်းတဲ့ အောက်တန်းအကျဆုံး လုပ်ရပ်လို့ သူ ထင်နေတာ"

"မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ပါးရိုက်တာကရော အပြစ်မဟုတ်ဘူးလား၊ အားနွဲ့တဲ့မိန်းမသားပါဆိုပြီး လက်တုံ့ပြန်ဆို့ရော မရဘူးလား"

"ဝင့်ထည်ထည်ကို မချစ်ခဲ့မိရင်တော့ ဒါက ပြဿနာမဟုတ်လောက်ဘူး အန်တီ၊ ဆက်ပိုင်အတွက် စိတ်ဆန္ဒတွေ ရှိခဲ့တာ ကျွန်တော်သည်း သိပါတယ်၊ အခုဟာက ဝင့်ထည်ထည်ရဲ့ပေးဆပ်အနွံတာခံနိုင်လွန်းတဲ့အချစ်တွေမှာ ဒီကောင် ကျရှုံးသွားတာ၊ မျောသွားတာ အန်တီ၊ ကျွန်တော် ဘယ်လိုမှကို ဖျောင်းဖျလို့ မရဘူး"

"မိုက်လိုက်တာ၊ ကိုယ့်မူညာရေးကိုတောင် အဆုံးရှုံးခံမယ်ပေါ့၊ မိဘတွေကိုရော မငဲ့ညှာတော့ဘူးတဲ့လား"

"သူ သေသေချာချာ ဆုံးဖြတ်ချက်ချပြီးသွားပြီ အန်တီ"

"တောက်"

ယူကျုံးမရ တက်ခေါက်လိုက်မိခြင်းပါ။ ကိုယ့်ရဲ့ထောက်ပံ့မှုနှင့်



www.burmeseclassic.com

ပညာသင်နေသည့် သူတစ်ယောက်က ကိုယ့်ကြောင့်ပင် ပညာရေး ဆုံ
ခန်းတိုင်အောင် ဆက်မသင်ဘဲ ရပ်တန့်ပစ်လိုက်သည့်အဖြစ်မျိုး မဟုတ်
ပါလား။

“ဒါ ပျော့ညံ့အရှုံးပေးတာ မဖြစ်နိုင်ဘူး မောင်အောင်မင်
ယောကျ်ားတစ်ယောက်ရဲ့ မာနကြောင့် ဒီလို ဆုံးဖြတ်လိုက်တာလို့ အန်
ထင်တယ်”

“အဲဒါတော့ အမှန်ပဲ အန်တီ၊ ဒီကောင် ပျက်စီးလေလွင့်သွ
မှာတော့ မဟုတ်ဘူး။ သူ ဝါသနာပါတဲ့ မိတ်ဆွေမျှော်လင့်ထားတဲ့ ဆရာ
တစ်ယောက်မဖြစ်တော့မှာတော့ အရမ်းရင်နာစရာကောင်းတယ်၊ တစ်
ပဲလိုတော့တာ၊ နမြော့ဖို့လည်းကောင်းတယ်”

“အန်တီ သားသမီးချင်း ကိုယ်ချင်းစာလို့ သူ့ကို ဒီလိုကြီးတေ
မဖြစ်စေချင်ဘူး၊ သူ့မိဘတွေ ဘယ်လောက်များ ရင်နာလိုက်မလဲ၊ အန်
တောင် ကိုယ့်သားကို အစော်ကားခံရတာကို မဆင်မခြင် လက်တုံ့ပြ
မှောင်မိုက်နေတဲ့ အတွေးတွေနဲ့ ကြိုးစားခဲ့မိတယ်၊ အရှိန်အဝါ ဂုဏ်သိက္ခာ
မာနပေါ့လေ”

“ဝင့်ထည်ထည်ကတော့ ဝသုန်ကို ချစ်တဲ့စိတ်နဲ့ ဒီကိစ္စ
ဖုံးကွယ်ထားတယ် ထင်တယ်၊ ဒါပေမဲ့ မနေ့က ဝသုန် ဘာကြောင့်
လို လုပ်တယ်ဆိုတာ သဘောပေါက်သွားပြီး စိတ်နာချင်လည်းနာ၊
ချင်လည်းမုန်းသွားလောက်ပါပြီ”

“အေးလေ သူက သူ့ဘဝသူ ဒီလိုဆုံးဖြတ်ပြီးပြီဆိုတော့လည်း





ယ်တတ်နိုင်တော့မလဲ”

“အန်တီ ဝသုန်ကို ဖျောင်းဖျကြည့်ပါဦးလား။ သူ သွေးဆူနေတဲ့
နိုန်မှာ တည့်မတ်ပေးဖို့ လိုလိမ့်မယ် ထင်တယ်”

မဲ့ရှုံ့လိုက်တာ မဟုတ်ပေမယ့် ခပ်မိန့်မိန့် မျက်နှာထားနှင့်
သိတာလျှိုင် ခေါင်းယမ်းသည်။

ခြေချင်းချိတ်၍ ဆိုဖာခုံကိုလည်း သက်တောင့်သက်သာ အနေ
ထားဖြင့် ကျောကပ်မှီလိုက်ကာ

“သားဆက်ပိုင်အတွက် ဝသုန်နဲ့ အပေးအယူလုပ်ခဲ့တာ
န်တီ မတရားဘူးထင်လို့လား မောင်အောင်မင်း၊ သူ လက်တုံ့ပြန်ပေး
အန်တီ စိတ်သက်သာတာကလွဲရင် သူ့ရဲ့ရွေးချယ်မှုကို အန်တီ
န့်ကွက်ဘူး၊ မပိတ်ပင် မတားဆီးဘူး။ အခုက သူ့ခံစားချက်နဲ့သူလေ၊
ဝင့်ထည်ထည်ကို ချစ်မိတာကိုက သားနဲ့အန်တီကို သစ္စာဖောက်တာနဲ့
ုတူပဲ”

“အဲဒါကြောင့် သူ ဝင့်ထည်ထည်ကို စွန့်လွှတ်လိုက်ပါတယ်
န်တီ၊ သူ အမှန်အတိုင်း ဖွင့်ဟဝန်ခံလိုက်မယ်ဆိုရင် ဝင့်ထည်ထည်
ချစ်ကို သိပ်မကြိုးစားရဘဲ ပြန်ရနိုင်ပါတယ်၊ ဒါပေမဲ့ ဝသုန်”

“တော်ပြီ သူ့မိဘနေရာကနေ ကိုယ်ချင်းစာပြီး စိတ်မကောင်း
ပေမယ့် သူက မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ဒီလိုဆုံးဖြတ်
တ်တယ်ဆိုရင် ငါတို့က ဘာတတ်နိုင်မှာလဲ”

“မဟုတ်သေးဘူး။ ဝသုန် ဒီလိုဖြစ်တာ ဖိအားပေးခဲ့တဲ့ အန်တီ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မှာလည်း တာဝန်ရှိတယ်လို့ ထင်တယ်''

''ဘာ''

ဒေါ်သီတာလှိုင် ဆတ်ခနဲ ခါသွားလျက် အောင်မင်းကို ... မျောင်ကြုတ် ကြည့်၏။ အောင်မင်းက ဒေါ်သီတာလှိုင်ကို ကြော... လေးစားသော်လည်း ဝသုန်အတွက် စိတ်မကောင်းဖြစ်နေကာ ...

''ကျောင်းပြီးအောင် တက်ဖို့ အားပေးတာဖြစ်ဖြစ်၊ တိုက်... တာဖြစ်ဖြစ် လုပ်ကြည့်ပေးဖို့ပါ အန်တီ၊ ဝသုန် တာဝန်ကျေပြီး... ဆက်ပိုင်အတွက် အန်တီ့ဆန္ဒအတိုင်း လက်တွဲပြန်ပြီးပြီလို့ ပြောတာ...

''ငါ့ဘက်ကလည်း တာဝန်ကျေပြီးပြီလေ၊ သူ့အဖေ ကျန်း... ရေး ပြန်ကောင်းလာပြီ၊ သူ့ပညာရေးကိုလည်း ဆုံးခန်းတိုင်အောင်... တာဝန်ယူပေးထားတာပဲ၊ သူ့မိသားစု စားဝတ်နေရေး ထောက်ပံ့ထား... လည်း မင်းအသိ၊ အခုမှ အချစ်စိတ်မွန်ပြီး သူ့ဘာသာ ဆုံးဖြတ်ခဲ့... ဆုံးဖြတ်တာ ငါလည်း မတတ်နိုင်ဘူး''

''အန်တီ''

''ငါ့သားအတွက် ဝင့်ထည်ထည်ဆိုတဲ့ မိန်းကလေးကို ... တွဲပြန်ပေးတာ ကျေးဇူးတင်တယ်၊ အခု ငါ ကျေနပ်သွားပြီ စိတ်သ... သွားပြီ၊ ဒါပေမဲ့ သားနဲ့ ကမ္ဘာရန်ဖြစ်သွားတဲ့ မိန်းကလေးကို ... လွယ် အငိုက်မိခံလိုက်တာ ငါတို့ကို သစ္စာဖောက်သွားတာလို့ ယူဆ... ဒါ မဖြစ်သင့်တဲ့ကိစ္စလေ၊ သားသိရင် ဒီထက်တောင် ပေါက်ကွဲ...

ဒါလည်း ဖြစ်နိုင်တာပဲဟု တွေးလျက် အောင်မင်း အသ...





...ဖြစ်သွား၏။ ဆက်ပိုင်သိရင် ဘာတွေပေါက်ကွဲနိုင်လဲ။ ဒေါ်သီတာလှိုင် ...ပြောသလို သစ္စာဖောက်တာလို့ ယူဆသွားနိုင်လား။

လက်တွဲပြန်ပေးတာကို ကျေနပ်နေမလား။ ဒီလို ဒီအကြောင်း ...တွေ ဖြစ်နေတာ ဆက်ပိုင် သိသင့်သည် ထင်သည်။ အတွေးတွေနှင့် ...ောက်ယက်ခတ်ပြီး နှုတ်မဆက်ဘဲ ပြန်ခဲ့တော့ ဒေါ်သီတာလှိုင် မျက် ...ာင်းဝင့်ကာ ကျန်ခဲ့၏။ ဒါပေမဲ့လည်း မတတ်နိုင်။

ခြေလှမ်းနှင့်စိတ်တို့က ဦးတည်ရာမဲ့ ရွေ့လျားလျက် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

အောင်မင်း ဒီအတိုင်း ငြိမ်နေလို့မဖြစ်။ ဝသုန်ကို မျှော်
လို့မရသလို ဒေါ်သီတာလှိုင်ကို အားကိုးလို့လည်းမရတာမို့ ဝသုန် ...
ရေးအတွက် စိတ်ပူနေမိသည်။

မပြည့်စုံသော လူတန်းစားအတွက် ပညာရေးက ပိုအရေး...
သည် မဟုတ်လား။ ဝသုန်ကို ဒေါ်သီတာလှိုင် လျစ်လျူရှုသလို ဖြ...
သလို ဖြစ်ဆိုပြီး ဥပေက္ခာမပြုနိုင်ပါ။ ဆက်ပိုင်ကို ချစ်သလို ဝသု...
လည်း ချစ်သည်။ သူငယ်ချင်းသုံးယောက်အနက် ဝသုန်က မပြည့်...
ပိုပြီး သံယောဇဉ်ကြီးမိ၏။

''ဝသုန်''

စိတ်လေပြီး ဟိုဟိုဒီဒီ ထွက်သွားမှာစိုး၍ အဆောင်နေ ...
အခန်းတံခါးကို ခေါက်လိုက်သည်။ အခန်းတွင်းက အတန်ကြာသည်...





...သံတိတ်နေဆဲ။

''ဝသုန် ဟိတ်ကောင် ငါပါကွ။ တံခါးဖွင့်ပါဦး''

''ဘာလဲကွာ''

ဂျက်ထိုးထားသော အခန်းတံခါး ကျွီခနဲ ပွင့်လာခဲ့ပြီး သုန်မှုန်
...သော မျက်နှာထားနှင့် ဝသုန်ကို မသက်မသာ တွေ့လိုက်ရသည်။

''အခန်းအောင်းနေတာလား။ ဘာလို့ ကျောင်းမတက်တာလဲ''

''မင်းကို ပြောပြီးပြီလေ၊ ငါ အလုပ်တစ်ခုခု မရခင် အချိန်ထိပဲ
...ဒီမှာ၊ ပြီးရင် ဒေါ်သီတာလှိုင်တို့ အထောက်အပံ့ကင်းတဲ့နေရာကို
...မှာ''

''မင်းကွာ''

ခုတင်ပေါ်က ဝသုန်ဘေးမှာ ဝင်ထိုင်ရင်း ပခုံးဖက်ကာ ညည်း
...ည်၏။ ဝသုန်က စိတ်နှင့်ကိုယ်မကပ်သလို မတုန်မလှုပ် အေးတိအေး
...ပင်။

''ငါ ဆက်ပိုင်နဲ့တိုက်ရိုက်ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်
...ာင်းလာခဲ့ပြီ''

''ဘာ''

''ဒေါ်သီတာလှိုင် မသိအောင် ကုမ္ပဏီမှာ သွားမွှေလိုက်တာပါ''

''ဘာလုပ်ဖို့လဲ''

''ဒီကအကြောင်းတွေ ဒီကောင် မသိသေးရင် ပြောပြရမှာပေါ့''

''ဟာ မလုပ်နဲ့ မပြောနဲ့ ဝင့်ထည်ထည်ကို ချစ်နေတာသိရင်
...ပိုင် ငါ့ကို မုန်းသွားလိမ့်မယ်၊ ခုချိန်ထိ ငါတို့ကို မဆက်သွယ်သေး



www.burmeseclassic.com

www.burmeseclassic.com



တာ သူ့ဒဏ်ရာ အနာမကျက်သေးလို့ဖြစ်မှာ၊ အခု ဒီက အကြောင်းတွေ သာ သိရင် ပိုဆိုးသွားမှာပေါ့၊ မလုပ်ပါနဲ့ကွာ၊ သူ စိတ်သက်သက်သာသာ နေပါစေ''

''သူသိရင် ဝမ်းသာမလား၊ ကျေနပ်မလားဆိုတာ သိရဖော ပေါ့''

''ငါ့ရဲ့ဆုံးဖြတ်မှုတွေကို ရှုတ်ချရုံပဲ ရှိမှာပါ၊ သတ္တိမရှိဘူး၊ ပျော့ တဲ့ကောင်လို့ ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့လိမ့်မယ်၊ နေပါစေ သူ ဟိုမှာ ကျန်း ရေးကောင်းပြီး အဆင်ပြေနေတယ်ဆိုတဲ့သတင်း ကြားနေရတာပဲ ပျောက်နေတာကို သွားမဆွပါနဲ့ကွာ''

''သူ တစ်ယောက်တည်း အဆင်ပြေနေလို့ မဖြစ်ဘူး၊ မင်း ကမ္ဘာ့ရှုထိုး ဆုံးဖြတ်ချက်တွေက မင်းဘဝတစ်ခုလုံးနဲ့ သက်ဆိုင် တယ်''

''ဆေးကျောင်းမတက်ရရုံနဲ့ ငါ့ဘဝ အညွန့်တုံး အစတုံး ဖြ မသွားပါဘူး၊ ငါ ယိုင်နဲ့ပြိုလဲသွားတာမှ မဟုတ်ဘဲ၊ ကိုယ့်ဘာသာ မတ်ကြည့်ဖို့ ပြင်ဆင်နေတာပါ''

''ကျောင်းကို ထွက်စာတင်ပြီးပြီလား''

''ငါ ကျောင်းမတက်တော့ရင် ထွက်တယ်လို့ ယူဆမှာပေ တကူးတက ထွက်စာ သွားတင်မနေတော့ပါဘူး''

ကျွန်းမာရေးဆေးခွင့်နှင့် ကိုယ်လုပ်ထားတာတွေ ဝသုန် မ ဘူးထင်သည်။ ဝသုန် ပညာရေးအတွက် နောက်ဆုံး ကိုယ့်ရဲ့ကြိုးစားမှု

''ဝသုန် မင်းညီမဆီကရော ဘာသတင်းကြားလဲ''

''အဖေ ပြန်လာပြီးတည်းက ဘာမှမကြားရသေးပါဘူး၊ ဆက် အဖေ ကုမ္ပဏီမှာ ဝင်လုပ်နေတာပဲ အဆင်ပြေမှာပါ''

''အခု ဆက်ပိုင်ကို ဆက်သွယ်ကြည့်ရင် မင်းညီမအကြောင်း ည်း သိရနိုင်တာပေါ့''

''ညီမလေးအကြောင်းတော့ သိချင်ပါတယ်၊ ဒီကအကြောင်း တော့ ဆက်ပိုင်ကို မသိစေချင်ဘူး၊ သူတောင် ကြားရမှာစိုးလို့ ဆက်သွယ်ဘဲ နေသေးတာ၊ သူ့ကို စိတ်မပင်ပန်းစေချင်ပါဘူး၊ ငါ့ကို သွားမှာလည်း စိုးရိမ်တယ်''

ဝသုံနံက ခေါင်းမာနေဆဲပင်။ ဝသုန်ဘက်က ခံစားချက်ကို လည်ပေမယ့် ဒီအတိုင်းနေလိုက်လျှင် ဝသုန် ပညာရေးက အပျက် နှင့် နာခေါင်းသွေးထွက်ပေရော့မည်။

ဝင့်ထည်ထည်ကို အမှန်အတိုင်းရှင်းပြပြီး ဝသုန်ဘဝကို ကယ် နိုင်းရမလား။

ဝသုန်ဆန္ဒမပါပေမယ့် ဘဝပေးအခြေအနေ အကျပ်အတည်း ကြောင့် ဒေါ်သီတာလှိုင် အပေးအယူကို လက်ခံပြီး ဒီလိုလုပ်လိုက်ရတာ

''ဝသုန် မင်း အဆင်ပြေတယ်မဟုတ်လား၊ ငါ အတန်းသွား ကျည့်ဦးမယ်''

''ငါ သွေးပူနေပေမယ့် အဲဒီလောက်ထိတော့ မလောင်ပါဘူး၊ ယောက်ျားသိက္ခာကို ဘယ်လိုပြန်ဆယ်ရမလဲဆိုတာပဲ တွေးနေတာ၊ အခိုကင်းတဲ့ဘဝကနေ လွတ်မြောက်ချင်တယ်''

နိုးမိုး ဝ၁၆ပ

နိုးမိုး ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အခြေခံ အရင်းအနှီးမရှိဘဲ မလွယ်ပါဘူးလို့ အားလျှော့သွား
အောင် မပိတ်ပင်ချင်တော့။ ဝသုန်ကို ပခုံးပုတ်ကာ နှစ်သိမ့်ခဲ့ပြီး ကျော
ကို ထွက်လာခဲ့သည်။

ဝင့်ထည်ထည်တို့ကို အဆင်သင့်ပင် ကန့်တင်းသွားသောလ
မှာ တွေ့လိုက်ရ၏။

ကိုယ့်ကို မြင်သွားသော ဝင့်ထည်ထည်နှင့် ကေခိုင်ရဲ့မျက်
က သူစိမ်းပြင်ပြင် အစိမ်းရောင်သမ်းလို့ပါ။

"ဝင့်ထည်ထည်"

"ဘာကိစ္စလဲ၊ ဘာမှ လာမရှုပ်နဲ့၊ ယောက်ျားဖြစ်ပြီး အော
တန်းကျတဲ့ဟာတွေ"

ကေခိုင်က ရှေ့ထွက်လာပြီး အရင်ဦးဆုံး တိုက်ခိုက်၏။ ထ
ထည်ထည်က ပိတ်ပင်တားဆီးတာမျိုး မလုပ်ဘဲ မျက်နှာလွှဲသည်။

"ဝသုန်နဲ့ပတ်သက်ပြီး နည်းနည်း ရှင်းပြစရာလေး ရှိလို့
ခဏလောက် နားထောင်ပေးပါဟာ"

"မလိုပါဘူး နင်တို့အုပ်စုဖွဲ့ပြီးခိုအောက်တန်းကျတာ ယောက်
စစ်တွေလို့ကို မသတ်မှတ်တော့ဘူး"

"အဲလောက်ကြီး မပြောပါနဲ့ ကေခိုင်၊ နင်တို့လုပ်ခဲ့တုန်းကလည
ဆက်ပိုင် အလူးအလဲ အရှက်ရခံလိုက်ရတာပါပဲ"

"အဲဒါက နင်တို့ဆက်ပိုင်ရဲ့ ယုတ်မာမှုကြောင့်လေ၊ တ
သက်သက် ပါးရိုက်တာမျိုးဖြစ်ပါ့မလား။ အေး အခုဟာက ချစ်ဟန်ဆော
ဝင်ရောပြီး ကောက်ကျစ်တဲ့နည်းနဲ့ ခွေးကိုက်သလို ကိုက်ခံလိုက်ရတာ





ဝင့်ထည်ထည်သာ မိဘတွေသိအောင် ပုံကြီးချဲ့လိုက်ရင် နင်တို့ကောင်
ထောင်ထဲမှာ ကားခနဲ ရောက်သွားပြီ သိရဲ့လား၊ သွားစမ်းပါ နင်တို့လို
အောက်တန်းစားကောင်တွေနဲ့ စကားပြောရတာ ပါးစပ်သနတယ်"

"ကေကေ"

"နင် မတားနဲ့ ထည်ထည်၊ ဒီကောင်တွေ ဘယ်လောက်အောက်
တန်းကျတယ်ဆိုတာ နင် နှစ်ခါတောင် ခံလိုက်ရပြီပြီ နင် မမှတ်သေးဘူး
လား။ အေး ငါလည်း နင့်ကိုပြောပြီးသားနော်၊ နင် ပျော့ညံ့နေဦးမယ်ဆို
ရင် နင့်မိဘတွေကို တိုင်ပြီးသားပဲ"

ကေခိုင်က ပြတ်သားစွာ အမိန့်ထုတ်၏။ ရင်ထဲမှာ နာကျင်နေ
တာမို့ ဝင့်ထည်ထည် တုတ်တုတ်မျှ မလှုပ်တော့ပေ။ ကေခိုင် အားမနာ
တမ်း ပြောနေတာလည်း ပြောသင့်သည်ပဲ မဟုတ်လား။ အောင်မင်းက
မျက်နှာပျက်နေသော်လည်း ရှောင်ထွက်သွားခြင်း မရှိဘဲ

"ထည်ထည် ကေခိုင်မပါဘဲ ငါနဲ့ခဏလောက် စကားပြောရ
အောင် ငါ တောင်းဆိုတာပါ၊ ဝသုန်အတွက်"

"ဟင့်အင်း ငါကပဲ ပြန်တောင်းပန်ပါတယ် အောင်မင်း၊ ဝသုန်
နဲ့ပတ်သက်ပြီး ငါ့ကို ဘာမှမပြောပါနဲ့တော့၊ ဆက်ပိုင်နဲ့ပတ်သက်တုန်း
ကလည်း ကြားထဲကနေ နင် အမျိုးမျိုး လျှော်ခဲ့ဖူးတယ်၊ အခု ဝသုန်နဲ့
နင်တို့တစ်ဖွဲ့တည်းဖြစ်နေပြီး ငါ့ကိုတိုက်ခိုက်ကြတာ နင်တို့ယောက်ျား
တွေဖြစ်ပြီး မရှက်ကြဘူးလား၊ ဝသုန်ကို အဲလိုလူစားလို့ မထင်မိတာ
ငါ အရမ်းမှားတယ်"

"ထည်ထည် ဒီလိုဟာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ငါလေ ဝသုန်ကို တကယ်ချစ်ခဲ့ပါတယ်၊ ဘယ်ယောက်ျားနဲ့မှမတူဘဲ ငါ့ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာကို ချစ်ခဲ့တာပါ၊ ကောက်ကျစ်ယုတ်ညံ့တဲ့နည်းနဲ့ ငါ့ကို ချည်းကပ်ခဲ့တယ်လို့ မထင်မိဘူး၊ ဆက်ပိုင်ကို ငါ အဖြေပေးခဲ့ဖူးလား"

"မ မမေးဖူးပါဘူး ဒါပေမဲ့"

"သူ ချစ်ခွင့်မတောင်းတော့ဘူး၊ သူငယ်ချင်းလို ခင်မင်ရင်းနှီးခွင့်ပေးပါဆိုလို့ သူ့ကိုအပေါင်းအသင်း ဘော်ဒါအကန့်အနေနဲ့ ခင်မင်ခဲ့တယ်၊ ဒါပဲလေ သူနဲ့ငါရဲ့ပတ်သက်မှုက ငါ ဘာတွေမှားခဲ့လို့လဲ"

"သူ့ကိုသာ လူပုံအလယ်မှာ အရှက်ကွဲအောင် ပါးမရိုက်ခဲ့ဘူးဆိုရင် ဒီကိစ္စတွေ ဖြစ်လာစရာအကြောင်းမရှိဘူး ဝင့်ထည်ထည်၊ မင်း ဘာလို့ ဆက်ပိုင်ကို ပါးရိုက်ခဲ့တာလဲ"

"အဲဒီအဖြေကို သိချင်နေတယ်ဆိုတော့ ဆက်ပိုင်က နင်တို့ကို ပြောပြမထားလို့ပေါ့ ဟုတ်လား အောင်မင်း"

"ဟုတ်တယ် ဒီကောင် ငါတို့တွေ ဘယ်လိုမေးမေး ဘာမှမပြောဘူး၊ ဒီကောင် ရှက်အားကြီးပြီး အဆိပ်တွေသောက်လို့ ဆေးရုံတက်ရတယ်၊ ဆေးရုံကဆင်းတာနဲ့ နိုင်ငံခြားခေါ်သွားတာ"

"ဘာ"

ဆက်ပိုင် အဆိပ်သောက်ပြီး ဆေးရုံတင်ရတယ်ဆိုသည့် စကားက အခု ပထမဆုံးအကြိမ် ကြားရခြင်းပင်။ ကိုယ်ကတော့ စိတ်လိုက်မာန်ပါ လုပ်ပြီး ရင်ထဲရှင်းကာ ဘာမှမှတ်မှတ်ရရ မကျန်ခဲ့။ ဘာဖြစ်တာလဲ၊





အဆိပ်တောင် သောက်ခဲ့သေးသည်တဲ့။ ကျောင်းမတက်တော့လို့ အတိုင်းအတာတစ်ခုထိ ရှက်သွားတာလောက်ပဲ။

"အခု ဆက်ပိုင်က နိုင်ငံခြားမှာလား"

"ထည်ထည် နင် ဘာတွေကို အရေးတယူ မေးနေတာလဲ၊ ဒီလိုကောင်တွေနဲ့ ခုလို ရပ်စကားပြောနေတာ လွန်နေပြီ၊ သူတို့မှာ ဒီထက်အောက်တန်းကျတဲ့နည်းဗျူဟာတွေရှိချင် ရှိနေဦးမှာ၊ လာ သွားမယ် နင် ဘယ်တော့မှ မပတ်သက်နဲ့"

ကေခိုင်က ဝင့်ထည်ထည်လက်ကို ဆောင့်ဆွဲခေါ်သွားသည်။ အောင်မင်း ယောင်တောင်တောင် ရပ်ကျန်ခဲ့ရင်း ခေါင်းထဲကို အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာ၏။

ဆက်ပိုင် ...။

ဝသုန်အတွက် ဆက်ပိုင်တစ်ယောက်သာ အားကိုးစရာရှိတော့၏။ ဝင့်ထည်ထည်ကရော ဘာကို အံ့သြသွားတာလဲ။ အဆိပ်သောက်လို့ ဆေးရုံတက်ရတာရော နိုင်ငံခြားရောက်သွားတာရော ဘာမှသိပုံမပေါ်။

မသိတာဟာ ဂရုမစိုက်တာလား။ အလေးအနက် မရှိလို့လား၊ တမင်မေ့ပျောက်ထားခဲ့တာလား။

ဘာဖြစ်ဖြစ် ဒီကောင်မလေး ဝသုန်ကို ချစ်နေသေးသည်ဆိုတာတော့ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''ဟယ် ကိုကို ရောက်နေတာလား''

ဧည့်ခန်းထဲ ထိုင်နေသော ကိုကို့ကိုမြင်လိုက်၍ တအံ့တဩ ဖြစ်သွား၏။ ခွင့်ရက်စေ့လို့ ပြန်သွားတာဖြင့် မကြာသေးဘဲနဲ့။

ကိုကို့နှင့်ဘေးချင်းယှဉ်၍ ထိုင်နေသော ဧည့်သည်ကရော ဘယ်သူလဲ။ ပုဆိုးကွက်စိမ်းအပြာနှ ရှပ်လက်ရှည်အဖြူရောင်လေးနှင့် ရည်ရည်မွန်မွန်ပင်။

''လာ ထိုင် ညီမလေး၊ ကိုကို ဟိုတစ်ခေါက်က ပြောခဲ့တဲ့ သူငယ်ချင်းလေ၊ သူ့ခွင့်ရက်ကို ညီမလေးတို့နဲ့ မိတ်ဆက်ပေးရအောင်လို့ နားလည်မှုနဲ့ လိုက်လာတာ''

''ဟုတ်ကဲ့ ကျွန်တော် သက်လွင်ပါ''

မြန်မာအဝတ်အစားဝတ်ထားပြီး သက်လွင်ဆိုသူက အနောက်





တိုင်းဆန်ဆန် လက်ကမ်း၏။ မသိမသာ နှာခေါင်းရှုံ့လျက် လူမှုရေးအရ လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

ရင်ဘတ်ချင်းမတိုက်တာ ကံကောင်းလို့ မဟုတ်ပါလား။ မေမေ မျက်နှာက သကာရည်လောင်းထားသလို အပြုံးများ ချိုမြနေလျက်။

''ဒီမှာ နှစ်ရက်သုံးရက်နေပြီးမှ ကျောက်ဆည်ကို ပြန်မယ် ပြောတယ်၊ မောင်မျိုးက ခွင့်ထပ်မရသေးဘူးတဲ့လေ၊ သမီးလည်း ဧည့်သည်ခဏလာတုန်း ဧည့်ဝတ်ကျေအောင် ဧည့်ခံရမယ်နော်''

သမီးနဲ့ ဘာဆိုင်လို့လဲလို့ ဘုတောလို့တော့ မဖြစ်သေးပါ။ ဟိုတစ်ခါပြောထားသည့်စကားနှင့် ဖွတ်အတင်း စိမ်းတာတွေ ဘာတွေမလုပ်အောင် အလိုက်အထိုက် ဆက်ဆံပေးမှ ဖြစ်မည်။

''ကိုသက်လွင်က ဒီအိမ်မှာ တည်းမှာလား''

''ရန်ကုန်မှာ အသိအိမ်ဆိုလို့ ဒီတစ်အိမ်ပဲရှိတာ၊ ဒီမှာပဲ တည်းမှာပေါ့၊ ကိုကိုက ရုံးကိစ္စတွေနဲ့ နည်းနည်းအလုပ်ရှုပ်ဦးမယ်၊ ကိုသက်ကို ညီမလေးတို့ကျောင်း ရောက်ဖူးအောင် ခေါ်သွားနော်၊ အိမ်မှာဆို သူ တစ်ယောက်တည်း ပျင်းနေမှာ''

''ကိုကိုကလည်း''

အသံတိတ် ညည်းညူမိရင်း နှုတ်ခမ်းလေးပါ စူသွား၏။ ကိုကိုက ဝသုန်နှင့်စိတ်မချ မကျေနပ်လို့ ဖွတ်အတင်းကို အောင်သွယ်နေတော့တာပါလား။ မေမေ့ရဲ့တိုက်တွန်းစေ့ဆော်မှုတွေလည်း ပါပေလိမ့်မည်။ သက်ဦးဆိုသော ပုဂ္ဂိုလ်က သူမကို ပြုံးစစနှင့်ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ထည်ထည်က ကိုယ့်ကို မခေါ်ချင်ဘူး ထင်တယ်"

"မဟုတ်ပါဘူး၊ ကျွန်မတို့အတန်းတက်နေရင် ရှင် တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ထည်ထည်တို့ အတန်းတက်တဲ့အချိန် ကိုယ် မြို့ထဲလျှောက်လည်နေမှာပေါ့၊ ကိုယ့်ကို အားမနာပါနဲ့၊ ကိုယ် နေတတ်ပါတယ်"

"ဟုတ်သားပဲ သမီးရယ်၊ သမီးတို့ချင်း ရင်းနှီးအောင်လို့ မေမေခေါ်လိုက်တာ"

"ရှင်"

"နောက်လကဲလောက် စေ့စပ်ပေးရမလားလို့ တိုင်ပင်နေတာ အဲဒါကြောင့် ဒီအတောအတွင်း ရင်းနှီးကျွမ်းဝင်နေမှ ဖြစ်မှာပေါ့ သမီးရဲ့"

"မေမေ ဟို"

"သမီး ဘာမှမပြောနဲ့၊ မေမေနဲ့သမီးကိုကိုက သမီးအတွက်ကောင်းဖို့စီစဉ်တာ၊ သမီး အဖေကလည်း မေမေတို့သဘောတဲ့"

"မမြန်လွန်းဘူးလား မေမေရယ်၊ သူနဲ့ကိုယ်နဲ့ သိပ်လည်းရင်းနှီးသေးတာ မဟုတ်ဘဲနဲ့"

"ဆင်ခြေမပေးနဲ့ သမီး၊ မိသားစုဖြစ်ဖို့ သူစိမ်းအချင်းချင်း ရင်းနှီးမှုယူပြီး ပေါင်းဖက်ရတာချည်းပဲ၊ မကောင်းတဲ့လူနဲ့ ဆုံဆည်းရရင် သာ ကံဆိုးမှာ သမီး"

"သက်လွင်ကို ဆက်ဆံကြည့်စမ်းပါဦး၊ ဒီကောင်က အရမ်းသဘောကောင်းတာ ညီမလေးကို အနိုင်ဘာခံမယ့်ကောင်မို့ ကိုကို ရွေးချယ်





ပေးတာ၊ ဟိတ်ကောင် ငါ့ညီမ စိတ်ဆင်းရဲအောင် မလုပ်နဲ့နော်"

"မလုပ်ပါဘူးကွာ၊ ယောက်ဖကလည်း"

သူမကလွဲ၍ ညေ့ခန်းထဲမှာ ရယ်သံတွေ လွှမ်းသွားသည်။ သူမကို ရှေ့တည့်တည့်မှာထား၍ အပြောအဆို မဆင်ခြင်ကြတာ ယဉ်ကျေးမှုမရှိဘူးဟု ထင်မိသည်။

သူမ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ လူမှုရေးမသိတတ်ဘူးပြောပြော ဒီအတိုင်း ထထွက်လာခဲ့သည်။ ဦးတည်ရာက အနေအေးဆေးတည်ငြိမ်သည့် စာကြည့်ခန်းထဲမှာ ရှိနေမည့် ဖေဖေ့ဆီကိုပါ။

"ဖေဖေ"

"ဟော သမီးလေး ကျောင်းက ပြန်လာပြီလား"

"ဟုတ်ကဲ့ဖေဖေ အောက်မှာညေ့သည်ရှိနေတာ ဖေဖေ ဆင်းတွေ့ဘူးလား"

"ခဏတစ်ဖြုတ် ညေ့ဝတ်ကျေအောင် စကားပြောပြီးပါပြီ၊ သမီးမေမေ အချိန်ကြာကြာ ညေ့ထောက်ခံလိမ့်မပေါ့၊ သမီးကရော"

"ဘာမှန်းလည်းမသိဘူး၊ အခုမှ တွေ့ဖူးတဲ့လူနဲ့ သမီးကို ပေးစားမလို့တဲ့၊ ရှေ့မှာပေါ်တင်ကြီး ပြောနေတာ၊ ကြာကြာ နားမထောင်ချင်ပါဘူး၊ ဖေဖေကလည်း သဘောတူတယ်ဆို"

"သမီး မေမေနဲ့ မောင်မျိုးက သင့်တော်တယ်လို့ ပြောတာပဲ"

"သူတို့က သင့်တော်တယ်ဆိုတိုင်း ယူရမှာလား ဖေဖေ၊ အစ်သက်လုံး ပေါင်းသင်းရမယ့် သမီးဆန္ဒလည်းပါဦးမှပေါ့၊ သူစိမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ မိသားစုတစ်စုဖြစ်ဖို့ ထူထောင်တဲ့ကိစ္စ၊ ဒီလိုလွယ်လွယ် ဆုံးဖြ
စီစဉ်လို့ ရမလားဖေဖေ''

''အင်း အဲဒါလည်း ဟုတ်တာပဲ''

ဖေဖေက ဟိုတက်ဒီဘက် အတိုက်အခံမလုပ်ဘဲ ခပ်အေးအေ
ပြောနေ၏။ အမြဲအနေအေးဆေးသလို ဖနီးနှင့် သမီးအပေါ် ဘယ်တုန်း
မှ ဆူပူမာန်မဲခြင်းမရှိဘဲ အလုပ်တာဝန်တွေအပေါ်မှာပဲ တာဝန်ကျေ
အောင် ကြိုးစားသည်။

သူမ ငယ်ရွယ်စဉ်ကနေ ခုချိန်ထိ သိခဲ့ရသလောက် ရုံးတက်
ရက် တစ်ခါမှ မပျက်ခဲ့ပါ။ နိုင်ငံခြားခရီးစဉ်ရှိလည်း မပျက်ကွက်ခဲ့
ဒါကြောင့်လည်း နာမည်ကောင်းနှင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့သူ

''ဖေဖေ''

''အေး ပြော သမီး''

''သမီး လက်မထပ်ချင်သေးဘူး ဖေဖေ''

''အဲဒါ သမီး မေမေစီစဉ်နေတာ၊ သူ့ကိုပြောလေ''

''မေမေက ကိုမျိုးနဲ့ပေါင်းပြီး စီစဉ်နေတာ၊ သမီးက ဘယ်ငြ
ရမလဲ၊ ကိုကိုက ဘာမှန်းလည်းမသိဘူး၊ ကိုယ့်ညီမက ကျောင်းတော်
သေးတာ မဟုတ်ဘူး၊ ယောက်ျားပေးစားချင်နေတယ်''

''ကျောင်းပြီးမှ လက်ထပ်ပေးမယ်လို့ ပြောတာမဟုတ်လာ
အခုက စေ့စပ်ရုံပဲ''

''အဲလို အလောတကြီး စီမံနေစရာလား ဖေဖေ''





''သမီးမှာ ရည်းစားသနာ ရှိနေလို့လားသမီး''

''ရှင်''

ဖေဖေဘာတွေ သိထားလဲဟု သူမ မျက်လုံးလေးပြူးလျက်
လှုပ်သွား၏။ ဒါပေမဲ့ ဖေဖေက တည်တည်ငြိမ်ငြိမ်ပါ။

''သမီး အကြောက်အကန် ငြင်းနေပြီဆိုရင် အကြောင်းတစ်
လို့ ဖြစ်မယ်ဆိုတာ ဖေဖေ သဘောပေါက်ပါတယ်၊ ဖေဖေကတော့
အိမ်ထောင်ရေးကို အမိန့်အာဏာတွေ မသုံးချင်ပါဘူး၊ မိဘအသိုက်
ဂုဏ်သိက္ခာကျအောင် မလုပ်ဘူးလို့ သမီးကို ဖေဖေယုံကြည်
ဘယ်လိုလူစားလဲ ဘယ်လို အတန်းအစားကလဲ၊ ဖေဖေ့ကိုပြော
မလား''

''ရှင် ဟို''

သူမ ဘာပြောရမှန်း မသိပါ။ ဝသုန်ဆိုတဲ့ ကောင်လေးပါလို့
ရမှာလား။ ကိုယ်ကသာ ရင်ထဲအသည်းထဲက နင့်နေအောင် ချစ်ခဲ့
လောက် သူက သူငယ်ချင်းအတွက် လက်စားချေဖို့ ဟန်ဆောင်
တာပါလို့ အမှန်အတိုင်း ပြောရမှာလား။

ပါးတစ်ဖက် လျော်ကြေးပေးလိုက်ရသည့် နောက်ပိုင်း အရိပ်
ချင်တောင် မမြင်တွေ့ရတော့တာ၊ သူငယ်ချင်းအတွက် ကျေနပ်သွား
ကြောင့် ဖြစ်မည်။

''သမီး''

''ဘာလို့ ဖေဖေ မေးတာမဖြေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဖြေ ဖြေစရာမရှိလို့ပါ ဖေဖေ၊ သမီးမှာ ရည်စားမရှိပါဘူး''

''ဘာလို့ ဖေဖေ့ကို လိမ်နေတာလဲ၊ သမီး မေမေပြော[...] ကောင်လေးကရော''

''အဲ အဲဒါ''

''မောင်မျိုးနဲ့ အထင်လွဲပြီး သမီးကို အနိုင်အထက်ပြုဖို့ ကြံ[...] စားတယ်ဆို''

မေမေက ဖေဖေကို ဒါတွေပြောပြပြီး နားသွင်းထားသည်ဆို[...] သေချာသည်။ နောက်ပိုင်းပြဿနာတွေသာသိလျှင် ဖေဖေလည်း သူမ[...] အိမ်ထောင်ပြုဖို့ ဖွတ်အတင်းအကျပ် တိုက်တွန်းပေလိမ့်မည်။

''အဲလို အကြောင်းလေးတွေတော့ ရှိခဲ့ပါတယ် ဖေဖေ ဒါပေ[...] သူက လူကောင်းတစ်ယောက်ပါ''

လျော့ရဲရွှာ မငုံ့မရဲ အာမခံမိခြင်းဟာ ဝသုန်ကို မျှော်လင့်[...] ခြင်းတော့ မဟုတ်ပေ။ မောင့်ကို သူမရင်ထဲက တစိမ့်စိမ့် နာနေပါသည်[...] သူမက ခွင့်လွှတ်နားလည်ခြင်းတွေနှင့် ပေးဆပ်ကာ ချစ်ခဲ့ရသလော[...] မောင့်ရဲ့တုံ့ပြန်မှုတွေက သူမရင်တွေ လောင်ကျွမ်းပြာကျအောင် ရက်စ[...] လွန်းခဲ့သည်။

နောင်ဘဝထိတောင် ဒဏ်ရာက အကင်းသေပါ့မလား။

သူမကို အရိပ်ကြည့် အကဲခတ်နေသော ဖေဖေက

''လူကောင်းတစ်ယောက်ဆိုရင် ဖေဖေကို မိတ်ဆက်ပေ[...] ဖေဖေ တွေ့ပြီး အကဲခတ်ပေးမယ်''



''ရှင် ဟို အဲဒါကလေ ဖေဖေ''

''တွေ့မပေးရဲလောက်အောင် မှိုင်းစိုင်းကြမ်းတမ်းတဲ့ လူငယ် [...] သမီး''

''မ မဟုတ်ပါဘူး၊ ဖေဖေ၊ သူနဲ့သမီးက အဲဒီကိစ္စနဲ့ပဲ စိတ် [...]ောက်နေကြလို့ပါ''

''အစ်ကိုပါလို့ ဖြေရှင်းပြီးတာတောင် နားမလည်သေးဘူးဆိုတဲ့ [...]ဘာလား သမီး''

ဖေဖေ အတိအကျမေးနေတာကြောင့် သူမ ကတုန်ကယင် [...]ပြန်နေရသည်။ ဘာပြဿနာမှ မရှိခဲ့ဘူးဆိုလျှင် သူမကို ညှိနှိုင်းနေ[...]ာ ဖေဖေ့ကို မောင်နှင့်အခု ချက်ချင်းတွေ့ပေးမိလိုက်မှာပါ။ လမ်းခွဲပြီး [...]လို့ရော သူမ ဘာကြောင့် ဝန်မခံရဲဖြစ်နေသည်ဆိုတာ သူမကိုယ်သူမ [...]လည်။

''အဲဒီကိစ္စ ခေါင်းထဲမထည့်ပါနဲ့ဦး၊ ဖေဖေ၊ အခုမေမေတို့ စိစဉ် [...]ကို လက်မခံနိုင်တာ၊ ဒီကိစ္စတစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ သမီး [...]ထောင်မပြုချင်သေးလို့ပါ''

''ဒါဆို ဘယ်လိုအကြောင်းပြချက်နဲ့ ဖေဖေက သမီးမေမေကို [...]ကွက်ပေးရမလဲ သမီး၊ အခုချက်ချင်း လက်ထပ်ပေးကြမှာလည်း [...]တ်ဘူး၊ သမီးမှာ တခြားအကြောင်း မရှိဘူးဆိုရင် စေ့စပ်မယ်ဆိုတာ [...]ောက်တော့ သမီးလက်ခံပေးရမှာ''

''အချုပ်အနှောင် ဘောင်တစ်ခုထဲ ရောက်သွားတာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ဖေဖေ၊ ဒီဘောင်ထဲကနေ တစ်ယောက်အကြောင်း တစ်ယော လေ့လာရင်းက အဆင်မပြေရင် သမီးပဲ နစ်နာမှာပါ။ ဖေဖေတို့ လူ ချင်းတွေလည်း မျက်နှာပျက်မယ်၊ သိက္ခာကျမယ်"

"သမီး ဘာဖြစ်ချင်တာလဲ"

"စည်းအပြင်ဘက်ကနေ ကိုသက်လွှင်ကို လက်ခံလာနိုင်အော ကြိုးစားကြည့်ပါမယ်"

"ကောင်းပြီ သမီးမေမေကို ဖေဖေပြောကြည့်ပေးမယ်၊ သမ ကသာ လမ်းမမှားပါစေနဲ့၊ အဲဒါဆိုရင် အခုလက်တလော စေ့စပ် မဖြစ်အောင် ဖေဖေ တာဝန်ယူပေးမယ်"

"ဝမ်း ဝမ်းသာလိုက်တာ ဖေဖေရယ်၊ တကယ်နော်"

သူမ ဝမ်းသာအားရ ဖေဖေ့ကို ခုန်ဖက်လိုက်သည်။ သူ တစ်ယောက်တည်းကိုသာ သစ္စာရှိရှိ ဖွဲမြဲစွာ ချစ်ခဲ့ဖူးသည်။

သူ့ မချစ်ချစ် ချစ်ချစ်ပါ ...။

■ ■ ■



အခန်း (၃၁)

စီးနေကျ ကားမဟုတ်သော၊ အနက်ရောင် မာစီးဒီးကားကြီး ပေါ်က ဝင့်ထည်ထည် ဆင်းလာတာမြင်တော့ တအံ့တသြ ဖြစ်ရသေး၏။ ၎င်း အံ့သြရသည်က သူမကိုယ်တိုင် မောင်းလာသောကား မဟုတ်ခြင်း ပင်။

"ဟင်"

ကားပေါ်က ဆင်းလာသူက ဟိုတစ်ခါ ဆုံခဲ့သည့် သူမ အစ်ကို ဆိုတာလည်း မဟုတ်။ ဒါ ဘယ်သူဖြစ်နိုင်လဲ။

"ဝသုန် ဘယ်သူဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်လဲ"

ကိုယ့်ကိုယ်ကို အသံထွက် သတိပေးရင်း ချာခနဲ လှည့်လိုက် သည်။ ဝင့်ထည်ထည်ကို သူဘယ်လိုမှ မမေ့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အကြင်နာတွေ၊ ဂရုစိုက်မှုတွေ၊ သည်းခံနိုင်မှုတွေ...
ဆုံခဲ့စဉ်အချိန်တိုင်း သူမဆီမှာ မာန်မာနတွေ ...ောက်မာခြင်းတွေ...
...ကာတိ ဖြူစင်ရိုးရှင်းလျက်၊ သူ့အပေါ် ...ပေးဆပ်နိုင်လွန်းသော ချ...
တွေ့သာရှိသည်။

ဒါပေမဲ့ မင်းအချစ်တွေက ငါ့လို အောက်တန်းစားကော...
မထိုက်တန်ပါဘူးဟု အကြိမ်ကြိမ် ယူကျုံးမရ ရွတ်ဆိုမိရင်း ကွယ်...
ပဲ ချောင်းမြောင်းကြည့်နေမိခဲ့တာ။

"ဝသုန်"

"ဟာ ဆက် ဆက်ပိုင် မင်းဘယ်လိုရောက်"

စကားဆုံးအောင် မပြောနိုင်ပါ။ ကျွံခနဲ ဘရိတ်အုပ်...
ကားပေါ်က ဆင်းလာသော ဆက်ပိုင်အနီး သူ အပြေးရောက်...
သည်။ ဆက်ပိုင်ကို မြင်လိုက်ရတာ သူ့ရင်ထဲ ဝမ်းသာဝမ်းနည်းကြ...
ဆက်ပိုင်က သူ့ပခုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ဖက်ပြီး

"ငါတို့ဆိုင်တစ်ဆိုင် သွားရအောင်"

"အောင်မင်းရော ခေါ်ဦးမလား၊ အောင်မင်းက ကျောင်း...
ဝင်သွားပြီ"

"နေပါ သူနဲ့နောက်မှ တစ်ချိန်ချိန်ကြတာပေါ့၊ မင်းနဲ့ အ...
စကားတွေပြောချင်တာ"

"အေးပါ မင်းကို ငါသတိရနေတာ"

ဆက်ပိုင် ကားလေးနှင့် ကျောင်းနှင့်ဝေးသော စားသော...





ကို ရောက်လာခဲ့ကြသည်။ အရင်က ဆက်ပိုင်ရောသူရော အရက်ဘီယာ
သောက်လိုက်မသောက်တတ်။

အခုတော့ စည်ဘီယာ တစ်ခွက်စီ မှာလိုက်ကြသည်။ ဆက်ပိုင်
က အသားအရေတွေ ဝင်းစိုလျက် ကြည့်ကောင်းလာသည်မို့ အတိတ်က
ဒဏ်ရာတွေပျောက်ကင်းပြီဟု ယူဆရမလား မသိ။ ဆက်ပိုင်က ဘီယာ
ခွက်ကို ကောက်ကိုင်ကာ တစ်ငုံခန့် လည်ချောင်းထဲ စီးဆင်းစေပြီး

"မင်းနဲ့ ဝင့်ထည်ထည်က ဘယ်လိုဖြစ်တာလဲ"

"ဟင် မင်းဘယ်လိုသိ"

"အောင်မင်း ငါ့ဆီ ဖုန်းဆက်တယ်၊ အစအဆုံး ပြောပြပြီး
ပြီဆိုပါတော့"

"ဒါဆို ငါ့ကိုဘာလို့ မေးနေသေးလဲ၊ ဒီကိစ္စတွေက"

"ငါ့အတွက်လို့ ပြောချင်တာလား။ မင်းအဲလောက်တောင် ရူးရ
သလား ဝသုန်"

"ဘာ"

အရှုးလို့ အပြောခံရလိုက်သည်မို့ ဆတ်ခနဲ ခါသွားလျက်
ဆက်ပိုင်ကို မျက်လုံးပြူး ကြည့်မိ၏။ တကယ်ဆို သူ့အတွက် လက်စား
ချေ လက်တုံ့ပြန်ခဲ့ရခြင်းပင် မဟုတ်ပါလား။

"မင်း ခံလိုက်ရတာကို ငါတို့ လက်တုံ့ပြန်တာ၊ မင်းဘာကို
မကျေနပ်တာလဲ၊ ဝင့်ထည်ထည်ကို မင်းစိတ်မနာတာလား ဆက်ပိုင်"

"နာရအောင် သူမှမမှားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းဘာပြောလိုက်တာလဲ ဆက်ပိုင်"

"ဟုတ်တယ် ထည်ထည် မမှားဘူး၊ မှားခဲ့တာက ငါ၊ သူ့ကို ရှိတင်မဟုတ်ဘူး၊ ဒီထက်မက အပြစ်ပေးလည်း ငါခံသင့်တယ်"

"ဘာလို့လဲ၊ ငါ့ကိုမြန်မြန် ပြောစမ်းပါ"

"ကျွတ် ငါဘယ်လို ပြောရမှာလဲ"

ပြောရခက်နေသလို မျက်နှာကြီး နီးမြန်းလျက် ဆက်ပိုင် ဘီယာခွက်ကောက်ကိုင်၏။ ရင်မှာ အမှားအမှန် ခွဲခြားမရသေး ဗလောင်ဆူနေသည်မို့ ဆက်ပိုင် အပြုအမူကို စိတ်မရှည်၊ ဆက်ပိုင် လက်ထဲက ဘီယာခွက်ကို ဆွဲယူကာ ပြန်ချလိုက်ပြီး

"ပြောစမ်းပါ ဆက်ပိုင်၊ မင်းမှားတယ်ဆိုရင် ငါတို့လည်းမှား ပြီပေါ့၊ မင်းဘယ်လိုဖြစ်"

"အောင်မင်းကိုတော့ ငါပြောပြပြီးပါပြီ မင်းကိုတော့ ငါပြော ခက်နေတာ"

"အခုကိစ္စမှာ ဝင့်ထည်ထည်နဲ့ ပတ်သက်ပြီး အဓိကက ငါ အောင်မင်းကို နောက်မှပြောလို့တောင်ဖြစ်တယ်၊ မင်းငါ့ကို အရင်ပြော မှာ၊ ပြောစမ်းပါ ဆက်ပိုင်ရာ"

"ဝသုန်"

"အေး ပြော"

"ငါယောကျ်ားတစ်ယောက်ပါ၊ ဒါပေမဲ့ ယောကျ်ားချင်း အထင် မြင်သေးလောက်အောင် ငါ အောက်တန်းကျမိတယ်"





"ဘာလဲ အဲဒါဘာလဲ"

"ဝင့်ထည်ထည် အရမ်းလှတယ်၊ ထက်မြက်တယ်၊ အသိုက်အဝန်းလည်း စိတ်ဝင်စားစရာ ကောင်းတယ်၊ အဲဒါကြောင့် သူ့ကို ငါကြိုက်မိတယ်"

"ဒါ ထူးဆန်းလို့လား၊ လူပျိုက အပျိုကို ပိုးပန်းကြိုက်တာ"

"မထူးဆန်းဘူး၊ ဒါပေမဲ့ မိန်းကလေးတိုင်း စိတ်ဝင်စားတဲ့ ငါ့ကို ဝင့်ထည်ထည် ပြန်မကြိုက်တာတော့ ထူးဆန်းတယ်၊ ဒါပေမဲ့ ယောကျ်ားမာနနဲ့ရအောင် ယူပြမယ်ဆိုတဲ့ ကြုံးဝါးမှုတွေနဲ့ ငါချည်းကပ်ခဲ့တယ်"

ဝင့်ထည်ထည်အပေါ် ဆက်ပိုင်လည်း မရိုးသားခဲ့ပါလားဟု အတွေးတစ်ခုဝင်၏။ ဒီတစ်ခါ ဘီယာခွက်ကို ကောက်မော့မိသူက သူကိုယ်တိုင်ပင်။

"မိန်းကလေးတွေက အရှိန်အဝါ မာန်မာနတွေ ပျောက်ကွယ်တဲ့ အချိန်ဆိုရင် အရမ်းဖြူစင်ရိုးသားပြီး ချစ်စရာကောင်းတဲ့ သိုးငယ်လေးတွေပါ၊ ဝင့်ထည်ထည်က အဲလို မိန်းကလေးမျိုးပဲ ငါတို့ ယောကျ်ားတွေကသာ"

"မင်း ဘာကို နောင်တရနေတာလဲ"

"ငါ ပရိုပို့(စ်)လုပ်တာကို သူငြင်းတယ်၊ ဘယ်ယောကျ်ားကိုမှ မချစ်တတ်တော့မယ့် အတိုင်းပဲ၊ အဲဒီတော့ သူငယ်ချင်းဘော်ဒါအဆင့်နဲ့ ရင်းနှီးခွင့်ပေးပါလို့ တောင်းဆိုခဲ့တယ်၊ မိန်းကလေးဆိုတာ မိခင်စိတ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းသိမ်မွေ့တယ် မဟုတ်လား။ လူတစ်ယောက်ကို သူတို့ကြောင့် သိ
မပင်ပန်းစေချင်တဲ့ မေတ္တာစာတစ်ခု ရှိတယ်''

''အဲဒါနဲ့''

''ဒါကို သူလက်ခံတယ်၊ အတူသွား အတူလာ သူငယ်ချင်
တွေလိုပဲ၊ ငါ့ဘက်က ဆက်ဆံမှုတွေကို ရိုးရိုးသားသားလို့ သူအော
မေ့နေတာ''

''ဟင် မင်းက မဟုတ်ခဲ့ဘူးလား''

''ငါက ကျူးချောင်းချောင်းပြီး အခွင့်အရေးတစ်ရကို စောင့်
ခဲ့တာလေ၊ ကြာလာရင် သူငါ့ကို သံယောဇဉ်ရှိလာမယ်၊ ငါ့ရဲ့ဂရုစိ
ကြင်နာမှုတွေကို ယုံကြည်လာမယ်၊ ပြီးတော့ ငါ့ရဲ့ အတွေ့အထိတွေ
သာယာလာမယ်လို့ ထင်ခဲ့တာ''

''မင်း မင်းဘာတွေ လုပ်ခဲ့တာလဲ''

ကိုယ်တောင် အထိတ်တလန့် ဖြစ်ရ၏။ ဆက်ပိုင်မျက်နှာပြ
နီပြီး ချွေးတွေပြန်နေခြင်းဟာ ဘီယာအရှိန်ကြောင့် မဖြစ်နိုင်။

''သူနဲ့ငါ ဘယ်သွားသွားလာလာ၊ သူ့သူငယ်ချင်း ကော
အမြဲပါပါတယ်၊ သုံးကြိမ်မြောက် ရုပ်ရှင်အတူကြည့်ဖြစ်တဲ့ အချိန်
ငါသူ့ကို သွေးတိုးစမ်းလိုက်တယ်''

''ဘာ မင်း''

''အတွေ့အထိကို သာယာသွားရင်း ငါ့အပေါ် တိမ်းညွတ်
မှာပဲဆိုတဲ့ ဆန္ဒဆိုးတွေနဲ့ပါ၊ ပထမ လက်ကလေးကို စကိုင်တ





ရုပ်ရှင်က ဟာသကားဆိုတော့ ရယ်မောရင်းနဲ့ ရုပ်ရှင်ပိတ်ကားပေါ်
အာရုံရောက်နေတဲ့ ဝင့်ထည်ထည်က သတိမထားမိဘူး၊ ဒါကို ငါက
အတင့်ရဲပြီး''

''ဆက်ပိုင်''

''ဝင့်ထည်ထည်က အညှာလွယ်တဲ့ မိန်းကလေး မဟုတ်ဘူး။
ကိုယ်ကျင့်သိက္ခာ ယိမ်းယိုင်နေတဲ့ မိန်းကလေးမဟုတ်ဘူးဆိုတာ ငါ
နောင်တတွေနဲ့ သိလိုက်ရတယ်၊ ငါ့အမှား ငါသိလို့ ရုပ်ရှင်ရုံအထွက်မှာ
ငါ ဖွတ်အတင်း လိုက်တောင်းပန်တယ်၊ ပူထူပြီး ရှက်ရမ်းရမ်းလိုက်တဲ့
သူ့ရဲ့ ပေါက်ကွဲမှုကြောင့် ငါပါးအရိုက်ခံလိုက်ရတာပဲ၊ အဲဒါ ငါမှားတာလေ၊
ငါအပြစ်ကြီး ကျူးလွန်မိတာလေ၊ မင်းတို့က ဘာအတွက် လက်စားချေ
ပေးတာလဲ၊ လက်တုံ့ပြန်ကြတာလဲ''

''ဆက်ပိုင် မင်းကွာ မင်းကွာ မင်း''

ဒန်းခနဲ စားပွဲခုံကို လက်သီးနှင့် ပစ်ထိုးလိုက်၊ ဝသုန် နာနာ
ကျင်ကျင် ရင်ထဲမှာ ခံစားလိုက်ရ၏။ ကိုယ့်အတွက် မဟုတ်ပါ။ ဝင့်
ထည်ထည်အတွက် ယူကျုံးမရ ဖြစ်တာ။ ဒါတွေကို မသိဘဲ တူသော
တုံ့ပြန်မှုတွေဖြင့် သူမကို ရက်စက်မိပါပေါ့လား။

''မင်းကွာ အစတည်းက ငါတို့မေးနေရဲ့နဲ့ ဘာမှ မပြောဘဲ မ
ပြောဘဲ နိုင်ငံခြားထွက်သွားခဲ့တယ်၊ ဒီမှာကျန်ခဲ့တဲ့ လူတွေက အမျိုး
မျိုးတွေးပြီး မလုပ်သင့်တာတွေ အကုန်လုပ်မိပြီး အဲဒီ အချိန်တည်းက
မင်းဒီစကားတွေ ပြောခဲ့မယ်ဆိုရင် ဒီလို အခြေအနေတွေ ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမှာ မဟုတ်ဘူး၊ ငါတို့က မင်းပါးရိုက်ခံရတာ ဝင့်ထည်ထည် နာကြည်းသွားပြီး အရမ်းရှက်ပြီး အဆိပ်သောက်သေကြောင်းကြံတယ် ထင်ကြတာ၊ အစတည်းက ဒီလိုအကြောင်းပါလို့ ပြောခဲ့ပါလား ဆက်ပိုင် ရာ''

သူ့ အံ့ကြိတ်ကာပြောတော့ ဆက်ပိုင် မျက်ရည်တွေ ဝဲလျက် ခေါင်းယမ်းသည်။

''ယောက်ျားမဆန်တဲ့ အောက်တန်းကျတဲ့ ငါ့ရဲ့အပြုအမူ ကို ခုလိုကြားလိုက်ရတော့ မင်းတို့ငါ့ကို အထင်သေးသွားတယ် မဟုတ် လား၊ ငါရှက်လို့ပါ၊ အရမ်းရှက်လို့ပါ ဝသုန်ရာ၊ မင်းတို့ကိုလည်း ဖွင့် ရင်မဖွင့်ရဲဘူး၊ ဘယ်သူ့ကိုမှလည်း အသိမပေးဘူး၊ ငါ့ကိုယ်ငါလည်း ရွံရှာစက်ဆုပ်မိတယ်၊ အဲဒါကြောင့် ငါ့လိုလူ သေသွားရင်ကောင်းမှာ ဆိုပြီး သေကြောင်းကြံခဲ့တာ''

''ဆက်ပိုင်''

''ဘယ်သူ့ကိုမှ ရင်မဆိုရဲလို့ပါ၊ ငါ့ကို အထင်သေး ရွံရှာ ကြောက်လို့ ဘယ်သူ့ကိုမှ ဖွင့်မပြောရဲခဲ့တာပါကွာ''

ဆက်ပိုင် မျက်ရည်ဝဲပြီး အသံတွေ တုန်နေသည်။ သူ့ရင်ထဲ လည်း ဆတ်ဆတ်ခါလျက်

''မင်းဘာတွေ မှားမှန်းမသိဘဲ ငါတို့ ဆက်မှားခဲ့တယ်၊ ငါတို့ ဝင့်ထည်ထည် ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်တော့ဘူး၊ ခွင့်လွှတ် လည်ပေးနိုင်လောက်တဲ့ အပြစ်မှ မဟုတ်ဘဲ၊ ဒါကြောင့် ထည်ထည်





သူငယ်ချင်း ကေခိုင်ကပြောတာ အောက်တန်းစား သိက္ခာမဲ့တဲ့ ယောက်ျား ဆွတဲ့''

''မမှားဘူး ကေခိုင်ပြောတာ မမှားပါဘူး၊ ဒါပေမဲ့ ဒီအပြစ်ကို ကျူးလွန်တာက ငါ၊ မင်းက မေမေ့တိုက်တွန်းမှုကြောင့် ဒီအခြေအနေ သိ လက်တုံ့ပြန်ဖြစ်သွားတာ မဟုတ်လား၊ ထည်ထည်ကို ငါတောင်းပန် ပေးပါမယ်၊ မင်းကျောင်းမထွက်ပါနဲ့ ငါရှင်းပြလိုက်ရင် ထည်ထည် နား ည်ခွင့်ပေးမှာပါ''

''နေပါစေ ထည်ထည် အမှန်တကယ် သိသွားခဲ့လည်း ထည် ည်အချစ်နဲ့ ငါလိုကောင်က မတန်ပါဘူး၊ ကိုယ်ချစ်တဲ့ မိန်းမ တစ် ယောက်ကို သူများကြောင့် ပါးရိုက်လက်တုံ့ပြန်တဲ့ ယောကျာ်း၊ ဘယ် လောက်ရွံ့ရှာ စက်ဆုပ်ဖို့ကောင်းလဲ၊ ငါကျူးလွန်တဲ့အပြစ်ကို ငါ့ဘာသာ မယ်''

ပြောပြီး ဘီယာခွက်ကို ကိုင်မြှောက်လိုက်သော သူ့လက်တွေ ဆတ်ဆတ် တုန်ယင်နေသည်။ မော့သောက်လိုက်ချိန်မှာ ပါးစပ်ထဲက ဖိတ်တစ်ဝက်စင်တစ်ဝက်။

''ဝသုန်''

''မင်းငါ့ကို ဘာမှမပြောပါနဲ့တော့၊ မင်းလည်း ဒါတွေလုပ်ခဲ့ မယ့် ခုချိန်မှာ နေသားတကျနဲ့ အဆင်ပြေနေပြီ မဟုတ်လား၊ ငါလည်း ချိန်တစ်ခုနဲ့ ကုစားလိုက်ရင် ဒါတွေကို မေ့ပျောက်သွားပါလိမ့်မယ်''

''အချစ်ဒဏ်ရာကို အချိန်နဲ့ ကုစားလိုက်ရင် ပျောက်မလား



www.burmeseclassic.com

www.burmeseclassic.com



မသိပေမယ့် ပညာရေးဆိုတဲ့ ပန်းတိုင်က မင်းကို အချိန်ပေးမှာ မဟုတ်ဘူး ဝသုန်၊ ပန်းတိုင်ရောက်လုနီးနီး ပညာရေးကို မိန်းကလေးတစ်ယောက်အတွက် အဆုံးမသတ်သင့်ဘူးကွာ၊ အောင်မင်းက မင်းအတွက် စိုးရိမ်ပြီး မရမကခေါ်လို့ ငါအရေးပေါ် ပြန်လာခဲ့တာ၊ သေသေချာချာ ပြောရရင် မင်းကို ငါ့ဂုဏ်သိက္ခာထက်ချစ်လို့၊ တစ်သက်လုံး ဖုံးကွယ်ထားတဲ့ ငါ့ရဲ့ ယုတ်ညံ့မှုတွေကို ဖွင့်ထုတ်ပြောပြတာပါ"

"ကျေးဇူးတင်ပါတယ်၊ မင်းဒီလိုပြောလိုက်မှ မိန်းကလေး တစ်ယောက်အပေါ် ငါ့ရဲ့ ယုတ်ညံ့ အောက်တန်းကျမှုတွေ ပိုပေါ်လွင်လာတယ်၊ မင်းကို အထင်မသေးပါဘူး၊ ငါလည်း ယောကျ်ားပီသတဲ့ လူကောင်းတစ်ယောက်မှ မဟုတ်တာ"

ဝသုန် အသံတွေ အက်ရှတုန်ယင်နေသည်။ ဆက်ပိုင်ဖျောင်းဖျတာကိုလည်း လက်ခံချင်ပုံမပေါ်။ ခေါင်းတယမ်းယမ်း အံကြိတ်ထားပုံက ဆုံးဖြတ်ချက်တွေ မပြင်တော့ဘူးဆိုတာ နိုင်မာတိကျနေသလိုပင်။

ဝမ်းနည်းခြင်းကြောင့်လား၊ နာကျင်ခြင်းကြောင့်လား မသိဘဲ သက်ပြင်းတွေက လေးကန်မှိုင်းမှုန်လျက် . . .။

■ ■ ■



## အခန်း (၃၂)

သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း စိတ်တို့က ကယောက်ကယက်။ မေမေ့ရှေ့မှာ ဝန်ခံလိုက်ရခြင်းက ပို၍ သိမ်ငယ်စေပြီး သားတစ်ယောက်အနေနှင့် ပိုပြီး အရှက်ရစေ၏။

မေမေကတော့ ကြီးကြီးမားမား အပြစ်ကျူးလွန်သည့်ဟု ထင်ပုံမပေါ်ပါ။

"မိန်းကလေးနဲ့ ယောကျ်ားလေးကြားမှာ ဒီလိုကိစ္စ အဖြစ်အပျက်တွေ ရှိတတ်သားပဲ သား။ တောင်းပန်ရင် ကျေအေးရတာလည်း သဘာဝပဲ၊ အစကသာ သားပွင့်လင်းလိုက်ရင် ဒီလိုကိစ္စတွေ မဖြစ်တော့ဘူးပေါ့၊ အခုက ဝသုန်ရော၊ ဝင့်ထည်ထည်ရော နှစ်ဦးနှစ်ဖက်သပ်နစ်နာသွားရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သားအပြစ်တွေ ပိုကြီးသွားမှန်း သား သိပါတယ်၊ မေမေ့ကိုလည်း အကူသိုလ်တွေ ပေးမိတယ်"

"မေမေကတော့ မိခင်မေတ္တာ၊ မိခင်အတ္တတွေနဲ့ ဘယ်သူ့မဆို တိုက်ခိုက်မှာပဲ၊ သားဘက်က ကာကွယ်ပေးမှာပဲ"

"သား နားလည်ပါတယ်၊ ဒါတွေ မပွင့်လင်းခဲ့လို့ နောက်ဆက်တွဲ မဖြစ်သင့်တာတွေဖြစ်တာ၊ သားအပြစ်မကင်းဘူးဆိုတာ သားသိတယ်၊ ဒါပေမဲ့ ထပ်မမှားဖို့တော့ သား တာဝန်ယူချင်တယ် မေမေ"

"ဘာကိုလဲ"

"ဝသုန် ပညာရေးအတွက်ပါ"

"အဲဒါက သူ ရှုန်းထွက်ချင်တာလေ၊ မေမေတို့ တာဝန်မယူတာမှ မဟုတ်တာ ဘာတတ်နိုင်မှာလဲ"

"အဲလို ဥပေက္ခာပြုလို့တော့ မဖြစ်ဘူး မေမေ၊ သူဒီလို ဆုံးဖြတ်လိုက်တာ သားတို့ကြောင့်လေ၊ သူ့ပညာရေးကို မထိခိုက်စေချင်ဘူး"

"ဒါဆို သားပဲရအောင် ပြောပါ၊ သားကိစ္စအတွက် ကျေးဇူးဆပ်ပါလို့ တောင်းဆိုခဲ့ပေမယ့် အခုချိန်မှာ ကျေးဇူးတရားတွေကို မေမေ ငွေနဲ့ မပိုင်းဖြတ်ပါဘူး၊ သားကြောင့် မေမေအတ္တကြီးခဲ့တာ မှန်တယ် ဒါပေမဲ့ ဝင့်ထည်ထည်မှာ အပြစ်မရှိဘူး၊ သားမှားခဲ့တာဆိုတော့ မေမေ လုပ်ခဲ့တာတွေလည်း မမှန်တော့ဘူးပေါ့၊ လိုအပ်ရင် ဝသုန်ကို မေမေ တောင်းပန်မှာပါ"

"ဒါဆို မေမေကို သားတစ်ခုလောက် တောင်းဆိုချင်တယ်"





"ဘာများလဲ"

"သားနဲ့ဝသုန် ညီမလေး မေတ္တာမျှနေကြပါတယ်"

"ဘာ"

"အဲဒါ မေမေ သဘောတူပေးပါ"

ဒါကိုတော့ ဒေါ်သီတာလှိုင် ဖျပ်ဖျပ်ခါအောင် ခေါင်းခါလျက် သက်မခံနိုင်ကြောင်း သက်သေပြသည်။

"ဘယ်လိုဖြစ်တာလဲ သား၊ မင်းဟိုမှာနေပြီး ဘာတွေစဉ်းစားလာတာလဲ၊ ဘယ်လိုအတန်းအစားက မိန်းကလေးမို့"

"မေမေ သူ့ကြောင့် သားဒီလို ပြောင်းလဲလာခဲ့တာပါ၊ အဲဒီအချိန်က သဲသဲသာ နိုင်ငံခြားကို တစ်ခါတည်း ပါမလာခဲ့ဘူးဆိုရင် ဟိုမှာ ကိုယ့်ကိုယ်ကို နောက်တစ်ခါ သေကြောင်းကြံစည်မိဦးမလား မသိဘူး"

"သား"

"မိန်းကလေးတစ်ယောက် သဘောတူ ကြည်ဖြူမှုမရှိတဲ့ အပြစ်ကို ကျူးလွန်မိတာ၊ ယောက်ျားတစ်ယောက်အတွက် မာနတွေ သိက္ခာတွေ ထိခိုက်ရတဲ့ အရှက်ရဆုံးအလုပ်ပါ မေမေ၊ ဒါကို သူက အထင်မသေးဘဲ အားပေးခဲ့လို့ သားခုလို ရပ်တည်နေနိုင်တာ"

"အရမ်းငယ်သေးတဲ့ ဒီကလေးကို"

"အသက်အရွယ်ထက် ရင့်ကျက်တည်ငြိမ်မှုက အဓိကပါ၊ ကိုယ်ချင့်တရားကောင်းတယ်၊ သိက္ခာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ လက်ထပ်ဖို့ ရည်ရွယ်ရအောင် မလုံလောက်ဘူး သ
မျိုးရိုးအဆင့်အတန်းကလည်း မေမေတို့ အသိုက်အဝန်းအတွက် အ
ကြီးတယ်''

''ရွှေပင်နားရင် ရွှေကျေးဖြစ်သွားမှာပါ၊ ဘဝတစ်ခုတည်း အ
လက်တွဲဖို့ နားလည်မှုပဲလိုတာ မဟုတ်လား''

''မေမေ စဉ်းစားဦးမယ်''

တိုပြတ်စွာပြောလျက် ဆိုဖာခုံမှထကာ မျက်နှာလွှဲလိုက်
ရုတ်တရက်ထကာ သားက လက်ကို ဆွဲလိုက်တော့ သက်ပြင်းချ
နောက်လှည့်ကြည့်ပြီး

''ဘာလဲသား မေမေကို စိတ်ဆင်းရဲအောင် ဘာတွေ ဖိအား
ဦးမလို့လဲ''

''မဟုတ်ပါဘူးမေမေ၊ သားကို နားလည်ပေးပါ၊ မေမေ
တခြားဘာကိုမှ မတောင်းဆိုပါဘူး''

''မေမေတို့ဆီက ရုန်းထွက်ချင်နေတဲ့ ဝသုန်က သူ့ညီမနဲ့သာ
သဘောတူပါ့မလား၊ သားမှာ ယောက်ျားချင်း အထင်သေးခံရလော
တဲ့ အပြစ်တွေရှိတယ်လေ''

''အဲဒီအတွက် ဝသုန်နားလည်တဲ့အထိ သားကြိုးစား
မေမေ''

''မင်းအဖေနဲ့ တိုင်ပင်လိုက်ပါဦး''

''သဲသဲနဲ့ကိစ္စ ဖေဖေ သိတယ်၊ မကန့်ကွက်ပေမယ့် မေ





ဆန္ဒကို မေးကြည့်လိုက်ပါဦးလို့ မှာတယ်''

''မင်းစိတ်ဒီလောက် ပြင်းပြနေမှ မေမေဆန္ဒက အရေးပါဦး
လား''

''အဲလိုမဟုတ်ပါဘူး မေမေ ဟို''

''ဝသုန်နဲ့ အဆင်ပြေအောင် ဆွေးနွေးကြည့်ပါ''

ကန့်ကွက်ခြင်းမရှိတော့တာမို့ လက်ခံပေးလိုက်ခြင်းဟု နား
ည်ပေးလိုက်ပြီး ရင်မှာအပျော်တစ်စ စီးဆင်းသွားပေမယ့် ဝသုန်နှင့်
င်ဆိုင်ရမှာ တွေးမိတော့ မရှုနိုင်မကယ်နိုင် လေးလံသွားရ၏။

ဝသုန်ကိုယ်ကို အထင်သေးနေဆဲလား။ ဒါမှမဟုတ် ဝင့်ထည်
ည်နှင့် ဒီလိုဖြစ်ခြင်းဟာ ကိုယ့်ကြောင့်ဆိုပြီး နာကြည်းနေလေမလား။

အခုနေမှာ ဝင့်ထည္သထည်နှင့် ဝသုန်ကို အဆင်ပြေအောင်
သပ်ပေးပြီးမှ ကျန်တာတွေအားလုံး ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဒါတွေအားလုံး မေ့ပစ်လိုက်တော့ ထည်ထည်၊ နင့်အ...
စိစဉ်တဲ့သူနဲ့ပဲ လက်ထပ်ဖို့စဉ်းစား"

"အား ငါ သူ့ကို မချစ်ပါဘူး"

"ဪ နင်ကချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်တာပေါ့၊ ဘယ်...
နင့်ချစ်သူ"

"ဟို"

"ဝသုန်လို ယုတ်ညံ့တဲ့ကောင်ကိုတော့ နင် မျှော်လင့်...
တော့၊ သူ့မှာ ရုပ်ကလေး သနားကမားရှိလို့ အကျင့်ကောင်း...
မှတ်တယ်၊ ဟို ယုတ်မာတဲ့ ဆက်ပိုင်တို့နဲ့ တစ်ဖွဲ့တည်းဖြစ်နေ...
နင် ရှက်တတ်နာတတ်ရင် တံတွေးတောင် လှည့်မထွေးသင့်ဘူး"

"နင်ပြောသလို ဖြစ်သင့်တယ်လို့ အကြိမ်ကြိမ်တွေး...





...ည်းအောင် ကြိုးစားနေပေမယ့် ငါ့ရင်က လက်မခံဘူး"

"ဘာ"

ကေခိုင် အော်လိုက်သံ ကျယ်ကျယ်လောင်လောင်မို့ ဝင့်ထည်
...ည် တုန်ခနဲတောင် ဖြစ်သွားသည်။ ရင်ထဲရှိသလို ပြောလိုက်မိလို့
...သွားပေမယ့်၊ မပြစ်မကင်းသော ဆန္ဒမို့ ကေခိုင် အော်လည်း ခံနေရ
...ာ့မှာပင်။

"နင်တော်တော် အမှတ်သည်းခြေ မရှိတာဘဲ ထည်ထည်၊
...ကောင်မျိုးဆိုက နင် ဘာမက်မောစရာရှိလို့လဲ၊ ကိုယ့်အပေါ် တန်ဖိုး
...ားတဲ့ ယောကျ်ားကိုများ အံ့ပါရဲ့ဟယ်"

"ငါ အချစ်ဆိုတာကို သူနဲ့မှ ကြုံဖူးတာ၊ ငါ့အပေါ် တန်ဖိုးမထား
...ကို ငါသိတယ်၊ သူငယ်ချင်းအတွက် လက်စားချေဖို့ငါ့ကို ချစ်ဟန်
...ောင်ခဲ့တာလည်း ငါ နာကြည်းတာပဲ၊ ဒါပေမဲ့ ငါ မေ့လို့မရတာ
...ယ်လိုလုပ်ရမလဲ"

"ယောကျ်ားယူပြီး ကလေးတွေ မွေးပစ်လိုက်၊ အဲဒါဆို မေ့သွား
...မယ်"

ကေခိုင် ရွဲ့ပြောတာကို သူမ စိတ်လည်း မဆိုးနိုင်၊ ရယ်လည်း
...ယ်နိုင်ပါ။ အကြိုအပို့လုပ်နေသော သက်လွင် ပြန်သွားမှ မွန်းကျပ်
...သမျှ ကေခိုင်ကို ကင်န်တင်းဘက် ဆွဲခေါ်လာပြီး ရင်ဖွင့်မိတာ။

အတန်းတက်ချိန်ရောက်သော်လည်း စာသင်ခန်းထဲ မဝင်ဖြစ်
...ာတဲ့ နှစ်ယောက်သား အခြေအတင် ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



''နင်ငါ့ကို ရွံတာပဲဖြစ်ဖြစ်၊ ရှုံ့ချတာပဲဖြစ်ဖြစ် ငါစိတ်မဆိုး ကေခိုင်၊ နင် သူငယ်ချင်းကောင်းပီသစွာနဲ့ အမုန်းခံတားနေတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့ မွန်းကျပ်မှုတွေကို ရင်ဖွင့်စရာ နင်တစ်ယောက် တည်းရှိလို့ နားထောင်ပေးပါဟာ''

''နင် မိုက်တွင်းနက်နေတာပဲ ထည်ထည်၊ ဆင်းရဲပေမယ့် ရိုးသားတယ်ဆိုရင် ငါ မပြောပါဘူး။ ချို့တဲ့ပြီး ကိုယ်ကျင့်တရား ကောင်း တယ်ဆိုလည်း တော်သေးတယ်၊ အခုဟာက''

''အဓိပ္ပာယ်မဲ့ မှားယွင်းခဲ့တာတော့ မဖြစ်နိုင်ပါဘူး။ တမင်သက် သက် အကြိုးထားခဲ့တယ်ဆိုရင် ချစ်သူအဖြစ် ဟန်ဆောင်တွဲပြီးမှ ငါ့ မိန်းကလေးတစ်ယောက်ကို ဘဝတစ်ခုလုံး ပျက်စီးသွားအောင် စိ ကြိုက်ခြယ်လှယ်လို့ရနေတာပဲ''

''အဲဒီထက်ပိုဆိုးတဲ့ ဒဏ်ရာတွေ တစ်သက်စာ နင့်ကို ပေး တယ်လေ၊ ရှက်ဟတ်ရင် ဆယ်ခါပြန်လောက် လဲသေလို့ရတယ်''

''သူ့ငါ့ကို အနမ်းလေး တစ်ချက်နဲ့တောင် အခွင့်အရေး မယူ ဘူး''

''အဲဒါ အထင်ကြီးလေးစားစရာလား''

သူမ အတိခန် ခေါင်းညိတ်ပြလိုက်သည်။ ဘယ်ယောက်ျား မှ မတူသော ဂုဏ်တီးကျစ်ကန် မောင့်အပြုအမူများက သူမ ရင် အချိန်တိုင်း စွဲညို့နေခဲ့သည် မဟုတ်လား။

ကေခိုင်က မကျေမနပ်ဖြင့်

''အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တယ်ဆိုတာ င်နဲ့မှ ထိပ်တိုက်တွေ့ဖူးတော့တယ်၊ သူ နင့်ကို အပြိုးတွေနဲ့ ရေစွက်ထဲ ဘွန်းချဖူးတယ်၊ ကွမ်းသွေးနဲ့ ထွေးဖူးတယ်၊ ကားအက်ဆီးဒင့် ဖြစ်အောင် ဘုပ်ဖူးတယ်၊ နောက်ဆုံး ပါးရိုက်တဲ့အထိ ကျွတ် ပြန်အောက်မေ့ပြီး စိတ်နာစမ်းပါလား ထည်ထည်ရယ်''

''မောင် ငါ့ကို နည်းနည်းလေးဖြစ်ဖြစ် ချစ်ချင်ချစ်နေမှာပါ''

''ဘာ''

''တစ်သက်စာ မရည်ရွယ်ခဲ့လည်း ခဏလေး ဟန်ဆောင် ချင်ခဲ့တာကို ငါကျေနပ်တယ်''

''သေလိုက်တော့ ဆယ်ခါပြန်လဲသေလိုက်၊ ငါတော့ အတန်း ဘက်တော့မယ် သွားပြီ''

''နေဦး ငါလိုက်မယ်''

''ထည်ထည်''

''ဟင်''

ကေခိုင်က ခြေလှမ်းအပြင် သူမက ကေခိုင်လက်ကို လှမ်းအ ဆွဲ အနားကပ်ခေါ်သံနှင့် သူမ အံ့အားသင့်သွားမိတာက တစ်ချိန်တည်း။

''နင် နင် ဆက်ပိုင်''

''ဟုတ်ပါတယ် ငါ နင်နဲ့အေးဆေး စကားပြောချင်လို့''

''မလိုပါဘူး။ နင်နဲ့ငါ့ကြားမှာ ဘာမှ ပြောစရာမရှိဘူး''

''ငါ့အကြောင်း မဟုတ်ပါဘူး၊ ဝသုန်အကြောင်း''





www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ထည့်ထည့်လာ နင်ဘာမှ နားထောင်စရာမလိုဘူး"

"နေပါဦး ကေကေ၊ အောင်မင်းပြောမယ်ဆိုတုန်းကလည်း ငါနားမထောင်လိုက်ရဘူး၊ ဆက်ပိုင်က နိုင်ငံခြားကနေ ဒီအကြောင်း ပြောချင်လို့ တကူးတက ပြန်လာတာဖြစ်မယ်၊ ကဲ နင်ထိုင် ဆက်ပိုင် ဘာပြောမှာလဲ ပြော"

သူမ ပြန်ထိုင်လိုက်တော့ ကေခိုင်က ဆက်ပိုင်ကို မကျေမချမ်း မျက်စောင်းထိုးလျက် ဝင်ထိုင်၏။ ဆက်ပိုင်က မဝံ့မရဲ မျက်လွှာပင်ကြည့် ပြီး၊

"ဝသုန် ဘဝက အရမ်းသနားစရာကောင်းပါတယ်၊ ငါ့မိဘတွေ အထောက်အပံ့နဲ့ ကျောင်းတက်နေရတာပါ"

"ဒရမ်မာတွေ ချိုးနေပြီ ပုံပြင်တွေဆိုရင် တော်မှာပဲသွားပြော"

"တော်စမ်းပါ ကေခိုင်ရယ်၊ ဆက်ပိုင် နင် ဆက်ပြော၊ မောင် အဲ ဝသုန်က နင်တို့ အထောက်အပံ့နဲ့ ပညာသင်ရတာ ဟုတ်လား"

"ဟုတ်တယ် သူ့အဖေကလည်း တစ်ချိန်က ငါတို့အိမ်ရဲ့ အလုပ် သမားပဲ၊ ဒါပေမဲ့ ကျန်းမာရေးမကောင်းလို့ အလုပ်ထွက်သွားတာ၊ နောက် ဝသုန် စာမေးပွဲအောင်ပြီး ဆေးမှတ်မီမှ ငါ့မိဘတွေကို အကူအညီတောင် ဖို့ ရောက်လာခဲ့တာ"

"အဲဒါနဲ့ ခုကိစ္စက"

ရင်ထဲမှာ ဆို့နင့်နေပြီ ဖြစ်ပေမယ့် သိချင်တာကို ဖွတ်လော





မေးမိသည်။ မောင့်ကို မပြည့်စုံမှန်း သိပေမယ့် ဆက်ပိုင်တို့ကို မှီခိုနေရ သူလို့တော့ မထင်မိပေ။

ဆက်ပိုင်က အသက်တစ်ချက် ပြင်းပြင်းရှူပြီး

"ဖောင်ဒေးရှင်း ထူထောင်ထားတယ် ဆိုပေမယ့် ငါ့မိဘတွေ ရော ငါရော ဝသုန်အပေါ် နွေးနွေးထွေးထွေး ဆက်ဆံကြပါတယ်၊ ငါနဲ့ဆို ပိုရင်းနှီးပြီး သူငယ်ချင်းတွေ ဖြစ်ကြတယ်ပေါ့၊ ပြောရရင် ငါ ပါးရိုက် ခံလိုက်ရပြီး အရှက်ရ အဆိပ်သောက်ကြံစည်လိုက်တဲ့ အချိန်မှာ သူငယ် ချင်းအနေနဲ့ ငါ့ဘက်က မခံမရပ်နိုင် ဖြစ်ရှာလောက်ပဲ"

"ဟင်"

"သူ့စိတ်ထဲမှာ ဒီလောက်ပါပဲ၊ ငါ့အတွက် စိတ်မကောင်း ဖြစ်ပြီး ယောက်ျားလေးစိတ်နဲ့ နင့်အပေါ် နည်းနည်းနာကြည်းသွားရှာလောက်ပဲ"

"ဒါဆို"

"ငါ့ဘာကြောင့် ပါးရိုက်ခံရလောက်အောင် ဖြစ်ကျူးလွန်မိတယ် ဆိုတာ သူတို့ကို ပြောမပြခဲ့မိဘူး၊ ငါ့ကိုယ်ငါရှက်လို့ ငါ့လိပ်ပြာ ငါမလုံလို့ ရေငုံနှုတ်ပိတ်နေပြီး နိုင်ငံခြားကို ဆေးကုရင်းနဲ့ ရှောင်ပြေးသွားခဲ့တာ"

ပြောရင်း ရှက်စိတ်များ တစ်ရေးနိုးကာ ဆက်ပိုင်မျက်နှာ တစ်ခု လုံး နီမြန်းနေသည်။ သူမက ဆက်ပိုင် ဘာဖြစ်နေသည်ဆိုတာ သတိ မထားမိဘဲ ဆက်ပိုင် ပြောမည့်စကားတွေကိုသာ စိတ်ဝင်တစား နားစွင့် နေမိသည်။

"ဘာကြောင့်ဆိုတာ မသိဘဲ နင့်ကို လက်စားချေ လက်တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အပေးအယူလုပ်ခဲ့တာက ငါ့ မေမေပါ"

"ဘာ"

"ဟုတ်တယ် နှင့်ကို အဲလိုလုပ်ပေးရင် သေမင်းနဲ့ အသက်လုနေရတဲ့ သူ့အဖေကို နိုင်ငံခြားမှာ ဆေးကုပေးမယ်၊ သူ့ကို ဘွဲ့လွန်တက်အယူးက ဆရာဝန်ကြီးဖြစ်တဲ့အထိ ကူညီမယ်၊ နောက်ကဲ့ မိသားစု စားဝတ်နေရေးကအစ ထောက်ပံ့မယ်ပေါ့ဟာ၊ ချို့တဲ့တဲ့ သူ့ဘဝက ဘယ်လိုမှ ရွေးချယ်စရာ မရှိတော့လို့ပါ"

"နှင့်အမေ တော်တော်ဆိုးတာပဲ"

"မိဘမေတ္တာနဲ့ ငါ့အမေ အတ္တကြီးခဲ့တာကို ငါဝန်ခံပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ် ထည်ထည်၊ ငါ့ကိုစွရော မေမေ့အတ္တတွေအတွက်ရော"

"ဒါဆို ဝသုန်လည်း အပြစ်မကင်းဘူးဆိုတာ ထည့်ပြောပါ ဆက်ပိုင်၊ သူ့ရဲ့ချို့တဲ့မှုကြောင့် သူများနိုင်းတာလုပ်ခဲ့ရတယ်ဆိုရင်တောင် ငါ့သူငယ်ချင်းကို ချစ်သူအဖြစ် လှည့်စားသိမ်းသွင်းပြီး အနိုင်ကျင့် စော်ကားခဲ့တာ၊ အဲဒါ ယောက်ျားတစ်ယောက် လုပ်ရပ်မဟုတ်ဘူး"

"သူလည်း သူ့အပြစ်ကို ပေးဆပ်ဖို့ လုပ်နေပါတယ်"

ကြားဝင်ရန်တွေ့လိုက်သော ကေနိုင်စကားကို ဆက်ပိုင် အေးဆေးစွာ အသိပေးသည်။ သူမကတော့ မနေနိုင်ပါ။

မောင် ဘာအပြစ်တွေခံဖို့ လုပ်နေလဲဆိုတာက ပိုအရေးကြီးနေသည်။





"ဆက်ပိုင်ပြောစမ်းပါဦး၊ သူက ဘာကိုပေးဆပ်မှာတဲ့လဲ"

"သူ ကျောင်းထွက်တော့မယ်"

"ဘာ"

"ငါတို့ကို မှီခိုမိလို့ မိန်းကလေးတစ်ယောက်အပေါ် မလုပ်သင့်မလုပ်အပ်တာတွေ လုပ်မိတယ်ဆိုပြီး နောင်တရနေတာ"

"တော်ား ကျောင်းထွက်တာတော့ ဘာလို့ လုပ်တာလဲ၊ နောက်နှစ်ပဲ ကျောင်းပြီးတော့မယ်ဥစ္စာ"

"အောင်မင်း တားတယ်၊ ဖျောင်းဖျတယ် မရဘူး။ အခု အောင်မင်းက ငါ့ကို ဒီအကြောင်းတွေပြောပြပြီး လှမ်းခေါ်လို့ ငါ ချက်ချင်းရောက်လာခဲ့တာ၊ ဝသုန် ဆုံးဖြတ်ချက်တွေကို တားဆီးဖို့ပေါ့၊ ဒါပေမဲ့ ဝသုန် ခေါင်းမာနေတယ်"

"ဟင်"

"သူ ရှန်းထွက်ရင်တောင် နှင့်အပေါ် ကျူးလွန်မိတဲ့ အမှားတွေ ကျေမှာ မဟုတ်ဘူးတဲ့၊ နှင် အနှံတာခံပြီး ပေးဆပ်ချစ်နိုင်ခဲ့တာတွေကို သူ မဖြေနိုင်ဖြစ်နေခဲ့တာ၊ ပြီးတော့ နှင့်ကိုသူ အရမ်းချစ်နေခဲ့တာ ထည်ထည်"

သူမ ဘာသံမှ ထွက်မလာနိုင်တော့ပါ။ ရင်ထဲမှာ တဒုန်းဒုန်း မြည်ဟီးနေပါလျက် နှုတ်ဖျားက စကားလုံးတို့ ဆွံ့အနေတာ ဆက်ပိုင်က သူမမျက်နှာကို အကဲခတ်နေလျက်

"နှင်ပဲ သူ့ဘဝကို ကယ်တင်နိုင်တော့မှာ ထည်ထည်"

www.burmeseclassic.com



"ဟဲ့ ငါ့သူငယ်ချင်းကို အကူအညီ လာတောင်းနေတာလား ဘယ်သူမှန်မှန် ဘယ်သူမှားမှား ငါ့သူငယ်ချင်းက ခံထားရတာပါ၊ ထည်ထည် နင် စိတ်ယိုင်မျှောည့်မသွားနဲ့၊ နင်လည်း နင့်အိမ်ကပေးစားတဲ့ သူကိုယူရမှာ၊ သူတို့နဲ့ မပတ်သက်နဲ့တော့"

"ဟင် ထည်ထည် နင် နင်လက်ထပ်ရတော့မှာလား"

ဝသုန်အတွက် မျှော်လင့်ချက်မဲ့သွားသလို ဆက်ပိုင် အထိတ်တလန့်ပင် မေးမိ၏။ ဝင့်ထည်ထည်က ဖျတ်ခနဲ ခေါင်းကိုခါကာ

"ငါ လက်မထပ်သေးပါဘူး၊ မိဘတွေကို အကြောက်အကန် ငြင်းထားတယ်၊ ဒါက မောင့်ကို မျှော်လင့်နေမိလို့တော့ မဟုတ်ဘူး၊ တစ်သက်မှာ တစ်ခါပဲ ချစ်ဖူးခဲ့တဲ့ ငါ့ရဲ့အချစ်အပေါ်မှာ သစ္စာရှိချင်တာ၊ ဒါပေမဲ့ ခုနက နင်ပြောလိုက်တယ်နော် မောင်က ငါ့ကိုချစ်နေတယ် ဟုတ်လား ဆက်ပိုင်"

"နင့်ကို မမြင်ကွယ်ရာကနေ အမြဲတမ်းအခစား ဝင်နေခဲ့ပါတယ်၊ သူနင့်ကို မချစ်ခဲ့ဘူးဆိုရင် သူ့မိဘနဲ့ သူ့ရဲ့မျှော်လင့်ချက် ပန်းတိုင်ဖြစ်တဲ့ ဒီဆရာဝန်ဂုဏ်ပုဒ်ကို စွန့်လွှတ်ရဲမှာလား၊ ချို့တဲ့တဲ့ သူတို့ဘဝအတွက် ဒီဂုဏ်ပုဒ်က ဘယ်လောက်တောင် တန်ဖိုးကြီးမယ်ဆိုတာ နင်စဉ်းစားကြည့်ပါ"

"အား အခု သူကျောင်းထွက်စာ တင်လိုက်ပြီလား"

"အောင်မင်းက နားလည်မှုနဲ့ အရေးပေါ်ခွင့် တင်ပေးထားတယ်၊ ခွင့်ရက်ပြည့်ရင်တော့ ထုတ်ပြီးသားပေါ့ဟာ"





"အခု မောင်ဘယ်မှာလဲ"

"အဆောင်မှာရှိမလား၊ အလုပ်ထွက်ရှာနေမလား ငါလည်း မသိဘူး၊ ငါသူ့ကိုတွေ့အောင်ရှာပြီးရင် နင့်ကို ဆက်သွယ်လိုက်ပါ့မယ်၊ သူ့ကို နာကြည်းနေတယ်ဆိုရင်တောင် သူ့ရဲ့ ချို့တဲ့တဲ့ဘဝကို စာနာမှုနဲ့ နားလည်ပေးလိုက်ပါဟာ"

"အမှန်တိုင်း ဝန်ခံရရင် သူ့ကိုနာကြည်းဖို့ မုန်းတီးကြည့်ဖို့ ငါကြိုးစားနေတာပါ၊ ဒါပေမဲ့ ငါ မောင့်ကို မေ့လို့မရခဲ့ဘူး"

"ထည်ထည်"

"ငါ့ကို မတားပါနဲ့၊ နင့်ကိုလည်း၊ ဒီအတိုင်း ငါရင်ဖွင့်ခဲ့ဖူးတာပဲ ကေကေရယ်၊ အခုမောင်က ဒီအပြစ်တွေကို သူ့စိတ်ဆန္ဒနဲ့ ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာ နင်ကြားတဲ့အတိုင်းပဲ၊ ငါဘာကို ဟန်ဆောင်ရဦးမှာလဲ"

"မဟုတ်သေးဘူး၊ ဝသုန်က နင့်မိဘတွေ လက်ခံနိုင်လောက်တဲ့ အဆင့်အတန်းက မဟုတ်ဘူးလေ၊ သူ့ဘဝကို သနားသွားရုံနဲ့ နင် မိုက်ရူးရဲမဆန်သင့်ဘူး"

"နားလည်ပေးပါဟာ၊ ငါ့ကို နားလည်ပေးစမ်းပါ၊ ကေကေရယ်၊ မောင့်ဆီက မျှော်လင့်စရာမရှိဘဲ လက်စားချေခံနေရတဲ့ အချိန်တွေကတောင် အပြစ်မမြင်နိုင်ဘဲ ငါ ချစ်နေခဲ့သေးတာ၊ အခုမောင်က ငါ့ကို ချစ်လို့ ဒီလိုဆုံးဖြတ်လိုက်တယ်ဆိုတဲ့ စကားကြားရတာ၊ ငါဘယ်လောက် ရင်ခုန်ပြီး ဝမ်းသာသွားလဲသိလား"



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဟု အရွဲ့တိုက်ကာပြောရင်း ကေခိုင် ခေါင်းယမ်းသည်။ ဒါပေမဲ့ ခေါင်းမာမာ နှင့် ဝင့်ထည်ထည် ဖွတ်တိုးမိုက်တော့မည်ဆိုတာ သိနေသည်မို့

"နင့်မိဘတွေကို အကြောင်းစုံပြောမယ်ဆိုလည်း နင်ဂရုမစိုက်တော့ဘူးလား"

"ဖေဖေနဲ့ နားလည်မှုယူထားတယ်၊ လိုအပ်ရင် ဖေဖေက ငို့ဘက်ကရပ်တည်ပေးမှာပါ၊ ပါးရိုက်မိတာလည်း ငါ မှားတာပဲ၊ ထိန်းသိမ်းချင့်ချိန်နိုင်စွမ်းတွေ မရှိလို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ၊ မောင်လည်း ဒီလိုပဲရှိမှာပေါ့"

ဝင့်ထည်ထည်လို အချစ်မျိုးကတော့ ရှားပါးပေသည်။ ဒီလောက်ထိ ချစ်တတ်လိမ့်မည်ဟု ဆက်ပိုင် တကယ်မထင်မိတာ။

ကိုယ့်တုန်းကတော့ ယောက်ျားတွေကိုပဲ အထင်မကြီးတတ်တာလို့လို့၊ အချစ်ကိုပဲ နားမလည်သလိုလို။

ဝသုန်ကိုတော့ ခွင့်လွှတ်နားလည်နိုင်စွမ်းသော ပေးဆပ်မှုတွေနဲ့ ပါလား။ ဝသုန် ကံကောင်းပါသည်။

ကိုယ်က မိတ်ဆွေကောင်းပီသစွာ ပုံပိုးကူညီရုံပဲပေါ့။

ပြီးတော့ သဲသဲနှင့် ပတ်သက်ပြီးလည်း ဆွေမျိုးတော်ရမှာ။

ခုချိန်ခဏလေးမှာ သဲသဲကိုတောင် အောက်မေ့သတိရလို့...။

■ ■ ■



## အခန်း (၃၄)

မင်း မလိုက်လို့မရဘူး၊ အရေးကြီးတဲ့စကား ပြောစရာရှိတယ်ဟု ဝသုန်ကို အဆောင်ကနေ ဆွဲထုတ်ခေါ်လာခဲ့ရသည်။

သဲသဲနှင့် ပတ်သက်လျှင် ကိုယ့်ကိုလည်း ပေါက်ကွဲနိုင်သေးတာမို့ ဘယ်နေရာကို ရွေးချယ်ရမလဲ မစဉ်းစားတတ်။

"ကားနဲ့ တစ်မြို့လုံး ပတ်မလို့လား၊ တစ်နေရာမှာ ကားရပ်စမ်းပါကွာ၊ ငါ အေးဆေးနေချင်လို့"

"အေးပါ ဒါဆို ကန်တော်ကြီး မောင်းလိုက်မယ်နော်"

ဝသုန် ခေါင်းညိတ်ခေါင်းခါ မလုပ်သော်လည်း ကန်တော်ကြီးထဲက လူရှင်းတိတ်ဆိတ်သော နေရာလေးမှာ ကားရပ်လိုက်သည်။

ကားစက် မရပ်ရသေးခင်မှာပင် ဝသုန်က ကားအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



အရှင် ဆင်းသွားသည်။ ဝသုန်ကို ကြည့်ရတာ တစ်စုံတစ်ရာကို လွမ်းမော တမ်းတနေသလိုပါ။

"ဝသုန်"

"ဘာတွေ ဖျောင်းဖျနားချဦးမလို့လဲ၊ ငါဆုံးဖြတ်ပြီးသား ကို တစ်ခုကို မပြင်တော့ဘူး။ အချိန်အတိုင်းအတာတစ်ခု ကြာမြင့်သွားရင် အရာရာက အားလုံး ပြီးဆုံးသွားမှာပါ"

"အခုမှ စလို့ရမယ့် အကြောင်းအရာတွေအတွက် မင်း နော တ မရတော့ဘူးလား"

"ဘာ"

"ဝင့်ထည်ထည် မင်းကိုချစ်နေသေးတယ်"

ဝသုန် မျက်ခုံးပင့်တက်သွားပေမယ့် အံ့ဩဟန်မပြ။

"ငါ သိတယ် သူလိုချစ်တတ်တဲ့ မိန်းကလေး ငါ့တစ်သက်မှ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"မင်းနဲ့ပတ်သက်တဲ့ အမှန်တရားတွေ ဖွင့်ပြောပြီး ငါနဲ့မမေ အများတွေကို ဝန်ခံလိုက်တယ်"

"ဟင်"

"မင်းပြောသလိုပါပဲ၊ မင်း ဘာလုပ်လုပ် နာကြည်းမုန်းမေ့ မရတဲ့ ဝင့်ထည်ထည်က မင်းပညာရေးအတွက် ငါတို့ထက် ပိုပြီး စိုးရိမ် နေတယ်"

"သူ့အချစ်နဲ့ မတန်တဲ့ ငါ့လိုကောင်ကို"





"အဲဒါတွေ မပြောနဲ့တော့ နားလည်မှုရသွားပြီဆိုရင် ပြဿနာ ဘာ အလိုလို ပြေလည်သွားတာပဲ၊ မင်းကို သူ လာတွေ့လိမ့်မယ်"

"အဲလိုလုပ်လည်း မင်းတို့ကို မှီခိုနေရတဲ့ ဘဝမျိုးနဲ့ မနေချင် ဘူး။ ဝင့်ထည်ထည်ကိုချစ်မိတာဟာ မင်းတို့ကို သစ္စာဖောက်မိတာ တွေတူပဲမဟုတ်လား။ ငါ့ဘဝ ငါရပ်တည်နိုင်အောင် ကြိုးစားတော့မယ် တဲ့ ရည်ရွယ်ချက်ကတော့ ပြောင်းလဲသွားမှာ မဟုတ်ဘူး"

"ဝသုန်"

"ဘာလဲ"

"ငါ သဲသဲနဲ့ လက်ထပ်တော့မယ်"

"ဘာ"

ဘယ်သူလဲဟု ဇဝေဇဝါ မျက်လုံးများ ပြူးကျယ်သွားပြီးမှ ကြားလွဲသလားအထင်နှင့် ဆက်ပိုင်မျက်နှာကို ထည့်တည့် ပြန်ကြည့် ဆက်ပိုင်မျက်နှာက အားနာသလို အပြစ်ရှိသလို မဝံ့မရဲ မလုံမလဲ။

"ဟိတ်ကောင် ဆက်ပိုင်၊ သဲသဲဆိုတာ ငါ့ညီမကို ပြောတာ

"ဟုတ် ဟုတ်ပါတယ်၊ ငါတို့ဟိုမှာ တစ်ယောက်ကို တစ်ယောက် နားလည်ရင်းနဲ့ သံယောဇဉ်ဖြစ်မိကြတယ်"

"မင်း မင်းကွာ"

"ဝသုန် မင်းမကျေနပ်ရင် ငါ့ကို ကြိုက်သလိုလုပ်ကွာ၊ အသေ ချင်လည်းသတ်၊ ငါက ယောက်ျားချင်း အထင်သေးခံ၊ ရှုတ်ချ



www.burmeseclassic.com

www.burmeseclassic.com



ခံရလောက်အောင် အောက်တန်းကျတဲ့ လုပ်ရပ်တွေ လုပ်ခဲ့ဖူးတဲ့ကော
ပါ၊ အကျင့်စာရိတ္တ မကောင်းတဲ့ကောင်က ဖြူစင်နေနယ်တဲ့ မင်းရဲ့ညီမ
မချစ်သင့်ပါဘူး၊ မင်း အပြစ်ပေးပါ၊ ထိုးပါကွာ''

''ကျွတ်''

ဆွဲရန်းကာ အထိုးခံချင်နေသော ဆက်ပိုင်လက်တို့ကို ခပ်ကြ
ကြမ်း ဖယ်ရှား၍ အနီးရှိ ရေတမာပင်ကို လက်သီးနှင့် ထိုးချလိုက်သည်
ဆက်ပိုင်ကို မကျေနပ်လို့ မဟုတ်ပါ။

ယောက်ျားတိုင်း အလွယ်မှားတတ်တာကို ဆက်ပိုင် သွေးဆူ
မှားခဲ့တာ၊ ခွင့်မလွှတ်နိုင်စရာ အပြစ်ကြီးမှ မဟုတ်တာ။ ဒါပေမဲ့

''ဆက်ပိုင် မင်းဒီလို မလုပ်သင့်ဘူးကွာ''

''ငါသိပါတယ်၊ ငါ့လိုအမှားမကင်းတဲ့ကောင်နဲ့ မင်းညီမ
ဖြူစင်ရိုးသားတဲ့ မိန်းကလေးနဲ့ မတန်ပါဘူး။ မင်းကို အားနာလို့ မျက်
လို့၊ ဒီလိုတွေမဖြစ်အောင် ငါကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမဲ့ ပူ
ငါ့ကို အနီးကပ် နားလည်ပေးမယ့် သူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ
အစက မင်းညီမကို ဂရုစိုက် စောင့်ရှောက်ရမယ်ဆိုတဲ့ အသိနဲ့ပဲ''

''တော် တော် ငါပြောချင်တာ ဒီသဘော မဟုတ်ဘူး၊ ငါ
အဆင့်အတန်းက မင်းသိတဲ့အတိုင်းပဲ မင်းမိဘတွေက ငါ့ညီမလေ
ဘယ်လိုလုပ် သဘောတူမှာလဲ၊ ငါတို့က မင်းတို့ဆီက အခစားဝန်ထ
အောက်တန်းစားမျိုးရိုးပါ''

''ဝသုန်''





''ငါ ရှန်းထွက်ဖို့ ကြိုးစားနေတာ မာနကြောင့် မဟုတ်ပါဘူး။
ကန်နိုင်တဲ့ အင်အားလည်း မရှိပါဘူး။ ဒါပေမဲ့ ထည်ထည်ကို ချစ်မိလို့
ယ့်ကိုယ်ကို လူဖြစ်အောင် ကြိုးစားကြည့်ချင်တာ၊ ဒီလိုအချိန်မှာ
မလေးကိုလည်း အနှိမ်ခံဘဝမျိုးနဲ့ သိမ်ငယ်ရမှာမျိုးတော့''

''ငါ့မိဘတွေကို ငါ ဖွင့်ပြောပြီးပြီ ဝသုန်''

ဒီတစ်ကြိမ်မှ တကယ်အံ့သြသွားခဲ့တာ။ ဆက်ပိုင်လက်ကိုပင်
ယမ်းလိုက်ပြီး

''ဘာပြောလဲ မင်းမိဘတွေ ဘာပြောလဲ၊ ညီမလေးကို အလုပ်
ထ်လိုက်ပြီလား။ ဟိုမှာ သူတစ်ယောက်တည်း သူများနိုင်ငံမှာ ဘယ်
ားရ ဘယ်လာရမှန်း မသိ''

''ဝသုန် စိတ်အေးအေးထားပါ၊ သွေးမဆူပါနဲ့ကွာ''

''ညီမလေး ဒုက္ခရောက်နေတော့မှာ ငါ သွေးမဆူဘဲ နေနိုင်မ
ား''

''ဝသုန်''

အသံတွေ တုန်ပြာအက်လျက် မျက်ရည်ပါဝဲလာသော ဝသုန်
ကို ဆက်ပိုင် ဆုပ်ညှစ်ဖက်တွယ်လိုက်သည်။ ပြီးမှ ကိုယ်ချင်းခွာကာ

''မင်း စိုးရိမ်ရလောက်တဲ့ အခြေအနေမျိုး မဟုတ်ပါဘူး သူငယ်
ချာ၊ ဖေဖေရော မေမေရော ခွင့်ပြုနားလည်ပေးပါတယ်၊ ငါက
ဆီက ခွင့်ပြုချက် မရမှာကိုဘဲ''

''ဘာ မင်း မိဘတွေက''



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို စိတ်သစ်လူသစ်နဲ့ အရှက်တရားတွေကို ကြံ့ကြံ့ခံနိုင် တဲ့လူဖြစ်အောင် လုပ်ပေးတဲ့ မင်းညီမလေးကို ငါ့မိဘတွေ လက်ခံပေး ကြပါတယ်၊ မင်းကိုပဲ နားလည်အောင်ပြောပါတဲ့၊ ဘယ်လိုလဲ ငါ့ေ ကောင်နဲ့ မင်းညီမကို သဘောတူနိုင်ပါ့မလား"

"အာ"

သူ့ အခုမှ နှမလင်နေ့ မောင်ဖင်ကျိန်းဆိုသလို မျက်နှာကြ ပူထူလျက် ရှက်သွားခဲ့တာ။ ပြောင်းလဲမှုတွေအတွက် စိတ်တွေလည် လှုပ်ရှားလို့၊ ကတုန်ကယင် ကတိမ်းကပါးပင်။

"ဝသုန်"

"ငါပြောမယ်၊ ငါ့ဘက်က ငါ့ညီမလေး စိတ်ချမ်းသာမယ် ကောင်းစားမယ်ဆိုရင် တခြားအမျှားကြီး ပြောစရာမရှိပါဘူး၊ မင်း လည်း နောက်ထပ်အမှားတွေ မကျူးလွန်တော့ဘူးလို့ ယုံကြည်ပါတယ် ဒါပေမဲ့ ခုချိန်မှာ မင်းတို့ကို ပိုပြီး မမှီနိုင်သင့်တော့ဘူးလို့ ငါထင်တယ် ညီမလေးလည်း မျက်နှာငယ် သိမ်ငယ်ရနိုင်တယ်"

"ဝင့်ထည်ထည်အတွက် မင်း မစဉ်းစားတော့ဘူးလား၊ သူ အရာရာ စွန့်လွှတ်စွန့်စားဖို့ကို ဆုံးဖြတ်ထားလိုက်ပြီ ထင်တယ်"

"ငါ မတန်မရာ မမှန်းတော့ပါဘူး ဆက်ပိုင်၊ ငါသူ့ကိုချစ်တ ဆိုတာ ဘာမှ အကောင်အထည်ချပြစရာ မရှိပါဘူး၊ သူ့အချစ်တွေ ငါက မတန်ဘူး"

"သူ လက်ထပ်ရတော့မှာ"





"ဘာ"

"အိမ်က သဘောတူ ပေးစားမယ့်သူရှိတယ်၊ ကျောင်းကိုတောင် အပို့အကြို လုပ်နေတယ်လို့ ပြောတယ်၊ သူ့အစ်ကို သူငယ်ချင်း"

"ငါမြင်တယ်၊ မဆိုင်သလို နေကြည့်ဖို့လည်း ကြိုးစားနေတာ ဒါ ဒါပေမဲ့ကွာ"

"ဝသုန် မင်းစိတ်တွေကို တင်းခံမထားပါနဲ့ကွာ၊ မင်းအချစ်ကို လွန်ဆန်နိုင်ပါဘူး၊ ဝင့်ထည်ထည် အချစ်က အတိုင်းအဆမရှိအောင် ကြီးမားကျယ်ပြန့်လွန်းတယ်၊ မင်းရှုံးမထွက်နိုင်အောင် သိမ်းသွင်းနိုင်တဲ့ အင်အားလည်းရှိတယ်၊ ကိုယ်ကလည်း ချစ်နေသားနဲ့ မမိုက်မဲပါနဲ့ သူမင်းကို လာတွေ့မှာ၊ ရင်ထဲကမပါဘဲ အကန်တွေ စွတ်မလွှတ်နဲ့နော်"

ဆက်ပိုင် စိတ်ရှည်ရှည်နှင့် ဖျောင်းဖျနားချနေ၏။ ခေါင်းညိတ် ခေါင်းခါမလုပ်မိလောက်အောင် သူ့စိတ်တွေ စုစည်းလို့မရ၊ မငြိမ် မ သက်ပေ။ ဒီအချိန်မှာ ဆုတောင်းချင်တာ တစ်ခုတည်း။ အချစ်နှင့် ဝေးပါရစေနဲ့ ...။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၅)

"သမီး ဆုံးဖြတ်ပြီးပြီလား"

သွေးအေးသော ဖေဖေ့မေးခွန်းကို ဝင့်ထည်ထည် ကပျာကယာ [illegible] ခေါင်းညိတ်ပြမိသည်။ ဖေဖေက ရှုးစမ်းအကဲခတ်လျက်

"ဆုံးဖြတ်ပြီးပြီဆိုရင်တော့ မိဘတွေကို အတိုက်အခံလုပ် [illegible] အထိလည်း စဉ်းစားပြီးရောပေါ့၊ ဟုတ်လား သမီး"

ဒီမေးခွန်းကိုလည်း ဝန်ခံသလို ငြိမ်သက်သက်ပင် နေလိုက် [illegible] ဖေဖေ့ဆီက သက်ပြင်းချသံ ကြားရတာကိုတော့ စိတ်မကောင်းပေ [illegible]

"[illegible]ကို နားလည်ပေးပါ ဖေဖေ။ ဘဝတစ်သက်လုံး [illegible] သင်သွားရမယ့် အိမ်ထောင်ရေးကို အချစ်နဲ့ပဲ တည်ဆောက်ချင်ပါတ [illegible] အခု ဖေဖေ့ကို အကျိုးအကြောင်းအားလုံး ရှင်းပြနေတာ မေမေ့ [illegible] ဖျောင်းဖျ နားချပေးစေချင်လို့ပါ"





"သမီးချစ်သူက ဖေဖေတို့ ဂုဏ်သိက္ခာ အသိုက်အဝန်းနဲ့ ဘယ်လိုမှ မကိုက်ညီဘူးလေ သမီးရယ်၊ သမီးမေမေကတော့ ခါးခါးသီးသီး ငြင်းဆန်မှာပဲ"

"ဒီလိုပဲ ဖြစ်မယ်ဆိုတာ သမီးကြိုတွေးထားပြီးသားပါ၊ ဒါပေမဲ့ ဖွံ့ထွက်ထဲက ဂုဏ်သိက္ခာတွေကို ထိန်းသိမ်းပြီး တစ်သက်လုံး စိတ်ဆင်းရဲ ရမှာမျိုးတော့ သမီးအဖြစ်မခံနိုင်ဘူး ဖေဖေ၊ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးတဲ့ သမီးတို့ အသိုက်အဝန်းထဲကို ရောက်လာရင် သူ့ဘဝလည်း အရောင်ပြောင်း ပြောင်လက်လာမှာပါ၊ ရွှေပင်နားတော့ ရွှေကျေးပေါ့"

"ဥပမာပေးတာတော်င် သဘာဝကျနေပါလား သမီး၊ ဒါတွေကို ဖေဖေ နားတော့ နားလည်ပါတယ်၊ အလွှာပေါင်းစုံက တပည့်တွေကို ဆင့်ဆင့် အုပ်ချုပ်လာရတာဆိုတော့ ဖေဖေကတော့ ကိစ္စမရှိဘူး၊ သမီး ရွေးချယ်တဲ့သူကို သမီးနဲ့တန်တဲ့သူပဲလို့ ဖေဖေ အောက်မေ့ပါတယ်"

"ဖေဖေပြောရင် မေမေ ဖွတ်အမွှေးနဲ့ကွက်မှာ မဟုတ်ပါဘူး"

"အခုတော့် မောင်သက်လွင် ပြန်တော့မယ်ဆိုလို့ မိဘတွေ ဆီ စကားတွေကျွံနေတယ် မဟုတ်လား။ ကျယ်ပြန့်သွားရင် ပိုပြီး အကျိတ်ဆုတ်ရခက်နေမယ်၊ သမီးဆန္ဒကို အခုနေအချိန်မီ အသိပေးလိုက် [illegible]လား သမီး"

"ဟင် ဟုတ်သားပဲ အဲလိုလုပ်လိုက်တာ အဆင်ပြေမယ် ဖေဖေ၊ [illegible]ဖေပါ လိုက်ခဲ့ပါနော်၊ ဖေဖေ ကူပြောပေးပါနော်"

အခုမှ ကယောင်ချောက်ချား အောက်ထပ်ဆင်းပြေး လာခဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သည်။ ညြှခန်းမှာ မေမေနှင့် ကိုသက်လွင်က စကားကောင်းနေ

သူမကိုမြင်သွားသော မေမေက

"ဟော သမီးလေး လာထိုင်ဦး မောင်သက်လွင်က နေ့လ

ပြန်မှာဆိုတော့ မှာစရာရှိတာ မှာနေတာ၊ သမီးက ဖေဖေနားရက်

စာကြည့်ခန်းထဲ သွားမွှေနေတာပေါ့"

"မဟုတ်ပါဘူး ဖေဖေကို တိုင်ပင်နေတာ"

"အံမယ် ကြီးကျယ်လို့ ဘာတွေများ တိုင်ပင်နေတာလဲ မေ

ကို ပြောစမ်းပါဦး"

"ကိုသက်လွင်ကို လက်မထပ်ချင်ဘူးဆိုတဲ့ အကြောင်းပါ

မေ"

"ဘာ ဘယ်လို ညည်းဘယ်လိုပြောလိုက်တယ် ဝင့်ထည်ထ

မေမေ ဒေါသတကြီး သူမနာမည်ကို အလုံးအရင်း အပြည့်

ခေါ်လျက် ဆတ်ဆတ်ခါသွား၏။ ကိုသက်လွင်ကတော့ ရင်းနှီးမှု တို

မလာသော အခြေအနေကို နားလည်စွာဖြင့် သိပ်အံ့အားသင့်ဟန်

ပေ။

"သမီးမှာ ချစ်သူရှိပါတယ် မေမေ"

"ဘာ ဟိုကောင်လေးကို ပြောတာလား ဘယ်လိုမှ"

"မဖြစ်နိုင်ဘူး မေမေ လက်မခံနိုင်ဘူးဆိုတာ သိပါတယ်

ကြောင့်လည်း ကိုသက်လွင်နဲ့ မေမေ့ ဖွတ်အတင်း စီစဉ်ချင်

မဟုတ်လား၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို"





"အဲဒီအချစ်က ဘယ်နေရာမှာ သုံးစားရလို့လဲ ဝင့်ထည်ထည် ဂုဏ်သိက္ခာလောက် တန်ဖိုးရှိလို့လား၊ မိဘကို ကလန်ကဆန်လုပ်ဖို့ မစဉ်းစားနဲ့ မောင်သက်လွင်ကိုပဲ ညည်း လက်ထပ်ရမယ်"

"ဟင့်အင်း သမီးချစ်သူကိုပဲ လက်ထပ်မှာ"

"ဝင့်ထည်ထည် ညည်း"

"ဟာ အန်တီ အဲ အဲလိုမလုပ်ပါနဲ့ ခဏလေး ခဏလေးပါ"

ရိုက်မောင်းပုတ်မောင်းလုပ်ဖို့ ရွယ်နေတာမို့ မတတ်သာဘဲ ဒေါ်သီတာလှိုင် လက်ကို သက်လွင် ထဆွဲရသည်။ ကိုယ့်ရှေ့မှာ ကိုယ့်ကို မချစ်နိုင်ကြောင်း လက်မထပ်နိုင်ကြောင်း အပြောခံနေရတာ အောင့်သက်သက်ပါ။

"ဒေါသကြီးပြီး ပေါက်ကွဲနေလည်း ဝင့်ထည်ထည် စိတ်က ပြောင်းလာမှာ မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်လည်း ဝင့်ထည်ထည်နဲ့ အနေရင်းနှီးအောင် ကြိုးစားကြည့်ပါတယ်၊ မျိုးလွင်မှာခဲ့သလို သူ့အကြိုက်ကို လိုက်လျှောပြီးလည်း ဆက်ဆံခဲ့ပါတယ်၊ ဒါပေမဲ့ သေချာသိရတာက ဝင့်ထည်ထည်စိတ်ကို ကျွန်တော်ဘယ်လိုနည်းနဲ့မှ သိမ်းသွင်းလို့ မရဘူးဆိုတာပါပဲ"

"မဟုတ်သေးဘူး မောင်သက်လွင်"

"ဟုတ်ပါတယ်၊ အိမ်ထောင်တစ်ခုမှာ အချစ်က တကယ်အရေးကြီးပါတယ်၊ ကျွန်တော့်ကို မလိုလားဘဲ ချစ်သူရှိနေတဲ့ မိန်းကလေးကို ကျွန်တော်လည်း လက်မထပ်ရဲပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မောင်သက်လွင်"

"ထည့်ထည် ဆန္ဒတွေကို လိုက်လျောပေးလိုက်ရင် သူ့ရော အန်တီတို့ရော စိတ်ချမ်းသာရမှာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

ဆက်ပိုင်က အိတ်ကိုဆွဲကာ တစ်ခါတည်း ရှောင်ထွက်သွားလေသည်။ အခုမှ ဒေါ်သီတာလှိုင် ပုံပြီးပေါက်ကွဲသွားကာ

"ဝင့်ထည့်ထည် မိဘက လက်နဲ့ရေးတာကို ညည်းကခြေနဲ့ဖျက်တယ်၊ မိဘဂုဏ်သိက္ခာကျအောင်လုပ်တယ်၊ အဲဒီအတွက် ညည်းကိစ္စတွေကိုလည်း ဘယ်တော့မှ မလိုက်လျောပေးဘူး၊ ညည်းမြဲမြဲမှတ်ထား"

"မေမေ ခွင့်မပြုရင် သမီးသဘောနဲ့သမီး လုပ်မှာပါ မေမေ"

"ဘာ ညည်း"

"လှိုင်"

ဝင့်ထည့်ထည့်ကို ရိုက်ချလိုက်မည့် ဒေါ်သီတာလှိုင် လက်ကို ဦးခင်ဇော် ဖျတ်ခနဲဆွဲ၍ ဝင်ထိုင်လိုက်သည်။

"လှိုင် သမီးကို မင်း စွန့်လွှတ်နိုင်လို့လား"

"ရှင် ရှင်ဘာပြောလိုက်တာလဲ"

"မင်း ဒီလိုတွေ ကန့်ကွက်နေရင် သမီးက ကိုယ်တို့ကို စွန့်လွှတ်သွားလိမ့်မယ်၊ အဲဒါဆိုရင် ကိုယ်တို့မှာရော ကိုယ်တို့တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာတွေရော ကျန်ခဲ့ဦးမှာလား၊ သားသမီးတွေ ဆန့်ကျင်ပြီး ငရဲမရအောင် လိုက်လျောပေးလိုက်ပါ လှိုင်ရယ်"

"လှိုင်စေတနာ လှိုင်မေတ္တာဘာမှ အရာမရောက်တော့ဘူးလား"





"စေတနာ မေတ္တာဆိုတာလည်း လိုချင်တဲ့သူ လက်ခံတဲ့ သူ့ရှိမှ တန်ဖိုးတက်တာပါ လှိုင်၊ လက်မခံနိုင်တဲ့ သူ့ကိုပေးရင် ဝေဒနာတွေပဲ ဖြစ်မှာပေါ့၊ ကိုယ်တို့ မိဘဆိုးတွေ မဖြစ်အောင်ဘဲ ကြိုးစားရအောင်"

ဦးခင်ဇော်စကားကြောင့် သမီးကို နှမြောတသစွာ တစ်ချက်ငေးကြည့်ရင်း ဒေါ်သီတာလှိုင် မျက်ရည်ဝဲသည်။ ဒီသမီးက မပြည့်စုံသော အချစ်ကိုပဲ တွယ်တာနေပြီဆိုမှတော့ . . .။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၆)

''မောင် ဒါဘာလုပ်တာလဲ''

အဆောင်ဝမှာ အထုတ်အပိုးတွေဆွဲ ထွက်လာသော မောင့်ကို မြင်လိုက်ရ၍ သူမ ကပျာကယာ ကားပေါ်က ဆင်းမေးရသည်။ မော လည်း အမှတ်မထင် အံ့အားသင့်သွားဟန်တူ၏။ လက်ထဲက အိတ်တွေ ဘုတ်ခနဲ ပြုတ်ကျလျက်

''ထည်ထည်''

''မင ... ာင်ဘယ်ကို ပြေးမလို့လဲ၊ ထည်ထည်ကို ရက်စက်စွာ သွားလိမ့်မယ်၊ အဲ ... ည်းပါခွဲခဲ့ဦးမလို့လား''

သိက္ခာတွေရော ဂ ... ုတ်ပါဘူး မောင်''

အောင် လိုက်လျှော ... ရှောင်ပြေးနိုင်ရုံနဲ့ လွတ်မြောက်နိုင်ပြီလို့ ထင်နေလာ

''လှိုင်စေဝ ...





အသိမ်းပိုက်ခံချင်နေတဲ့ ထည်ထည်ကို မငဲ့ညှာတော့ဘူးလား မောင်''

''ထည်ထည် မဟုတ်ဘူး။ မောင် အဲလိုမျိုးမဟုတ်ပါဘူး''

''မတန်မရာ မမှန်းတော့ဘူးဆိုတဲ့ စကားတွေ ဆက်ပိုင်တို့ဆီက ကြားပြီးပါပြီ၊ ထည်ထည် အချစ်နဲ့ မတန်ဘူးလို့ ဘာလို့ပြောရတာလဲ မောင်၊ အချစ်ဆိုတာ နားလည်မှု မဟုတ်ဘူးလား''

''အနစ်နာခံတာလည်း အချစ်စစ်ပါပဲ ထည်ထည်၊ ကိုယ်ဘယ်သို့ အဆင့်အတန်းက ကောင်းဆိုတာ သိနေတဲ့ မင်းမိဘတွေက မင်းနဲ့ ကိုယ်ကို ကြည်ဖြူနိုင်မှာမှ မဟုတ်တာ၊ မောင့်အတွက် မင်းကို စိတ်မဆင်းရဲစေချင်လို့ပါ''

''ချုန်ထားခံခဲ့ရရင်ရော ထည်ထည် စိတ်ချမ်းသာမှာလားမောင်၊ မောင့်ကိုမခွဲနိုင်လို့ မိဘတွေဆီက အခုပဲ ခွင့်ပြုချက်တောင်းခဲ့တာ ပါ''

''ဟင် ထည်ထည်''

''ဆက်ပိုင် မိဘတွေလည်း ရောက်လာတယ်''

''သူ သူတို့က ဘာလာလုပ်တာလဲ''

''ဝသုန်က သားတပည့်မို့ ချွေးမ လာတောင်းပေးတာတဲ့''

'' ဟာ အဲ အဲလိုလာလုပ်ပေးတယ်၊ ထည်ထည် မိဘတွေက ဆက်ပိုင်ကိုစွနဲ့ ပတ်သက်ပြီး ပိုလောင်ကျွမ်းသွားကြမှာပေါ့''

''ထည်ထည် ဘာမှမပြောမထားတာ၊ ဆက်ပိုင်နဲ့ကိုစွ မေမေတို့ သိကြပါဘူး။ မောင်နဲ့ပတ်သက်တာသာ ကိုကိုကတစ်ဆင့် သိသွားကြတာ၊ အဲဒါကြောင့်လည်း အခြေအနေတွေ ပိုဆိုးသွားကြတာပေါ့''

www.burmeseclassic.com



"အဲ အခုဘာပြဿနာတွေ ဖြစ်နေကြလဲ"

သူ့ စိုးရိမ်တကြီး မေးနေပေမယ့် ဝင့်ထည်ထည် နှုတ်ခမ်းလေးက အလှပဆုံး အပြုံးတွေနှင့်ပါ။

"မိသားဖသားပီပီ လာတောင်းရမ်းတာပဲ ကလန်ကဆန် ရိုက်ပုတ်မလွှတ်ပါဘူး၊ မောင့်ကို ဖမ်းလို့မမိမှာစိုးလို့ပဲ ထည်ထည်ကို အမြန်လွှတ်လိုက်ကြတာ၊ မောင် ဝမ်းမသာဘူးလား"

"ဆက်ပိုင် မိဘတွေရဲ့ ကျေးဇူးတွေ ထပ်ပိပြန်ပြီ"

"စိတ်ဖိစီးမသွားပါနဲ့ဦးမောင်၊ ဆက်ပိုင်က ယောက်ဖတော်ရမယ့်သူမို့ လုပ်ပေးသင့်တာကို လုပ်ပေးတာလို့ ထည်ထည်ကို မှာလိုက်တယ်"

"ဘာ ဒါဆို ဆက်ပိုင်က"

"သူ့မိဘတွေကို မဖြစ်မနေ အပူကပ်ပြီး လွှတ်လိုက်တာထင်တယ်၊ မေမေတို့က လက်ခံပါတယ်၊ ဒါနဲ့ ထည်ထည်သာ အချိန်မီ ရောက်မလာရင် မောင် ထွက်သွားတော့မှာပေါ့နော်"

"မောင်အလုပ်ရပြီလေ၊ အဲဒီမှာ ပြောင်းနေရမှာ အဲဒါကြောင့်"

"မောင် ကျောင်းမထွက်ရဘူးနော် ဆရာဝန်ကြီးဖြစ်အောင် လုပ်ရမယ်၊ ဒါမှ ထည်ထည်တို့နဲ့ ဂုဏ်ဒြပ်တူသွားမှာ"

"ဘယ်လိုပဲ ညှိယူယူ တန်းတူမဖြစ်နိုင်တာကို မောင်သိပါတယ်၊ အလှမ်းဝေးလွန်းမှန်း သိလို့လည်း မောင် မမျှော်မှန်းရဲတာပါ"

"အခုရော"





ဝသုန် အသံတိတ်သွားခဲ့ပြီ။ သက်ပြင်းတွေ မှုတ်ထုတ်လျက် ရှက်လှာချေ၏။ ပြီးမှ ဝင့်ထည်ထည် ပခုံးလေးကို ဆုပ်ဖက်လိုက်ကာ

"အချစ်ကို အနားလာပါလို့ မောင်အမြဲတမ်း မျှော်လင့်တောင်းတနေခဲ့တာပါ ထည်ထည်ရယ်၊ မောင်မှားခဲ့ လွန်ခဲ့တာတွေအတွက် မောင် အနူးအညွတ် တောင်းပန်ပါတယ်"

"ဒီအပြောလောက်နဲ့တော့ မကျေအေးနိုင်ဘူး မောင်"

"ဒါဆို မောင်ဘာလုပ်ပေးရမှာလဲ"

"ထည်ထည် အနားက ဘယ်မှမသွားဘဲ သစ္စာရှိရှိ ချစ်ပေးပါ မောင်၊ မောင့်ဆီက ထည်ထည်လိုချင်တာ အဲဒီတစ်ခုတည်းပါ"

"ထည်ထည်ရယ် မင်းချစ်သလောက်မကဘဲ မောင်ပေးဆပ်ပြီး ပြန်ချစ်ပါ့မယ်၊ ထည်ထည်အပေါ် ပြုမူမိသမျှတွေ မောင် တွေးတွေးပြီး နောင်တရစိတ်မကောင်း ဖြစ်နေတာပါ၊ အခုလို ဆက်ပိုင်တို့အရိပ်က ခွက်ဖို့ ကြိုးစားတာလည်း မင်းကို အရမ်းချစ်မိသွားလို့ပါပဲ"

"ဆက်ပိုင်တို့ ပြောပြပါတယ်၊ ဆက်ပိုင်က တကယ်ဆို မောင့်အတွက် သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းပါ၊ အခုဆို ယောက်ဖတော် ဆွေမျိုးတော် သွားပြီနော်"

"တော်ပါ အဲဒီယောက်ဖဆိုတာကြီးက ကြားရတာ နားထဲမှာ ချော်စရာကြီး"

"အံမယ် သူများနှမကျတော့ မရှက်ဘူးလား"

"မရှက်ပါဘူး ရှက်ရင် ဘယ်လိုလုပ် ပိုင်ဆိုင်ရတော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကျတော့ သိတယ် လူဆိုး"

သူ့ရင်ဘတ်ပေါ် ထိတွေ့လာသော သူမ လက်သီးဆုပ် နုနုလေးတွေကို သူ ဖမ်းဆွဲကာ ရှိုက်နမ်းပစ်လိုက်သည်။

သူမက အရုက်အားပိုသွားသော်လည်း လွန့်လွန့်လေးတောင် မရုန်းပါ။ သူ့ကို အမြဲလိုက်လျောချင်သော ဆန္ဒများဖြင့် ငေးငေးလေးကြည့်၍ ပြုံးနေသည်။

ထိုအပြုံးများကို သူက တစ်သက်လုံး သိမ်းထားဖို့အတွက် အနမ်းများဖြင့် ခြွေယူလိုက်၏။

နှလုံးသားတစ်ခုလုံးကလည်း တောင်းတမှုများနှင့် ပြည့်နှက်နေကာ..

အချစ် အနားလာပါ။

အားလုံးအတွက်

နတ်သမီး

BURMESE CLASSIC .com

နိုးမိုးဝ၁၁ပ

www.burmeseclassic.com